
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေါ်

အမှတ်တရ
အစီအစဉ်

သို့

မမရေ...

မင်္ဂလာပါနော်...

မမရဲ့ သဝန်တိုမင်္ဂလာကကြိုး ဖတ်ရတာ အရမ်းဝဲ ကောင်းပါတယ်။ မမရေ နောက်ထပ်လည်း ကောင်းတဲ့ခတ်လမ်းလေးတွေ အများကြီးရေးပြီး ထွက်ပေးပါဦးနော်။ စောင့်မျှော်နေပါမယ်...။

စီးစီးယု

အောင်သုခရပ်

ဘုရင့်နောင်လမ်း

မုံရွာမြို့

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ

အမှတ်တရ
အစီအစဉ်

မဘုံရေ...

စာအုပ်တွေ တအားဖတ်ချင်ပါပြီ။

ချောလို့ နေလို့ ချစ်လေသည်။ သဝန်တိုမင်္ဂလာကကြိုးတို့ကို ဖတ်ပြီးပါပြီ။ သကြာန်ဝတ္ထုလေးကော ထွက်မယ်လို့ ပြောတာ ဘယ်လထွက်မှာလဲ မဘုံ...

ဖတ်ချင်လှပါပြီ။

စာအုပ်ကောင်းများစွာကို ရေးသားနိုင်ပါစေ

**သွန်းသွန်း**

စည်ပင်ရပ်၊ အကွက်(၂)

ချောက်

BURMESE CLASSIC



စေတနာစာပေ

အမှတ်တရ
အစီအစဉ်

သို့

ချစ်သောဘုံလေးရေ...

သကြားဖျန်းတဲ့သကြာန် ဖတ်ပြီးပါပြီ။ သကြာန်စာတ်လေးမို့ ဖတ်လို့ကောင်းပါတယ်။

သဝန်တိုမင်္ဂလာကကြိုးကလည်း အရမ်းကောင်းပါတယ်။ ဇာတ်လေးလည်း တအားဆန်းတယ်နော်။ များများရေးပါ ဘုံလေးရေ၊ ဘုံလေးရေ... ထာဝရအောင်မြင်ပါစေ။

**ဧွေစင်** (White)

သရက်ကုန်း

အောင်မြေသာစံ

မန္တလေး

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

**အမှတ်တရ**
**အစီအစဉ်**

မယ်မယ်ရေ...

မယ့်ဆီကို မိတ်ဆက်စာ ရေးလိုက်ပါတယ်။

ခင်ပါနော်။ ဝေဟာ မယ်ရဲ့ပရိသတ်ပေါ့။

သဝန်တိုမင်္ဂလာကကြီးကို ဝေ အရမ်းကြိုက်ပါတယ်။ မယ်ရဲ့ ထွက်သမျှစာအုပ် တော်တော်များများကိုလည်း ဖတ်ဖြစ်ပါတယ်။ ကောင်းမှကောင်းပါ။

မယ့်ကို အမြဲအားပေးနေမှာပါ။ ဓာတ်လမ်းအရမ်းကောင်းတယ်။

ဝေဝေ

ရွာတန်း

ရွှေအိုင်ကျေးရွာ

ရမည်းသင်း

BURMESE CLASSIC



**စေတနာစာပေ၏**

**အမှတ်တရ**
**အစီအစဉ်**

သို့

မမမယ်...

ယုက မမမယ်ရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ ငွေ တောင်ပြည်ကမြို့သူက စပြီး စာအုပ်တွေကို ဖတ်ဖြစ်ခဲ့ပေမယ့် မမမယ်ဆီကို စာမရေးဖြစ်ခဲ့ပါဘူး။ အခုတော့ မမယ်ဆီကို မိတ်ဆက်စာ ရေးလိုက်တယ်နော်။ မမမယ်ရဲ့ဝတ္ထုတွေကို ယုကြိုက်တဲ့ မင်းသားတွေနဲ့ အသက်သွင်းလိုက်တော့ ပိုလို့တောင်ကြည့်မဝဖြစ်ရပါတယ်။ မမမယ်ကို ယု အရမ်းမြင်ဖူးချင်တယ် (အပြင်မှာ) ဒါပေမဲ့... ဓာတ်ပုံလေး တစ်ပုံလောက် လက်ဆောင်ပေးမယ်ဆိုရင် ယု အရမ်းဝမ်းသာမိမှာပါ။

မမမယ်ရဲ့ Fb မှာ တင်ထားတဲ့ ကဗျာလေးတွေကိုလည်း ယု အရမ်းကြိုက်နှစ်သက်မိတယ်။ ဒီလထွက်တဲ့ သဝန်တိုမင်္ဂလာကကြီး ကိုလည်း ဖတ်ပြီးသွားပါပြီ။ ဘာမှပြောစရာမရှိအောင် ကောင်းမှကောင်းပဲ။ (ယု အကြိုက်ကို ပြောတာနော်) မမမယ်ရေ။ အမြဲတမ်း အားပေးနေတယ် သိလား။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

အမှတ်တရ
အစီအစဉ်

မမမယ် ဒီထက်မက အောင်မြင်မှုသရဖူ ဆောင်းနိုင်ပါစေ။ နောက်ပြီး ဒီထက်မက ကောင်းတဲ့ ဇာတ်လမ်းကောင်းများစွာကိုလည်း ရေးသားဖန်တီးနိုင်ပါစေလို့ ယု ဆုတောင်းပေးလိုက်ပါတယ်။

မမမယ်ရဲ့ ထာဝရပရိသတ်...

BURMESE CLASSIC

ယု(ခ)ယုယုလှိုင်
ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့
ငွေစန္ဒာစာပေ
အမှတ်(၃)ရပ်ကွက်



စေတနာစာပေ၏

အမှတ်တရ
အစီအစဉ်

သို့

မင်္ဂလာရှိသောနေ့လေး ဖြစ်ပါစေ...

ဆရာမရဲ့စာဖတ်ပရိသတ်ပါ...

ချေလို့နေလို့ချစ်လေသည် ဘယ်တော့ ရိုက်မှာလဲဟင်၊ သိပ်ကောင်းတာပဲ။

သဝန်တိုမင်္ဂလာကကြိုးလည်း ဖတ်ပြီးပါပြီ။ ဆရာမရေးသမျှတွေကို အမြဲတမ်း အားပေးနေတာ ယုံပါနော်။

ဇာတ်လမ်းကောင်းတွေကို အမြဲတမ်းရေးနိုင်ပါစေ။

ဝါလေး
ဆိပ်ကမ်းသာယာလမ်း
ဒေါပုံမြို့နယ်
ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရ
### အစီအစဉ်

Hello

ဆရာမဘုံဘုံရေ…

မင်္ဂလာပါရှင်။ သကြားဖျန်းတဲ့ သကြီးစာအုပ်လေးကို ဖတ်ပြီးလို့ ရေးလိုက်တာပါ။

သကြီးဝတ္ထုလေးဆိုတော့ သကြီးချေလေးနဲ့ မရေးထားတာ ကြိုက်တယ်။

ဘုံဘုံရေ နောက်လထွက်မယ့် စာအုပ်လေးကော ဘာလဲဟင်။

ဘုံဘုံ စာပေခရီးမှာ အောင်မြင်မှု ထိပ်ဆုံးရောက်ပါစေ။

**သန့်သီရိ**
ညောင်ပိုင်းကျေးရွာ
ကျောက်တန်းမြို့နယ်
ရန်ကုန်တိုင်း



## စေတနာစာပေ၏

### အမှတ်တရ
### အစီအစဉ်

မယ်မင်းဘုံ(ဆရာမ)

အစ်မရေ… အစ်မရဲ့ သကြားဖျန်းတဲ့သကြီးစာအုပ်လေးကို ကြိုက်ပါတယ်။ သကြီးဝတ္ထုလေးပေမယ့် ကောင်းတယ်၊ ကြိုက်တယ်။

အစ်မရေ… မြင်ကွင်းမင်္ဂဇင်းမှာ အစ်မရဲ့ဓာတ်ပုံလေးတွေ အင်တာဗျူးတွေ ဖတ်ရတယ်။

ဝမ်းသာပါတယ် အစ်မရေ။ အစ်မ အောင်မြင်မှုတွေ တစ်ပိုက်ကြီး ရပါစေ။

**ပေါက်ပေါက်**
ရေခဲစက်ရပ်
ရေနံချောင်း
မကွေး

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

**အမှတ်တရ**
**အစီအစဉ်**

မင်္ဂလာပါ မ ...

မရဲ့စာအုပ်တွေထဲမှာ ချေလို့ နေလို့ ချစ်လေသည့် စာအုပ်လေးကို ရင်ထဲမှာ အထိဆုံးပဲ။

မရဲ့အရေးအသားတွေ အရမ်းလန်းတယ်။ နောက်ထွက်တဲ့ စာအုပ်တွေကိုလည်း အားပေးနေမယ်နော်။

ခင်တဲ့...

**မဆု** (1st Phy)

မော်လမြိုင်တက္ကသိုလ်



**စေတနာစာပေ၏**

**အမှတ်တရ**
**အစီအစဉ်**

Hello,

မယ်မယ်ရေ...

တကယ်မတွေ့တာ ကြာပြီနော်။ ဒီတစ်ခေါက်လမင်း စာပို့တာ အရမ်းနောက်ကျသွားတယ်။ "သ၀န်တိုမင်္ဂလာ ဘကြီး"ကို ဖတ်ပြီးပါပြီ။ အရမ်းဖတ်လို့ ကောင်းပါတယ်။

မြင်ကွင်းမဂ္ဂဇင်းမှာလည်း မယ်မယ်ရဲ့အင်တာဗျူးလည်း ဖတ်လိုက်ရပါတယ်။

Video တွေလည်း ကြည့်ရပါတယ်။ မယ်မယ်ကျောင်းပြီးသွားပြီဆိုတော့ အချေပေါ့။ နောက်လ သင်္ကြန်ဝတ္ထုလေး ထွက်မယ်ဆိုတော့ ဖတ်ချင်နေပြီ။

မယ်မယ်ရေ... လမင်း မအားလို့ပါ။ နောက်လမှပဲ စာတွေအများကြီး ရေးပို့ပေးလိုက်မယ်နော်။

ဒီထက်မက အောင်မြင်မှုတွေ ပိုင်ဆိုင်နိုင်ပါစေနော်။

ချစ်ခင်တဲ့...

**လမင်း**

အမှတ်(၄၄/၃)

မင်္ဂလာဥယျာဉ်

ကလေးမြို့

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

အမှတ်တရ
အစီအစဉ်

သို့

မမမယ်မင်းဘုံ

သံယောဇဉ်မျက်စောင်းထိုး စာအုပ်လေးကို အကြိုက်ဆုံးပါ။

ဇာတ်လမ်းထဲမှာ မမရဲ့ဇာတ်ကောင် ရွှေကြုပ်ကို သိပ်ကြိုက်တာပဲ မမရယ်၊ ညီမလေးလေ စိတ်ကူးတောင် ယဉ်ကြည့်မိပါတယ်။

Video ဘယ်တော့ ထွက်မှာလဲ မမ၊ ဘယ်သူတွေ ကောပါလဲဟင်။

မမ အောင်မြင်ကျော်ကြားတဲ့ ဆရာမကြီး ဖြစ်ပါစေလို့ ဆုတောင်းပေးနေပါတယ်။

မမကိုချစ်တဲ့...

ပရိသတ်...

**လွှင်လွှင်သူ**

ကန်လမ်း

ဆူးပန်းလန်းသွယ်

ပုသိမ်မြို့



စေတနာစာပေ၏

အမှတ်တရ
အစီအစဉ်

ဓင်္ဂလာပါ မမ...

မမရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။

မမ ထွက်ရှိမယ့် စာအုပ်တွေကို စောင့်မျှော်နေပါတယ်။ မမငဲ့ရ ... စာအုပ်တိုင်း အားလုံးနီးပါး နီနီတို့ ဖတ်ပြီးပါပြီလို့ ပြောရင် ယုံပါနော်။

မမ စာအုပ်တွေကို သိပ်ကြိုက်တယ်။ ဆက်လက်အားပေးနေမှာပါ။

ခင်တဲ့ပရိသတ်...

**နီနီ**

မြို့သစ်(၄)လမ်း

လယ်ဝေးမြို့နယ်

အေလာ

နေပြည်တော်

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

အမှတ်တရ
အစီအစဉ်

မမယ်…

မမယ် စာရေးဟန်လေးတွေကို သိပ်ကြိုက်တယ်။

ဒီလထွက်မယ့် စာအုပ်လေး မျှော်နေတာ။ မမယ်ရဲ့ fb မှာ တွေ့လိုက်ရတယ်။ “လုံးကြီးတင်ဆန်ခတ် အမျိုးသား” ဆို။ ဖတ်ချင်လှပြီ မမယ်ရေ…

မျှော်လင့်နေတဲ့ပရိသတ်

MMS

မော်ဘီမြို့နယ်

ရန်ကုန်



စေတနာစာပေ၏

အမှတ်တရ
အစီအစဉ်

သို့

မလေးဘုံ…

ခင်မင်မှုနှင့်ပါ။

အောင်မြင်မှုတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ကို ဖြစ်စေချင်တာ ရင်ထဲက ဆန္ဒတွေပါ။

မလေးဘုံ ရေးတဲ့ စာအုပ်တွေက ဆွဲဆောင်မှုတွေ ရှိပါတယ်။

အမြဲတမ်း အားပေးနေမှာပါ။

ချစ်ခင်စွာဖြင့်

KKM (Civil)

ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်ကမရှည်နိုင်တော့ဘဲ လိုရင်းကို တဲ့မေးတော့မှ နုနုအေးက လိုရင်း ရောက်လာတော့သည်။

"ဟုတ် ... ဟုတ်ကဲ့။ ယုရာက သူ့ကောင်လေးဘက်က လက်ထပ်ဖို့ ခွင့်တောင်းလို့တဲ့"

"အမ် ... ဘာဖြစ်တယ်"

ကြားလိုက်ရတဲ့ စကားကြောင့် သူတင်မက သန္တာချိုကပါ လန့်သွားလေ၏။ ယုရာ ကောင်လေးက လက်ထပ်ဖို့ခွင့်တောင်းလို့ ဆိုတဲ့ စကားက တကယ့်ကို အလန့်တကြား ဖြစ်ရတာပဲဖြစ်သည်။

"ယုရာ ကောင်လေး။ ဟုတ်လား။ နေစမ်းပါဦး ... ယုရာက ဘယ်က ဘယ်လို ကောင်လေးရပြီး လက်ထပ်ဖို့ဖြစ်လာတာလဲ။ ဘယ်ကကောင်လဲ"

"အဖေရယ် ... အဖေ့မြေး ရွေးထားတဲ့လူပဲ။ တော်တန်ရုံတော့ ဟုတ်ပါ့မလား။ နုကတော့ သဘောတူတယ်ပဲ ပြောရမှာပေါ့။ ကောင်လေးက လူချော်လူရည်သန့်လေးပါ"

နုနုအေးက သူ့သမီးအတွက် ကာဗာတွေယူကာ ပြောနေတာမို့ သူက စိတ်မကြည်စွာပင် သက်ပြင်းတစ်ချက် ချလိုက်ရင်း ...





"နေစမ်းပါဦး။ နင်က တွေ့တောင် တွေ့ပြီးပြီပေါ့ ဟုတ်လား"

"ဟို ... တွေ့တော့ မတွေ့ရသေးဘူးလေ အဖေရဲ့။ ယုရာ ပြောပြတာ"

ဦးမဏိဉာဏ်က စိတ်ပျက်စွာပင် ခေါင်းခါယမ်းမိသည်။ တကယ့်ကို ပရမ်းပတာတွေပဲဖြစ်သည်။ မြေးမတွေဟာ သူ မျှော်လင့်ထားတာနဲ့တော့ တကယ့် တခြားစီတွေ ဖြစ်လေသည်။ သူက စိတ်ပျက်လွန်းလို့ ပြောဖို့စကာလုံးစီတုန်း ပြောဖို့ရာ အကွက်ချောင်းနေတဲ့ သန္တာချိုက စွတ်ခနဲ ဝင်ပြောတာဖြစ်၏။

"သားသမီးယုံတော့ စုံလုံးကန်းတဲ့။ ဟင်း ... မြင်ယောင်ပါသေးတယ်"

"ဟဲ့ ... သန္တာချို ... ဘာစကား ပြောလိုက်တာလဲ။ နင်မရှိုင်းစိုင်းနဲ့"

"ကဲ ... တဲ့"

ဦးမဏိဉာဏ်က တည်တော့မယ့် အဲဒီရန်ပွဲအတွက် စားပွဲခုံကို လက်ဖြင့် တဒုန်းဒုန်းထုလိုက်ကာ ဟန့်တားလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"တော်ကြစမ်း … နင်တို့။ မိချို … မဆိုင်တာကို ဝင်မပါနဲ့လေ။ နင်လည်း တော်တော့ မိနှင်း"

"အဖေ့သမီး ပြောပုံကိုကျ …"

"ကဲ … တော်တော့လို့ ပြောနေတယ်လေ။ တိတ်ကြတော့။ စည်းလုံးမှုမရှိ ညီညွတ်မှုမရှိနဲ့ နင်တို့ ဒီလို ထင်တိုင်းကြဲလို့ရမယ် ထင်မနေနဲ့။ ငါ ရှိနေသေးတယ် …

ကဲ … နုနုအေး … နင့်သမီးက ယောက်ျားတောင် ယူဖို့အထိ ဆုံးဖြတ်လိုက်ပြီပေါ့ … ဟုတ်လား"

"ဟို … အဲဒီလို မဟုတ်ပါဘူး။ ယုရာက လူကြီးတွေကို ပြောပြတာပါ။ အဓိက,ကတော့ အဖေ့ဆီက ခွင့်ပြုချက် ရပြီဆိုမှပါ"

သူက တကယ်မနိုင်တာမို့ ခေါင်းကို တစ်ချက်ခါယမ်းလိုက်သည်။ ဒီလို ပရမ်းပတာ ဖြစ်နေတဲ့အဖြစ် သူ့သားတွေ မြင်သိရင်လည်း စိတ်ချမ်းသာနိုင်မည်တဲ့လား။

"အဖေ … အဖေ … အဲဒီကောင်လေးနဲ့ တွေ့ကြည့်လိုက်မလားဟင်"

နုနုအေးရဲ့မေးခွန်းကြောင့် ဦးမဏိဉာဏ်က မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း …





"အကြီးမ ယုရာနဲ့ ငါ စကားပြောပြီးမှ အဖြေပေးနိုင်မယ်။ မိလုံး … ခိုင်မောင်တို့ ကားအဆင်သင့် ပြင်ခိုင်းထားလိုက်။ ငါ ကုမ္ပဏီသွားမယ်"

သူက ဘာမှဆက်မပြောတော့ဘဲ ဘရိတ်ဖတ်စ်ဝိုင်းကနေ ထွက်သွားလေလျှင် နုနုအေးကော သန္တာချိုပါ ပါးစပ်ပိတ်ကျန်နေခဲ့လေသည်။ ဒါပေမဲ့ သူ ပြန်လှည့်မကြည့်ပါဘဲ အလိုလိုသိနေတာ တစ်ခုက သူ ထသွားတာနဲ့ အဲဒီနှစ်ယောက်ဟာ မျက်စောင်းတချီချီဖြင့် ခနဲနေ ရှုံ့မဲ့တော့ ဆိုတာပဲ ဖြစ်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## (၂)

အိမ်တွင်းရေးကိစ္စတွေဟာ သူ့ရင်ကို တကယ်ပဲ ပူလောင်စေတာကြောင့် ဦးမဏိဥာဏ်က လူကသာ အလုပ်ထဲမှာ ဖြစ်နေပေမယ့် စိတ်ကတော့ အတွေးတွေဖြင့် တကယ်ကို မွန်းကျပ်နေရတာပဲဖြစ်သည်။ ဒီမြေးမနှစ်ယောက်ကို သူ ဘယ်လို ထိန်းရမလဲဆိုတာ စဉ်းစားရသလို တစ်ဖက်ကလည်း မြေးမတွေရဲ့ မိခင်တွေဖြစ်တဲ့ နုနုအေးနဲ့ သန္တာချိုရဲ့ ပြိုင်ဆိုင်လိုမှု လောဘတို့ကို ဘယ်လိုငြိမ်းသတ်ရမလဲဆိုတာ သူ့မှာ တော်တော်ကို ခေါင်းစားနေရတာဖြစ်သည်။

"ဆရာကြီး ... ရိုးလေး ရောက်နေပါတယ်ခင်ဗျ"

သူ့ရဲ့တပည့်တစ်ယောက်က ရိုလေးရောက်နေတယ် ပြောမှ သူက အတွေးစတွေ ပြတ်တောက်သွားရကာ ရိုးလေးကို ခေါ်ခိုင်းလိုက်ရသည်။





"ခေါ်လိုက်လေ ... အထဲခေါ်လာခဲ့လိုက်"

ဦးမဏိဥာဏ်က အထဲဝင်ခွင့်ပြုပြီးသောအခါ ရိုးလေးက သူ့ရဲ့ရုံးခန်းထဲသို့ ဝင်လာလေ၏။

"ဘိုးဘိုး ... နေကောင်းလား။ ကျွန်တော် ရောက်ပါပြီ"

"ကောင်းပါတယ်ကွာ"

"ဟင် ... ဘိုးဘိုးရဲ့ လေသံက အားပျော့နေပါလား။ ဘာဖြစ်လို့လဲ ဘိုးဘိုး"

ဦးမဏိဥာဏ်က အကဲခတ်တတ်လွန်းသော ရိုးလေးကိုကြည့်ကာ သဘောတကျဖြင့် ပြုံးလိုက်ရင်း ...

"ဒီလိုပါပဲကွာ။ အသက်က ကြီးပြီဆိုတော့လည်း ဒီလိုပါပဲ။ ဒီနေ့ မင်း ဘယ်မှမသွားဘူးလား"

"မသွားဘူးလေ ဘိုးဘိုး။ ကျွန်တော် ဒီနေ့ ဘိုးဘိုးများ ဘာခိုင်းဦးမလဲဆိုပြီး ဝင်လာလိုက်တာ။ ဘိုးဘိုး ဦးစိုးရွှေတို့နဲ့ မြေကွက်ကို ချုပ်လိုက်တော့မလား"

သူက တက်တက်ကြွကြွဖြင့် အလုပ်ကိစ္စတွေ ပြောနေသော ရိုးလေးကိုကြည့်ကာ တကယ်ပဲ သဘောကျမိသည်။ ဒီကလေးဟာ အဲဒီလို ထက်မြက်မှုတွေ သွက်လက်တက်ကြွမှုတွေ ရှိတာလေးတွေကြောင့်ပဲ သူဟာ မြေးတစ်ယောက် သားတစ်ယောက် ရထားသလို အားထားချစ်ခင်နေရတာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှီးမာန် ဆိုတဲ့ အဲဒီချာတိတ်လေးဟာ လူပုံစံကြည့်ရင်တော့ ဒီဘက်ခေတ် ချာတိတ်လေးတွေရဲ့ ပုံစံအတိုင်း ဆံပင်စတိုင်လ်ကအစ ဘေးနှစ်ဖက်ကို ရိတ်ထိုးကာ အလယ်မှာ စုထောင်ထားတဲ့ မျက်စိစပါးမွေးစူး ဆံပင်ပုံမျိုးဖြစ်သည်။ ဝတ်စားဟန်ကလည်း ထိုနည်းလည်းကောင်း။ ခေတ်မီတဲ့ လူငယ်ဝတ်စားဆင်ယင်မှုမျိုးပဲ ဖြစ်သည်။ အဲဒီလို ယော့ရှောကောင်လေး ဖြစ်ပေမယ့်လည်း စိတ်ဓာတ်ရေးရာနှင့် ကြိုးစားမှုအပိုင်းမှာတော့ သူလို လူကြီးတစ်ယောက်ကတောင် အသိအမှတ်ပြု သဘောကျရတာပဲဖြစ်သည်။

"အဲဒီကိစ္စတွေက ခဏအသာထားစမ်းပါဦးကွာ။ မင်း ဟိုမှာ ကျောင်းဆက်တက်ချင်တယ်ဆိုတဲ့ကိစ္စကို စုံစမ်းပြီးပြီလား"

"မတက်တော့ပါဘူး ဘိုးဘိုးရယ်။ ကျွန်တော် ဒီမှာပဲ အလုပ်လုပ်ဖို့ စဉ်းစားထားတယ်။ ဟိုမှာ အချိန်နှစ်,နှစ်သုံးနှစ် အကုန်ခံပြီး ကျောင်းသားလုပ်နေမှာထက်စာရင် ဒီမှာပဲ အလုပ်ထဲ အချိန်ကုန်တာက ပိုပြီးလက်တွေ့ဆန်မလားလို့လေ၊ ကျွန်တော်ကတော့ အဲဒီလိုပဲ ဆုံးဖြတ်လိုက်တယ် ဘိုးဘိုး"





ရှီးလေးပြောတဲ့ စကားကလည်း အတိုင်းအတာတစ်ခုထိ မှန်နေတာကြောင့် သူက ခေါင်းညိတ်ပြလိုက်သည်။ ရှီးလေး နိုင်ငံခြားမသွားဘူး ဆိုရင်တော့ သူ့ရဲ့လုပ်ငန်းတွေအတွက် အားကိုးအားထားလို့ ရပြီဖြစ်သည်။

"အေးလေ ... ဒါကတော့ ရှီးလေး သဘောပေါ့။ မင်းပြောတာလည်း မှန်ပါတယ်။ အလုပ်ထဲမှာ အလုပ်ချိန်ကုန်သွားတာကတော့ ကိုယ့်အတွက် အကျိုးအရှိဆုံးပဲပေါ့။ ဘိုးဘိုးကတော့ ရှီးလေး လုပ်သမျှကို ထောက်ပံ့အားပေးနေမှာပဲ။ ဟုတ်ပြီလား"

"ကျေးဇူးတင်ပါတယ် ဘိုးဘိုး။ ကျွန်တော်လည်း ဘိုးဘိုးရဲ့စီမံခန့်ခွဲမှုအောက်မှာပဲ ဘိုးဘိုးလုပ်ငန်းတွေ တိုးတက်သထက် တိုးတက်လာအောင် ကြိုးစားပေးမှာပါ။ ကျွန်တော့်အပေါ် စေတနာမေတ္တာ ထားပေးတဲ့ ဘိုးဘိုးကို ကျွန်တော် တကယ်ကျေးဇူးတင်ပါတယ်"

ဦးမဏိဉာဏ်က ရှီးလေးရဲ့ ကျေးဇူးတင်စကားအတွက် ပီတိအပြုံးတစ်ခုဖြင့် ကျေနပ်နေမိလေသည်။ ဒီကောင်လေးဟာ တကယ့်ကို လူရည်သန့် လူတော်လူကောင်းလေးပဲဖြစ်ပါသည်။ သူ့အတွက် ရှီးလေးဟာ မြေးအရင်းအချာလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လို သံယောဇဉ်ရှိရသူလေး ဖြစ်သည်။ ဒီကလေးဟာ သူ့မြေးလေးအရင်း ဖြစ်လိုက်မယ်ဆို ဘယ်လောက် ကောင်းလိုက်မလဲ။

သူက စဉ်းစားရင်းကမှ မနက်က နုနုအေး ပြောတဲ့ ယုရာကိစ္စ ခေါင်းထဲရောက်လာမိသွားလျှင် အတွေးတစ်ခုကြောင့် ငြိမ်သက်လို့ သွားလေသည်။

✤ ✤ ✤





"ဘိုးဘိုး ... ယုကို ခေါ်တယ်ဆိုလို့"

ယုရာက ဘိုးဘိုးရဲ့ရှေ့သို့ လာရပ်ကာ လေသံခပ်ပျော့ပျော့ဖြင့် စကားစချီလိုက်လျှင် ကျွန်းဆိုဖာကုလားထိုင်ကြီးမှာ ခြေချိတ်ထိုင်၍ ခန့်ညားထည်ဝါစွာ စာဖတ်နေတဲ့ ဘိုးဘိုးက ယုရာကို မျက်လုံးတစ်ချက် ပင့်ကြည့်လိုက်ကာ ...

"နင့်တစ်ယောက်တည်း ခေါ်တာမဟုတ်ဘူးလေ။ မုဒြာကော"

"ဘိုးဘိုး ... လာပါပြီ"

အနောက်က ပြန်ထူးသံနဲ့အတူ မုဒြာက ရောက်လာလေလျှင်တော့ ယုရာက အထူးတလည် ပြန်ဖြေစရာမလိုတော့ပေ။ ယုရာတို့နှစ်ယောက်စလုံး ဘိုးဘိုးရှေ့ ရောက်တဲ့အခါမှာတော့ ဘိုးဘိုးက လက်ထဲက သူဖတ်လက်စစာအုပ်ကို ဘေးစားပွဲဆီသို့ တင်လိုက်ရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏ အမှတ်တရ အစီအစဉ်

မမယ်ရေ…

မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။

မမယ်ရဲ့ သဝန်တိုမင်္ဂလာကကြီး၊ သကြားဖျန်းတဲ့ သကြိန်ရယ် နှစ်အုပ်လုံး အရသာတစ်မျိုးစီနဲ့ ကောင်းပါတယ်။ မမယ်ရဲ့ဝတ္ထုလေးတွေက ဖတ်ပြီးရင်း ဖတ်ချင်နေတာပါပဲ။ မမယ်ကို မဂ္ဂဇင်း တော်တော်များများမှာ အင်တာဗျူးတာလေးတွေလည်း တွေ့ရပါတယ်။

သကြိန်စာအုပ်လေး ပြီးတော့ ဘယ်စာအုပ်လေးများ ထွက်မှာလဲ။ မျှော်နေပါတယ်။

ညီမလေးတို့ ချစ်တဲ့မမယ် ၈ မှာလည်း ညီမလေးတို့ကို လက်ခံစကားပြောပေးတဲ့အတွက် ကျေးဇူးပါ မမယ်။

ညီမလေး
**နန်းရွှေရည်** (တ–နှစ်)
ကွန်ပျူတာတက္ကသိုလ်
(ရန်ကုန်)

# မယ်မင်းဘုံ



## လုံးကြီးတင်ဆန်ခတ်
## အမျိုးသား

**အုပ်(၄၀)မြောက် အမှတ်တရ**

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ထိုင်ကြပါဦး။ မတ်တတ်ကြီးရပ်ပြီး စကားပြောရတာ မကောင်းပါဘူး"

"ဟုတ် ... ဘိုးဘိုး"

ယုရာကော မုဒြာကပါ ဘိုးဘိုးရဲ့ဘေးတစ်ဖက်တစ်ချက်စီက ထိုင်ခုံဆီမှာ ဝင်ထိုင်ကြလေသည်။ ဒီနေ့မှာ ဘိုးဘိုး ဘာများပြောလေလိမ့်မလဲ ဆိုတာ စိတ်အဝင်စားမိဆုံးကတော့ ယုရာဘဲ ဖြစ်သည်။ ယုရာက ထိုင်နေရင်းကမှ ဘိုးဘိုးဆီက ဘာများထွက်လာမလဲဆိုပြီး စောင့်ဆိုင်းနေတုန်းမှာပဲ ဘိုးဘိုးက ထင်ထားတဲ့အတိုင်းပင် မေးခွန်းစတော့တာဖြစ်သည်။

"ယုရာ ... ညည်းက လက်ထပ်ဖို့တောင် စီစဉ်နေပြီဆို"

ဘိုးဘိုးမေးတဲ့ မေးခွန်းကြောင့် ယုရာက အဆင်ပြေသော မေးခွန်းအတွက် ချက်ချင်းပင် တုံ့ဆိုင်းခြင်းမရှိဘဲ ခေါင်းခါယမ်းလိုက်ရင်း ...

"ဟာ ... မဟုတ်ပါဘူး ဘိုးဘိုးကလည်း။ သမီးဘက်က ခေါင်းမညိတ်ရသေးပါဘူး။ သူ့ဘက်က ဟောင်းဆိုတာကို ပြောပြတာပါ"

"သဘောတရားကတော့ အတူတူပဲ။ ဒါတွေ ထားပါ။ မေးချင်တာက အဲဒီသူဆိုတာ ဘယ်ကလဲ ဘယ်သူလဲ"





ဘိုးဘိုးရဲ့ဘယ်ကလဲတွေ ဘယ်သူလဲတွေအတွက် ယုရာရဲ့အဖြေကို တိတ်တဆိတ် နားစွင့်နေမှန်း သိသာလွန်းစွာ ယုရာအဖြေကို စောင့်နေတဲ့ မုဒြာကလည်း ရှိနေတာမို့ ယုရာက ကိုယ့်လူအကြောင်း ကြွားကြွားလေး ပြောလိုက်တော့သည်။

"သူက ကျောက်မျက်လုပ်ငန်း လုပ်ပါတယ် ဘိုးဘိုး။ အဆင့်အတန်းမြင့်မြင့် လူရည်သန့်တစ်ယောက်ပါ။ ပညာလည်း တတ်ပါတယ်"

"နေစမ်းပါဦး။ ညည်းနဲ့ ချစ်နေတာက ဘယ်လောက်တောင် ကြာပြီလဲ"

"ဘိုးဘိုးကလည်း ... ဘာတွေ မေးနေတာလဲ"

"ယုရာ ... ပြောင်ချော်ချော် လာလုပ်မနေနဲ့။ ငါမေးတာသာ ဖြေစမ်းပါ"

ဘိုးဘိုးက စားပွဲကို ဒုန်းခနဲထုကာ ဟန့်လိုက်လျှင်တော့ ဘိုးဘိုးတစ်ယောက် စိတ်တိုနေပြီဆိုတာကို အတတ်သိစွာ ယုရာက လေသံကုပ်ကုပ်ဖြင့် ဖြေရလေသည်။

"ဟို ... ဟို ... ကြိုက်နေကြတာ လေး,ငါးလလောက်တော့ ရှိလောက်ပြီ"

"လေး ... ငါးလ။ ဘာလဲ ... မတိမကျနဲ့။ ယုရာ"



www.burmeseclassic.com

www.burmeseclassic.com



ယုရာက အစစ်ဆေး အမေးမြန်း ခံနေရတဲ့ အကျဉ်းသားတစ်ယောက်သဖွယ် စိတ်ထဲ တကယ်မွန်းကျပ်လာရသည်။ ဘိုးဘိုးဟာ အမြဲတမ်း ယုရာကိုဆို ဟိန်းလား ဟောက်လားနဲ့။

"ဟဲ့ … ဘာလို့ တိတ်သွားတာလဲ။ မတိမကျ အဖြေက ဘာလဲ"

ယုရာက စိတ်ရှုပ်ထွေးလှစွာဖြင့် ခေါင်းတွေကုတ်မိရင်းက အမှန်တိုင်းပဲ ဖြေလိုက်တော့သည်။ ဟုတ်တယ်လေ … ယုရာမှ မှတ်သားမှုတွေကို စိတ်မပါခဲ့တာ။

"ဟို … ဘယ်တုန်းက ကြိုက်ခဲ့တာလဲ ဆိုတာကိုတော့ ယုရာ မှတ်မထားမိလို့ပါ"

"ဟား … ကောင်းပါ့ကွာ။ အဲဒါနဲ့များ လက်ထပ်မယ် … ဟုတ်လား။ ယုရာ … ဒီကိစ္စကို နင့်အမေ ဘာမှမပြော ဘူးလား"

"မေမေက ယုရာ သဘောပါတဲ့။ ဘိုးဘိုး သဘောထား ကိုပဲ …"

"တိတ်စမ်း။ ကိုယ့်ရည်းစားဆိုတဲ့လူနဲ့ ကိုယ်ရည်းစားဖြ တာ ဘယ်လောက်ကြာပြီလဲ ဆိုတာတောင် အတိအ မသိတဲ့အဖြစ်၊ ဒါနဲ့တောင် ယူဦးမယ်။ ဟင်း … ဒီမှာ



ယုရာ … ယောက်ျားတစ်ယောက်နဲ့ နင် တစ်သက်လုံး အတူနေဖို့ လေး,ငါးလလောက် ရည်းစားဖြစ်တာနဲ့ ယူလိုက်မယ်တဲ့လား … ဟုတ်လား"

ဘိုးဘိုးရဲ့ မေးခွန်းအဆုံးမှာတော့ ယုရာ တကယ်ကိုပဲ ထိုင်ငိုချင်စိတ်တောင် ပေါက်သွားသည်။ တကယ်ပွားတဲ့ အဘိုးပဲ ဖြစ်၏။ ယုရာက လက်ထပ်ဖို့အတွက် အာမခံချက်တွေ ရှိနေတဲ့သူနဲ့ လွဲစရာလား။

"ဘိုးဘိုးရယ် … ခေတ်တွေလည်း ပြောင်းကုန်ပါပြီ။ သုံးနှစ်ခေတ်လည်း မရှိတော့ပါဘူး။ ယုရာ သေသေချာချာ စိစစ်ရွေးချယ်ပြီးမှ အဖြေပေးခဲ့သူပါ ဘိုးဘိုးရဲ့။ နောက်ပြီး သူက အလုပ်မရှိ အကိုင်မရှိထဲကလည်း မဟုတ်ဘူး"

"ဘာ … နင်က ငါ့ကို ပြန်ခံပြောနေတာလား"

"မဟုတ်ပါဘူး။ ယုရာက ပြောပြတာပါ။ သူက ယုရာနဲ့ လက်ထပ်ပါရစေဆိုပြီး ခွင့်တောင်းတယ်။ အဲဒါကို ယုရာက ဘိုးဘိုးနဲ့ မေမေ့ကို ပြန်ပြီးပြောပြတာပါ။ ယုရာလည်း ဘာမှ မစဉ်းစားရသေးပါဘူး"

ယုရာက စိတ်လည်းရှုပ်လာတာမို့ ဘိုးဘိုးကို ခပ်သွက်သွက်ပဲ ပြန်ဖြေလိုက်သည်။ ဘိုးဘိုးကတော့ ထုံးစံအတိုင်း ယုရာကို အမြင်မကြည်လင်စွာဖြင့် မှုန်ကုပ်ကုပ် ကြည့်ပြီးမှ…

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ညည်းဆိုလိုတဲ့ သဘောက ငါ့ကို့လက်ခံရင်တော့ ညည်း ခေါင်းညိတ်လိုက်မယ်ပေါ့။ ဟုတ်လား"

"ဟုတ်"

"အေးလေ။ နင့်ကို မွေးထားတဲ့အမေက သဘောတူတယ်လို့ ပြောနေတဲ့လူကို ငါ့ဘက်ကလည်း အသိအမှတ်တော့ ပြုရမှာပေါ့။ အေး … ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ နင်ကော မုဒြာကောက ငါ့ရဲ့မြေးတွေ။ အဲဒီတော့ ညည်းတို့ အဖေတွေ မရှိတော့တဲ့အတွက် ငါဟာ အဘိုးတစ်ယောက် အနေနဲ့တော့ ပြောပိုင်ခွင့် ဆုံးဖြတ်ပိုင်ခွင့် ရှိတယ်လို့ ငါ သတ်မှတ်တယ် …

ဒီတော့ ငါ တစ်ခါတည်း ကြေညာလိုက်မယ်။ ယုရာ … မုဒြာ … သေချာနားထောင်ပါ။ မင်းတို့နှစ်ယောက်ရဲ့အဖေတွေဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြတဲ့ ညီအစ်ကိုတွေ။ ဒီလိုညီအစ်ကိုက မွေးလာတဲ့ သမီးတွေဖြစ်တဲ့ ညည်းတို့နှစ်ယောက်ကိုလည်း ဘိုးဘိုးက တစ်စုတစ်စည်း, တစ်စည်းတစ်လုံးတည်း ဖြစ်စေချင်တယ်။ အဲဒီတော့ ဘိုးဘိုး ဆုံးဖြတ်ထားတဲ့ကိစ္စကို မပြောခင် မုဒြာကို အရင်မေးရမယ် …





မုဒြာ … မြေးမမှာ ချစ်သူတွေ ဘာတွေ ရှိနေပြီလား"

ဘိုးဘိုးရဲ့စကားအဆန်းတွေအပြင် မြားဦးတလည်း ယုရာကနေ မုဒြာဘက်ကို ရောက်လာတာမို့ ယုရာ ကိုယ်တိုင်ကလည်း စိတ်ဝင်တစား ဖြစ်ရသလို မုဒြာကတော့ ထင်မှတ်မထားတဲ့ မေးခွန်းအတွက် တအံ့တသြဖြင့် ပြန်လည်ဖြေပေးလေသည်။

"ရှင် … သမီးမှာ။ မ … မရှိပါဘူး"

"အေး … ကောင်းပြီ။ ဒါဆိုရင်တော့ ဘိုးဘိုးဆုံးဖြတ်ထားတဲ့ ကိစ္စကို မြေးနှစ်ယောက်ကို ပြောပြမယ်။ ဘိုးဘိုးခုနက ပြောသလိုပဲ တစ်စည်းတစ်လုံးတည်း ညီညွတ်မှုကို ဖြစ်စေချင်တဲ့အတွက် အဘိုးရဲ့မြေးနှစ်ယောက်ဖြစ်တဲ့ ယုရာနဲ့ မုဒြာဟာ အိမ်ထောင်ပြုရင် အတူတူ ပြုရမယ်"

"ရှင် … ဘယ်လို ဘိုးဘိုး"

ယုရာနဲ့ မုဒြာ အသံက တစ်သံတည်း စီခနဲထွက်လာလောက်အောင် တကယ်ပဲ မျက်လုံးတောင် ပြူးသွားရကာ အထိတ်တလန့် ဖြစ်တာကို ဘိုးဘိုးက ပြန်ကြည့်ရင် …

"ဟ … ဘာလဲ။ ငါပြောတာက မင်္ဂလာဆောင်မယ့်ရက်ဟာ တစ်ရက်တည်း ဖြစ်ရမယ်။ ဒါကိုပြောတာ။ အခု …



www.burmeseclassic.com

www.burmeseclassic.com



ယုရာက ယောက်ျားယူဖို့ စကားပြောပြီဆိုတော့ အဘိုးက မုဒြာကိုပါ စဉ်းစားရမယ်။ ဒါကြောင့် မုဒြာကိုမေးတာ ချစ်သူရှိနေလားလို့”

“ဟို ... ဟို ... ဘိုးဘိုးရယ်။ ယုရာမှာ အိမ်ထောင်ပြုဖို့ အစီအစဉ်ရှိတာနဲ့ပဲ မုဒြာကို စီစဉ်ပေးမယ် ဆိုတာကတော့ မဟုတ်သေးပါဘူး။ မုဒြာတို့က စိတ်ချင်းဆက်နေတာမှ မဟုတ်တာ။ သူ ယောက်ျားလိုချင်ပေမယ့် မုဒြာက မလိုချင်ဘူးလေ”

“ဟဲ့ ... နင် ... ဘာစကား ပြောလိုက်တာလဲ”

ယုရာက ဘိုးဘိုးကို ပြန်လည်ဖြေရှင်းရင်းက ယုရာဘက် ခလုတ်လာတိုက်တာကြောင့် အဲဒီ မုဒြာမကို ဒေါသက ထွက်လာကာ ပက်ခနဲ ပြန်မေးလိုက်လျှင် အဘိုးက ဝင်တားရလေ၏။

“ဟော့ ... တော်ကြစမ်း။ ပြောနေရင်းနဲ့ကို သွေးကကွဲတယ်၊ မုဒြာ ... အဘိုးပြောတာ မင်း နားမလည်ဘူးလား။ စည်းလုံးမှုကို လိုချင်တာ။ နင့်ကိုလည်း ဖွတ်အတင်း မပေးစားသလို ယုရာကိုလည်း နုနုအေး ဘယ်လောက် သဘောတူတူ ငါ သဘောမတွေ့ရင် လက်မခံဘူး ...





ငါပြောတဲ့စကားကို ဆုံးအောင်နားထောင်ဦး။ ဒီမှာ ငါပြောမယ်။ ယုရာ ... နင့်ချစ်သူဆိုတဲ့ သူကို ခေါ်လာခဲ့။ ငါတွေ့မှာ။ မုဒြာ ... ညည်းမှာ ချစ်သူမရှိဘူးဆိုတော့ ဘိုးဘိုးက ညည်းအတွက် သင့်လျော်တဲ့ အိမ်ထောင်ဖက်ကို ရှာတွေ့ထားတယ်။ တစ်လက်စတည်း ယုရာရဲ့ကောင်လေးကို အိမ်ခေါ်တဲ့ နေ့မှာပဲ မုဒြာလည်း အဲဒီကောင်လေးနဲ့ တွေ့လိုက်။ ဟော့ ... ငါ့စကား မဆုံးသေးဘူး။ အထွန့်မတက်နဲ့ဦး မုဒြာ။ အဲဒီကောင်လေးနဲ့ နင့်ကို ဖွတ်အတင်း မယူခိုင်းဘူး။ တွေ့ကြည့်ခိုင်းထားတာ။ ပြီးတော့မှ ဆက်စကားပြောမှာ။ ငါပြောတာကို လက်ခံ။ ဘယ်လိုလဲ”

ဘိုးဘိုးက ချက်ကျလက်ကျပြောတဲ့ စကားတွေအတွက် ယုရာကတော့ ဘာမှငြင်းစရာမရှိတဲ့အတွက် ခေါင်းသာ ညိတ်ပြလိုက်သည်။ မုဒြာကတော့ မှုန်တေတေ မျက်နှာထားဖြင့် ဘိုးဘိုးကိုကြည့်ကာ ...

“တွေ့တာက ရပါတယ်။ ဒါပေမဲ့ သေချာတာကတော့ မုဒြာ လုံးဝငြင်းမယ် ဆိုတာပဲ”

“ဒါကတော့ ဘာမှ ကြိုမပြောနိုင်ဘူး။ ကဲ ... ထားတော့ အဲဒီတော့ ... ယုရာ ... မုဒြာ ... သန်ဘက်ခါကျ မင်း



www.burmeseclassic.com

www.burmeseclassic.com



တို့အိမ်ထောင်ဖက်တွေနဲ့ ဆုံတွေ့မယ့်ရက်လို့ သတ်မှတ်လိုက်ပြီ ...

ယုရာ ... ညည်း ကောင်လေးကို အိမ်ခေါ်လာခဲ့။ မုဒြာ ... ညည်းအတွက် ကောင်လေးကို အိမ်ကိုခေါ်လိုက်မယ်။ သိထားရမှာသည် တို့တွေ့ဆုံခြင်းဟာ ခုနက အိမ်ထောင်ဖက်ဆိုတဲ့ စကားထက် တစ်ယောက်ကို တစ်ယောက် အကဲခတ်တဲ့ သဘောပဲ။ သန်ဘက်ခါ အိမ်မှာ ညစာစားရင်း သောက်ရင်း အားလုံး အကဲခတ်ကြည့်ကြတာပေါ့။ ပြီးတော့မှ ဆက်ပြီး စကားပြောကြမယ်။ အဲဒါပဲ”

ဘိုးဘိုးရဲ့ တစ်ချက်လွှတ် အမိန့်အောက်မှာ ယုရာလည်း ဘာမှမပြောရဲသလို မုဒြာလည်း ဘာမှထပ်အထွန့်မတက်ရဲပေ။ ဘိုးဘိုး ပြောတဲ့စကားတွေက အရမ်းကို Fair ဖြစ်နေကာ ယုရာအတွက်လည်း လေ့လာကြည့်ရာ ရောက်သလို မုဒြာအတွက်လည်း ရွေးချယ်ခွင့် ငြင်းပိုင်ခွင့် ပေးထားတာမို့ နှစ်ယောက်စလုံးဟာ ခေါင်းတစ်ချက်တော့ ညိတ်ပြလိုက်မိသွားကြသည်။

✤ ✤ ✤





(၃)

ကန်တော်ကြီးဟာ ရန်ကုန်မြို့ရဲ့ ကားအကျပ်ဆုံးနေရာလားဟု ထင်မှတ်ရလောက်အောင်ကို ကားတွေကျပ်ညပ်ချက်က နိုင်းကျော်ပါသည်။ နေကလည်းပူ ကားကလည်း အဲဒီတန်းစီရပ်ထားတဲ့ နေရာကြီးကနေ မရွေ့နိုင်သေးကာ သူ့ဘဝဟာ ရွှေရောင်ကရဝိတ်ကြီးကို လှမ်းသာမြင်ပြီး မကြင်ရတဲ့ဘဝ ဖြစ်လေသည်။ အဲဒါထက်ဆိုးသည်ကာ ပူလောင်မှုကို ဖြေရှင်းဖို့ရာက သူ့ကားထဲက မြက်ယပ်တောင်ခတ်လိုက်ရင် အေးသွားသလို ကားကျပ်တဲ့ကိစ္စကလည်း စိတ်ကလေးကို ရှည်ရှည်ထားကာ တစ်ဘီးချင်းလိမ့်သွားမယ်ဆို ကန်တော်ကြီးထဲကို ရောက်သွားမယ် ဆိုတာ သိသော်လည်း ရှင်းလို့မရသည်ကတော့ သူ့ရဲ့ချစ်သူလေးဆီကိုပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ပယ်မင်းဘုံ၏ လွှက်ပြီးစာအုပ်များ

၁။ အချစ်ရေးယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် (အောင်သီရိဗီဒီယို)
၂။ ချစ်ရင် ... နှစ်မိနစ်စောင့် (ရွှေစင်ဦးဗီဒီယို)
၃။ ငွေတောင်ပြည်ကမြို့သူ (အောင်သီရိဗီဒီယို)
၄။ ချစ်သူလိမ်းပို့အေးကရင်မ် (အောင်သီရိဗီဒီယို)
၅။ အမုန်းကမ်ရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည် (ရွှေစင်ဦးဗီဒီယို)
၆။ အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန်ငါသေပါရစေ (အောင်သီရိဗီဒီယို)
၇။ ဆယ်ကျော်သက်ဂိမ်း (အောင်သီရိဗီဒီယို)
၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည် (အောင်သီရိဗီဒီယို)
၉။ ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင် (အောင်သီရိဗီဒီယို)
၁၀။ နဖူးမှာရေးဖို့မေ့တဲ့စာ (အောင်သီရိဗီဒီယို)
၁၁။ အနမ်းမြို့ကသတို့သား (မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေး)
၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ဝစ်ကူးရင်း ငါ့အချစ်တွေ မိုးလင်းခဲ့တယ် (အောင်သီရိဗီဒီယို)
၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန်အသိပါ (အောင်သီရိဗီဒီယို)
၁၄။ နတ်သားအိပ်ဆေးခတ်ထားတဲ့ညနေခင်း (အောင်သီရိဗီဒီယို)
၁၅။ ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည် (အောင်သီရိဗီဒီယို)
၁၆။ ဘာညာသာရကာ (အောင်သီရိဗီဒီယို)
၁၇။ ပျားရည်ဆမ်းဒွိဟ (အောင်သီရိဗီဒီယို)
၁၈။ အနမ်း Equation (အောင်သီရိဗီဒီယို)
၁၉။ တဆိတ်လောက်ခင်ဗျာ ချစ်သူကို ... ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ (အောင်သီရိဗီဒီယို)
၂၀။ အငြိုးကွန်ယက်နတ်သမီး (အောင်သီရိဗီဒီယို)
၂၁။ ဖိုလေးရည်းစားမြို့ကြီးသား (အောင်သီရိဗီဒီယို)
၂၂။ အမုန်းပြယ်ပိုင် (အောင်သီရိဗီဒီယို)
၂၃။ နှလုံးသား Hacker (အောင်သီရိဗီဒီယို)
၂၄။ ကွန်းခိုဖြစ်သောမျက်ဝန်းလေးဆီ (အောင်သီရိဗီဒီယို)
၂၅။ သူစိတ်နာတဲ့ကြားဖြတ်အစီအစဉ် (အောင်သီရိဗီဒီယို)
၂၆။ 4 In 1 (အောင်သီရိဗီဒီယို)
၂၇။ လရောင်စစ်စစ်သမီးရည်းစား (အောင်သီရိဗီဒီယို)
၂၈။ ကိုယ့်နှလုံးသားတွင် သတို့သမီးပုန်းနေသည် (အောင်သီရိဗီဒီယို)
၂၉။ နေမထိအလွမ်း (အောင်သီရိဗီဒီယို)
၃၀။ မိုးလုံလေလုံအိမ်ထောင်ပြုသည် (အောင်သီရိဗီဒီယို)
၃၁။ နောက်ကျောကချစ်သူ (အောင်သီရိဗီဒီယို)
၃၂။ ရိုးမြေကျခေါင်းခါသည် (စိမ်းဝါနီဗီဒီယို)
၃၃။ သံယောဇဉ်မျက်မောင်းထိုး (အောင်သီရိဗီဒီယို)
၃၄။ မြားနတ်မောင်ဝှန်းဒိုင်းကြဲနေသည် (အောင်သီရိဗီဒီယို)
၃၅။ ဆေးကျောင်းသားနှင့်အိုကိုကွင်း (အောင်သီရိဗီဒီယို)
၃၆။ အခန့်မသင့်မုန်တိုင်း (အောင်သီရိဗီဒီယို)
၃၇။ ချေလို့နေလို့ ချစ်လေသည် (အောင်သီရိဗီဒီယို)
၃၈။ သဝန်တို မင်္ဂလာကကြိုး (အောင်သီရိဗီဒီယို)
၃၉။ သကြားဖျန်းတဲ့အကြိန် (အောင်သီရိဗီဒီယို)

**ယခုလ**

၄၀။ လုံးကြီးတင်ဆန်ခတ် အမျိုးသား

www.burmeseclassic.com

www.burmeseclassic.com



ယုရာလေးက ကန်တော်ကြီးထဲ အရင်ကြို့ရောက်နေကာ သူ့ကို စောင့်နေရတာမို့ ဒီအချိန်မှာ စောက်တေားဖြစ်နေပြီဆိုတာ သူသိနေလေသည်။ သူက ယုရာလေးကို ချော့ဖို့ နည်းလမ်းတွေကို ခေါင်းထဲမှာ စဉ်းစားရင်း ကားတွေ အလှူပေးနေသလားဟု ထင်ရအောင် စီးတဲ့သူများနေတဲ့ traffic တွေကို တလိုမ့်ချင်း လိမ့်လာရင်း ရောက်လာလျှင် ယုရာလေးဆီ အသည်းအသန် အပြေးအလွှား သွားရတော့သည်။

သူထင်ထားတဲ့အတိုင်းပင် သူ့ရဲ့ယုရာလေးဟာ စိတ်များတွေဖြင့် အကြီးအကျယ်တွေကို ကောက်ကာ သူ့မျက်နှာကို တွေ့လျှင် တွေ့ချင်းမှာပဲ ချက်ချင်းပင် ရှုတည်သွားကာ မျက်နှာလွှဲသွားတာမို့ သူ့မှာ ပျာပျာသလဲပင် ယုရာကို ချော့ရတော့သည်။

"ချစ်လေးရယ် ... အများကြီး အများကြီး အများကြီး တောင်းပန်ပါတယ်ကွာ။ ကားတွေက လုံးဝကို ကျပ်ပိတ်ညပ်နေလို့ပါ။ စိတ်မဆိုးပါနဲ့နော်"

"ဆိုးတယ်။ အရမ်းစိတ်ဆိုးတယ်။ ဒီလိုအချိန်မျိုးမှာ ကားပိတ်လို့ နောက်ကျပါတယ်ဆိုတဲ့ အကြောင်းပြချက်ပေးရင် လုပ်ငန်းအားလုံးရဲ့ အလုပ်စလုပ်ချိန်ကို နေ့ခင်းမှ အလုပ်စနိုင်းလိုက်တော့။ ဒီမှာ တစ်ယောက်တည်း စောင့်နေရတာ သေတော့မယ်။ ရှင် ဘာလုပ်နေတာလဲ"





ဆောင့်ကြီး အောင့်ကြီးနဲ့ ထွက်လာလေတဲ့ ယုရာလေးရဲ့ စကားကြောင့် သူ့မှာ ယုရာကို တောင်းပန်ဖို့ ယုရာ ပခုံးလေးကို အသာပွေ့ဖိုက်လျှင် သူ့လက်တွေကို ဆတ်ခနဲ ပုတ်ထုတ်ပစ်ကာ ...

"သွား ... လာမထိနဲ့။ ဟင်း ... ချွေးတွေသံတွေနဲ့ အော် ဘာဖြစ်လာရတာလဲ"

"ဟင် ... ဟိုဟာ။ နေပူတော့ ..."

"ကားကို Air Con ဖွင့်မမောင်းဘဲ နေအပူခံပြီး ကားတိုးလာရတယ်ပေါ့လေ၊ ဟုတ်လား"

ယုရာရဲ့ဒေါသ direction က ပြောင်းလာပြီမို့ အွှဘုန်းက ပြောနေကြ စကားလုံးကိုပဲ အကာအကွယ် ယူရလေသည်။

"မ ... မဟုတ်ပါဘူး ချစ်လေးရယ်။ ကိုယ်က Air Con အလာ့ဂျစ် ... ဂျစ် ..."

"တော်တော့ ... ဆက်မပြောနဲ့။ ဘာ အဲကွန်း အလာ့ဂျစ်လဲ။ ဒီမှာ ... ရှင့်ကို ယုရာ ပြောရလွန်းလို့ မောပြီးသာ သေသွားလိမ့်မယ်။ ရှင့်အကျင့်တွေကတော့ လုံးဝမပြောင်းဘူးနော်။ စီးထားတဲ့ ကားကိုတော့ အားနာပြီး အဲကွန်း ဖွင့်သင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်လေးရယ် ... အလကားရတဲ့ လေကိုတောင် ကိုယ်တို့က ဝဝမရှူဘဲ မှန်တွေအလုံပိတ်ပြီး ပိုက်ဆံအကုန်ခံ အအေးဓာတ် လေရှူနေတာကြီးကို ကိုယ်က သဘောမကျလို့ပါ"

"တော်ပြီ ... ကျွန်မ ပြန်မယ်"

ယုရာက သူ့စကားကြောင့် စိတ်ဆိုးမှ အပူချိန်က heat တွေ တက်ကုန်ကာ ဝုန်းခနဲ ထရပ်လျှင် သူကပဲ ယုရာ စိတ်ပြေစေဖို့ အကြီးအကျယ်တွေ ချော့မော့ရတော့သည်။

"အဲ ... အဲလိုတော့ မလုပ်လိုက်ပါနဲ့ ချစ်လေးရယ်။ တောင်းပန်ပါတယ်ကွာ။ နောက်တစ်ခါ အဲကွန်းဖွင့်မယ်ကွာ။ မသွားပါနဲ့နော်။ အများကြီး အများကြီး တောင်းပန်တယ်"

"တကယ် ပြောတာနော်"

"တကယ် ... တကယ် ကတိ"

သူက ယုရာ စိတ်ကျေနပ်အောင် ခေါင်းညိတ်ပြမှ ယုရာက စိတ်လျှော့ဟန်ဖြင့် သက်ပြင်းချကာ သူ့ကို မှန်ကုပ်ကုပ် ပြန်ကြည့်ရင်း ...

"ကတိတည်မယ် ယုံလို့ ရှော်ပေးလိုက်တာနော်"





ယုရာရဲ့ အခြေအနေက သာယာသွားပြီမို့ သူ့မှာ အဲဒီတော့မှ ပျော်နိုင်ကာ ယုရာရဲ့လက်ဖဝါးလေးကို ဆုပ်ကိုင်ထိုက်ရင်း ...

"စိတ်ချပါဗျာ။ ချစ်လေး သဘောကျ ဖြစ်စေရမယ် ... ဟုတ်ပြီလား။ ဪ ... ကိုယ့်ကို ပြောစရာရှိလို့ဆို"

"အင်း ... ဟုတ်သားပဲ။ လိုရင်းကို မေ့နေတာ၊ သေချာ ပြောမယ်နော်၊ မနက်ဖြန်ညနေ ယုရာ အိမ်ကို ကိုကြီးလာရမယ်။ ဘိုးဘိုးက ကိုကြီးနဲ့ တွေ့ချင်လို့တဲ့"

ယုရာ စကားကြောင့် သူ့ရင်ထဲမှာ တကယ့်ကိုပဲ ဒိတ်ခနဲ ဖြစ်လို့သွားရလေသည်။ ဒီကိစ္စဟာ တကယ်ပဲ ဒိတ်ခနဲ ဖြစ်ရမည့်အကြောင်း ဖြစ်၏။

"ဘယ်လို ... ကိုယ်နဲ့ တွေ့ချင်တယ်"

"အင်းလေ။ ဘိုးဘိုးကို ပြောပြလိုက်တော့ ဘိုးဘိုးက အကဲခတ်ကြည့်ချင်တယ်တဲ့။ အိမ်ခေါ်လာခဲ့။ ညနေစာ စားရင်းသောက်ရင်း စကားပြောကြည့်မယ်တဲ့။ မနက်ဖြန် ကိုကြီး လာခဲ့"

"မနက်ဖြန်"

သူက ယုရာ စကားအတိုင်း သံယောင်လိုက်ကာ မနက်ဖြန်ဟု ရေရွတ်လိုက်တာနဲ့ တကယ်ပဲ စိတ်တွေပူလို့သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ယုရာရဲ့အိမ်ကိုဆိုတော့ အဲဒါဟာ သူ့ဘ၀အတွက်ပဲ ဖြစ်သည်။

"ဟုတ်တယ် ... မနက်ဖြန်။ သြော် ... သြော် ... ကိုကြီး ... ဟိုဟာလေ မနက်ဖြန်ကျရင်လေ သိလား ... အင်း ..."

ရွှေဘုန်းက ယုရာလေး ဆက်ပြောလာမယ့် စကား ကို စောင့်နေသော်လည်း ယုရာက သံရှည်ဆွဲထားတဲ့ အင်းမျိုးနဲ့ ပြောသင့် မပြောသင့် ချိန်နေတာမို့ ရွှေဘုန်းက အကဲခတ်မိစွာ ဖြင့် မေးရလေသည်။

"ပြောပါ ယုရာလေးရဲ့။ ဘာဖြစ်လဲ"

"ဟို ... ဟိုဟာလေ။ နည်းနည်းလေး နသွားအောင်ဖြ ခဲ့နော် ကိုကြီး"

ယုရာရဲ့ တစ်လုံးချင်းထွက်လာတဲ့ အားနာလေး လေးဟာ သူ့အတွက်တော့ မအီမသာ စကားလုံးပဲ ဖြစ်ေ နအောင်ဆိုတာကို သဘောပေါက်ပေမယ့် ဘယ်လိုနအောင်ပြ ရမလဲ၊ သူလည်း မသိပေ။

"ကိုယ်က ဘယ်လိုပြင်ခဲ့ရမှာလဲ"

"ကိုကြီးကလည်းကွာ နအောင်ပါဆိုမှ ဘယ်လိုပြော အကျီတွေ ဆိုလို့ရှိရင်လည်း နည်းနည်းလေး အသွက်ဒီ





ဆင်ခိုင်းတာ။ ဟော့ရှော့ မဟုတ်ဘူးလေ။ ဒါပေမဲ့ လူကြီး ပုံစံကြီးလည်း မဟုတ်ဘူးပေါ့။ ကိုကြီးကို အိမ်က အခုမှ မြင်ဖူးကြမှာလေ။ ယုရာနဲ့ အသက်ကွာတယ်ဆိုတာ မပြော ပြရသေးဘူး"

"ဟား ... သေပြီပေါ့ကွာ။ ချစ်လေးရယ် ... ကိုယ် စိတ် တွေတောင် ပူလာပြီ။ သဘောမတူနိုင်ဘူးပေါ့ ဟုတ်လား"

"အဲလို ... အဲလို ... ပြောတာမျိုး မဟုတ်ဘူးလေကွာ။ မေမေ့ကိုကော ဘိုးဘိုးကိုကော ကိုကြီးအကြောင်းကို ပြော တယ်ဆိုတာက ကိုကြီးအလုပ်အကိုင်ရယ်၊ ဘယ်မှာနေ တယ်၊ ဘယ်လိုစိတ်ဓာတ်မျိုးလေးရှိတယ်၊ အဲဒီလောက်ပဲ ပြောပြထားတာလေ။ ကိုကြီးနဲ့ ယုရာ ဆယ့်လေးနှစ်ကွာ တယ်ဆိုတာ ရုက်ချင်းကြီး ပြောချလိုက်ရင် ဆောက်နဲ့ ထွင်းသလို ဖြစ်သွားမှာပေါ့"

"ဟား ... ဟ ... တိုးတိုးပြောပါ ချစ်လေးရယ်။ မင်း ပြောတာကမှ တကယ် ဆောက်နဲ့ထွင်းလိုက်သလိုဖြစ်တာ။ ကိုယ်က ချစ်လေးထက် အသက်နည်းနည်းလေး မဆိုသ လောက် ကြီးတယ်ဆိုပေမယ့် ကိုယ်လည်း ဘယ်နေရာကမှ မလျော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘုန်းက ဖွတ်ကို ကိုယ့်ဘက်ကိုယ်ယက် ပြော
လိုက်လျှင် ယုရာက ခစ်ခနဲ သဘောတကျ ရယ်လိုက်ပြီးမှ ...

"သွားပါ။ အဲဒီအပြောတွေထက် မနက်ဖြန်ညနေ ဘိုးဘိုး
နဲ့တွေ့ရင် ဘိုးဘိုး သဘောကျဖို့လိုတာ။ အဲဒီတော့
ကိုကြီးက perfect ဖြစ်အောင်လာခဲ့ ...

အော် ... နေဦး။ ရှိသေးတယ်။ မနက်ဖြန် ကိုကြီး
မှာ ပြိုင်ဘက်လည်း ရှိတယ်နော်"

"ပြိုင်ဘက် ... ဟုတ်လား"

ယုရာရဲ့ အထူးအဆန်း စကားကြောင့် သူက နား
မရှင်းစွာ မေးလိုက်လျှင် ယုရာလေးက သူ့ကို သွက်လက်စွာ
ခေါင်းညိတ်ပြ၍ ...

"ဟုတ်တယ် ... ပြိုင်ဘက်။ ဘိုးဘိုးက ယုရာရဲ့ညီမ မုဒြာ
အတွက် သူသဘောကျတဲ့ လူတစ်ယောက်နဲ့ မုဒြာကိုမိတ်
ဆက်ပေးဖို့ ခေါ်ထားတယ်။ အဲဒီ ဟိုလူက ဘိုးဘိုး
သဘောကျလို့ ရွေးထားပြီးသားနော်"

"ချစ်လေးကလည်း ... ဒါ ပြိုင်ဘက်မှ မဟုတ်တာ။ အဲဒီ
လူက ချစ်လေးအတွက်လည်း မဟုတ်ဘူးလေ"

"ဟာကွာ ... တုံးလိုက်တာ။ ယုရာ အတွက် မဟုတ်ဘူး
ဆိုတာ မှန်တယ်လေ။ မဟုတ်တိုင်း မိတ်ဆွေမှ မဖြစ်နိုင်





တာ။ ရိုးရိုးလေးပဲ စဉ်းစားကြည့်။ အဲဒီလူက ဘိုးဘိုး
အမှတ်ပြည့်ပေးထားလို့ မုဒြာကို ကြိုက် မကြိုက် ခေါ်ပြ
တဲ့သဘော။ ကိုကြီးကို အခုမှ သဘောတူမတူ အကဲခတ်
ခံရမှာ။ ဟိုက 50% သာနေပြီးသား။ ပြီးတော့ မုဒြာ ရှေ့
မှာ ယုရာလူက အရွမ်းမခံနိုင်ဘူးနော်။ ကိုယ့်ကိုယ်ကိုယ်
ဘယ်နေရာမှ အပြစ်ပြောဖို့ မရှိအောင် ပြင်ဆင်လာခဲ့"

ရွှေဘုန်းက ကလေးတစ်ယောက်ပမာ တတွတ်တွတ်
ကိုပြောနေတဲ့ ယုရာလေးကို သူက ချစ်မြတ်နိုးမဝစွာ ငေးကြည့်
နေမိသည်။

သူ့အနေနဲ့ လူပျိုဟိုင်းကြီးဘဝနဲ့ အရိုးထုတ်လာ
ရင်း ယုရာနဲ့တွေ့မှ ရင်ခုန်သံတွေ နိုးကြွလာကာ အချစ်ကို
တွေ့ရှိခဲ့တာဖြစ်သည်။ ယုရာလေးဟာ သူ့၏နှလုံးခုန်သံတွေပဲ
ဖြစ်၏။

"ကိုကြီး ... ဘာကြည့်နေတာလဲ။ ပြောတာ ကြားလား"

ယုရာက သူ့လက်မောင်းကို လှုပ်ကိုင်ရင်း ထပ်
မေးပြလျှင် သူက အပြုံးတစ်ခုနဲ့အတူ ခေါင်းညိတ်ပြရင်း ...

"စိတ်ချပါကွာ။ ကိုယ့်ရဲ့ချစ်လေးအတွက် အမှတ်ပြည့်ရ
အောင် ကြိုးစားမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့အဖြေစကားအတွက် ယုရာက သဘောကျစွာဖြင့် ရယ်ပြုံးလိုက်ရင်းက ခေါင်းညိတ်ပြလိုက်ကာ ...

"ကျေနပ်တယ်။ အင် ... ကိုကြီးအတွက် စားဖို့တောင် ဘာမှ မမှာထားရသေးဘူး။ ကိုကြီး ဘာစားမလဲ"

"အင်း ... တော်ပြီ။ မစားတော့ဘူး။ ချစ်လေးပဲစား"

"ကိုကြီး ... လုပ်ပြန်ပြီ။ အဲဒီအကျင့်ကြီးကို ယုရာ မကြိုက်ဘူးနော်။ ကပ်စေးနဲ့ကော်တရာကြီးကို လုံးဝချစ်သူ မတော်နိုင်ဘူးနော်"

ယုရာက လုံးစံအတိုင်း ဒေါ်တွေ မောတွေဖြင့် သူ့ကို ပြဿနာရှာလေလျှင် ချစ်ရလေသော ချစ်သူလေးရဲ့ ရွှေစိတ်တော် ကြည်လင်ရွှင်ပျလာစေဖို့ရန် အလို့ငှာ သူဟာ အနှစ်နှစ်အလလ ဆောက်တည်ခဲ့တဲ့ သူဌေးပါဒ စိတ်ဓာတ်ကို ခဏလေးမေ့ကာ ယုရာ အလိုလိုက်ရလေ၏။

"မနည်းဘူး။ မနည်းဘူး။ လုံးဝမနည်းဘူး။ ချစ်လေးကြိုက်တာကိုမှာ။ ကိုယ် ချစ်လေးမှာကျွေးတာ စားမယ်ကွာ။ ဟုတ်ပြီလား"

"ဟွန့် ... ရွေးချယ်မှု မှန်ကန်တယ်။ ကျေနပ်တယ်။ မနက်ပြန်လာခဲ့။ ရှတ် ... ရှတ် ... waiter"





ယုရာက ဖြစ်ချင်တာ ဖြစ်ခွင့်ရကာ ကျေနပ်မှုနဲ့ အတူ waiter ကို လှမ်းခေါ်လေလျှင် သူ့ရဲ့ဘယ်ဘက်ရင်ဘတ်က ဒိတ်ခနဲ ထပ်ဖြစ်ပြန်၏။ ကလေးကို ချစ်ရတာဟာ လူကြီးတစ်ယောက်အတွက် တစ်ခါ တစ်ခါ ဒိတ်ခနဲ ဖြစ်ရအောင် သွေးတက်စေပါသည်။

✤✤✤



www.burmeseclassic.com

www.burmeseclassic.com


# မယ်မင်းဘုံ

## လုံးကြီးတင်ဆန်ခတ်အမျိုးသား

၂၀၁၅ ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်

**တန်ဖိုး**
၁၀၀ ကျပ်

**အုပ်ရေ**
၅၀၀

**ထုတ်ဝေသူ**
ဦးကျော်လှိုင် (၀၀၆၅၁) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

**ပုံနှိပ်သူ**
ဦးကျော်လှိုင် (၀၀၄၇၇)၊ စေတနာ Offset
အမှတ်(၉၆)၊ ၅၈ဒုမွာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

မယ်မင်းဘုံ ၈၉၅.၈၃
လုံးကြီးတင်ဆန်ခတ်အမျိုးသား၊ မယ်မင်းဘုံ၊ (ရန်ကုန်)
စေတနာစာပေ၊ ၂၀၁၅
၂၈၈-စာ၊ ၅ x ၇ လက်မ။
(၁) လုံးကြီးတင်ဆန်ခတ်အမျိုးသား


# အမှတ်တရ စာလွှာ

ချစ်သော ပရိသတ်ကြီးများရှင်...

မင်္ဂလာရှိသောနေ့လေး ဖြစ်ပါစေ...

အုပ်(၄၀)မြောက် စာအုပ်အတွက် အစကတော့ အမှတ်တရ စာရေးဖို့ စိတ်ကူးမရှိပါဘူး။ ဒါပေမဲ့ ဒီစာအုပ်လေးရေးပြီး ပြီးသွားချိန်မှာ ရင်ထဲမှာ ကျန်နေတဲ့ စကားတချို့ ရှိနေသေးလို့ အမှတ်တရ စာရေးလိုက်ခြင်းဖြစ်ပါတယ်။

မယ်မင်းရဲ့ ပထမဆုံးသော စာအုပ်ကနေ ယခုအချိန်ထိ စဉ်ဆက်မပြတ် အားပေးလာတဲ့ ချစ်ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ်ရှင်။ ဒီစာအုပ်လေးက အုပ်(၄၀)မြောက် အတွက်ရယ်ဆိုပြီး အထူးစိတ်ကူးရထားတာ မဟုတ်ခဲ့ပေမယ့် ရေးနေရင်းနဲ့ ကိုယ့်စာတင်ကောင်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



## (၄)

ဒီနေ့ဟာ "မဏိဉာဏ်"စံအိမ်အတွက် အထူးခြားဆုံးနေ့လို့ ယူဆနိုင်လောက်အောင် ထူးခြားတဲ့နေ့ပဲ ဖြစ်သည်။ "မဏိဉာဏ်"စံအိမ်ရဲ့ ချွေးမနှစ်ယောက်ဖြစ်တဲ့ ဒေါ်နုနုအေးရဲ့ သမီး ဉာဏ်ယုရာရဲ့ အိမ်ထောင်ဖက်နှင့် ဒေါ်သန္တာချို့ရဲ့သမီး ဉာဏ်မုဒြာရဲ့ အိမ်ထောင်ဖက်ကို ခေါ်ယူတွေ့ဆုံကာ ဒီအိမ်ရဲ့ အကြီးဆုံး CEO လို့ပြောရမယ့် ဘိုးဘိုး"ဦးမဏိဉာဏ်"ရဲ့အကဲခတ်မှုကို မျှော်နေရမှာဖြစ်သည်။ ပြီးတော့ အားလုံးဟာလည်း တကယ့်ကိုမှ ရင်ခုန်မှုကိုယ်စီတွေနဲ့ဖြစ်၏။

ယုရာ ကိုယ်တိုင်ကလည်း ကိုကြီးကို ဘိုးဘိုးလက်ခံပါ့မလား စိုးရိမ်ဗျာပါဒ ရှိနေချိန်မှာ မုဒြာမှာလည်း ဘိုးဘိုးလက်ခံပါတယ်ဆိုတဲ့လူက ဘယ်လိုလူမျိုးလဲဆိုပြီး စိုးရိမ်နေရတာပဲ ဖြစ်သည်။





"နုနုအေး ... သန္တာချို ... ဟင်းပွဲတွေကို ပြည့်ပြည့်စုံစုံဖြစ်ပါစေနော်။ ခဏနေ အကြီးမရဲ့ကောင်လေး လာတော့မယ်တဲ့"

"ဟုတ် ... စိတ်ချပါ အဖေ"

အိမ်ရဲ့စီမံခန့်ခွဲမှုတာဝန် ယူထားရတဲ့ အမေနှစ်ယောက်ကလည်း ယုရာနဲ့ မုဒြာအတွက် ဘိုးဘိုးဆီက ဆုံးဖြတ်ချက်ကို မျှော်လင့်နေကြတာပဲ ဖြစ်၏။ ယုရာက အားလုံးအဆင်ပြေချောမွေ့ဖို့ စိတ်ထဲက တိတ်တိတ်လေး ကျိတ်ဆုတောင်းနေဆဲမှာ ကိုကြီးရဲ့ကားက ခြံထဲဝင်လာတာမို့ ယုရာက အိမ်ထဲက ထွက်လာကာ ခရီးဦးကြိုပြုရလေ၏။ ကိုကြီးရဲ့ကားပေါ်ကဆင်းလာတဲ့စတိုင်လ်ကို ယုရာက အကဲခတ်ကြည့်လိုက်လျှင်တော့ မှာထားတဲ့အတိုင်းပဲ နုအောင်လို့ သပ်သပ်ရပ်ရပ်လေး ပြင်ဆင်ဝတ်စားလာတာမို့ သဘောတော့ ကျမိသွားသည်။

"ချစ်လေး ... ကိုယ် နောက်မကျဘူးနော်။ ဘယ်လိုလဲ ... ကိုယ် နုတယ်မှုလား"

"ဟား ... ရှူး ... တိုးတိုး။ နုတယ် ... နုတယ် ... လာ... ဘိုးဘိုးက အပေါ်ထပ်မှာ စောင့်နေတယ်။ လိုက်ခဲ့"

ယုရာက ကိုကြီးကို အပေါ်ထပ် ခေါ်လာခဲ့လျှင်တော့ ဧည့်ခန်းမှာ ဘိုးဘိုးက ရှိမနေပေ။ မုဒြာကသာ ခရီးဦးကြိုပြုနေတာမို့ ယုရာက မုဒြာကို မေးဆတ်ပြလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဘိုးဘိုးကို သွားပြောလိုက်လေ။ ဧည့်သည်ရောက်နေပြီလို့"

"အဘိုး သိတယ်။ လာမှာပေါ့ ... စောင့်လေ။ ဒါက နင့်ဧည့်သည်"

တောက်။ ယုရာက ရှေ့မှာ ကိုကြီးရှိနေလို့ သည်းခံလိုက်ရပေမယ့် စိတ်ထဲမှာ တကယ့် အသည်းတယားယားပဲ ဖြစ်၏။ အဲဒါကိုတောင်မှ အလိုက်ကန်းဆိုးမသိတဲ့ ကိုကြီးဟာ အပြုံးတစ်ခွဲသားနှင့် သွားတောင်မိတ်ဆက်နေသေး၏။

"ဟုတ်ပါတယ်။ ဒီက ညီမက မုဒြာထင်တယ်။ ယုရာက ညီမအကြောင်း ပြောပြကယ်။ တွေ့ရတာ ဝမ်းသာပါတယ်။ အစ်ကို့နာမည်က ရွှေဘုန်းတက်ပါ"

"ခိ ... ဟုတ်ကဲ့ ဦး။ ထိုင်ပါဦး"

တောက် ... သေစမ်း။ မုဒြာမ တစ်ယောက် ပေါ်တင်ကို ဝုန်းချထလိုက်တာ သိသာစွာ ကိုကြီးကို ဦးလို့ ခေါ်လိုက်တာပဲ ဖြစ်သည်။ ကိုကြီး နင်တင်တင် ဖြစ်သွားတာထက် အဲဒီ မုဒြာမရဲ့ရှေ့မှာ ငွမ်းတာက ဆိုးတာပဲ ဖြစ်သည်။

"သမီး ... သမီး ဘိုးဘိုး လာလိမ့်မယ်။ ဧည့်သည်ကို ..."

အနောက်ကနေ လှမ်းပြောတဲ့ မေမေ့အသံဟာ ရုတ်တရက်ကြီး ပျောက်သွားလျက် ကိုကြီးကို ပြုံးပြီးအကြည့်





မှာတင် တန့်သွားတာမို့ ယုရာက အခြေအနေ မကောင်းဘူးဆိုတာ သဘောပေါက်ရစွာ ကာဗာတွေ လုပ်ရတော့တာဖြစ်၏။

"မေမေ ... ဒါ ... ဒါ ... ယုရာ ပြောပြတဲ့ ကိုရွှေဘုန်းတက်ဆိုတာလေ။ ကိုကြီး ... ဒါ ယုရာမေမေ ဒေါ်နုနုအေးပါ"

"ဟုတ်ကဲ့ ... တွေ့ရတာ အများကြီး ဝမ်းသာပါတယ် ခင်ဗျ"

"အင်း ... ဟုတ် ... ဟုတ်ကဲ့ ...။ ယုရာ ... ခဏလာဦးနော်။ မုဒြာရေ ... ဧည့်သည်ကို ခဏဧည့်ခံထားပါဦး"

မေမေက တကယ်ကြီးကို ပေါ်တင်တွေလုပ်ကာ ယုရာကို ဧည့်ခန်းကနေ ဆွဲထုတ်လာတာမို့ ယုရာက ယက်ကန်ယက်ကန်ဖြင့် ပါလာကာ အပြင်ရောက်တာနှင့် မေးခွန်းကစတော့တာပဲ ဖြစ်သည်။

"ယုရာ ... ဘာကြီးတုံး။ နင် ဘယ်လိုဟာကို ခေါ်လာတာလဲ။ ငါ သေသာ သေလိုက်ချင်တော့တယ်။ ငါနဲ့ရွယ်တူလား"

"အယ် ... မေမေကလည်း မဟုတ်ပါဘူး။ မေမေ့ထက်တော့ အများကြီးငယ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ယုရာ ... ပြောင်တောင်တောင် လာမလုပ်နဲ့။ အခု နင့်အဘိုးနဲ့ တွေ့ပြီဆို ဘယ်လိုဖြေမလဲ။ နင်ဟယ် ... ငါတော့ စိတ်ဆင်းရဲတယ်။ ဒီလောက် အသက်ကြီးတဲ့ဟာကြီး။ ငါ့ကို ဘာလို့ကြိုမပြောတာလဲ"

"မမေကလည်း အဲဒီလောက်တော့ မကြီးပါဘူး။ ကိုကြီးအသက်က သုံးဆယ့်ခုနစ်လောက်ပဲ ရှိသေးတာ"

"ဟဲ့"

"နုနုအေး ... ဘာဖြစ်နေတာလဲ"

မမေ့ရဲ့ ဟဲ့ ... ဆိုပြီး ဆက်ပြောဖို့ စကားအရှယ်မှာ ဘိုးဘိုးရောက်လာပြီမို့ မမေက ထိတ်လန့်စွာ ဘိုးဘိုးဘက်လှည့်လိုက်ရင်း ...

"အ ... အဖေ"

"ညှိသည် လာပြီဆို။ ဒီမှာ နင်တို့ ဘာရပ်လုပ်နေတာလဲ"

ဘိုးဘိုးမေးခွန်းကြောင့် မမေက အဖြေရခက်နေပြီဆိုတာ ယုရာ သိလေသည်။ ဒီကိစ္စ ယုရာ မပြောမိလို့ဖြစ်တာ။ ကိုကြီးကို ယုရာချစ်လို့ ရွေးချယ်ခဲ့တာဖြစ်သည်။ အဲဒီအတွက် လူတစ်ယောက်လုံး ခေါ်လာပြီးမှတော့ ယုရာ ကိုယ့်ဇာတ်ကိုယ်နိုင်အောင် ကနိုင်ဖို့ ဘိုးဘိုးကို တစ်ခါတည်းပဲ ဖွင့်ပြောပြလိုက်တော့သည်။





"ဘိုးဘိုး ... သမီးချစ်သူက ညှိခန်းမှာ ရောက်နေပါပြီ။ ဘိုးဘိုးကို တစ်ခု ကြိုပြောထားပါရစေ။ သူနဲ့သမီးက အသက် တော်တော်ကွာပါတယ်။ အခုလည်း မမေက အဲဒီကိစ္စကိုပဲ ပြောနေတာပါ။ ဘိုးဘိုးကို ကြိုမပြောမိတာ ခွင့်လွှတ်ပေးပါနော်"

"ဟင် ...။ ဘယ်လောက်တောင် ကွာနေလို့လဲ"

"မပြောချင်တော့ပါဘူး အဖေရေ။ သူ့ရည်းစားဆိုတဲ့လူ အသက်က သုံးဆယ့်ခုနစ်နှစ်တဲ့။ အဖေ့မြေးထက် ဆယ့်လေးနှစ်တောင် ကြီးနေတယ်"

"ဟော"

ဘိုးဘိုးကလည်း ရုတ်တရက်ကြီးမို့ တော်တော်လေးတောင် အံ့အားသင့်သွားပုံရသည်။ ကိုကြီးကို တစ်ဘဝလုံးစာ ရွေးဖို့ ဘိုးဘိုးနဲ့တောင် ပေးတွေ့နေတဲ့ အခြေအနေရောက်နေမှတော့ ယုရာ ဖုံးကွယ်နေလို့လည်း မရတော့ဘူးဆိုတာ သဘောပေါက်စွာ ဘိုးဘိုးကို ရှင်းပြရသည်။

"ဘိုးဘိုးကို ကြိုမပြောဘူးဆိုတာ ဘိုးဘိုးသဘောမတူဘဲ ငြင်းလိုက်မှာစိုးလို့ပါ။ ကိုကြီးက ယုရာထက် အသက်ကြီးတယ်ဆိုပေမယ့် အရည်အချင်းရှိတဲ့ လူတစ်ယောက်ပါ။ ဘိုးဘိုး တွေ့ကြည့်လိုက်ရင် သဘောကျမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့။ ငါ သဘောမတူဘူး။ အမေ ... ကျွန်မက တော့ အဲဒီလူကြီးနဲ့ လုံးဝသဘောမတူနိုင်ဘူး။ ယုရာကို သူနဲ့ရွယ်တူတန်းတူ အရည်အချင်းရှိ လူငယ်နဲ့ပဲ သဘောတူနိုင်မယ်"

"မေမေ"

"ကဲ ... ကဲ ... နေကြပါဦးဟာ ...

နုနုအေး ... နင့်သမီးမှာ ရည်းစားရှိတယ်ဆိုက တည်းက သေချာမစုံစမ်း မမေးမြန်းတာ နင့်အမှားပဲ။ ကျောက်မျက်လုပ်ငန်း လုပ်တယ်ဆိုတာနဲ့ တန်းပေးစာချင် တဲ့ နင် ... ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်။ အခု အိမ် အထိ ရောက်နေပြီ ...

'မဏိဉာဏ်' စံအိမ်ဟာ အရိုင်းအစိုင်းတွေ နေတဲ့နေ ရာ မဟုတ်ဘူး။ လူယဉ်ကျေးတွေနေတာ။ ဧည့်သည်ကို ခေါ်ပြီးရင် ဧည့်ဝတ်ကျေရမှာပဲ ...

ယုရာ ... သွားတွေ့မယ်။ ပြီးတော့မှ ဆက်စဉ်းစား တာပေါ့။ နုနုအေးကော သန္တာချိုကော နှစ်ယောက်စလုံး လိုက်ခဲ့ကြ"

ဘိုးဘိုးရဲ့ တိကျပြတ်သားသော အဖြေစကားကြောင့် ယုရာက အားတက်သွားရပေမယ့် မေမေကတော့ မျက်နှာမဲ့သွား





တာ ယုရာ သိသည်။ မေမေ ဘာလို့ သဘောမတူတာလဲ ဆို တာကို ယုရာ နားလည်ပါသည်။ အန်တီသန္တာချိုကို မေမေက တစ်ပန်းရှုံးနေပြီလို့ ခံစားရတယ်ဆိုတာလည်း ယုရာ သိသည်။ ဒါပေမဲ့ အချစ်က ထူးဆန်းလွန်းတာမို့ ယုရာ ကိုယ်တိုင်တောင် ဟိုမိန်းမ မုဒြာ လှောင်မယ်ဆိုတာ သိသိကြီးနဲ့ ကိုကြီးကိုအိမ် ခေါ်လာပြီဖြစ်သည်။ အဲဒီအတွက် ဘိုးဘိုးဆီက ဆုံးဖြတ်ချက်က သာ ယုရာအတွက် မျှော်လင့်ချက် ဖြစ်၏။

ဘိုးဘိုးနဲ့အတူတူ ဧည့်ခန်းထဲသို့ ယုရာ ဝင်လာ လျှင်တော့ ကိုကြီးဟာ မတ်တတ်ထရပ်ကာ ဘိုးဘိုးကို နှုတ်ဆက် လေ၏။

"အေး ... အေး ... ထိုင်ပါကွာ။ စောင့်နေတာ ကြာသွား ပြီလား"

"ရပါတယ်ခင်ဗျ။ ကိစ္စမရှိပါဘူး"

"ဘိုးဘိုး ... သူက ကိုရွှေဘုန်းတက်တဲ့။ ကိုရွှေဘုန်း ... ဒါ ယုရာဘိုးဘိုး ဦးမဏိဉာဏ်ပါ"

ယုရာကပဲ စကားအစပြုဖို့ မိတ်ဆက်ပေးလိုက် လျှင် ဘိုးဘိုးကပဲ ကိုကြီးကို အကဲခတ်ကြည့်ရင်းက စတင်စကား ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ ဝမ်းသာပါတယ်။ အန်ကယ်လည်း မောင်ရင်နဲ့ ဆုံချင်နေတာပါ။ ယုရာ ပြောပြသလောက်တော့ မင်းအကြောင်းကို သိထားပါတယ်။ ရွှေဘုန်းတက်နော် ... နာမည်ကတော့ အဆန်းပဲ"

"ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော့်အဘိုးက ပေးခဲ့တဲ့ နာမည်ပါ။ အခုလိုမျိုး အန်ကယ်နဲ့ တွေ့ခွင့်ရတာကိုလည်း အများကြီးပဲ ဝမ်းသာပါတယ်။ ကျွန်တော့်ကိုလည်း တူလို သားလို သဘောထားပြီးတော့ အမြင်မတော်တာရှိရင် ဆုံးမပါခင်ဗျ"

"ဟုတ်ပါပြီ။ မောင်ရင်နဲ့ စကားအေးဆေး ပြောကြတာပေါ့။ အအေးလေး သုံးဆောင်လိုက်ပါဦး"

ကိုကြီးက ခေါင်းအသာညိတ်ပြကာ အအေးခွက်ကို ရိုရိုကျိုးကျိုးယူကာ သောက်လိုက်ရင်း ယုရာကို အသာကြည့်တာမို့ ယုရာက အားပေးတဲ့သဘောဖြင့် ခေါင်းသာ အသာဆတ်ပြလိုက်သည်။ ဒီအချိန်မှာ ဘိုးဘိုးဟာ ကိုကြီးကို အကဲခတ်အနေအထားမှာသာ ရှိနေသလို မေမေကတော့ လုံးဝပယ်ချအဆင့် ရောက်သွားပြီမို့ ယုရာတို့ရဲ့ ရှေ့ဆက်ချစ်ခရီးလမ်းဟာ ငါးဆယ်--ငါးဆယ် အနေအထား ရောက်နေပြီးဖြစ်သည်။





ဟိုမိန်းမ မုဒြာကတော့ ပြုံးစိစိ မျက်နှာထားဖြင့် အခြေအနေကို အကဲခတ် စောင့်နေဆဲ ဖြစ်သည်။ ယုရာက ကိုယ့်ထက် အသက်အများကြီးကြီးတဲ့ ကိုကြီးကိုမှ ချစ်မိခြင်းအိုလည်း ကိုယ့်ကိုယ်ကိုယ် အံ့သြမိပေမယ့် မငြင်းနိုင်တဲ့ နှလုံးသားအတွက် မေမေဆူတာကိုတော့ ခံရဦးမှာဖြစ်သည်။

"ဘိုးဘိုးကြီး ... ညှိသည်ရောက်နေပါတယ်"

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုးကြီး ... ဧည့်သည် ရောက်နေပါတယ်"

ကောင်မလေးက ဧည့်ခန်းဆီသို့ ဝင်လာကာ ဘိုးဘိုးကို ပြောလိုက်တဲ့စကားကြောင့် အားလုံးထက် ပိုလို့ စိတ်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားရတာကတော့ မုဒြာပဲ ဖြစ်သည်။ ဒီနေ့က "မဏိဉာဏ်"စံအိမ်အတွက်တော့ ရင်ခုန်စရာ ညနေချမ်းပဲ ဖြစ်တာမို့ စိတ်လှုပ်ရှားမှုရှိခြင်းတွေကိုတော့ အထူးပြောဖို့ မလိုအပ်တော့ပေ။

အခု ရောက်ရှိလာတဲ့ ဧည့်သည်ဟာ မုဒြာအတွက် သင့်တော်သူပါလို့ ဘိုးဘိုး သတ်မှတ်ရွေးချယ်ပေးထားသူမှအ… တခြားမရှိတာမို့ မုဒြာ စိတ်ဝင်စားမိစွာ စောင့်ဆိုင်းနေမိတာဖြစ်သည်။

"ဒီခေါ်လာခဲ့ လင်းလင်း"

မုဒြာက ကောင်မလေး သွားခေါ်လာတဲ့ ဧည့်သည်အလာကို အသာလေး စောင့်လို့နေမိတာဖြစ်သည်။





"ဘိုးဘိုး"

"ဟား ... ရှီးလေး ... လာကွ ... ထိုင်"

ရှီးလေး။

မုဒြာက ကြည့်လိုက်ပြန်ရင်လည်း စိတ်ဝင်စားလွန်းဟန် သိပ်ပေါက်သွားမှာစိုးလို့ အသာအယာပဲ မျက်လွှာချထားလိုက်လေသည်။

"ကဲ ... အားလုံးနဲ့ မိတ်ဆက်ပေးရဦးမယ်။ သူကတော့ ဒီနေ့ မောင်ရွှေဘုန်းတက်လိုပဲ ဘိုးဘိုး အထူးဖိတ်ကြားထားတဲ့ ဧည့်သည် မောင်ရှီးမာန်တဲ့ ...

မောင်ရှီးမာန်က ဘိုးဘိုးကုမ္ပဏီမှာပဲ အလုပ်လုပ်နေတာ။ သိပ်ပြီး ရိုးသားကြိုးစားတဲ့ ကလေးတစ်ယောက်ပေါ့။ အားလုံး မှတ်ထားကြနော် ...

ရှီးလေး ... မင်းက တစ်ခါမှ အိမ်မလာဖူးဘူးဆိုတော့ အခုမှပဲ ဘိုးဘိုးမိသားစုနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒါ ဘိုးဘိုးရဲ့ချွေးမနှစ်ယောက်။ ဒီဘက်က နုနုအေး။ ဒါက သန္တာချို။ ဟောဒီဘက်က နုနုအေးရဲ့သမီးအကြီးမ ဉာဏ်ယုရာ။ ဒါက ဒီနေ့ရဲ့ အထူးဧည့်သည် ရွှေဘုန်းတက်တဲ့။ ဟော... မင်းဘေးကတော့ သန္တာချိုရဲ့သမီး အငယ်မ ဉာဏ်မုဒြာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ခင်ဗျ ... အားလုံးပဲ တွေ့ရတာဝမ်းသာပါတယ်"

မုဒြာက ဘိုးဘိုး မိတ်ဆက်ပေးမှပဲ သူ့မျက်နှာကို ရဲရဲကြည့်မိသွားချိန်မှာ သူနှင့် မြုန်းခနဲ အကြည့်ချင်းက သွားဆုံလေသည်။ အင်း ... ဘယ်လိုပြောရမလဲ။ ဘိုးဘိုးညွှန်းဆိုတဲ့သူဟာ တကယ်ကိုပဲ ညွှန်းချင်စရာ ရုပ်ရည်မှာတော့ အထူးဖွဲ့ပြစရာမလိုတဲ့ လူရည်သန့်လေးပဲဖြစ်၏။ မုဒြာနဲ့ မျက်လုံးချင်းအဆုံတွင်တော့ သူက အပြုံးတစ်ခုဖြင့် နှုတ်ဆက်တာမို့ မုဒြာက ခေါင်းအသာဆတ်ပြလိုက်သည်။

"အဟမ်း ... ဟမ်း ... ကဲ ... ဧည့်သည်တွေလည်း စုံပြီဆိုတော့ ထမင်းလက်ဆုံ စားလိုက်ကြရအောင်။ ဒိုင်းနင်းရှမ်း သွားကြရအောင်။ စားရင်း သောက်ရင်း စကားပြောကြတာပေါ့"

ဘိုးဘိုးက ရှေ့ဆုံးက ဦးဆောင်၍ ထထွက်သွားတာကြောင့် သိပ်ပြီး ရှေ့ဆက် ရှည်ရှည်ဝေးဝေး တွေးဖို့ငေးဖို့ မလိုတော့ချေ။ ဘိုးဘိုးနောက်ကလိုက်ကာ အားလုံးနဲ့အတူ ထမင်းစားဖို့ ဒိုင်းနင်းရှမ်းထဲ သွားလိုက်တာမို့ အကဲခတ်ချိန်က သိပ်မရပါ။ ဒါပေမဲ့ စိတ်ထဲသိနေတာတစ်ခုက ဘိုးဘိုးဟာ ဒီကနေ့မှာ စကားသိပ်အများကြီး မပြောပေမယ့် စားရင်း သောက်ရင်း ပေါ့ပေါ့ပါးပါး ပြောသွားတဲ့ စကားလုံးတွေထဲကပဲ ယုရာလူကိုကော မုဒြာတို့ကိုပါ ဘယ်လိုသဘောထားတွေ ရှိနေသလဲ ဆိုတာကို ဘိုးဘိုး တစ်ယောက် ကောက်နုတ်အကဲခတ် လေ့လာပြီးသွားပြီဆိုတာ သဘောပေါက်လိုက်ပြီပဲ ဖြစ်သည်။

မုဒြာအတွက်တော့ ဒီအချိန်မှာ တစ်ခုခုပြောပါဆိုဟိုအမြင်ကတ်စရာကောင်းအောင် ချေနေဘဲ့ ယုရာမရဲ့လူထက် မုဒြာကို ဘိုးဘိုး စီစဉ်ပေးထားတဲ့သူက အသက်ငယ်နေတာလေးကိုပဲ ကျေနပ်တယ်လို့ ပြောချင်ပါသည်။

✤ ✤ ✤







www.burmeseclassic.com

www.burmeseclassic.com



(၅)

"ဒီနေ့ အားလုံးကို ပြောစရာရှိလို့ ဒီအချိန်ကို လှူစုံခိုင်း လိုက်တာ။ အမိက ပြောချင်တာကတော့ အကြီးမနဲ့အငယ် မကိုပဲ"

"အမေ ... ကျွန်မ လုံးဝ သဘောမတူနိုင်ဘူးလို့ ပြောပြီး သားနော်။ ဒီသက်ကြားအိုကြီးနဲ့တော့ ..."

"ဟော့ ... တိတ်စမ်း။ နုနုအေး ... ငါ့စကားတောင် မဆုံး သေးဘူး။ ဒီအိမ်မှာ ငါ့ဆုံးဖြတ်ချက်ကသာ အတည်ပဲ။ ငါ မကောင်းတာကို မဆုံးဖြတ်ဘူး"

ဦးမဏိဉာဏ်က ဟန့်လိုက်မှပဲ ဒေါသတကြီးဖြစ် နေတဲ့ နုနုအေးဟာ ပါးစပ်ပိတ်ကာ ကိုယ်ရှိန်အနည်းငယ်သတ် သွားသည်။ နုနုအေး ဘာကြောင့် ဒီလောက်အထိ ကြိတ်မနိုင်





ခရေ ဖြစ်နေတယ်ဆိုတာ သူ ကောင်းကောင်းသိတာပေါ့။ ဒီ မွေးမနှစ်ယောက်ကို နိုင်အောင်ထိန်းချုပ်ထားတာ နှစ်ကိုချီနေပြီမို့ ခံတိုနေပြီဖြစ်သည်။ နုနုအေး ဘာဖြစ်နေတယ် ဆိုတာလဲ သူ သိသလို သန္တာချိုတစ်ယောက် ဘာအချိုးအချိုတ်တွေ လုပ်နေသလဲ ဆိုတာကိုလည်း သူ ကောင်းကောင်းသိသည်။

ဦးမဏိဉာဏ်က အားလုံး ငြိမ်သွားမှ သူပြောချင် တဲ့စကားကို ဆက်ပြောလိုက်သည်။

"မနေ့က တို့တွေ တွေ့ဆုံပြီးကြပြီဆိုတော့ ဒီနေ့မှာ ဘိုးဘိုးတို့ စကားသေချာ ပြောရမယ့်အချိန် ရောက်ပြီ။ ကဲ ... အရင်ဆုံး မုဒြာ ပြောပါဦး။ ရိုးလေးကို ဘယ်လို မြင်လဲ"

"လုံးဝမဖြစ်နိုင်ဘူး အမေ။ ကျွန်မသမီးကို ဒီလောက်အဆင့် လောက်နဲ့တော့ မပေးစားနိုင်ဘူး"

"ဟော့ ... သန္တာချို။ ဟား ... နင်တို့ ဘာတွေဖြစ်နေကြ တာလဲ။ ငါ နင်တို့တွေကို မေးသေးလို့လား။ ငါ ကာယ ကံရှင်တွေနဲ့ စကားအရင်ပြောနေတာ။ ကဲ ... မုဒြာ ... မြေးမ ... ပြောစမ်းပါဦး"

ဘိုးဘိုး မေးခွန်းအဆုံးမှာ မုဒြာက မေမေ့မျက်နှာ ကို အသာခိုးကြည့်မိသည်။ မေမေက မနေ့ကတည်းက မုဒြာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘောတူထားတယ်ဆိုတဲ့ ကိုရိုးမာန် အကြောင်း သိရပြီးကတည်းက No ဆိုတာချည်းပဲ ဖြစ်သည်။ ကိုရိုးမာန်ဟာ ဘိုးဘိုးရဲ့အရိပ်အောက်မှာပဲ လူလားမြောက်လာတယ်လို့ ဆိုရအောင်ကို ဘိုးဘိုး ကျေးရှူးရိပ်မကင်းတဲ့ သူတစ်ယောက် ဖြစ်လေသည်။

ကိုရိုးမာန် ကျောင်းပြီးတဲ့အထိ ဘိုးဘိုးရဲ့ထောက်ပံ့ပေးမှုတွေ ပါဝင်ခဲ့သလို ကိုရိုးမာန်တို့ရဲ့မိသားစု ဘက်ခရောင်းကို ကြည့်ရင်လည်း သာမန်လောက်ပဲဖြစ်ကာ ဘိုးဘိုးရဲ့လက်အောက်ခံမိသားစုမို့ မေမေက လုံးဝသဘောမတွေ့ချေ။ မုဒြာကတော့ ရိုးရိုးလေးပဲ တွေးကြည့်ရင် သဘောတူတဲ့ အနေအထားပဲ ဖြစ်သည်။

"ဟို ... မုဒြာကတော့ လောလောဆယ် ဘာမှပြောဖို့မရှိသေးပါဘူး ဘိုးဘိုး"

"အဲဒါက ဘာကို ဆိုလိုချင်တာလဲ။ ဘိုးဘိုးရဲ့အဘိဓာန်မှာ ရပါတယ် ဆိုတာ မရှိဘူး။ Yes or No ပဲ။ ပြတ်ပြတ်သားသားပဲ ကြိုက်တယ်။ ဘိုးဘိုးကို ပွင့်ပွင့်လင်းလင်း ပြော"

"ဟို ... မုဒြာက သူ့ကို တစ်ခါပဲ တွေ့ဖူးသေးတယ်လေ ဘိုးဘိုးရဲ့။ ဘာမှ comment ပေးလို့ မတတ်သေးဘူးလေ"





"ဟင်း ... မဏိဉာဏ်မျိုးဆက် မပီသလိုက်တာ"

"ခ်ိ"

ဘိုးဘိုးရဲ့အပြစ်တင်သလို လေသံအဆုံးမှာ ကပ်ပါလာတဲ့ ခိခနဲ လှောင်သံက ပါလာတာမို့ မုဒြာက အဲဒီလှောင်ချောင်းသံထွက်လာတဲ့ ယုရာကို စိတ်တိုသွားစွာ မျက်စောင်းတစ်ချက် ကဲကြည့်လိုက်သည်။ အခုထိကို မုဒြာကို ခလုတ်လာတိုက်တုံး။ မုဒြာက အမြင်ကတ်စွာဖြင့် ခပ်ချေချေ ချေချပစ်လိုက်သည်။

"မုဒြာက ထပ်လေ့လာချင်သေးတဲ့ သဘောပါ။ ဘိုးဘိုး သဘောကျတဲ့သူ ဆိုကတည်းက ပြောစရာ မလိုပါဘူးဆိုတာ သဘောပေါက်ပါတယ်။ အသက်ငယ်ငယ် လူရည်သန့် အရည်အချင်းရှိတဲ့သူဆိုတော့ ပြောဖို့တော့ အထွေအထူး မရှိပါဘူး ... ဟင်း ဟင်း"

"ဟဲ့ ... မုဒြာ ... နင် ဘယ်သူ့ကို စောင်းပြောတာလဲ"

"ဩော် ... ဒါကတော့ ဟုတ်နေတဲ့သူ နာပေါ့"

"နင် ..."

ယုရာက ဆတ်ဆတ်ထိမခံ ရန်ပြန်တွေ့လျှင် မုဒြာက ပြန်ချေပတာမို့ တစ်ယောက်တစ်ခွန်း ဖြောဖြစ်ကြတော့မှာမို့ ဘိုးဘိုးကပဲ စားပွဲကို လက်ဖြင့်ထုလိုက်ရင်း ပွဲဝင်ထိန်းရတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တော်ကြစမ်း ... တော်ကြတော့။ ဦးနှင်းပွဲထောင် ... ပွဲနှင်းဦးထောင် ဆိုတာ ဒါမျိုးတွေ။ ယုရာ ... ညည်းကိုယ်နဲ့မဆိုင်ရင် ဝင်မပြောနဲ့။ မုဒြာ ... ညည်းကလည်း ဘယ်သူ့ကိုမှ ပုတ်ခတ်ပြောဖို့ မလိုပါဘူး။ နှင့်ကိစ္စကို အပြတ်ပြောမယ်။ ညည်း ထပ်လေ့လာဖို့ရအောင် ရိုးလေးနဲ့ ဆုံပေးမယ်။ ညည်းတို့နှစ်ယောက် ဆုံပြီးပြီဆိုမှ စကားပြန်ဆက်မယ်။ ငါ့စကားပြီးပြီ ...

ကဲ ... ယုရာ ... ဆိုစမ်းပါဦး။ ဘယ်လိုစိတ်ကူးစိတ်သန်းတွေနဲ့ ကိုယ်နဲ့ ဒီလောက် အသက်ကွာတဲ့သူကို စဉ်းစားတာလဲ ... ပြောပါဦး"

မုဒြာအလှည့်ပြီးတော့ ယုရာအလှည့် ရောက်လို့လာလေလျှင် ယုရာက ဘိုးဘိုးအမေးကို အဖြေရကျပ်စွာ မချိပြုံးအရင်ပြုံးမိသည်။ တကယ်လည်းပဲ ဘိုးဘိုး မေးသလို ယုရာလည်း ကိုယ့်ဘာသာတော့ ကိုယ်မေးကြည့်ဖူးသားပဲ။ ကိုကြီးလိုကပ်စေးနှဲကော်တရာ အသက်ကြီးကြီး လူပျိုကြီးကိုမှ အမြဲတမ်းချေမိုးနေတတ်တဲ့ ယုရာက ဘာကြောင့် ကြွေကျရမှန်းလဲ ယုရာမဖြေတတ်။ သေချာတာက ကိုကြီးကို ချစ်နေခြင်းပင်။





ယုရာ ရွေးချယ်မှုကြောင့် မေမေဟာ သွေးဆောင်ဆက်သည်အထိတောင် ရှော့ခ်ရကာ ဂယက်ထခဲ့ပေမယ့်လည်း ယုရာရဲ့အချစ်က ယုတ်လျော့မသွားပေ။ အချစ်ကပဲ စွမ်းအားတစ်မျိုး ရှိတယ်လို့ ယုရာ ယူဆရလေသည်။

ဘိုးဘိုးနဲ့ ဆုံတွေ့ပေးအပြီးမှာ ဘိုးဘိုးရဲ့ No ကို ယုရာ တကယ် မကြားရဲပေ။ ဘာကြောင့်လဲဆိုတဲ့ မေးခွန်းအတွက် ယုရာက အဆင်အပြေဆုံးသော ရင်ထဲက စကားတွေကို အမှန်ဝန်ခံမိသည်။

"ယု ... ယုရာကို စိတ်မဆိုးပါနဲ့ ဘိုးဘိုးရယ်။ ဘိုးဘိုးတို့ မေမေတို့ ဆူမယ်ဆိုတာကို သိသိချည်းနဲ့ ခေါ်လာမိတာဟာ ယုရာ သူ့ကိုချစ်လို့ပါ"

"မိယု"

"ကဲ ... ကဲ ... နေပါဦး နုနုအေးရယ်။ ဒေါသကိုလျှော့စမ်းပါ။ ယုရာ ... ဒါဟာ ညည်းရဲ့ တကယ့်ဆုံးဖြတ်ချက်နော်။ မောင်ရွှေဘုန်းတက်ကို တကယ်ပဲ အိမ်ထောင်ဖက်အဖြစ်ရွေးဖို့ ဆုံးဖြတ်လိုက်ပြီလား"

"ဟို ... ဘိုးဘိုး သဘောကရောဟင်"

ယုံရာက မရဲတရဲ လေသံဖြင့် ဘိုးဘိုးကို မေးလိုက်သောအခါ ဘိုးဘိုးက ယုရာကို ခပ်စူးစူး တစ်ချက်ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုယ်တွယ်တာလာမိပါတယ်။ အရင်တုန်းကတော့ ရေးသမျှ ဇာတ်ကောင်တိုင်းဟာ ကိုယ့်ရဲ့ကိုယ်ခွဲတွေအဖြစ် သဘောထားလို့ စိတ်ခံစားချက် မျိုးစုံကို ပုံသွင်းဖြစ်ခဲ့ပေမယ့် ဒီတစ်ခါကျတော့ ကိုယ့်ဇာတ်ကောင်ကို ကိုယ့်ထက် သက်ကြီးဝါကြီး Respect သဘောနဲ့ကို တွယ်တာမိပြီး ဂရုစိုက်ရေးဖြစ်ခဲ့ပါတယ်။

ဘယ်လိုကြောင့်ဖြစ်ဖြစ် မယ်မင်းရဲ့ခံစားချက်တိုင်း အတွက် ပုံဖော်မှုတွေကို ရှင်သန်ခွင့်ပေးထားတဲ့ ပရိသတ် ကြီးအတွက် အမြဲတမ်းပဲ ဇာတ်လမ်းကောင်းလေးတွေကို ရေးနေချင်မိတာကိုတော့ မှတ်မှတ်ရရ ပြောပြရင်း စာကို ဂုဏ်ချုပ်ပါရစေရှင်။ ။

မယ်မင်းဘုံ

✤ ✤ ✤





(၁)

ဦးမဇော်ညွှတ်က မနက်အိပ်ရာနိုးပြီ ဆိုတာနဲ့ တစ်ကိုယ်ရည်တစ်ကာယ သန့်ရှင်းရေး လုပ်ပြီးသွားသည့်နောက်မှာတော့ ဘုရားရှိခိုးပြီးနောက်မှာ ဘရိတ်ဖတ်စ်စားဖို့ အောက်ထပ်သို့ ဆင်းလာလေသည်။ သူ ဒိုင်းနင်းရှမ်းထဲ ဝင်လိုက်တာနှင့် မုန့်ဟင်းခါးရဲ့မွှေးပျံ့နေသောအနံ့က သူ့ကို ဆွဲဆောင်စေ၏။

"ဟော ... အဖေတောင် နိုးလာပြီ။ မောနင်း ... အဖေ။ ဒီနေ့ ဘရိတ်ဖတ်စ်ကတော့ မုန့်ဟင်းခါး စီစဉ်ထားတယ်။ ရှို့ စီစဉ်ထားပေးတာလေ ဖေဖေ"

"အမယ်လေး ... သူ ချက်တာလည်း မဟုတ်ဘဲနဲ့များ။ အဖေ ... ဒီမှာ ကော်ဖီ ... နဲ့ ကိုယ်တိုင် ဖျော်ထားတာ"

"ဟွန်း ... ကော်ဖီဖျော်တာကြီးက တော်တော်ကို ကြီးကျယ်ခမ်းနားတဲ့ ကိစ္စကြီးကို"

www.burmeseclassic.com

www.burmeseclassic.com



"လေ့လာကြည့်ရသလောက်ကတော့ အပြစ်ပြောဖို့ မရှိပါဘူး။ ဒါပေမဲ့လည်း ငါ့ဘက်က ချက်ချင်းကြီး ခွင့်ပြုပေးဖို့လည်း မဖြစ်နိုင်သေးဘူး။ အသိအမှတ်ပြုတဲ့ အနေအထားမှာပဲလို့ သတ်မှတ်လိုက်ပေါ့ ...

ကဲ ... နုနုအေး ... ညည်း သဘောမတူတဲ့ အချက် တွေကို ပြောတော့"

"ကျွန်မကတော့ ယုရာကို အဲဒီလူကြီးနဲ့ လုံးဝသဘောမတူနိုင်ဘူး အဖေ။ နုရဲ့သမီးက နုနုငယ်ငယ်လေး။ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး"

"ဒါကတော့ ကိုယ့်သမီးကိုက ရွေးတာကိုး"

"ဟဲ့ ... နင် သူများကိစ္စမှ ဝင်မပါရရင် မနေနိုင်ဘူးလား"

"ဟေ့ ... နင်တို့က တစ်ခွန်းပြော တစ်ခါထသတ်နဲ့။ ဘယ်လိုမှကို စည်းလုံးမှု မရှိကြတာပဲ ...

ဒီမှာဟေ့ ... အားလုံးကို ငါ နောက်ဆုံးစကားပြောလိုက်မယ်။ ဒီအိမ်မှာနေတဲ့သူ အားလုံးဟာ ငါ့အမိန့်ကို နာခံရမှာပဲ။ နင်တို့ မွေးထားတဲ့ အမေမို့လို့ ဝင်ရောက်စွက်ဖက်လို့ ရတယ်။ အေး ... ဒါပေမဲ့ ငါ့ဆုံးဖြတ်ချက်ကသာ အတည်ပဲ။ ငါ သဘောတူလို့ယူမှ ဒီအိမ်ရဲ့မြေးမင်္ဂလာအဖြစ် သတ်မှတ်မှာ။





ငါ့သဘော ငါ့ဆန္ဒ မလိုက်နာလို့ကတော့ အားလုံးကိုယ့်သဘော ကိုယ်ဆောင်ပြီး ဆင်းကြ။ ဒီကိစ္စကို ငါပဲဆုံးဖြတ်မယ်"

ဦးမဏိဉာဏ်က အပြတ်ပြောကာ ထထွက်သွားလျှင်နောက်မှာ ဖြစ်စီထိုး ကျန်ခဲ့သူတွေကတော့ သူ့ချွေးမနှစ်ယောက်ပဲဖြစ်သည်။ အစဉ်အလာကြီးတဲ့ သူတို့မျိုးရိုးမှာ သူ့သားနှစ်ယောက်လုံး ယူလာကြတဲ့ မိန်းမတွေဟာ တကယ်ကိုမှ တကယ်ကို မိန်းမဗီဇ အပြည့်ရှိသူတွေမို့ သူဟာ သားတွေဆုံးရှုံးသွားချိန်မှာ ကျန်နေတဲ့ သူ့မြေးမနှစ်ယောက်ရဲ့ အနာဂတ်အတွ[illegible]ားလုံးကို ဗီတိုအာဏာသုံးကာ ထိန်းချုပ်နေရတာဖြစ်သ[illegible]

ဘယ်လိုမှ စည်းလုံးညီညွတ်မှုမရှိ[illegible]ဲ" အိမ်အတွက် သူ တကယ်ပဲ ရင်လေးမိသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



## (၆)

"ဟယ် ... ဟိုအဆင်က မိုက်လှချည်လား။ ဒါမျိုးအလန်းလေး တစ်ခါမှ မမြင်ဖူးပါဘူး"

ထက်ထက်တို့က ထုံးစံအတိုင်း ဗရုတ်ကျကျ ကားပါကင်နားကို လက်ညှိုးထိုး၍ ကွိစိကွစ စကားဆိုနေကြလျှင် မုဒြာကလည်း အဲဒီဘက် မျက်လုံးရောက်လို့သွားကာ ကြည့်မိလျှင် ထင်မှတ်မထားသော သူ့ကို မြင်လိုက်မိတာကြောင့် ကိုယ့်မျက်လုံးကိုယ်တောင် မယုံနိုင် ဖြစ်ရလေသည်။

"ဟင် ... သူ"

"ဟဲ့ ... ဘာလဲ။ နင်နဲ့ သိလို့လား"

"အင်း ... နင်တို့ကို ငါပြောတဲ့ ဘိုးဘိုးရဲ့ Priority (ဦးစားပေး) ပုဂ္ဂိုလ်လေး ဆိုတာလေ"





"Oh My God ... ဒါဆို ရှင့်ရဲ့ Future husband လို့ ဆိုချင်တာလားဟေ့"

"အင်း"

"ဟာ ... မိုက်တာ။ အဘွားကြီးတို့ကတော့ ကံကောင်းတာပဲ"

"တော်စမ်းပါ။ လာ ... သွားရအောင်။ သူ ဘာလာလုပ်တာလဲ မသိဘူး"

မုဒြာကို သူ မြင်သွား၍ မျက်လှမ်းပြတာမို့ မုဒြာ နှုတ်မဆက်လို့ မရတဲ့ အနေအထားကြောင့် မုဒြာက သူငယ်ချင်းတွေကိုပါခေါ်၍ သူ့ဆီ သွားလိုက်သည်။

"မင်္ဂလာပါ မုဒြာ"

ရှင် ...။

မုဒြာက ထူးခြားတဲ့ နှုတ်ဆက်ဟန်ကြောင့် အံ့ဩချိန်မှာ ဘေးက သူငယ်ချင်းနှစ်ယောက်ကပါ ပြုံးစိစိ ဖြစ်နေတာကို သူက သတိထားမိသွားတာကြောင့် မုဒြာက အခြေအနေကို ပြန်ထိန်းရင်း ...

"အင်း ... မ ... မင်္ဂလာပါ။ ဟို ... ကို ... ကိုရှိုးမင်း... ဒီကို ဘာကိစ္စများ ရှိလို့လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုးက ကျွန်တော်တို့ စကားအေးဆေးပြောလို့ရအောင် မုဒြာကို ကြိုခိုင်းလို့ပါ"

စကားတွေက လုံးဝကို ရိုးရှင်းပေါ်တင်မို့လို့ မုဒြာက သူ့ကို တဒင်္ဂတော့ မှင်သက်မိသွားသည်။ ကိုရိုးမာန်ကို မေမေကတော့ လုံးဝနီးပါ သတ်မှတ်ထားတယ်ဆိုတာ မှန်ပေမယ့် တကယ်တော့လည်း သူ့ပုံစံလေးက မေမေ နှိမ်ချနေသလိုမျိုး လောက်ထိတော့ မဟုတ်ပါဘူး။ သူ့စတိုင်လ်လေးနဲ့သူ ရှိသလို အရည်အချင်းလည်းရှိမှာနဲ့ လူငယ်တစ်ယောက်ပါ။ ဘာပဲဖြစ်ဖြစ် မုဒြာကတော့ ယုရာလို ဘဲအိုကြီးနဲ့ ပေါင်းဖက်အကြောင်းဆက် ရမှာထက်စာရင် ဒါလေးကမှ တော်သေးသည်ဟု နှလုံးသွင်းထား တာမို့ သူနှင့်ဆက်ဆံရေးဟာ ဘာမှရှော့ခ်မရှိပေ။

"မုဒြာ ... အဲဒါဆိုလည်း နင်တို့ သွားနှင့်တော့လေ၊ ငါတို့လည်း ပြန်တော့မယ် ... ခွင့်ပြုပါဦးနော်"

ထက်ထက်နဲ့ မြရီတို့က အလိုက်တသိ ရှောင်ထွက် သွားလျှင်တော့ မုဒြာနှင့် သူသာ နှစ်ယောက်တည်း ကျန်နေလျှင် သူက အလိုက်တသိပင် ကားတံခါးကို ဖွင့်ပေးကာ မုဒြာကို ထိုင် စေ၏။ ပြီးတော့မှ ကားမောင်းတဲ့ဘက်ကို အပြေးအလွှားသွား ကာ ကားပေါ်တက်ပြီးတော့မှ ...





"ကျွန်တော့်ကို အချိန်ပေးတာ ကျေးဇူးအများကြီးတင်ပါ တယ် မုဒြာ။ ကျွန်တော်တို့ တစ်ခုခုသွားစားရင်း သောက် ရင်း စကားပြောကြတာပေါ့။ မုဒြာ ဘယ်သွားချင်လဲ"

"ရပါတယ်။ နီးနီးနားနားရှိပြီး အဆင်ပြေတဲ့ဆိုင်ဆို ရပါ တယ်"

မုဒြာက pass ပေးလိုက်လျှင် သူက ထပ်မပြော ာ့ဘဲ ခေါင်းအသာညိတ်ကာ မောင်းထွက်လာခဲ့သည်။ သူ လောက်တော့ ဉာဏ်မတိမ်ဘူးဆိုတာ ထင်တဲ့အတိုင်းပဲ ဒီနား င့် အနီးဆုံးဖြစ်တဲ့ စိမ်းလန်းစိုပြေထဲပဲ မုဒြာကို ခေါ်လာခဲ့၏။ ာင်းပါတယ်လေ။ ပေါ့ပေါ့ပါးပါး စကားပြောကြည့်ဖို့အတွက် သို လတ်လတ်ဆတ်ဆတ် နေရာမျိုးကပဲ အဆင်ပြေတာပေါ့။

Zephyr ရဲ့ ကန်ရေဘက်အခြမ်းမှာ နေရာယူပြီး ာတ်မှာ မုဒြာနှင့်သူက စကားပြောဖို့ အချိန်သို့ အဆင်သင့်ဖြစ် ရောက်နေပြီဖြစ်သည်။

"ဘိုးဘိုးက ကျွန်တော့်ကို မုဒြာဆီ သွားကြိုပေးပါဆိုလို့ ကျွန်တော် လာကြိုတာကို မုဒြာ စိတ်မဆိုးပါဘူးနော်"

"ဟင့်အင်း ... မဆိုးပါဘူး။ ဘိုးဘိုးစကား နားထောင် တယ်ဖြစ်အောင် တာဝန်အရ ရှင်လုပ်တာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



မုဒြာက သူ့ရဲ့ကဂျိုးကရျောင်နိုင်လှတဲ့ စကား အတွက် တမင်ကို အငေါ်တူးပြောလိုက်လျှင် သူက အလျှင်အမြ ပင် ငြင်းဆန်ရင်း ...

"မဟုတ်ပါဘူး။ တာဝန်လို့တော့ မပြောပါနဲ့ဗျာ။ ကျွန် တော်လည်း မုဒြာကို တကယ် လာကြိုပေးချင်လို့ပါ မုဒြာနဲ့ ကျွန်တော်က အခုမှ ရင်းနှီးခွင့်ရတာဆိုတော့ ကျွန်တော်ကတောင် မုဒြာစိတ်ဆိုးပြီး တစ်စုံတစ်ရာ ငြင်း လိုက်မှာကို စိုးရိမ်နေတာပါ"

ဟဲ့ ... ဘယ်လို။

သူက ကြောက်တိကြောက်ကန်ဖြင့် ဖျစ်ညှစ်ထွက် လာတဲ့ အဆုံးသတ်စကားကြောင့် မုဒြာက ဒိတ်ခနဲတော့ တစ်ချက် ဖြစ်သွားရသည်။ ဒါပေမဲ့လည်း မုဒြာက ဆရာမကြီးဆန်ဆန် အချေပြုံးတစ်ခုဖြင့် ...

"အဓိက,ကတော့ ဘိုးဘိုးရဲ့ဆန္ဒပါပဲ။ ကိုရိုးမာန် သိသ လားတော့ မပြောတတ်ဘူး။ ယုရာက သူ့ချစ်ဆွေနဲ့ လက် ထပ်တော့မှာလေ။ ဘိုးဘိုးက မြေးနှစ်ယောက်လုံးကို အတူ မင်္ဂလာဆောင်စေချင်တဲ့ ဆန္ဒရှိတယ်။ ဒါပေမဲ့လည်း မုဒြာ ဘက်က သဘောတူ လက်ခံမှပါ ...





ရုတ်တရက်ကြီးဆိုတော့ မုဒြာဘက်က ပြောစရာ စကား သိပ်မရှိဘူးလေ"

"ကျွန်တော် သိထားပါတယ်။ ဘိုးဘိုးဆန္ဒ ဆိုပေမယ့် ကျွန်တော့်ဘက်က ... ဟို ... (သံရှည်ဆွဲလိုက်ရင်း)

ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော်။ မုဒြာဓာတ်ပုံကို ဘိုးဘိုး ပြကတည်းက မုဒြာကို ချစ်မိခဲ့တာ ပါ။ ဟို ... အလောသုံးဆယ် ပြောလိုက်တာကို မုဒြာစိတ် မဆိုးပါနဲ့နော်။ ကျွန်တော့်ရဲ့ ခံစားချက်ကို ပြောပြတာပါ"

အမယ်လေး ... ဘိုးဘိုးရဲ့ အရည်အချင်းရှိ မြေး အလောင်းအလျာဟာ သွက်လိုက် တတ်လိုက်တာမှ တကယ့် အတတ်ပလက်ပါ ဘိုးရေ။ မုဒြာက အခုလောက် စကားတွေ ကြားရလိမ့်မယ်လို့ကို တွက်မထားမိချေ။ ဘာပဲပြောပြော ဒီနေ့ က ပထမဆုံးနေ့ဆိုတော့ သူ intro လောက်ပဲ မိတ်ဆက်စကား ပြောနဲ့ ဒါလောက်ပဲ ထင်မိတာ မှားလေစွ။

မုဒြာက ပြန်ပြောရမယ့် စကားတွေအတွက် တော် တော်လေးတော့ အကျပ်ရိုက်သွားရတာ ဖြစ်သည်။

"ဘိုးဘိုးရဲ့ဆန္ဒကို လက်ခံ မခံ စဉ်းစားတဲ့ အခါမှာ မုဒြာ ဘက်က ထည့်ပြီးစဉ်းစားကြည့်ရမယ့် စကားတွေပါ ကိုရိုးမာန်က ပြောနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မုဒြာ … တကယ်ပြောတာပါ။ ကျွန်တော်က ဘိုးဘိုးရဲ့ ကူညီပံ့ပိုးပေးမှုတွေနဲ့ပဲ ကြီးစားလာခဲ့ရတဲ့သူပါ။ ဒါပေမဲ့ မုဒြာကို ကျွန်တော့်ဘက်က ဘိုးဘိုးဆန္ဒထက် ကျွန်တော့် ခံစားချက်က ပိုသာပါတယ်။ ကျွန်တော်တို့ကြားမှာ လုံ လောက်တဲ့ အချိန်အတိုင်းအတာ လိုအပ်နေတဲ့အတွက် ဒီနေ့ ကျွန်တော် ပြောတဲ့စကားဟာ ဘောင်ကျော်သွားခဲ့ တယ်ဆိုတာ သိပါတယ်။ အဲဒီအတွက်လည်း မုဒြာကို တောင်းပန်ပါတယ်"

"အမယ်လေး … ဘယ်သူများလဲမှတ်တယ်။ မုဒြာပဲ။ ဟဲ့ … ဒီကို ဘာလာလုပ်တာတုံး"

စကားပြောနေတုန်း ဝင်လာတဲ့ စကားသံကြောင့် မုဒြာရော ရိုးမာန်ပါ ကြည့်မိလိုက်လျှင် အင်မတန်မှ တိုက်ဆိုင်စွာ ချိန်းထားရင်တောင် လွဲဦးမည့် ယုရာတို့စုံတွဲကို တွေ့လိုက်ရတာမို့ မုဒြာက မချိုမချဉ် မျက်နှာထားတစ်ခုဖြင့် ပြန်ဖြေလိုက်လေသည်။

"ဘိုးဘိုးက သူ့ကို ငါ့သင်တန်းကို ကြိုခိုင်းတယ်လေ။ အခု သင်တန်းကအပြန် မုန့်ဝင်စားတာ"

"ဩော် … အခုမှ နှစ်ယောက်သား လာကြတာပေါ့။ ကိုကြီး … ဟိုဘက်ဝိုင်းမှာ သွားထိုင်ကြမယ်လေ"





ယုရာက လေသံက ဘယ်အချိုး ဘယ်အချိတ်ဆိုတာ မုဒြာ ကောင်းကောင်းသိတာပေါ့။ သူ ပြောချင်တာ ဘိုးဘိုး စီစဉ်ပေးမှ မုဒြာက စုံတွဲခုတ်နိုင်ရှာတယ်ဆိုတဲ့ လေနဲ့။ မုဒြာက စိတ်ထဲ တင်းလာတာမို့ ပြန်ချေပလိုက်၏။

"အင်း … ဟုတ်တယ်။ နင်ရော … ဦး … အဲ … ဆောရီး … ကိုရွှေဘုန်းတက်နဲ့ လာတာ ဘိုးဘိုးသိသွားရင် အဆူခံထိနေဦးမယ်နော်။ အန်တီနုကို ငါ ပြန်မတိုင်ပါဘူး"

"နင် …"

"အဟဲ … မုဒြာတို့ အေးဆေးစားကြ သောက်ကြပါ။ ကျွန်တော်တို့ သွားလိုက်ပါဦးမယ်။ ညီလေး … သွားပြီနော်"

"ဩော် … ဟုတ်ကဲ့ဗျ။ အစ်ကို"

ယုရာနှင့် မုဒြာ ပြဿနာတက်မှာစိုး၍ ကိုရွှေဘုန်းတက်က ယုရာကို ဆွဲခေါ်သွားပေမယ့် ယုရာကတော့ ထုံးစံအတိုင်း မျက်နှာပေးက ချိုခါနေတာမို့ မုဒြာမှာ တကယ်ပဲ အသည်းတယားယား ဖြစ်ရပေသည်။ မုဒြာနှင့် သူဟာ ငယ်ငယ်ကတည်းက တစ်ယောက်ကိုတစ်ယောက် အပြိုင်ကြိုးလာခဲ့တာ။ မုဒြာကိုတော့ ဘယ်တော့မှ သေးသေးတောင် လာတင်လို့ရဘူး။



www.burmeseclassic.com

www.burmeseclassic.com



"တိုက်တိုက်ဆိုင်ဆိုင်မှ တွေ့တတ်တယ်နော်"

ရှီးမာန်က အခုလို လာဆုံတာကိုပဲ ကျေနပ်နေတယ် အလား။ ခပ်ပြုံးပြုံးပြောလျှင် မုဒြာက စိတ်ထဲ အတွေးတစ်ခု ပေါ်လာပေသည်။

"ကိုရှီးမာန်"

"ဗျာ"

"ရှင် ကျွန်မကို ချစ်တယ်ဆိုတာ သက်သေပြနိုင်ရင် ကျွန်မ ရှင့်ကိုလက်ခံမယ်"

"ဘယ်လို ... ဘယ်လို"

မုဒြာရဲ့ ပြတ်ပြတ်သားသား ထွက်လာတဲ့ စကား အဆန်းကြောင့် သူဟာ တကယ်ပဲ တအံ့တဩ ဖြစ်သွားတာပဲ ဖြစ်သည်။ မုဒြာက ခေါင်းတစ်ချက်ညိတ်ပြရင်း ...

"ဟုတ်တယ်။ ရှင် မုဒြာကို ကိစ္စတစ်ခု လုပ်ပေးရမယ်"

"ပြောပါ ... မုဒြာ။ ဘာလုပ်ပေးရမလဲ"

"ကျွန်မ အဲဒီစုံတွဲကို တစ်စက်မှ ကြည့်မရဘူး။ အဲဒီတော့ ရှင် ယုရာရဲ့ဘဲကို လက်သီးနဲ့ သွားထိုးပေး"

"ဗျာ"





လုံးဝကို ထင်မှတ်မထားတဲ့ စကားကြောင့် ရှီးမာန် တအံ့တဩ အာမေဍိတ် ဖြစ်သွားကာ ဘာမှ ဆက်မပြောနိုင် မှာ မုဒြာကပဲ ထပ်မံအတည်ပြုစကား ထပ်ပြောလိုက်လေသည်။

"ဟုတ်တယ်။ ရှင် ယုရာရည်းစားကို နိုင်တယ်ဆိုတာနဲ့ ရှင့်အချစ်ကို လက်ခံမယ်"

"အာ ... မု ... မုဒြာ"

"ဘာလဲ ... မလုပ်ပေးဘူးလား။ အိုခေ ... ရတယ်လေ။ အဲဒါဆိုလည်း ပြန်မယ်"

မုဒြာက ခြိမ်းခြောက်ကာ ထပြန်ပြင်လိုက်လျှင် ရှာ မုဒြာကို လှမ်းတားရင်း ...

"ဟ ... ဟ ... နေပါဦး။ ကောင်းပြီ ... ကျွန်တော်သွား ထိုးမယ်"

မုဒြာက သူ့စကားကြောင့် ကျေကျေနပ်နပ် ပြုံးကာ ...န်ဆိုင်လိုက်ရင်း ...

"Ok ... ဒီလိုမှပေါ့။ အခု သွား"

"ဟို ... ဒါပေမဲ့ မုဒြာရယ်၊ ဆိုင်ထဲမှာကျတော့ သိပ်မ ကောင်းဘူးလေ။ ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်မှပေါ့။ ဘိုးဘိုး ကို ငဲ့ရဦးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ။ ဒါဆိုလည်း အပြင်ခေါ်ထုတ်သွား။ ဒီမှာ ... ဆိုင်ထဲပြန်ဝင်လာရင် ရှင် အနိုင်ပဲလိုချင်တယ် နော်။ ယုရာ ရည်းစားရွှံးမှ ကျွန်မ ရှင့်ကို လက်ခံမှာ"

မုဒြာရဲ့ စကားအဆုံးမှာ သက်ပြင်းတစ်ချက်ထု ချလိုက်ကာ ခေါင်းညိတ်ပြလိုက်သည်။ သူ ဟိုဘက်ဝိုင်းကို ထ သွားတာနှင့် မုဒြာကတော့ တစ်မှတ် ထပ်တိုးပေးလိုက်မိပြီဖြ သည်။ သိပ်ပြီး ရည်းစားမာန်တက်နေတဲ့ ယုရာ သူ့ဘဲထ မုဒြာလူက ပိုသတ္တိရှိတယ်ဆိုတာ သိရင် ကျေနပ်ပြီ။

✤ ✤ ✤





ရှိးမာန်က လုံးဝကြီးကို မဖြစ်မနေ အခြေအနေ ကြောင့် တကယ်ပဲ စိတ်မောလူမော ဖြစ်ရလေ၏။ ဘိုးဘိုးပြော ထားတဲ့ စကားတွေကြောင့် သူ လက်ထပ်ခွင့်ရမည့် ဉာဏ်မုဒြာ ဘာ ဘယ်လိုဆိုးကြောင်း၊ ဘယ်လိုဂျစ်တိုက်တတ်ကြောင်း သိ ထားပြီးသား ဖြစ်ပေမယ့် အခုတော့ နဖူးတွေ့ ဒူးတွေ့စပြီ ဖြစ် သည်။ ဘယ်လိုလုပ်ရမလဲ။ သူ့အနေနဲ့ ဘယ်သူ့ကိုမှလဲ တစ်ခါ မှကို သွားပြီး ရန်မစဘူးသလို ဘယ်သူနဲ့မှလဲ ဒီအသက်အရွယ် အထိ ထိုးကြိတ်ရန်ဖြစ်ဖူးခြင်းလည်း မရှိခဲ့ပေ။

နောက် သူသွားပြီး ရန်စရမည့်သူက သူနှင့်မကြာ ခင်မှာ မယားညီအစ်ကိုဟူသော ဆွေမျိုးအနေအထားသို့ ရောက် မည့် ကိုရွှေဘုန်းတက်ကို ဖြစ်သည်။ သူက မုဒြာကို ရန်မဖြစ် နိုင်ဘူး ငြင်းလိုက်ရင်လည်း တစ်ခါတည်း နိုးဆိုတဲ့ အငြင်းတဂ ကို ရောက်သွားပြီ ဖြစ်သည်။ ဘယ်ဘက်က စဉ်းစား စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



သူ ငြင်းမရတဲ့ အနေအထားမို့ ရိုးမာန်က မာန်တင်းကာ သူတို့ ဝိုင်းကနေထွက်၍ ယုရာနှင့် ကိုရွှေဘုန်းတက် ဝိုင်းကို ထွက်လာခဲ့လိုက်သည်။

"အစ်ကို ... အစ်ကို"

သူ့ရဲ့ခေါ်သံကြောင့် ကိုရွှေဘုန်းကရော ယုရာကပါ ကြည့်ကာ ...

"ဟား ... ညီလေး ပြော"

"ဟို ... ဟိုဟာလေ။ ကျွန်တော် အစ်ကိုနဲ့ နှစ်ယောက်တည်း စကားလေးခဏလောက် ပြောချင်လို့ပါ"

"ဟင် ..."

သူ့စကားကို နှစ်ယောက်လုံးက အံ့ဩသွားကာ စိတ်ဝင်တစား ဖြစ်သွားပြီး ကိုရွှေဘုန်းတက် ဘာမှမပြောရသေးခင်မှာပဲ ယုရာက မုဒြာဝိုင်းဘက်ကို လှမ်းကြည့်လိုက်ရင်းက ...

"ဘာများ ပြောစရာရှိလို့လဲ ကိုရိုးမာန်ရဲ့"

"ဟို ... ကျွန်တော်တို့ချင်း နည်းနည်းလောက် စကားလေး ပြောချင်တာပါ။ ခဏပါပဲ"





"ဟုတ်သားပဲ။ ယုရာကလည်း ... အားနာစရာ။ လာပါ ပြောလို့ရတယ် ညီလေး။ ဘယ်မှာပြောမလဲ"

ကိုရွှေဘုန်းတက်က ကြားထဲက သူ့ကို အားနာစွာဖြင့် ထိုင်နေရာမှထကာ သူ့ကို စကားပြောခွင့်ပေးတာမို့ ရိုးမာန်ဟာ ဒီအစ်ကိုနှင့် ညှိနှိုင်းရေးလုပ်လို့ရတယ်ဆိုတာ သဘောပေါက်ရကာ အပြင်ခေါ်ထုတ်ရလေသည်။

"ဟုတ် ... ကျေးဇူးပါ အစ်ကိုရာ။ အပြင်ခဏလောက်။ မယုရာ ... ခဏနော်"

"ကိုကြီး ... မကြာနဲ့နော်"

"အင်း ... အင်း"

ရိုးမာန်က ကိုရွှေဘုန်းတက်ကို အပြင်ဘက်ခေါ်ထုတ်သွားလျှင် မုဒြာကတော့ ကျေနပ်နေတဲ့ အပြုံးဖြင့် ကျန်နေခဲ့တာဖြစ်သည်။ ဆိုင်ထဲမှာလည်း အဲဒီနှစ်ယောက် စကားတော့ပြောနေမှာပဲဆိုတာ သူက သဘောပေါက်ရလေသည်။

"ညီလေး ... ဘာပြောမလို့လဲ"

ကိုရွှေဘုန်းတက်က သူ့ကို စိတ်ဝင်တစားလေသံဖြင့်မေးလျှင် သူက ဒီအချိန်မှာ ဘဝတူဖြစ်နေတဲ့ ကိုရွှေဘုန်းတက်ကို အကြောင်းစုံ ရှင်းပြလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ... ဒီလိုပါ အစ်ကိုရာ။ ကျွန်တော် ပြောမယ့်စကားကို စိတ်မဆိုးပါနဲ့နော်။ ညီအစ်ကိုလို သဘောထားပြီး ပြောပါရစေ"

"ပြောပါကွ။ ရပါတယ်"

"ဟုတ်ကဲ့ ... ကျွန်တော်နဲ့ မုဒြာကို ဘိုးဘိုးသဘောတူထားတယ်ဆိုတာ အစ်ကို သိပြီးဖြစ်မှာပါ။ ပြောရရင်တော့ အစ်ကိုရာ ယုရာနဲ့အစ်ကိုကကျတော့ အဆင်ပြေပြီးထားသား။ သိပ်ပြီးပြဿနာမရှိဘူး။ ဘိုးဘိုးဘက်က ဆုံးဖြတ်ဖို့ပဲ ကျန်တော့တာ။ နောက်ပြီး ယုရာနဲ့ မုဒြာတစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင်ဆိုတာ အစ်ကို သိပြီးသားဖြစ်မှာပါ"

"ကိုယ်သိပါတယ်။ ညီလေးက ဘာပြောချင်တာလဲ။ ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ပြောပါ။ ပြောလို့ရပါတယ်"

သူက ပြောဖို့ရာအတွက် အခက်အခဲတွေရှိစွာ ပြောမထွက် ဖြစ်နေ၍ စကားတွေ ထစ်အ ထစ်အ ဖြစ်နေလျှင် ကိုရွှေဘုန်းတက်က လမ်းဖွင့်ပေးလိုက်တာမို့ သူက အားတက်သွားကာ ခေါင်းညိတ်ပြလိုက်ရင်း ပွင့်ပွင့်လင်းလင်း ပြောလိုက်တော့သည်။





"ဟုတ်ကဲ့ပါဗျ။ ပြောချင်တာကတော့ အစ်ကိုရာ။ ဒီလိုပါ အခု ကျွန်တော့်ကို မုဒြာက သူ ကျွန်တော့်ကို လက်ခံလာဖို့တဲ့ ဟို ... စိတ် ... စိတ်မဆိုးနဲ့နော် အစ်ကို"

"အေးပါကွာ ... ပြောပါ ... ဘာဖြစ်တုံး"

"အစ်ကို့ကို ထိုးရမယ်တဲ့"

"ဟေ"

"ဟုတ်တယ်။ မုဒြာက အစ်ကို့ကို နစ်နာလိုစိတ်နဲ့တော့ ပြောတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘိုးဘိုး ပြောပုံအရဆို သူတို့နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် အနိုင်လိုချင်စိတ်ပဲ ရှိကြတာလေ။ အဲဒါကြောင့် ကျွန်တော်နဲ့ အစ်ကို နည်းနည်းညှိချင်လို့ပါ"

"အင် ... ဘယ်လို"

ကိုရွှေဘုန်းတက်က သူပြောတာကို နားမလည်စွာ အားသင့်နေတုန်း သူ့ဖုံးက မြည်လို့လာတာမို့ သူကနံပါတ် ကြည့်လိုက်လျှင် ဘိုးဘိုးဆီက ဖြစ်နေတာကြောင့် ကိုရွှေဘုန်း တ်ကိုပါ လှမ်းပြောလိုက်သည်။

"ခဏလေး ... ခဏလေး အစ်ကို။ ဘိုးဘိုးဆီကဖုန်း"

သူက ဖုန်းကိုင်လိုက်လျှင် ဘိုးဘိုးရဲ့ထည်ထည်ဝါဝါ သံက သူ့ရင်ကို ဒိတ်ခနဲ ဖြစ်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... ဘိုးဘိုး"

"ဟေး ... ဘယ်လိုလဲ ရီးလေး။ အဆင်ပြေလားဟေ့ အစစ"

"ဟို ... ဟိုဥစ္စာ။ မ ... မပြေဘူး ဘိုးဘိုး"

"ဟေ ... ဘယ်လိုဖြစ်လို့တုံးကွ၊ မုဒြာက မင်းနဲ့ပြန်မလိုက် လာဘူးလား"

"လိုက်လာပါတယ် ဘိုးဘိုး။ ကျွန်တော်တို့ အခု စိမ်းလန်းစိုပြေမှာပါ ဟို ... အဆင်မပြေဘူးဆိုတာက အခု ကျွန်တော်တို့ရှိနေတဲ့ နေရာမှာ ယုရာတို့ပါ ရောက်နေတယ် ဟို ... ဘိုးဘိုးကို ကျွန်တော် ..."

"ငါ သဘောပေါက်ပြီ။ မင်း အခုလောက်ထိ ပြောနိုင်တယ်ဆိုတော့ မင်းအနားမှာ မိမုဒြာ မရှိဘူးလား"

ဘိုးဘိုးက အကဲခတ်နိုင်စွမ်းရည် မြင့်မားလွန်းလှ ခန့်မှန်းနိုင်ခြင်းအတွက် သူ့ဟာ အမှန်ပဲပြောဖို့ ဆုံးဖြတ်လိုက် လေသည်။

"ဟုတ် ... ဟုတ်တယ် ဘိုးဘိုး။ ကျွန်တော့်ဘေးမှာ ကိုရွှေဘုန်းတက်ပဲ ရှိတယ်။ သူနဲ့ကျွန်တော်က ဆိုင်အပြင်ဘက်မှာပါ"





"ဟော ... ဘာလုပ်နေကြတာလဲ"

"ဒီ ... ဒီလိုပါ ဘိုးဘိုး။ မုဒြာက ကျွန်တော့်ကို ကိုရွှေဘုန်းတက်နဲ့ ရန်ဖြစ်နိုင်းလို့ ကျွန်တော်တို့ အပြင်ထွက်ပြီး ညှိနေကြတာပါ"

"ဘာကွ ... ဟောက် ... တော်တော်ဆိုးတာပဲ"

"ဟို ... ဟို ... မုဒြာကို စိတ်မဆိုးပါနဲ့ ဘိုးဘိုးရယ်။ ကျွန်တော် ဘိုးဘိုးကို ပြောပြတယ် ဆိုတာက ဘိုး စီစဉ်ပေးတဲ့ကိစ္စအပေါ်မှာ လိမ်မပြောချင်လို့ပါ။ မုဒြာကို အပြစ်မတင်ပါနဲ့နော် ဘိုးဘိုး"

"ကဲပါ ... ကဲပါ ... ဟုတ်ပါပြီ။ အခု မင်း ဘိုးဘိုးပြောတာကိုပဲ နားထောင်။ အခု မင်းဘေးမှာ ဟိုသူငယ်ကော ရှိနေလား"

ကိုရွှေဘုန်းတက်ကိုပါ ဘိုးဘိုးက မေးနေပြီမို့ ရီးမာန်တစ်ချက်လှမ်းကြည့်ပြီးမှ ဘိုးဘိုးကို ပြန်ဖြေလိုက်သည်။

"ဟုတ် ... ဟုတ်ကဲ့ ဘိုးဘိုး ရှိပါတယ်"

"ကောင်းပြီ။ မင်းတို့နှစ်ယောက် ဆုံနေတုန်း ငါ့ဆီအခု ချက်ချင်းလာခဲ့ကြ။ ငါ မင်းတို့နဲ့ ပြောစရာရှိတယ်"

"ဗျာ ... အခုလား ဘိုးဘိုး။ ဟို ... မ ... မဖြစ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

"ကဲ ... ကဲ ... မနက်စောစောစီးစီး။ တော်ကြစမ်း"

ဦးမဏိဉာဏ်က အဲဒီအပြိုင်အဆိုင် အလုအယက် အသံတွေကို ကြားရတာဟာ ရိုးနေစွာဖြင့် တားမြစ်နေကြအတိုင်း ဟန့်လိုက်လျှင် နှစ်ယောက်စလုံးဟာ ငြိမ်သွားကြ၏။ သူက ဘရိတ်ဖတ်စ်ဝိုင်းမှာ နေရာဝင်ယူလိုက်ရင်း မစုံလင်သည့် လူ အရေအတွက်ကို ကြည့်လိုက်ပြီး မျက်နှာတစ်ချက် မဲ့သွားကာ ...

"ယုရာနဲ့မုဒြာကော"

အဲဒီအမေးစကားကြောင့် ချိုနဲ့နုက တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ သူ့ကို မဝံ့မရဲလေသံဖြင့် ဖြေကြလေသည်။

"ယု ... ယုရာ မနိုးသေးဘူး"

"မုဒြာလည်း အိပ်နေတုန်းပဲ"

သူက အဲဒီအဖြေစကားတွေအတွက် တကယ်ပဲ စိတ်ပျက်စွာ လေပူမှုတ်ထုတ်မိသွားလေသည်။ လုံးဝကိုမှ အားကိုးမရတဲ့ အဲဒီကလေးမနှစ်ယောက်အတွက် သူ့မှာ အင်မတန်မှပဲ ရင်လေးရလေသည်။ မနက်ဆို နေဖင်ထိုးမှထ။ နိုးတာနဲ့ ပြင်ဆင်ပြီး တစ်နေကုန် လည်ပတ်ပျော်ပါးနေတဲ့ သူ့ခြေးမနှစ်ယောက်ကို သူ ဘယ်လိုထိန်းကျောင်းရမလဲဆိုတာ မသိတော့ချေ။





"တစ်နေ့ တစ်နေ့ သူတို့ရဲ့ အချိန်တွေက အဲဒီလောက်တောင် များပြားပြည့်လျှံနေတာလား။ အခုပဲ မနက်ရှစ်နာရီထိုးတော့မယ်။ ဒီအချိန်ထိ မနိုးကြသေးဘူးလား။ နေ့တိုင်း အိပ်ရာထ နောက်ကျနေတာကြီးကတော့ မဟုတ်သေးပါဘူး"

"ဟုတ်ကဲ့ပါ အဖေ။ နောက်နေ့ စောစောနိုးထားလိုက်ပါ့မယ်"

ဦးမဏိဉာဏ်က ခေါင်းအသာဆတ်ပြ၍ နံနက်စာမုန့်ဟင်းခါးကိုသာ ဆက်စားလိုက်သည်။ သူ့ရဲ့နေ့စဉ်ဖြတ်သန်းမှုဟာ သိပ်ပြီးမျှော်လင့်ထားတာမျိုးနှင့် တစ်ထပ်တည်းတော့ မကျပေ။ သူ့ဘဝရဲ့မျှော်လင့်ချက်ဖြစ်တဲ့ ယုရာနှင့် မုဒြာ မြေးမနှစ်ယောက်ဟာ ဟစ်စက်ကလေးမှကို သူ့ခြေရာ မနင်းနိုင်တာကိုတော့ သူ တကယ်ပဲ စိတ်ပျက်မိလေသည်။

"အဖေ ... အဖေ့ကို ပြောစရာရှိတယ်"

"အင်း ... ပြောလေ။ ဘာကိစ္စတုံး"

"ယုရာ ကိစ္စပါ။ မနေ့က ကတည်းက အဖေ့ကို ပြောမလို့ပဲ။ ဒါပေမဲ့ ..."

"ကဲပါ ... နုနုအေးရယ်။ ပြောချင်တာကို လိုရင်းပြောစမ်းပါ၊ ဘာလဲ ... ဘာကိစ္စတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ရိုးလေး … မင်း ဘာမှပြောမနေနဲ့။ အခု ငါ ရွှေဘုန်းတက်နဲ့ ဖုန်းပြောမယ်။ သူ့ကို ဖုန်းပေးလိုက်။ ငါ သူနဲ့ ပြောမယ်"

ဘိုးဘိုးစကားအတိုင်း မလွန်ဆန်နိုင်စွာဘဲ ရိုးမာန်က ကိုရွှေဘုန်းတက်ကို ဖုန်းလှမ်းပေးလိုက်သည်။

"ရော … အစ်ကို။ ဘိုးဘိုး ပြောလို့တဲ့"

ရိုးမာန်က ကိုရွှေဘုန်းတက်ကို လှမ်းပေးလိုက်လျှင် ကိုရွှေဘုန်းတက်က ကြောက်ကြောက်လန့်လန့်ဖြင့် ဖုန်းကိုင်ရှာလေသည်။

"ဟယ်လို … ဟုတ်ကဲ့ခင်ဗျ"

"မောင်ရွှေဘုန်း … မင်းတို့နှစ်ယောက်နဲ့ ကျုပ် အခု စကားပြောချင်တယ်။ ရိုးလေးနဲ့အတူ အခု ကုမ္ပဏီကို လာခဲ့ကြ။ ယုရာနဲ့ မုဒြာကို အဲဒီမှာပဲ ထားခဲ့လိုက်"

"ခင်ဗျာ … ဟို … ဟို …"

"ဒီမှာ … ဟိုတွေ ဒီတွေ လာမလုပ်နဲ့။ မောင့်ရင်ကို ကျုပ် မြေးနဲ့ သဘောတူမတူ ဘာမှမပြောရသေးဘူးနော်။ ကျုပ်မြေးမတွေရဲ့ မင်္ဂလာကိစ္စအတွက် ကျုပ် ဆုံးဖြတ်ချက်သာ အတည်နော်"





"ဟုတ် … ဟုတ်ကဲ့ ခင်ဗျ။ အခုပဲ လာခဲ့ပါ့မယ်"

ဘိုးဘိုးကို ကျွတ်နေတဲ့ ဘဲကြီးက သူ့လက်ထဲ ဖုန်းပြန်ထိုးထည့်ပေးတာမို့ သူက ဖုန်းပြန်နားထောင်လိုက်ရသည်။

"ဟုတ် … ဘိုးဘိုး"

"အေး … ရိုးလေး။ သူ့ကိုပါ ကုမ္ပဏီကို ခေါ်လာခဲ့။ ဟို နှစ်ကောင်ကို လမ်းရောက်မှ ဖုန်းဆက်ပြောလိုက်။ ငါ ခေါ်နေလို့လို့ပြောလိုက်။ ထားခဲ့လိုက်တော့။ အခု ထွက်ခဲ့တော့နော်"

"ဟုတ်ကဲ့ပါ … ဘိုးဘိုး"

ရိုးမာန်က ဖုန်းပိတ်လိုက်လျှင် ကိုရွှေဘုန်းတက်က သူ့ကို မျက်စတစ်ချက်ပစ်ပြကာ …

"တို့က အခု အဘိုးဆီ သွားရမှာပေါ့နော် … ဖြစ်ပါ့မလား"

"စိတ်မပူပါနဲ့။ ဘိုးဘိုးက နည်းနည်းလေးတော့ ဒေါသကြီးတတ်တယ်။ ဒါပေမဲ့ အဆင်ပြေသွားမှာပါ အစ်ကိုရ။ ဘိုးဘိုးက အစ်ကိုတို့ကို သဘောတူမှာပါ။ ကျွန်တော်သာ …"

သူက အဲဒီနေရာမှာတင် စကားစကိုဖြတ်ကာ သက်ပြင်းတစ်ချက် ချမိသွားသည်။ တကယ်တော့ ဘိုးဘိုးက ဒီကိစ္စမှာ



www.burmeseclassic.com

www.burmeseclassic.com



အခရာကျတယ် ဆိုပေမယ့် ကိုယ်ပိုင်မှ ကိုယ်ရမယ်ဆိုတာ သူ သဘောပေါက်ပါသည်။ ဘာပဲဖြစ်ဖြစ် သူ့ထက်စာရင် ကိုရွှေဘုန်းတက်ကမှ ကံကောင်းတယ်လို့ သူကတော့ ယူဆလေသည်။

အချစ်မရဘဲနဲ့တော့ ဖွတ်ဆန်တဲ့ အိမ်ထောင်ရေးသာ ဖြစ်လာမှာပဲလို့ သတ်မှတ်ထားတဲ့သူဟာ အချစ်ရခါနီးမှ ဘိုးဘိုးဆီ ထွက်လာရတာကြောင့် သေချာပေါက် မုဒြာ စိတ်ဆိုးပြီဆိုတာ သဘောပေါက်ရပါသည်။

✣ ✣ ✣





ဦးမဏိဉာဏ်က ရှီးလေးပြောတဲ့ကိစ္စ အစမှအဆုံး
တောင်ပြီးသွားသောအခါ ရှေ့ရေးအတွက် ရင်လေးရစွာ သက်
ချမိသည်။ ရှိတာမှ ဒီမြေးမနှစ်ယောက်။ တစ်ယောက်နဲ့တစ်
ောက် မနာလိုစိတ်တွေ၊ ပြိုင်ဆိုင်စိတ်တွေမွေးပြီး ယှဉ်နေမှတော့
ယ်လိုလုပ် စည်းလုံးတိုးတက်မှု ဖြစ်တော့မလဲ။

"ရှီးလေး _ အကယ်၍ ဘိုးဆီကသာ ဖုန်းမဝင်လာခဲ့ဘူးဆိုရင် မင်းက မုဒြာပြောတဲ့အတိုင်း တကယ်ပဲ လုပ်တော့မှာလား"

"မလုပ်ပါဘူး ဘိုးဘိုးရဲ့။ ဒါပေမဲ့ မုဒြာက ပြောတာဆိုတော့ လောလောဆယ် ကျွန်တော်က ငြင်းလို့မဖြစ်နိုင်သေးဘူးလေ"

"ဟား ... ကောင်းကွာ။ ဟော့ ... ရွှေဘုန်းတက် ... မင်းကတော့ သူထိုးမယ်ဆိုတာနဲ့ အထိုးခံမယ်ပေါ့ ဟုတ်လား"

"အာ ... မဟုတ်ပါဘူး ဘိုးဘိုးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘုန်းတက်ရဲ့ အခေါ်အဝေါ်က သူ့ကို ချက်ချ
စေတာကြောင့် သူက ချက်ချင်းပင် ပြန်ပြောလိုက်ရသည်။

"ဟော့ ... ဟော့ ... ဘာ အဘိုးလဲ။ မင်း ငါ့ကို ဟိုနေ့
ခေါ်သလို အန်ကယ်ပဲခေါ်။ ငါ့အသက် ခြောက်ဆယ်
ရုပ်ပဲ ရှိသေးတယ်။ မင်း အဘိုးခေါ်ရမယ့်အရွယ် မဟုတ်

"ဟုတ် ... ဟုတ်ကဲ့ အန်ကယ်"

"ကဲ ... ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်ကွာ။ အစ
တော့ မင်း ... ရွှေဘုန်းတက် ... မင်းနဲ့ ငါ့မြေးကအသ
တော်တော်ကွာတယ်။ သူ့အမေကလည်း မင်းတို့ကို
သဘောမတူဘူး။ ထားပါ ... အဲဒီကိစ္စက။ နှစ်ယော
လုံးကို ပြောချင်တာကတော့ မဏိဉာဏ်ရဲ့မျိုးရိုးအတွ
မျှော်လင့်ချက်ဟာ ယုရာနဲ့ မုဒြာပဲ။ အခု မင်းတို့မြင်
သိနေတဲ့အတိုင်း မစည်းလုံးကြဘူး ...

အဲဒီတော့ သူတို့ရဲ့အိမ်ထောင်ဖက် ဖြစ်လာ
သူနှစ်ယောက်ကပါ ဒီအတိုင်းပဲဆို ငါ့ရဲ့မျှော်လင့်ချက်
အားလုံးပျက်စီးကုန်မှာ။ ငါအဖြစ်လည်း မခံနိုင်ဘူး။ ရှိုး
ကတော့ အဘိုးလက်မှာတင် ကြီးလာတဲ့ကလေး ဆိုတော
မင်း စိတ်ဓာတ်ကိုတော့ ယုံကြည်တယ် ရွှေဘုန်းတက်

"ခင်ဗျာ ... အန်ကယ်"



"ဘယ်လိုလဲ မင်း။ ငါ့မြေးအကြီးမ ယုရာနဲ့ လက်ထပ်ချင်တယ်ဆိုရင် ငါ့စကားကို နာခံရမယ်။ ရှိုးလေးနဲ့မင်း သွေးကွဲလို့မရဘူး။ နောက်ပြီး ငါ့အိမ်မှာပဲ တစ်စုတစ်စည်းတည်းနေရမယ်။ အရေးကြီးဆုံး အချက်ကတော့ ငါဖြစ်စေချင်သလို ငါ့မြေးနှစ်ယောက် ပြီးတော့ သူတို့အမေနှစ်ယောက် မိသားစုဆိုတဲ့ စိတ်ဓာတ်နဲ့ အားလုံး တစ်စည်းတစ်လုံးတည်း ဖြစ်လာဖို့ မင်းတို့ အကူအညီ ပေးနိုင်ပါ့မလား ...

ပါးစပ်က မပြောဘဲ ရင်ထဲက ဖြေကြပါ။ မင်းတို့နှစ်ယောက်ဟာ ငါ့ရဲ့မျှော်လင့်ချက်ကို ကူညီပေးကြမယ်မလား"


သူ့ဘဝရဲ့ အလိုလား အတောင့်တဆုံး မျှော်လင့်ချက်အတွက် သူ့ရဲ့အားကိုးရာ လက်ရုံးတွေ ဖြစ်လာမည့် မြေးက်လောင်းနှစ်ယောက်က လေးလေးနက်နက် ခေါင်းညိတ်ပြည်။ အဲဒါဟာ သေချာတဲ့ ခေါင်းညိတ်ပြခြင်းဟု သူ ယုံကြည် မဏိဉာဏ်ရဲ့ အနာဂတ်ကို အရောင်ထပ်မြှင့်ဖို့ ဒီကလေးနှစ်ယောက်ကို အိမ်ထောင်စုစာရင်းထဲ အတည်သွင်းဖို့ ဆုံးဖြတ်က်တော့သည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com









ဇနီးဖြစ်လာမယ့် အမျိုးသမီးတစ်ယောက်ဟာ
အိမ်ထောင်ရေးကို ခေါင်းညိတ်ပြခြင်းအပေါ်
ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားနဲ့ပြောပြရရင်
ကိုယ်ငွေ့ရမယ့် ခင်ပွန်းက
ကိုယ့်ပတ်ဝန်းကျင်က ပြိုင်ဘက်တွေကို
ချေပြနိုင်တဲ့ အရည်အချင်း ရှိဖို့ပဲ။

(ဉာဏ်ယုရာ၊ ဉာဏ်မှုဖြာ
၏
ဖလော်ဆော်ဖီ)

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com







(၇)

အလွယ်ဆုံး အရှင်းဆုံးနှင့် အတိုချုပ် ရှင်းပြပြော ဆိုရမယ် ဆိုရင်တော့ ဘိုးဘိုးရဲ့ဆန္ဒကို အဓိကထားကာ စီစဉ်သော မင်္ဂလာပွဲအတွက် ယုရာရဲ့မေမေ ဒေါ်နုနုအေးကော မုဒြာရဲ့မေမေ ဒေါ်သန္တာချိုပါ ဘာမှ အထွန့်မတက်နိုင်လောက်အောင် ယုရာနှင့် မုဒြာတို့၏ရဲ့ မင်္ဂလာပွဲဟာ ခမ်းနားကြီးကျယ်စွာဖြင့် အောင်မြင်စွာ ပြီးဆုံးသွားပြီ ဖြစ်ပါသည်။

အမေတွေကတော့ သူတို့သမီးတွေအတွက် ဒီ့ထက်ခတောသော မျှော်လင့်ချက်တွေဖြင့် စိန်စီသတို့သားတွေ ဖြစ်စေချင်ကြပေမယ့် ယုရာကလည်း ကိုယ့်အိမ်ထောင်ဖက်အပေါ် ဟိုမိန်းမမုဒြာရဲ့လူထက် သာတယ်ဟု ယူဆကာ ကျေနပ်နေသလို မုဒြာကလည်း ယုရာရဲ့လူကြီးထက်ကို အဆများစွာသာတဲ့သူကို ပိုင်ဆိုင်ခြင်းအတွက် ကျေနပ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူမဖြစ်ခဲ့ဘဲ အိမ်ထောင်ရေးကို တည်ဆောက်လိုက်တဲ့ မုဒြာအတွက်တော့ ကံကောင်းတာဟာ သူက မုဒြာကို သိပ်ချစ်တာပဲ ဖြစ်သည်။ မင်္ဂလာဦးမှာ သူက မုဒြာကို စိတ်ချယုံကြည်စေမည့် ကတိကို လက်ဆောင်ပေးခဲ့တာပဲဖြစ်သည်။

"မုဒြာ ကိုယ်နဲ့ လက်ထပ်လိုက်တဲ့အတွက် ဒီနေ့ကစပြီး မုဒြာကို ကိုယ် တစ်သက်လုံး စိတ်ချမ်းသာအောင် ထားမယ်။ မုဒြာအပေါ်ကို အမြဲတမ်း သစ္စာရှိသွားမယ်။ ဘယ်တော့မှ မုဒြာကိုချစ်တဲ့ ကိုယ့်ရဲ့ချစ်ခြင်းမေတ္တာတွေ မပြောင်းလဲသွားစေရဘူး"

အဲဒီကတိစကားတွေအတွက် မုဒြာက ကျေနပ်ပီတိဖြစ်ရစွာ သူ့ကို ခေါင်းညိတ်ပြလိုက်သည်။ မုဒြာကို သူချစ်တယ်ဆိုတာကတော့ အထူးပြောစရာ မလိုစွာ သူ့မျက်ဝန်းတွေက တစ်ဆင့် မုဒြာ ဖတ်ရှုနားလည်ခဲ့ပြီးဖြစ်သည်။ မုဒြာ အတွက် အရေးကြီးဆုံးသော ကတိကို မုဒြာ သူ့ဆီကတောင်းပြီးရင်တော့ မုဒြာတို့ အဆင်ပြေပါပြီ။ အဲဒီအတွက် မုဒြာက သူ့ကို လေးလေးနက်နက် ကတိတောင်းလိုက်သည်။

"အင်း ... မုဒြာ ယုံကြည်ပါတယ်။ နောက်ထပ် ကတိတစ်ခုလည်း တောင်းချင်သေးတယ်"





"အင် ... ဘာလဲ ပြော မုဒြာ။ ကိုယ် ဘာကတိပေးရမလဲ"

"တခြားတော့ မဟုတ်ပါဘူး။ ယုရာရဲ့ယောက်ျားထက် ဘာမဆို အစစအရာရာ သာရမယ်။ အဲဒါ ကတိပေးရမယ်"

မုဒြာရဲ့ အဲဒီစကားကြောင့် ရိုးမာန်က အခုထိကို အပြိုင်အဆိုင် စိတ်ရှိသေးသော သူ့ရဲ့ချစ်ဇနီးကို သဘောတကျဖြင့် ပြုံးလို့ကြည့်နေမိသည်။ ဒါကိုပဲ မုဒြာက အလိုမကျစွာဖြင့် မျက်ခုံးနှစ်ခုကို တွန့်ချိုးကာ သူ့ကို မှုန်ကုပ်ကုပ် ကြည့်ရင်း ...

"ဘာလဲ ... မပေးနိုင်ဘူးလား။ ပြောတော့ မုဒြာ စိတ်ချမ်းသာစေရပါမယ်ဆို"

"ဟုတ်ပါတယ်။ ကတိပေးပါတယ်ခင်ဗျာ။ စိတ်ချ"

"စကားကို လွယ်လွယ်မပြောနဲ့နော်။ မုဒြာ ဘယ်တော့မှ အရှုံးမခံနိုင်ဘူး"

သူက ကလေးတစ်ယောက်လို အနိုင်လိုချင်စိတ်တွေ ကြီးနေတဲ့ မုဒြာကို ချစ်မြတ်နိုးစွာ ငေးကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။ ပြီးတော့ အဲဒါ သူ့အတွက် အခွင့်အရေးဟု သတ်မှတ်၍ ဒိုင်ခင်းရတော့သည်။

"စိတ်ချ။ မုဒြာ မရှုံးစေရဘူး။ ကိုယ့်ရဲ့အချစ်တွေကလည်း အမြဲဟမ်း အပြတ်သတ် သာနေစေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... လူလည်ကြီး"

"မလည်ပါဘူး။ ကိုယ်ဘယ်လောက် ရိုးသားတယ်ဆိုတာ သက်သေပြမယ် ... လာခဲ့"

အချစ်ဟာ တစ်ခါတစ်ရံ လူကြီးလူကောင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် ကလေးဆိုးကြီးတစ်ယောက် ဖြစ်သည်။ အချို့ကြိုက်တဲ့သူအတွက် ချောင်းဆိုးတာဟာ ဘေးထွက်ဆိုးကျိုးစို့ အချစ်ရှိတဲ့သူအတွက် ကိုယ့်ချစ်သူကိုသာ အကောင်းဆုံးဖြစ်စေချင်မှုဟာ ဘေးထွက်လွန်ကဲ အတ္တပဲ ဖြစ်ပါလိမ့်မည်။

ရိုးမာန်အတွက်ကတော့ မုဒြာကို ချစ်မိခြင်းအတွက် ဘိုးဘိုးရဲ့မျှော်လင့်ချက်ကိုပါ ဖြည့်ဆည်းပေးဖို့ ယုံကြည်ထားလေသည်။

✤ ✤ ✤





ယုရာတို့ အိမ်ထောင်သည်ဘဝကို စတင်ခရီးစတဲ့ အချိန်မှာ မုဒြာတို့ကလည်း အဆင်ပြေ သာယာနေကြတာမို့ ယုရာက တကယ်ပဲ ကြည့်မရ ဖြစ်ရလေသည်။ မချစ်ဘဲ ယူရ ဆလို့ပဲ။ ချစ်များ ချစ်ရင်တော့ မပြောလိုက်ချင်ဘူး။ ယုရာက ကိုယ့်အရှေ့လာ သည်းသည်းတွေ လုပ်ပြနေသော အဲဒီစုံတွဲကို မြင်နေရတာဟာ တကယ်ပဲ စိတ်ပုပ်တယ်ပြောပြော မုဒိတာကို မပွားနိုင်တာ ဖြစ်သည်။ မပွားနိုင်ခြင်း အကြောင်းတရားတွေက လည်းရှိသကိုး။ အဲဒါတွေကတော့ ယုရာ ချစ်မိရသည့် ဦးကပ်စီး ကြောင့်ပဲဖြစ်၏။

ဆိုပါတော့။ ညနေ အလုပ်ကပြန်လာတဲ့ အချိန်များ မှာဆို မုဒြာရဲ့ယောက်ျားက မုဒြာ စားဖို့ရယ်ဆိုပြီး တစ်ခုခုဝယ် လာမြဲ။ အဲဒီမှာ မုဒြာရဲ့ယောက်ျားနှင့် ရှေ့ဆင့်နောက်ဆင့် ပြန်လာတဲ့ ဦးကပ်စီးကတော့ ပြန်လာချိန်တိုင်း လက်ဗလာနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့လည်း စိတ်ထဲယှဉ်မိသလို ဖြစ်ရကာ တကယ်ပဲ အလို မကျ ဖြစ်ရလေသည်။

"ချစ်လေး ... မျက်နှာကြီးက စူပုပ်နေတာပဲ။ ဘာဖြစ်လို့လဲ"

ယုရာရဲ့မျက်နှာ အခြေအနေကို အကဲခတ်ရင်း အလိုက်မသိ မေးတာကြောင့် ယုရာက အိတ်ကို ဘုန်းခနဲပစ်ချလိုက်လျှင် ကိုကြီးက အော်တိုသဘောပေါက်ရစွာ ယုရာဘေးသို့ ထိတ်ထိတ်ပျာပျာ ရောက်လာကာ ...

"ယုရာလေး ... ကိုယ် ဘာများ ချစ်လေး စိတ်ဆိုးအောင် လုပ်မိလို့လဲကွာ၊ ဟင် ..."

"မေးမနေနဲ့။ ပြောကို မပြောချင်တော့ဘူး"

"ဟာ ... အကြီးကြီးတွေ တင်နေတာပဲ။ မပြောဘဲနဲ့တော့ မနေပါနဲ့ကွာ။ ပြောပါ ကိုယ် ဘာများ အမှားလုပ်မိလို့လဲ ဟင်"

ယုရာက ဖွတ်ကို တောင်းပန်ဖျော့တော့နေတဲ့လေသံဖြင့် မေးကာ ယုရာကို မေးနေတဲ့ ကိုကြီးကို မပြောပြန်ရင်လည်း နောက်များမှာလည်း ထိုနည်းလည်းကောင်းပဲ ဖြစ်နေမှာစိုးတာကြောင့် ဟင်းခနဲမြည်အောင် သက်ပြင်းချလိုက်ပြီးမှ ...





"ဒီမှာ ... ကိုကြီး ... ယုရာရဲ့ ပြိုင်ဘက်ဟာ မုဒြာဆိုတာ ကိုကြီး သိပါတယ်နော်"

"အင်း"

"အင်းဆိုတာ သိတယ်ဆိုလည်း နည်းနည်းပါးပါးတော့ ယုရာကိုလည်း ပါရမီဖြည့်ဖက်ကောင်းလေး ဖြစ်ပေးမှပေါ့။ အခု ရှင့်ကြောင့် ကျွန်မ တော်တော်ဂွမ်းနေကယ် သိရဲ့လား"

"ကိုယ် ဘာလုပ်မိလို့လဲ ချစ်လေးရယ်"

"ဘာဖြစ်ရမလဲ။ သူ့ယောက်ျားဆိုရင် မုဒြာကိုမှ ဂရုစိုက်လိုက်တာဆိုတာမှ သည်းသည်းလှုပ်။ ညနေပြန်လာရင် မုန့်ဝယ်လာရတာနဲ့ ဂရုကိုစိုက်လို့။ ဟင်း ... ရှင့်များတော့"

"ဩော် ... ချစ်လေးရယ့်။ ပြိုင်စရာမရှိ ကြံဖန်ပြိုင်ရတယ်လို့။ ချစ်လေးက ညနေဆို ဝိတ်တက်မှာစိုးလို့ မစားတော့ဘူးဆိုတာ ကိုကြီးက သိတယ်လေ။ အဲဒါကြောင့်ပါ"

ယုရာက တမင်တကာ အကြောင်းပြချက်တွေ ...များနေလွန်းတဲ့ ကိုကြီး အကြောင်းကို နောကြေစွာ သဘော ...ါက်ရစွာဖြင့် ...

"အမယ်လေး ... တော်ပါ။ Reason တွေ သိပ်ပေးမနေနဲ့ ကိုကြီး အကြောင်းကို သိပြီးသား။ တစ်ခါတည်း ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်။ အရင်ကလို နေရာတကာ တိုထွာစိကုပ်နေ
အကျင့်တွေ ရှိနေသရွေ့တော့ ယုရာနဲ့ ကိုကြီးက စ
များနေကြရမှာနော်။ ယုရာကို လက်ထပ်ခွင့်တောင်းတ
က အဲဒီအကျင့်တွေ ဖျောက်ပါမယ်ဆိုတဲ့ ကတိပေး
တာ မှတ်မိပါတယ်နော်"

"အင်း ... မှတ်မိပါတယ်"

"အဲဒါဆိုရင် နောက်တစ်ခါ ယုရာအတွက် ညနေပြန်
တိုင်း တစ်ခုခုတော့ ပါလာပါစေ။ အဲဒါမှ အကုန်အ
တွေ သိပ်များတယ် ဆိုရင်လည်း ဒီဘဝတော့ ဒီ
ဦးကပ်စီးရေ"

"အာ ... မဟုတ်တာကွာ ချစ်လေးကလည်း ... ဖွ ... ဖွ
ကိုယ်က ချစ်လေးနဲ့ မခွဲနိုင်ပါဘူး။ စိတ်ချ ... ချစ်
သဘောကျ ဖြစ်စေရမယ်နော်။ ကျေနပ်ပြီလား"

ကိုကြီးရဲ့ ကတိပေးမှု အဆုံးသတ်မှာတော့ ယုရာ
ကျေနပ်သွားသော အပြုံးနှင့် မျက်စောင်းကဲကြည့်လိုက်သည်
ဒါပဲလေ ... အချစ်ဆိုတာ။ ကိုယ့်အမျိုးသားက ကိုယ့်သဘော
ပါဆိုမှတော့ ဘာလိုသေးလဲ ဦးကြီးရယ်ပေါ့။

✤ ✤ ✤







ဘဝဟာ EVD စက် ဟုတ်မလာခဲ့သလို
ငါကလည်း DVD ချပ် ဖြစ်မလာခဲ့တာ
နာတာပဲ။
ငါနဲ့ဘဝသာ DVD နဲ့ EVD စက်ဖြစ်ကြမယ်ဆို
အမှတ်တရတွေဆီ သွားချင်တိုင်း
နောက်ပြန်ရစ်ကြသလို
လက်ရှိကာလကို ကုန်ချင်လည်း
ရှေ့ကိုကျော်ပစ်လို့ရမယ်။
အဲဒါဆို
ငါနဲ့ဘဝကြား အတိုင်အဖောက်ညီဖို့
ကံကြမ္မာ မလိုလောက်ဘူး။
ဓာတ်ခဲရှိနေတဲ့ ရီမုကိုပဲ
ထိန်းသိမ်းထားဖို့ လိုလိမ့်မယ်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com







(၈)

ဒီနေ့က သူတို့ရဲ့ Super Sunday ဖြစ်တာမို့ အိမ်သူ့ရဲ့ အကုန်ရဲ့ Holiday ပဲဖြစ်သည်။ ရှီးမာန်က ခြံထဲဆင်းကာ ဆင်တွေ ရေလောင်းနေလိုက်သည်။ ပြောရမယ်ဆို ... ဒီ "ထိဘာဏ်" စံအိမ်ကြီးဟာ သူ့အတွက်တော့ ကျေးဇူးတရားတွေ နေရာ နေရာလို့ပဲ ဆိုရပေမည်။ သူ့အဖေက ဘိုဘိုး ဦးမဏိ ဘာဏ်ရဲ့ကုမ္ပဏီမှာ အလုပ်လုပ်တဲ့ သာမန်စာရေးလေးတစ်ယောက် ဖြစ်သည်။ ဘိုးဘိုးဆီမှာ အလုပ်လုပ်ရင်း မတော်တဆ ထိခိုက်မှု ကြောင့် ဆုံးသွားပြီးနောက်ပိုင်းမှာ ဘိုးဘိုးကပဲ ကျန်နေခဲ့တဲ့ သူ့အမေမေ့ကို ကြည့်ရှုစောင့်ရှောက်ပေးခဲ့ပြီး ငွေကြေးထောက်ပံ့ ပေးတာဟာ သူ ဒီအရွယ်ရောက်လာသည်အထိပဲ ဖြစ်သည်။

အခုချိန်မှာတော့ သူဟာ ဘိုးဘိုးရဲ့မြောက်စားမှု ကြောင့်ပင် ဒီ "မဏိဘာဏ်" စံအိမ်ရဲ့ မိသားစုဝင်တစ်ယောက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သလို သူချစ်တဲ့ မိန်းကလေးကိုလည်း လက်ထပ်ခွင့်ရခဲ့တာ... ဖြစ်သည်။ ဘိုးဘိုးရဲ့ကျေးဇူးတွေက သူ့အပေါ် များလှတာကြောင့်... သူဟာ ဘိုးဘိုးရဲ့ တစ်ခုတည်းသောဆန္ဒဖြစ်သည့် ဒီမိသားစုရေ... ပြန်လည်သင့်မြတ်ဖို့ကိုလည်း အထူးမျှော်လင့်ထားသူဖြစ်၏။

ရီးမာန်က ဘိုးဘိုး အကြောင်း တွေးနေရင်း အပင်... တွေ ရေလောင်းနေတုန်း ခြံထဲဝင်လာတဲ့ကားကို လှမ်းကြည့်... လိုက်လျှင်တော့ အန်တီနုရဲ့ကား ဖြစ်သည်။ ရီးမာန်က အပင်ရေ... လောင်းနေရင်းက အသာကဲကြည့်မိလျှင် ဘွားတော်က ကားပေါ်... ကနေ ဆင်းလာတာက လက်ထဲမှာလည်း အထုပ်တွေအပိုးတွေ... များစွာနှင့်ဖြစ်သည်။ ဟား ... ဒါ ခွင့်ပဲ။

ယုရာနှင့် မုဒြာ ပြန်အဆင်ပြေဖို့ဆိုတာ သူမတို့... ရဲ့ ခေါင်းကိုင်မိခင်တွေပေါ် မူတည်တယ်ဆိုတဲ့ ဘိုးဘိုး ပြော... စကားကို နားထဲ ပြန်ကြားမိကာ ခေါင်းထဲမှာလည်း ချက်ချင်းတို... idea က ထွက်လို့လာတာမို့ ရီးမာန်က ရေပိုက်ချကာ အန်တီနု... ဆီ အပြေးသွားလိုက်၏။

“ဟာ ... အန်တီနု အထုပ်တွေ များလှချည်လား။ ဘယ်... က ဈေးဝယ်ပြီး ပြန်လာတာလဲ။ ကျွန်တော် ကူသယ်ပေး... မယ်လေ”





သူ့ရဲ့နှုတ်ဆက်စကားကြောင့် အန်တီနု(ယုရာရဲ့ ...မေ)ဟာ သူ့ကို ဘုကြည့် ပြန်ကြည့်တာမို့ သူက အပြုံးတစ်ခု ...ပြန်တဲ့ပြန်ကာ အိတ်တွေကို ကားထဲက လှမ်းယူလိုက်လျှင် ဘွား ...တော်က လှမ်းဟန့်လိုက်ကာ ...

“ဟေ့ ... ဘာလုပ်တာလဲ”

“ခင်ဗျာ ... ကျွန်တော် ကူသယ်ပေးတာလေ အန်တီနု”

“ငါက မင်းယောက္ခမမှ မဟုတ်တာ။ မလိုဘူး ... ရတယ်”

ရီးမာန်က ဘွားတော်ရဲ့ မာန်တွေ ဟန်တွေဖြင့် ...ပြောသော ခပ်ထန်ထန် စကားအတွက် အပြုံးဖြင့်သာ ပြန်လည် ...ပြန်ကာ ...

“ကျွန်တော်တို့တွေက တစ်အိမ်တည်း အတူနေကြတဲ့ မိသားစုဝင်တွေပဲဟာ။ အထူးတလည် ခွဲခြားနေဖို့ မလိုပါဘူး။ ကျွန်တော် သယ်ပေးလို့ ဘာမှအပန်းမကြီးပါဘူး ခင်ဗျ။ ကျွန်တော် ကူသယ်ပေးပါ့မယ်”

“မင်း သိပ်ကူညီပေးချင် မင်းယောက္ခမ သန္တာချိုကို အကူအညီပေးလိုက်။ ဟဲ့ ... မောင်ဝင်း ... နှင်က ဘာလုပ်နေတာလဲ။ ကားမောင်းပေးတာနဲ့ တာဝန်ကျေပြီ ထင်နေလား။ ပစ္စည်းတွေသယ်ပြီး အိမ်ထဲပို့လိုက်”



www.burmeseclassic.com

www.burmeseclassic.com



ဘွားတော်ဟာ သူ့ကို အပြတ်ပြောကာ သူ ခပ်ဆတ်ဆတ် ဒေါသတွေကို ကားဒရိုင်ဘာ မောင်ဝင်းဆီပို့ အာဏာပြလိုက်ရင်း သူ့ကို ရှုတည်တည်ကြည့်ကာ အိမ်ထဲ သွားလေ၏။ ရီးမာန်က ခေါင်းအသာယမ်းကာ အပြုံးတစ်ချ ကျန်နေခဲ့တော့သည်။

အင်း ... တကယ့်ကိုမှ တကယ် အဘိုးပြောသ စည်းလုံးမှုမရှိတာပဲ။ ဘိုးဘိုး တစ်ယောက်ရဲ့ ရှေ့မှာသာ အား ဟာ ငြိမ်နေတယ်ဆိုတာတော့ တကယ်ပဲဖြစ်၏။ ဘိုးဘိုးဖြစ် ချင်သလို အားလုံးဟာ မိသားစုဆိုတဲ့ စိတ်ဓာတ်ကောင်းယေ ဖို့ သူ ဘယ်လိုလုပ်နိုင်ပါ့မလဲ။

"မောင်ရီးမာန်"

သူ့နာမည် ခေါ်လိုက်သံကြောင့် ရီးမာန်က လှ ကြည့်လိုက်လျှင် ဒီတစ်ခါကတော့ သူ အမုန်းအကန်းမှ အ အနက်ထားရမည့် သူ့ချစ်ဇနီးချောရဲ့ မာတာမိခင်ကြီးပဲ ဖြစ်သည် ရီးမာန်က နဂိုတက် sweet ပိုဖြစ်တဲ့ မျက်နှာကို ချိုးထားသေ ဘွားတော်ကတော့ ခပ်တင်းတင်းပဲ ဖြစ်သည်။

"အမေ ... ဘာခိုင်းမလို့လဲဟင်"

"မင်း အဲဒီမှာ နုနုအေးနဲ့ ဘာတွေပြောနေကြတာလဲ မင်းက ဒီအိမ်မှာ ဘာလဲ။ နုနုအေးရဲ့အလုပ်သမားလား"





ဒေါ်သန္တာချို တစ်ယောက် ခုနက အဖြစ်အပျက်ကို မြင်ကာ အကြီးကြီးတွေတင်းကာ သူ့ကိုကောပြီဖြစ်သည်။ ရီးမာန် က အဲဒီအတွက် အလျင်အမြန်ပဲ ဖြေရှင်းချက်ပေးလိုက်ရသည်။

"အန်တီနုက သူ့တစ်ယောက်တည်း ပစ္စည်းထုပ်တွေနဲ့ မနိုင်မနင်း ဖြစ်နေတဲ့ အခါကျတော့ ကူသယ်ပေးတဲ့ သဘောပါ။ ကျွန်တော်တို့က မိသားစုဝင်တွေဆိုတော့ အမြင်မတော်တာ ကူညီပေးတဲ့ သဘောပါ"

"အမယ်လေး ... တကယ့်မေတ္တာဝါဒီသမားနဲ့မှ လာတွေ့ နေရတယ်လို့။ ဒီမှာ ... မင်းကို မုဒြာက မှာမထားဘူး လား"

"မမှာထားဘူး ခင်ဗျ"

သူက တမင်ကို ပြောလိုက်လျှင် ဘွားတော်ဟာ ဒေါ်စိတ်တိုရကာ သူ့ကို အကြီးကြီးတွေတင်းကာ အပြတ်တွေကော တော့တာဖြစ်သည်။

"အေး ... တစ်ခါတည်း မှတ်ထား။ မုဒြာရဲ့ပြိုင်ဘက်က ယုရာပဲ။ မင်းက ယုရာရဲ့အမေ နုနုအေးကို ဘာမှကူညီ ပေးနေစရာ မလိုဘူး။ သူတို့မိသားစုနဲ့ မင်း ခပ်တည်တည် ခပ်ကင်းကင်း နေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ ..."

"ဒါဟာ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် ဖြစ်ပါစေ ရီးမာန်။ ငါ သိပ်မပြောချင်ဘူး"

ဟား ... မလွယ်ပါလားကွာ။ တကယ့်ကိုပဲ ကင်းကင်းရှင်းရှင်းနေဖို့ အပြတ်ကြိမ်းသွားကာ အိမ်ထဲဝင်သွားလေသည်။ ရီးမာန်က မစည်းလုံးလေတဲ့ အဲဒီပုံစံတွေကို တဖြည်းဖြည်း စတင်သိလာပြီဖြစ်ရာ တော်တော်ကြိုးစားရမယ့် ...အတွက် လေပူတစ်ချက်သာ ဟူးခနဲ မှုတ်ထုတ်လိုက်မိသည်။

♣ ♣ ♣





သူတို့ရဲ့ ညနေထမင်းကို မိသားစုစုံညီညီ စားပြီးသွားတဲ့ အခါတွင်တော့ ဘိုးဘိုးက အားလုံးထက် အရင် ထမင်းဝိုင်းက ဦးအောင်ထလိုက်ပြီး ရီးမာန်ကို ခေါ်လေသည်။

"ရီးလေး ... စားပြီးသွားပြီဆို ဘိုးဘိုး အလုပ်ခန်းထဲ လာခဲ့ဦး။ သြော် ... ဗိုက်ဆာတွေ မီးခံသေတ္တာထဲ ထည့်ပြီးပြီလား"

"ဟုတ်ကဲ့ ... ဘိုးဘိုး။ ထည့်ပြီးသွားပါပြီ"

"အေး ... အေး ... ပြီးရင် အလုပ်ခန်းထဲ လိုက်ခဲ့နော်"

ထမင်းစားခန်းကနေ ဘိုးဘိုးက ထွက်သွားပြီးလျှင် ...အကြာမှာ ရီးမာန်ကလည်း ဘိုးဘိုးရဲ့အလုပ်ခန်းဆီသွားပြီ ...။ အားလုံး ကိုယ်စီ ကိုယ်စီ ဒိုင်းနင်းရှမ်းက ထွက်သွားတဲ့ ...မှ နုနုအေးက ယုရာကို လှမ်းပြောရသည်။

"ယုရာ ... နေဦး ... ညည်းကို ပြောစရာရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... မေမေ"

"ဒီမှာ မပြောဘူး။ ငါ့အခန်းထဲ လိုက်လာခဲ့"

မေမေက မျက်နှာကြော ခပ်တင်းတင်းဖြင့် ပြော ကာ ထထွက်သွားတာမို့ ယုရာက နည်းနည်းတော့ အတွေးပွား မိသွားသည်။ ကိုကြီးကို ထားခဲ့လိုက်ရင်းက မေမေ့နောက်လိုက် လာခဲ့ရင်တော့ မေမေက စပြီးသော့တော့တာ ဖြစ်သည်။

"ယုရာ ... ခုနက ညည်းအဘိုး ပြောတာကို ကြားတယ် မှလား"

"ဟုတ် ... ကြားတယ်လေ"

"ဟဲ့ ... ကြားရင် ကြားတဲ့နေရာမှာတင် ရပ်ပစ်လိုက်လို့ မရဲဘူး။ ညည်းအဘိုးက ကုမ္ပဏီအတွက် အနာဂတ်ရဲ့ CEO နေရာကို ရိုးမာန်ကိုတောင် မြင်ထားပြီလား မသိ ဘူးနော်။ အဲဒီကောင်လေးက ကုမ္ပဏီမှာလည်း authority အပြည့် ရထားတဲ့သူနော်"

"မေမေရယ် ... သူက နဂိုကတည်းက ဘိုးဘိုးကုမ္ပဏီမှာ အလုပ်လုပ်တဲ့သူပဲဟာ။ Authority ရှိတယ်ဆိုတာကလည်း သူက မြေးသမက်တောင် ဖြစ်နေပြီဆိုတော့ ဒီလောက်ထ တော့ ရှိမှာပေါ့"





"ဟဲ့ ... အံ့ပါရဲ့အေ။ အဲဒါကို ညည်းက ဘာမှမဖြစ်ဘူး လား။ မိယုရာ ... ညည်း နားထင်လေး ဘာလေး သုံးဦး နော်"

ယုရာက စိတ်ပူတတ်ရန်သော မေမေ့ကို သဘော တကျဖြင့် ပြုံးကြည့်မိသွားလေသည်။ တကယ်ဆို မေမေ စိုးရိမ် မှုတွေ များနေတာပါ။ ဘိုးဘိုး သဘောတူလို့သာ ကိုကြီးနဲ့ယုရာ တို့စွကို မေမေ လက်ခံလိုက်ရပေမယ့် စိတ်တိုင်းကျတော့ မဖြစ် ဘူးဆိုတာ ယုရာ သိသည်။

"မေမေရယ် ... ဘာမှမပူပါနဲ့။ တကယ်တမ်း သေချာ စဉ်းစားကြည့်ရင် ယုရာတို့က အပေါ်စီးကနေတောင် ချေ လို့ရနေပါတယ်။ မုဒြာယောက်ျားက ဘိုးဘိုးကုမ္ပဏီမှာ လုပ်နေရတဲ့သူလေ၊ ယုရာယောက်ျားက ကိုယ်ပိုင်လုပ်ငန်း နဲ့ တကယ့်စီးပွားရေးလုပ်ငန်းရှင်ကြီးလေ။ ဘိုးဘိုးပေးတဲ့ လခကို မုဒြာကို ပြန်အပ်ပြီးတော့ မုဒြာက ပြန်သုံး၊ ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်တဲ့အဖြစ်ကို အဲဒီ မုဒြာမ ရှက်တတ်ရင် လဲသေလို့တောင် ရတယ်"

"အမယ်လေး ... အပြောကတော့ ဟုတ်နေတာပဲ။ ဒါပေမဲ့ အဲဒါက တစ်ခဏအမြင်။ တကယ်တမ်း ကြီးပွားသွားရင်



www.burmeseclassic.com

www.burmeseclassic.com



မုဒြာတို့ကဲ။ ကုမ္ပဏီကိစ္စ အားလုံးသိနေပြီ ဆိုကတည်းက အားလုံးကို လက်ဝါးကြီးအုပ်သွားနိုင်တယ်ဆိုတာ ညည်း သဘောပေါက်။ ကိုယ့်ယောကျ်ားကိုယ် ချီးမွမ်းခန်းတွေ သိပ်ဖွင့်မနေစမ်းနဲ့။ နင့်ယောကျ်ားကို ငါတစ်စက်မှကြည့် ရတာ မဟုတ်ဘူး။ ပြောတော့သာ သူဌေး။ ပုံစံက ပေတီ ပေစုတ်နဲ့ တစ်ပြားက နှစ်ပြား စိကုပ်နေတာ”

မေမေက ကိုကြီးကို အစကတည်းက ကြည့်မရ တာမို့ အမြင်ကတ်ပုဒ်မတွေဖြင့် အပြစ်တွေ ပြောနေတာကြောင့် ယုရာမှာ ကိုယ့်လူဘက်က ကိုယ်လိုက်ကာ ဖာထေးဖြတ်ဆက် တွေက လုပ်ရတော့သည်။

“ဟို ... ကိုကြီးက စိကုပ်တာတော့ မဟုတ်ပါဘူး မေမေ ရယ်။ သူက ခပ်ရိုးရိုး အေးအေး နေတတ်လို့ပါ။ အဲဒီ တော့လည်း သမီးအတွက် income တွေ ပိုတိုးတာပေါ့ မေမေရယ် ဟုတ်ဖူးလား”

“တော်စမ်းပါ ... ရှမ်းကြိုက်တော့လည်း နွားချောပေါ့။ ငါ့မှာ ညည်းယူတဲ့ယောကျ်ား အသက်ကြီးကြီးကို ဒါ့ပြ သမက်လို့မိတ်ဆက်ပေးရမှာ စိတ်ညစ်လွန်းလို့”

“မေမေကလည်း”





ယုရာက မေမေ ကြည့်မရ သဘောမတူနိုင်တဲ့ သူကိုမှ ချစ်မိလေတဲ့ ကိုယ့်အဖြစ်ကိုယ်တော့ တဆိတ် အံ့ဩမိ လေသည်။ တကယ်ကို ယုရာဟာ တကယ်မှ တကယ့်ကို ကိုကြီး ဘက်က ကာကွယ်ပေးမိနေတာကလည်း ချစ်တဲ့စိတ်ကြောင့်ပဲ ဖြစ်ပါလိမ့်မည်။

“တော်ပြီအေ ... ပြင်လို့မရတာတွေကို ငါ လေအကုန်ခံ ပြီး ပြောမနေဘူး။ အရေးကြီးတာက ညည်းတို့အမွေရမယ့် အချိန်မှာ ကိုယ့်အတွက် ပိုရနေဖို့ပဲလိုတယ်။ သွားတော့”

ယုရာက ခေါင်းအသာဆတ်ပြကာ မေမေ့အခန်းထဲ မှ ထွက်လာခဲ့သည်။ အမြဲယှဉ်ပြိုင်မှုတွေ ကြားမှာပဲ ကြီးပြင်းလာ ခဲ့သော ယုရာထွက်ကတော့ မေမေ ပုံစံသွင်းပေးထားသလို အရာ ရာ ဟိုမီသားစုထက် သာမှဖြစ်မယ်ဆိုတဲ့ mood တွေနဲ့ပဲ ဆက် လျှောက်ရမှာဖြစ်၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



(၉)

"ချစ်လေးကို surprise တစ်ခု လုပ်စရာရှိတယ်။ မျက်စိမှိတ်"

ကိုကြီးရဲ့စကားအဆန်းကြောင့် ယုရာက မယုံသလို ကြည့်လိုက်လျှင် ယုရာရဲ့အကြည့်ကို ဖတ်တတ်နေပြီးသော ကိုကြီးက ယုရာကို အရင်ထိုင်စေပြီးမှ ...

"သြော် ... ကိုယ် တကယ်ပြောတာ။ မနောက်ဘူး။ ချစ်လေး ... မျက်စိလေး ခဏမှိတ်လိုက်"

"ဘာလဲ ..."

"surprise ပါဆိုကွာ။ ကဲပါ ... မျက်စိလေးသာ မှိတ်ထား"

ဒီကနေ့မှ အထူးအဆန်းတွေ ချိုသာပြလေသော ကိုကြီးရဲ့ပုံစံကို ယုရာက အဆန်းတကြယ် ဖြစ်ရစွာ အကဲခတ် ရင်းကမှ သူကျေနပ်အောင် မျက်စိအသာမှိတ်လိုက် ...ည်။ စိတ်





...မှာလည်း အဲဒီ ဆပ်(ပ်)ရိုက်စ် ဆိုတာက ဘာကြီးပါလိမ့်ဆို ...ပြီး စိတ်ဝင်စားမိနေတာပဲ ဖြစ်၏။

"ကဲ ... မျက်လုံးဖွင့်ကြည့်လို့ ရပါပြီဗျာ။ ဟပ်ချလောင်း"

ယုရာက မျက်လုံးပြန်အဖွင့်မှာတော့ ယုရာရဲ့မျက်စိ ...မှာ မြင်လိုက်ရတာဟာ ကတ္တီပါဘူးထဲကနေ ယုရာကို ပြုံးပြ ...ည့်အလား ဖျပ်ဖျပ်လက်နေတဲ့ စိန်နားဆွဲပဲဖြစ်၏။ လက်ရာ ...ဒီဇိုင်းက အရမ်းကို လှပခေတ်မီကာ ဖန်စီကျတာမို့ ယုရာက ...တသင့် ဖြစ်ရသလို ချက်ချင်းဆိုသလိုပဲ ခေါင်းထဲအတွေးက ...သာ၏။

"ဘယ်လိုလဲ။ ကြိုက်လား ချစ်လေး"

"အင်း ... ဒါ ... ဖန်စီလား"

"ဟာ ... ကွာ။ ချစ်လေးကတော့ လုပ်တော့မယ်။ အတုလား အစစ်လားတောင် မခွဲတတ်တော့ဘူးလား။ မင်းယောက်ျားက သူဌေးပါကွာ။ ဒီလောက်ကတော့ လုပ်ပေးနိုင်ပါတယ်။ ချစ်လေးအတွက် စိန်နားကပ် လုပ်ပေးချင်နေတာ ကြာလှပြီ။ ...နားဆွဲလေးကို တွေ့လိုက်တာနဲ့ ချစ်လေးအတွက်ဆိုပြီး ပြေးမြင်မိလို့ ကိုယ့်မိတ်ဆွေဆိုင်ကနေ ...တစ်ခါတည်း ယူလာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ...။ ယုရာက တကယ့်ကိုမှ တအံ့တသြ ဖြစ်ရကာ အံ့အားတသင့်နှင့် အဲဒီနားဆွဲလေးကို ယူကြည့်မိသည်။ အင်မတန်မှ ရိုးရှင်းစွာ တစ်လုံးတည်း စိန်ပွင့်ရဲ့အောက်မှာ အခက်အနွယ်ကျနေသော အပွင့်နားဆွဲဒီဇိုင်းပဲ ဖြစ်။ မြင်လိုက် တာနဲ့ကို အရည်သန့်သောစိန်မှန်း သိသာစေပေမယ့် ယုရာမှာ ယုံဖို့မရဲချေ။ ကားအကောင်းစားစီးပြီး အဲကွန်းဖွင့်ရင် ဆီပိုကုန် မှာစိုးတော်မူသည်အထိ ကပ်စေးနဲတတ်တဲ့ ကိုကြီးက ဒီလောက် ကြီး လက်ဆောင်ပေးတယ်။

"ဟော့ ... ကောင်မလေး မကြိုက်ဘူးလား။ ဒါ တကယ့် အကောင်းစားနော်။ ငါးမူးကိုက်ပန်းနွယ်နားစွဲ။ တစ်ဖက် ကို ငါးမူးအပြည့်ရှိတဲ့ H colour စိန်နော်။ G Certificate လည်း ပါတယ်"

"ဒါ ... တကယ် ယုရာဖို့"

ယုရာက မယုံရဲစွာမေးလျှင် ကိုကြီးက ယုရာ နား လေးကို အသာထုရင်း ...

"တကယ်ပါဗျာ။ ချစ်လေးက မယုံဘူးလား။ ကိုယ်အသုံး အစွဲချွေတာတယ် ဆိုပေမယ့် ကိုယ့်မိန်းမကို သိန်းလေး ဆယ်တန် နားကပ်ဝယ်ပေးဖို့တော့ မေတ္တာရှိပါတယ် ကိုကြီးက ယုရာလေးကို ချစ်တာကိုး"





"အား ... ကျေနပ်တယ်"

ယုရာက ရင်ထဲမှာ ကြည်နူးပီတိဖြစ်လွန်းစွာဖြင့် ကိုကြီးကို ပွေ့ဖက်ပစ်လိုက်တော့သည်။ ပျော်လိုက်တာမှ အရမ်း ပဲ။ ကိုကြီးက ယုရာကို အဲဒီလောက်အထိကို ချစ်တယ်မှန်းသိပေ မယ့် အခုလို စကားလုံးတွေ ချွေပြတာကြောင့် ကြွေကျရအောင် ယုရာက ရင်ခုန်ရလေသည်။

"နားစွဲလေးက တအားလှတာပ။ ယုရာ အရမ်းကြိုက်တယ်။ ပြီးတော့ ကိုကြီးကိုလည်း ပိုပြီးချစ်သွားပြီ"

ယုရာက ကိုကြီးကို ဆီးဖက်ထားရင် ကလေးတစ် ယောက်လို တတွတ်တွတ် ပြောနေရင်းကမှ ခေါင်းထဲမှာ ဖြုန်း ဆို အတွေးရောက်လာတာဟာ မုဒြာကိုပဲ ဖြစ်သည်။ ဟုတ်တာ ပေါ့။ ယုရာက ကိုကြီးဖက်ထားရာကနေ လူချင်းဖယ်ခွာ၍ ဝုန်း ခနဲထရပ်လျှင် ကိုကြီးက အံ့အားတသင့်ဖြစ်ကာ ...

"ချစ်လေး ... ဘာဖြစ်လို့လဲ"

"ကိုယ့်ယောက်ျားပေးတဲ့ စိန်နားကပ်ကို အားလုံးသိအောင် ကြေညာရမယ်လေ။ လာ ... ကိုကြီးပါ လိုက်ခဲ့"

"အာ ... မလိုက်ချင်ပါဘူး။ ကြွားတယ် ဖြစ်မှာပေါ့။ ဘာ လို့ အားလုံးသိအောင် ပြောဖို့လိုလို့လဲ ချစ်လေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အို ... ကိုကြီး ဘာသိလို့လဲ။ ဟွန်း ... ဘိုးဘိုးဆီမှာ အလုပ်သမား ဝင်လုပ်နေတဲ့သူရဲ့မိန်းမ သိမှ သူ့ကိုယ်သူ သဘောပေါက်မှာပေါ့။ မလိုက်လဲနေ ... အောက်ထပ်မှာ သင်းတို့ကို သွားကြွားရမယ်"

"ဟော့ ... ချစ်လေး"

ယုရာကတော့ ဘာမှကို မကြားနိုင်စွာ ဝုန်းခနဲ ပြေးထွက်သွားကာ ကိုကြီးရဲ့ချစ်သက်လက်ဆောင် သိန်းလေးဆယ်တန် စိန်နားဆွဲကြီးနဲ့ ချေချင်စိတ်သာ အထူးစိုးမိုးနေပေ၏။

✤ ✤ ✤





မုဒြာက စုန်းဒိုင်းကြီးပြီး လှေကားကနေ ပြေးဆင်းသာတဲ့ ခြေသံကို ကြားကတည်းက အဲဒါဟာ ယုရာမ ဆိုတာ အော်တို သဘောပေါက်ရကာ မျက်နှာမဲ့မိသွားသည်။

"ဟဲ့ ... မုဒြာ ... နင် ဘာလုပ်နေတာလဲ"

ယုရာက အခုမှ စိတ်ဝင်တစား လာမေးတယ် ဆိုမှတော့ အကြောင်းရှိတယ်ဆိုတာ မုဒြာ သဘောပေါက်ကာ တမင်ပဲ မျက်လုံးကို laptop screen တွေက မလွှဲဘဲ ချေချေလေးဘဲ ပြန်ဖြေလိုက်လေသည်။

"ကို့ e-mail တွေ စစ်ပေးနေရတာ။ ဒီတလော ငွေလွှဲတွေများနေတော့ သေချာ check-in ပြန်လိုက်ပေးနေရတာလေ"

"ဟင် ... ဟုတ်လား။ ဘိုးဘိုးဆီကဒါဆို မုန့်ဖိုးများများ တောင်းလို့ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ယုရာ ဘာကို ဆိုလိုလိုက်တယ်ဆိုတာ တန်းခဲ… သဘောပေါက်ရကာ မုဒြာက ပြန်ပက်မယ် ပါးစပ်အပြင်မှာ ယုရာက မုဒြာ ပြောချိန်တောင် မရလိုက်ဘဲ စကားပြန်ဆက်လေ… သည်။

"ဪ … ဒါနဲ့ ဒီမှာလေ … ကြည့်ပါဦး။ ဒါ နင်လိုချ… တယ်ဆိုတဲ့ နားစွဲဒီဇိုင်းမျိုးလား။ ဒါ ကိုကြီးက ငါ့အတွ… ချစ်သက်လက်ဆောင် ပေးတာလေ။ သိန်းလေးဆယ်… လောက်ပဲ ရှိတာပါ။ ငါ့ကို အရမ်းချစ်ကြောင်း ဒီလော… လေးနဲ့ နည်းနည်းသက်သေပြလိုက်တဲ့ သဘောပေါ့ဟယ်… ဘယ့်နှယ်လဲ … လှရဲ့လား"

အဲဒါဟာ တမင်တကာကို မုဒြာ နားရွက်… တံတွေးလာဆွတ်တာပဲဖြစ်သည်။ ပေါ်တင်ကြီးကို စကားအဆ… အစပ် မရှိပါဘဲ လာကြွားတာမို့ မုဒြာက အသည်းတယားယား… ရှိကာ ဒေါကန်ရတာပဲဖြစ်၏။ အဲဒါကြောင့်ပဲ စမင်ကတ်ပုဒ်… ဖြင့် ခွဲချပလိုက်သည်။

"မဆိုးပါဘူး။ ဦးရွှေဘုန်းတက်က မစားရက် မသော… ရက်တွေစုပြီး နင့်ကို ဝယ်ပေးထားတဲ့ပုံပဲ။ နင် တော်လေ… ပူဆာလိုက်ရတာလား"



"ဟဲ့ … ဒီမှာ နင် ဘာမှ ၂ ဝင်ပြီး လာမပြောနေနဲ့။ ကိုကြီးက ငါ့အတွက် တမင်တကာကို ဝယ်ပေးတဲ့လက်ဆောင်။ ပြီးတော့ ဘာကို မစားရက် မသောက်ရက် စုရမှာလဲ။ ကိုကြီးက လုပ်ငန်းရှင်သူဌေး။ ငွေကို ရေလိုပေါပေါ သုံးနိုင်တဲ့သူ။ လခစားဝန်ထမ်းမျိုး မဟုတ်ဘူး"

ဒီတစ်ခါကတော့ ဘယ်လိုမှ သည်းညည်းမခံနိုင် သောက်အောင်ကို ယုရာဘက်က တအားလွန်သွားပြီဖြစ်သည်။ ယုရာ စကားအဆုံးမှာ အပူရှိန်လို တရှိန်းရှိန်း ထိုးတက်လာတဲ့ ဒေါသကြောင့် ဝုန်းခနဲ ထရပ်သလို ပါးစပ်ကလည်း အရှိန်မ သတ်နိုင်ဘဲ ကက်ကက်တွေ လန်ချမိလိုက်တော့သည်။

"ဟဲ့ … ယုရာ … ဘာမှ နင် အပိုတွေ လာပြောမနေနဲ့။ သိန်းလေးဆယ်တန် နားကပ်ရတာလောက်ကို လာလေ ကျယ်ပြမနေနဲ့။ နင့်အဘိုး ပိုင်ဆိုင်တဲ့ စည်းစိမ်နဲ့ယှဉ်ရင် နင်ယူထားတဲ့ အဘိုးကြီး ထောတယ်ဆိုတာ အိပ်နေ သလောက်ပဲ ရှိတယ်။ သူများကို ဝေဖန်နေတာထက် ကိုယ်ယူထားတဲ့သူက ကိုယ်နဲ့လိုက်ဖက်မှုကော ရှိရဲ့လား ဆိုတာ အရင်စဉ်းစားလိုက်ဦး"

"ဘာ … ဒီမှာ … နင်လည်း ငါ့ကို ဘာမှလာမဝေဖန်စေ [illegible] ပါနဲ့။ ငါတို့က ကိုယ့်အရည်အချင်းနဲ့ ကိုယ်ချစ်တဲ့သူကို

www.burmeseclassic.com



ရွေးယူတာ။ အဘိုးကြီး … အဘိုးကြီး ပြောရအောင် ငါ့ယောကျ်ားက ဘယ်နေရာတွေမှာများ ဂျူးဂျူးကျနေတာ နှင် မြင်ဖူးနေလို့လဲ”

“ဉာဏ်ယုရာ … နှင် စကားပြောတာ အောက်တန်းမကျနဲ့”

“အို … ဒါကတော့ ကိုယ့်စိတ်နဲ့ နှိုင်းတာပဲလေ။ အံ့ဩပါရဲ့ဟယ်။ ကိုယ့်ယောကျ်ား စိန်နားကပ် ဝယ်ပေးလို့ ဝယ်ပေးတယ် ပြောမိတာလေးကို သက်သက် မနာလိုဖြစ်ပြီး ကက်ကက်တွေ လန်ရတယ်လို့”

“ဟဲ့ … ဘာကို မနာလို ဖြစ်ရမှာလဲ။ နှင့်စကားကိုပြင်ပြော။ မနာလိုဖြစ်ရအောင် ဒီလိုပစ္စည်းမျိုး မဝတ်ဖူး မထိတွေ့ဖူးတဲ့သူတွေ မဟုတ်ဘူး။ ငါ့ဘာသာငါ ဒီမှာ အေးအေးဆေးဆေး အလုပ်လုပ်နေတာ။ နှင် လာကြွားတာလေ။ လင် မာန်တက်ပြီး အဆင့်မရှိ ဘဝင်တွေလေဟပ်နေတာက နှင်”

“ဟဲ့ … တက်ရမှာပေါ့။ ကိုကြီးက လုပ်ငန်းရှင်။ နှင့်ယောကျ်ားလို အဘိုးဆီမှာ လခစားဝင်လုပ်ပြီး ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်နေတဲ့သူ မဟုတ်ဘူး”





ယုရာရဲ့စကားတွေဟာ အဆုံးစွန်အထိ လွန်ကုန်ပြီဖြစ်သည်။ မုဩာ အနေနဲ့ လုံးဝသည်းမခံနိုင်တော့စွာ အဲဒီလိုယုဉ်ညည်းပြောနေတဲ့ ယုရာကို ကုတ်ဖွဲ့ဆွဲပစ်လိုက်ချင်တဲ့ စိတ်တွေဖြင့် ရှုအတိုးမှာ မုဩာကို လှမ်းတားကာ အသည်းအသန် ဝင်တားတာပဲဖြစ်သည်။

“ဟား … မလုပ် … မလုပ်ပါနဲ့။ စိတ်လျှော့ပါ”

“ကိုကြီး … လွှတ်ပေးလိုက်စမ်းပါ။ အမယ်လေး … ရိုင်းလိုက်တာ ရိုင်းလိုက်တာ။ သူ့ထက် အကြီးကိုများ သင့်က ခံသတ်ချင်ရတယ်လို့”

“ဟား … ဟား … မလုပ်ကြနဲ့လေ။ ရိုးမာန် … ရိုးမာန်… ဟ … လာကြပါဦးဗျာ”

ရွှေဘုန်းရဲ့ အသည်းအသန်တွေ လှမ်းအော်ခေါ်တဲ့အသံကြောင့် အပေါ်ထပ်က ရိုးမာန်က အလျင်အမြန် ပြေးလာတာ သူကလည်း သူ့လူသူဆွဲ ကိုယ်ကလည်း ကိုယ့်လူကိုယ်ဆွဲနှင့် ဝရုန်းသုန်းပါးတွေ ဖြစ်နေကြချိန်မှာ ဘိုးဘိုး ရောက်လာကာ ရှင်ထိန်းတော့မှ အားလုံးက ငြိမ်သွားတော့သည်။

“ဟော … တိတ်ကြစမ်း။ ဒါ ဘာဖြစ်နေကြတာလဲ။ ဒါ ငါးစိမ်းတန်း မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုး"

ယုရာနှင့် မုဒြာက ဘိုးဘိုးကို ဦးအောင်တိုင်ရို့အတွက် အပြိုင်အဆိုင်ကို ဘိုးဘိုးဆီ တိုင်တန်းကြလျှင် ဘိုးဘိုးက လက်အသာ ကာတားလိုက်ရင်း ...

"တော်ကြ။ တစ်ယောက်မှ ငါ့ကို မပြောကြနဲ့။ ဟား _ တော်တော် စိတ်ပျက်စရာ ကောင်းတာပဲ။ ဘယ်မှာလဲ နင်တို့အမေတွေ။ ခေါ် ... အခုခေါ် ... ဒီကိစ္စကို ရှင်းရမယ်"

"ဘိုးဘိုး ... အန်တီနှစ်ယောက်စလုံး အိမ်မှာမရှိပါဘူး"

"ဟား ... ကောင်းရောကွာ။ မြေးလုပ်တဲ့သူတွေကလည်း ရန်ဖြစ်နေကြတယ်။ နင်တို့ ဘယ်လိုဟာတွေလဲ"

ဘိုးဘိုးက အိမ်ကကောင်မလေး စကားအကြားမှာ ပိုလို့တောင်မှ ဒေါသထွက်ရကာ စိတ်ပျက်ရတာမို့ ယုရာရော မုဒြာပါ မျက်နှာငယ်လေးတွေ ဖြစ်သွားကြသော်လည်း တစ်ယောက်ကိုတစ်ယောက် ဆောင်နေကြတဲ့ မျက်လုံးတွေဖြင့် ကြည့်နေကြတာဖြစ်သည်။

"စိတ်မဆိုးပါနဲ့ အန်ကယ်။ ကျွန်တော် ယုရာကို ပြောထားပါ့မယ်။ အခု ဖြစ်တာကလည်း သူတို့ညီအစ်မချင်း အခန့်မသင့်လို့ ကတောက်ကဆ ဖြစ်ကြတာပါ"





"ဟုတ်ပါတယ် ဘိုးဘိုးရယ်။ စိတ်မဆိုးပါနဲ့နော်"

ရွှေဘုန်းကော ရိုးမာန်ပါ ကာပြောပေးလျှင်တော့ ဘိုးဘိုးက ယုရာနှင့် မုဒြာကို ရှုတည်တည် ကြည့်နေရာကနေ သူတို့နှစ်ယောက်ကို ဘုကြည့် ပြန်ကြည့်ကြရင်း ...

"မင်းတို့နှစ်ယောက်ကို ငါ စကားပြောချင်တယ်။ ငါ့စာကြည့်ခန်းထဲကို လိုက်ခဲ့ကြ။ ယုရာနဲ့ မုဒြာ ဒီလိုပုံစံမျိုး ဒါ နောက်ဆုံးပဲ ဖြစ်ပါစေ။ နောက်တစ်ခါဆိုလို့ကတော့ နင်တို့ကို ငါ တစ်ခါတည်း အိမ်ပေါ်က ကန်ချမှာ။ သွားကြ ... ကိုယ့်အခန်းကိုယ် ...

မင်းတို့နှစ်ယောက် လိုက်ခဲ့"

ဘိုးဘိုးရဲ့ တစ်ချက်လွှတ်အမိန့်အောက်မှာ ယုရာရော မုဒြာပါ ဘာမှ ထပ်အတွန့်မတက်နိုင်တော့စွာ တိတ်ဆိတ်သွားတော့သည်။ ဘိုးဘိုးရဲ့အကြည့်တွေ ပုံစံတွေဟာ အရမ်းကို စိတ်ပျက်သွားတဲ့ အငွေ့အသက်တွေနဲ့အတူ တကယ်ကိုပဲ နွမ်းလျသွားတဲ့ပုံစံဖြင့် အားလုံးထက်အရင် ထွက်သွားကာ စာကြည့်ခန်းဆီသို့ တရွေ့ရွေ့ လျှောက်သွားတဲ့ ဘိုးဘိုးရဲ့နောက်ကျောပြင်ကို ကြည့်ရင်း သူကော ရိုးမာန်ပါ တကယ် ရင်ထဲမကောင်း ဖြစ်သွားရတာဖြစ်သည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



## (၁၀)

"ဘယ်လိုဖြစ်ကြရတာလဲကွာ။ ငါ့မြေးနှစ်ယောက်က အရင်က မတည့်ကြဘူးဆိုပေမယ့် ဒီလို ကိုယ်ထိလက်ရောက် ရန်ဖြစ် စကားများကြရလောက်အောင် တစ်ခါမှကို မဖြစ်ခဲ့ဖူးဘူး၊ မင်းတို့ပြောတော့ တို့မိသားစုတွေ စည်းစည်းလုံးလုံး ဖြစ်ရအောင် ကြိုးစားပါ့မယ်ဆို။ ငါ့ဘဝရဲ့မျှော်လင့်ချက်တွေကတော့ ကြာလေ ဝေးလေ ဖြစ်ပြီပေါ့ကွာ"

ဘိုးဘိုးဟာ အရမ်းကို စိတ်ပျက်နေတဲ့ လေသံဖြင့် သူတို့ကို ပြောတာကြောင့် ရိုးမာန်က ဘိုးဘိုးကို တကယ်ကိုပဲ အားနာမိရသည်။ ဘာပဲဖြစ်ဖြစ် သူ ဘိုးဘိုးကိုတော့ စိတ်ချမ်းသာစေချင်တာပဲဖြစ်သည်။

"ကျွန်တော် တောင်းပန်ပါတယ် ဘိုးဘိုး။ ဒါ နောက်ဆုံး အကြိမ် ဖြစ်ရပါစေ့မယ်"





"နေစမ်းပါဦး။ အခု သူတို့နှစ်ယောက်ဖြစ်တဲ့ ပြဿနာက အဓိက ဘာလဲ။ ဘာဖြစ်ကြတာလဲ"

ရိုးမာန်က ဖြစ်တဲ့ပြဿနာ အစအဆုံးကို ကိုရွှေဘုန်း ပြောပြလို့ သိပြီးပြီ ဖြစ်ပေမယ့် ဘိုးဘိုးကို ပြန်ပြောဖို့ကျတော့ သူ့မှာ အခက်တွေ့ရလေသည်။ ပြောရမယ်ဆို ဒီနေ့ ဖြစ်ကြတဲ့ မုဒြာတို့ရဲ့ ပြဿနာအတွက် သူဟာ မုဒြာအတွက် သိမ်ငယ်မှုကို ဖြစ်စေခဲ့တာကိုပဲ သူက စိတ်မကောင်း ဖြစ်နေရတာဖြစ်သည်။

"ဟို ... အန်ကယ် ... ဒီနေ့ကိစ္စမှာ ယုရာ မှားတာပါ။ အဲဒီအတွက် ကျွန်တော်ပဲ ကြားထဲက တောင်းပန်ပါတယ်"

"အဲဒီ တောင်းပန်တယ်ဆိုတာ နောက်ထား။ အခုက ဘယ်က ဘယ်လို ဖြစ်ကြတယ် ဆိုတာကိုပဲ ငါသိချင်တာ"

ဘိုးဘိုးက ကိုရွှေဘုန်း ကြားထဲက ဝင်ပြောတာကို သက်မခံနိုင်စွာ ဖြစ်တဲ့အကြောင်းပဲ မေးနေတာမို့ သူကပဲ သက်ညှာညှာ ပြောလိုက်ရတော့သည်။

"သူတို့နှစ်ယောက်က ကျွန်တော်နဲ့ ကိုရွှေဘုန်းနဲ့ကိုယှဉ်ပြီး အပြိုင်အဆိုင် ပြောရာကနေ ဖြစ်ကြတာပါ ဘိုးဘိုး"

"ဟား ... ဒုက္ခပါပဲကွာ။ ပြိုင်လိုက်တဲ့ စိတ်ဓာတ်တွေ။ ဒီတိုင်းသာ ဆက်သွားနေရင်တော့ မထိညာဏ်မျိုးဆက်က



www.burmeseclassic.com

www.burmeseclassic.com



ဒီပုံအတိုင်းပဲ လုံးပါး,ပါးသွားလိမ့်မယ်။ သူတို့အမေနှစ်ယောက်ကလည်း ဘေးက မြှောက်ထိုးပင့်ကော် လုပ်နေတာတွေလည်း ပါတယ် ...

သူတို့တွေကို ငါ့သားတွေ ဆုံးသွားပြီးတော့ ထိုက်သင့်တဲ့အမွေပေးပြီး သူတို့စိတ်ကြိုက် ဖန်တီးခွင့်ပေးရဲ့သားနဲ့ ဒီအချိန်ထိ ဒုက္ခခံရှိနေတာကလည်း ဒီအမွေတွေကို မျှော်ကိုးပြီး ဘယ်သူပိုရမယ်ဆိုတဲ့ စိတ်တွေရှိနေကြလို့ပဲ။ မအေတွေရဲ့ ပုံစံခွက်ထဲက ဒီသမီးနှစ်ယောက်ကို ငါ ဘယ်လိုပြုပြင် ပြုပြင် သင်းတို့က တစ်သက်လုံး ပုံစံမပြောင်းကြဘူး ... တောက်"

အဘိုးက သူ့မြေးနှစ်ယောက်ကို စိတ်တိုတာရော အားမလို အားမရ ဖြစ်တာပါ ရောပေါင်း၍ တဗျစ်တောက်တောက် ပြောနေလျှင် ဘိုးဘိုးအတွက် သူလည်း တကယ်ပဲ စိတ်မကောင်းဖြစ်ရလေသည်။ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ဘိုးဘိုးဟာ သူ့ရဲ့ကျေးဇူးရှင်ဖြစ်သည်။ နောက်ပြီးတော့ ဒီအချိန်မှာ မုဒြာဆိုတာဟာ သူချစ်လို့ လက်ထပ်ယူထားတဲ့ သူ့မိန်းမ။ သူ့မိန်းမနှင့်ဆိုင်တဲ့ ကိစ္စတိုင်းဟာ သူနှင့်လည်း သက်ဆိုင်သလို သူ့မှာလည်း တာဝန်ရှိသည်ဟု သူကတော့ ခံယူလေသည်။





"စိတ်မကောင်း မဖြစ်ပါနဲ့ ဘိုးဘိုးရယ်။ ဘိုးဘိုး မျှော်လင့်ထားတဲ့ အားလုံး စည်းလုံးမှုရလာမယ့်နေ့ အမြန်ဆုံးဖြစ်အောင် ကြိုးစားမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဘိုးဘိုးရာ။ ယုရာနဲ့ မုဒြာက ညီအစ်မတွေပဲဟာ။ အရေးကြီးရင် သွေးနီးကြမှာပါ။ ဘိုးဘိုး စိတ်မကောင်း မဖြစ်ပါနဲ့နော်"

ရိုးမာန်က ဘိုးဘိုးကို စိတ်ပြေအောင် နှစ်သိမ့်ပေးတဲ့ စကားဖြင့် ဖျောင်းဖျကြည့်လျှင် ဘိုးဘိုးက အတန်ငယ် ငြိမ်သက်သွားကာ သူ့ကိုကြည့်ရင်းက လက်ဖျောက်တစ်ချက်တီးလိုက်၍ ခမ်းသာအားရ ဟစ်ကြွေးလေတော့သည်။

"ဟား ... ဟုတ်တာပေါ့။ မင်းစကား သိပ်မှန်တာပေါ့ ရိုးလေးရယ်။ အရေးကြီးရင် သွေးနီးကို နီးတယ်"

"အန်ကယ် ဘာများ စိတ်ကူးမိလို့လဲ"

ကိုရွှေဘုန်း အမေးကို ဘိုးဘိုးက အင်မတန်မှ အဓိပ္ပာယ်နက်နဲလေတဲ့ အပြုံးတစ်ခုဖြင့် ပြုံးကြည့်ကာ ရွှေဘုန်းကိုတစ်လှည့် သူ့ကိုတစ်လှည့် ကြည့်လိုက်ရင်း ...

"မင်းတို့နှစ်ယောက်ဟာ ငါ့ရဲ့အားတွေပဲ။ ဒီမိသားစုအတွက် မင်းတို့ရဲ့အကူအညီတွေ သိပ်ကိုလိုအပ်တယ်"။ တစ်သက်လုံး လုံးကြီးတင်ပြီး အမြဲမော်ရှိနေတဲ့ ငါ့မြေးမ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကို ဆန်ပြန်ခတ်ရမယ့် အချိန်ရောက်ပြီပေါ့ ကွာ"

"ကျွန်တော်တို့က ဘာလုပ်ရမှာလဲဟင် ဘိုးဘိုး"

ဘိုးဘိုးရဲ့ လျှို့ဝှက်နက်နဲသော မျက်လုံးတွေကို သူတို့ မဖတ်တတ်စွာ မေးခွန်းထုတ်လိုက်လျှင်တော့ ဘိုးဘိုးက အောင်မြင်မယ်ဟု ယုံကြည်နေသော အပြုံးဖြင့် တစ်ခွန်းသာဖြေ ဖြေလေသည်။

"ဘာမှ မေးမနေနဲ့။ ငါပြောသလိုသာလုပ်"

✤ ✤ ✤





ရိုးမာန်က ရေချိုးခန်းထဲက ထွက်လာကာ မျက်နှာသုတ်ပဝါနှင့် လျှော်ထားတဲ့ ဆံပင်ရေစိုတွေကို ခပ်ကြမ်းကြမ်း သွတ်သုတ်နေတုန်းမှာ မှန်တင်ခုံမှာ ခြေချိတ်၍ သီချင်းညည်းရင်း အလှပြင်နေတဲ့ မုခြာကို သူက အကဲခတ်မိသွားသည်။ သူကြည့်နေတာကို မှန်ကနေတစ်ဆင့် လှမ်းမြင်လိုက်တဲ့ မုခြာက သူ့ကို မှန်ထဲကနေ တစ်ချက်သာကြည့်၍ အလှပြင်မြဲအတိုင်း ပြင်နေဘာမို့ သူက ရာသီဥတု သိပ်မသာယာဘူးဆိုတာ သဘောပေါက်ရလေသည်။

"မုခြာ အပြင်သွားစရာရှိလို့လား။ ကို လိုက်ပို့ပေးမယ်လေ"

"မလိုဘူး ရတယ်။ ကျွန်မ ကိုယ့်ကားကိုယ်မောင်းတတ်တယ်"

"ဘယ်သွားမလို့လဲ"

"Shopping"



www.burmeseclassic.com

www.burmeseclassic.com



မုဒြာက သံပြတ်ဖြင့် ခပ်ပြတ်ပြတ်ဖြေကာ သူ့မျက်နှာကိုသာ အာရုံစိုက် ပြင်နေလေသည်။ ဘိုးဘိုး မနေ့က သူတို့ကို ခေါ်တွေ့တဲ့ကိစ္စမှာ သူက ယုရာကို အပြစ်ပေးဖို့ အရေးမဆိုပေးခဲ့တာကို မုဒြာဟာ ကောက်ချိမပြေနိုင် ဖြစ်နေတာဖြစ်သည်။ သူက ကလေးဆိုးမလေးကိုအနောက်ကနေ လှမ်းကြည့်ရင်းက မနေ့က ဘိုးဘိုး ပြောတဲ့စကားကို နားထဲပြန်ကြားယောင်လာမိလျှင် သူက အလိုလို ပြုံးမိလို့သွားလေသည်။ မကြာခင်မှာ အကောင်အထည်ဖော်တော့မယ့် ကိစ္စအတွက်သာဆို ဘယ်လောက်တောင် ကက်ကက်လန်နေလိုက်မလဲ။

ရိုးမာန်က စိတ်ကောက်နေသောသူလေး အကောက်ပြေဖို့ရာက သူ့မှာ တာဝန်ရှိတာကြောင့် မုဒြာအနားသို့ တိုးသွားလိုက်ကာ မုဒြာရဲ့ပခုံးကြောလေးတွေကို နှိပ်ပေးရင်းက ...

"ကဲပါ ... မုဒြာရယ် ... စိတ်မကောက်ပါနဲ့တော့ကွာ။ ကိုယ် အများကြီး အများကြီး တောင်းပန်တယ်"

"ဖယ်ပါ ... ဘာမှလာပြီး ဆောရီးလာမလုပ်နဲ့။ ဘိုးဘိုးရှေ့မှာ မုဒြာအတွက် ဘာတစ်ခုမှ မရပ်တည်ပေးတဲ့သူကြီး လာမခေါ်နဲ့။ မုန်းတယ်"





မျက်နှာကြီးတစ်ခုလုံး စူပုပ်နေကာ သူ့ကို အတင်းကို ဖယ်လွှတ်နေတာမို့ သူ့မှာ ပိုပြီးတော့တောင် အချစ်ပိုရကာ မုဒြာကို သိုင်းဖက်လိုက်ရင်း ...

"အာ ... အာ ... အဲဒီလိုတော့ မမုန်းလိုက်ပါနဲ့ကွာ။ ကိုယ့်မှာ ရှားရှားပါးပါး ဒါလေးတစ်ယောက်ပဲ ရှိတဲ့ဥစ္စာ။ တောင်းပန်တယ်ကွာ"

"ဖယ် ... လွှတ်။ အခုကျမှတော့ လာမပြောနဲ့တော့ နောက်ကျသွားပြီ"

"စိတ်မဆိုးပါနဲ့ မုဒြာလေးရယ်။ ကိုယ်က မုဒြာတို့မိန်းကလေးချင်းဖြစ်တဲ့ ကိစ္စကို ဘယ်လိုလုပ် ဝင်ပါလို့ ကောင်းပါ့မလဲ။ အဲဒါကြောင့် ကိုယ်က ဘာမှမပြောလိုက်တာပါကွာ"

"တော်ပါ။ အဲဒီလိုသာဆို ကိုရွှေဘုန်းတက် ဘယ်လိုလုပ်မလဲ။ သူ့ယုရာမှ ယုရာဖြစ်နေတာ။ ယုရာကို ထိမှာကြောက်လွန်းလို့။ စိတ်ပူလွန်းလို့။ အေးပေါ့လေ ... ပူတာလည်း မပြောနဲ့၊ သူတို့က တကယ်ချစ်လို့ လက်ထပ်ထားကြတာကိုး။ ကျေးရွာကြေးနဲ့ အားနာလို့ ယူထားရတာမှ မဟုတ်တာ"

www.burmeseclassic.com



"အာ ... မုဒြာကလည်း။ အဲဒီလိုတော့ မပြောလိုက်ပါ ကွာ။ ကိုယ် မုဒြာကို ဘယ်လောက်ချစ်တယ် ဆိုတာ ... ရဲ့သားနဲ့"

"ကဲ ... တော်ပါပြီ။ မကြားချင်ဘူး။ ဖယ် ... ဒါနဲ့ ဒီနေ့ ရှင်က ဘိုးဘိုးကုမ္ပဏီဘဲ သွားမှာလား"

"အင်း ... ဟုတ်တယ်လေ။ ဘာဖြစ်လို့လဲ"

သူ့ရဲ့ပြန်ဖြေသံဟာ နည်းနည်းတော့ အဖျားခတ် တုန်ယင်သွားတယ် ဆိုတာကိုတော့ သူ့ဘာသာပဲ သိလိုက်လေ သည်။ ဒီနေ့မှပဲ မုဒြာတစ်ယောက်က အဆန်းတကြယ်လုပ်နေ လေတော့ သူက သူတို့ရဲ့အစီအစဉ်ကိုများ သိသွားပြီလားဆိုပြီး ဒိတ်ခနဲတော့ ဖြစ်ရလေ၏။ ဒါပေမဲ့ ဒီအတိုင်း ရိုးရိုးမေးတဲ့မေး ခွန်းဆိုတာ သေချာမှ သူက စိတ်ခိုးခိုးချနိုင်တော့သည်။

"ဒီနေ့က လစာထုတ်ရက်လေ။ ပိုက်ဆံအပ်ခိုင်းမလို့"

အဲဒီတော့မှပဲ သူ့မှာ စိတ်အေးနိုင်စွာဖြင့် မုဒြာ ကျေနပ်ပျော်ရွှင်စေဖို့ ပြောနိုင်တော့သည်။

"စိတ်ချပါ ခင်ဗျ။ တစ်ကျပ်မကျန် ပြန်အပ်မယ်။ ကိုယ့် ရဲ့မဟေသီ ဘဏ္ဍာထိန်းလေးက စိတ်လေးသာ မဆိုးနဲ့ တော့နော်"





"အပြောကတော့ ညွတ်နူးနေတာပဲ။ ဒါပဲနော် ... ဒီတစ်ခါ နောက်ဆုံးပဲ။ နောက်တစ်ခါ ရန်ဖြစ်လို့ကတော့ မုဒြာ ဘက်က မပါဘူးဆိုလို့ကတော့ နောက် ဘယ်တော့မှ စကားမပြောတော့ဘူး"

"အင်း ... အင်း ... ဒါနဲ့ မုဒြာက ထပ်ဖြစ်ဦးမှာလား"

"သူနဲ့ကလား ... ဘယ်တော့မှ တိုက်ပွဲပြီးတယ်ဆိုတာ မရှိစေရဘူး"

ရိုးမာန်က စိတ်မော လူမောဖြင့် လေပူတစ်ချက် သာ မှုတ်ထုတ်လိုက်မိသည်။ အမြဲပြိုင်ဆိုင်ဖို့ရာအတွက် စိတ် အားသန်နေတဲ့ ညီအစ်မ နှစ်ယောက်အတွက် သူတို့တွေက အကောင်းဆုံး နီးစပ်မှုဖြစ်အောင် ဖန်တီးပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



“ဘိုးဘိုး ... ဖြစ် ... ဖြစ်ပါ့မလား”

“ဟုတ် ... ဟုတ်တယ်နော် အန်ကယ်။ ယုရာ အကြောင်း အန်ကယ် သိရဲ့သားနဲ့”

သူ့ရှေ့မှာ မျက်နှာလေးတွေ ဆီးရွက်သာသာဖြင့် တွန့်ဆုတ်ဆုတ် ဖြစ်နေကြသော သူ့ရဲ့မြေးသမက်နှစ်ယောက်ကို အားမလို အားမရဖြင့် ဒေါသဖြစ်ရသလို တစ်ဆက်တည်းမှာ ဒီနှစ်ယောက်ရဲ့စိတ်ဓာတ်ကို သဘောကျမိသွားသည်။

“ဟား ... မင်းတို့ ယောကျ်ားတွေ မဟုတ်ကြဘူးလား ဒီလောက်လေးတောင် သွေးမရဲဘူးလားကွ ... ဟေ။ နေရ ချင်းသာ လဲလိုက်ချင်တယ်ကွာ”

“ဘိုးဘိုး ပြောလည်း ခံရမှာပဲ။ ဘိုးဘိုး သိတဲ့အတိုင်း ကျွန်တော်တို့က အဲဒီလိုနေရာတွေ ရောက်ဖူးတာမှ မဟုတ် တာ”





“ဟုတ်တယ် အန်ကယ်။ အဲဒါကတော့ အမှန်ပဲ။ အဲဒီနေ ရာတွေက ပိုက်ဆံသိပ်ကုန်လွန်းလို့ တစ်ခါမှ ယောင်လို့ တောင် သွားဖို့စိတ်မကူးဖူးပါဘူး”

“ကဲ ... ဟုတ်ပါပြီကွာ။ အဲဒီယောက်တွေလည်း ကိုယ်ရည် သွေးပြမနေစမ်းပါနဲ့။ မင်းကို ငါ့မြေးအကြီးမ ဘာသဘော ကျပြီး ယူသလဲ စဉ်းစားလို့တောင် မရဘူး။ ယုရာလောက် အသုံးအဖြုန်းကြီးတာ မရှိဘူး။ ဒီလောက် ဓနကုပ်နေတဲ့ မင်းကို သူ ဘယ်လိုများ ကြိုက်လိုက်လဲ မသိဘူး”

“ဒါကတော့ ဖူးစာပေါ့ အန်ကယ်ရယ်”

“ကဲ ... ကဲ ... အပိုတွေ ပြောမနေစမ်းပါနဲ့။ မင်းတို့ မင်းတို့တွေ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မကုန်ရစေဘူး။ ငါ စီစဉ်တဲ့ အတိုင်းသာလုပ် ...

သူတို့နှစ်ယောက် သေချာပေါက် စည်းလိုးသွားကြ လိမ့်မယ်။ လုပ်စမ်းပါကွာ။ ငါ အဘိုးကိုယ်တိုင်ကိုက မင်းတို့ကို ခွင့်ပြုပြီး မင်းတို့ရဲ့ သစ္စာတရားကို ယုံကြည် လို့ ဒီကိစ္စကို စီစဉ်တာ။ မင်းတို့သာ ပီပြင်အောင်လုပ်။ ဒီကလေးမနှစ်ယောက် စည်းကိုစည်းလုံးသွားစေရမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးက သူတို့နှစ်ယောက်ကို ဖွတ်ကိုပဲ ယုံကြည်နေတာကြောင့် သူတို့မှာလည်း ဘိုးဘိုး မျှော်လင့်ချက် ပြည့်ကြောင်းရာ မျှော်လင့်ကာ အစီအစဉ်အတိုင်း လုပ်ဆောင်ရ သူတို့နှစ်ယောက်လုံး လက်ခံလိုက်ရလေသည်။

မိန်းမတွေဆိုတာ အချစ်နဲ့ ပတ်သက်လာရင် သူတို့ တတ်တယ်ဆိုတဲ့ နိယာမရိုးရိုးလေးကိုပဲ စည်းလုံးဖို့အတွက် ပြန် သုံးရမှာဖြစ်သည်။

✤ ✤ ✤





(၁၁)

ဦးမထိဉာဏ်က သူ့ရှေ့မှာ ဖုန်းကိုယ်စီဖြင့် အလုပ်ရှုပ်နေကြသော ယုရာနှင့် မုဒြာကိုကြည့်ကာ ရယ်ချင်ချင် ဖြစ်မိလေသည်။ တကယ်ကို သူ ထင်ထားတာနှင့် ကွက်တိပဲလေ။

"ဟဲ့ ... မုဒြာ ... ဘာဖြစ်နေတာလဲ ဂနာမငြိမ်နဲ့"

"ဟိုလူပေါ့ ... အခုချိန်ထက်ထိကို ဖုန်းလုံးဝမကိုင်ဘူး။ ဘယ်တွေ ရောက်နေတာလဲ မသိဘူး"

"ဟဲ့ ... ဟဲ့ ... မောင်ရိုးမာန်က ကုမ္ပဏီကိစ္စရှိလို့ အိမ်ပြန်နောက်ကျတာလေ။ ဘယ်ကိုမှ အလေသွားလိုက်နေတာမှ မဟုတ်တာ"

"ဘိုးဘိုး ... ဒီအချိန်ထိတောင် ရောက်နေပြီ။ ကိုရိုးမာန်က ဘယ်သွားနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အလုပ်ကိစ္စနဲ့ ငါ ညှိသည်တစ်ယောက် သွားတွေ့ခိုင်းထားတယ်လို့ ပြောပြီးပြီလေ။ ဘာကြောင့် ဒီလောက်ထိ ယောက်ယက်ခတ်နေရတာလဲ။ အချိန်တန်တော့ ပြန်လာမှာပေါ့"

သူက မုဒြာကို ခပ်နာနာလေး ဖိယောက်လိုက်လျှင် မုဒြာက ပါးစပ်ပိတ်ကာ ဖုန်းကိုသာ ဆက်ခေါ်နေ၏။ မုဒြာပြီးတော့ အကြီးမက တစ်ခါတစ်ခန်း ထပြန်လေသည်။

"ကျစ် ... ဖုန်းတွေကလည်းကွာ"

"ယုရာ ... နင့်ယောက်ျား ဆိုင်ကိုကော ဖုန်းဆက်ကြည့်ပြီးပြီလား။ ဒီအချိန်ထိ ပြန်မရောက်တာကတော့ မဟုတ်တော့ဘူး"

"ဟုတ်တယ် ... မေမေ။ သမီးလည်း ဒီအချိန်ထိတောင် ပြန်မလာသေးဘူးဆိုတော့ စိတ်ပူနေတာ"

အကြီးမတို့ သားအမိနှစ်ယောက်ရဲ့ ဗျာပါဒသံတွေကို သူက လှူကြီးပီသစွာဖြင့် ဝင်ပြောရပြန်သေးသည်။

"အဲဒီလောက်ကြီး အထိတော့ စိတ်ပူမနေကြစမ်းပါနဲ့။ ဘယ့်နှယ် ... အပြင်ထွက် စီးပွားရှာနေတဲ့ ယောက်ျားတွေပဲ။ တစ်ခါတလေ အိမ်ပြန်နောက်ကျတာ ဘာညာရှိမှာပေါ့။ နုနုအေးနဲ့ သန္တာချို ... နင်တို့သမီးတွေကိုလည်း ဆုံးမထားကြဦး။ ငါ့အိမ်မှာ ပြဿနာဖြစ်တာ မမြင်ချင်ဘူး။ အားလုံး ကိုယ့်ရဲ့စည်းကမ်းနဲ့နေကြ ...

ဒါပဲ ပြောမယ်"

သူက တစ်ခါဟည်း အပြတ်ကြိမ်းဝါးလိုက်ကာ စကားဝိုင်းကနေ ထထွက်လာပြီး အပေါ်ထပ်သို့ တက်လာခဲ့တော့သည်။ သူဖြစ်ချင်သလို ဖြစ်လာနိုင်တဲ့ မျှော်လင့်ချက်နဲ့မို့ သူဟာ ငယ်မူပြန်သလိုမျိုးကို စိတ်တို့က နုပျိုတက်ကြွ၍ နေတာပဲဖြစ်သည်။

သူ့အခန်းထဲသို့ ရောက်ပြီဆိုတာနှင့် ဦးမဏိဥာဏ်က ဖုန်းကိုထုတ်ကာ ဖုန်းလှမ်းခေါ်ရသည်။

"ဟယ်လို ... ဟယ်လို ... ဘိုးဘိုး"

"အေး ... ရှိုးလေးရေ။ အစီအစဉ်အစတော့ အောင်မြင်ပါတယ်။ မင်းတို့တွေကိုတော်တော် စိတ်ပူနေကြတယ်။ မင်းတို့ အခုပြန်လာခဲ့ကြတော့ ရပြီ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဘိုးဘိုး"

"နေဦး ... မင်းတို့က အခု ဘယ်ကားနဲ့ ပြန်လာမှာလဲ"

"ကိုရွှေဘုန်းကားနဲ့ ဘိုးဘိုး"







www.burmeseclassic.com

www.burmeseclassic.com



"အေး ... ကောင်းတယ်ကွာ။ ဆက်လုပ် ... ဒါပဲနော်"

ဦးမဏိဉာဏ်က သူ့ရဲ့စစ်ဆင်ရေးအတွက် ကျေနပ်စွာပြုံးရင်း မျှော်လင့်ချက်တွေ အရောင်တောက်လို့ လာလေသည်။

✤ ✤ ✤





ကားဟွန်းသံ ကြားလိုက်တာနဲ့ တစ်ယောက်တော့ ပြန်လာပြီဆိုတဲ့ အသိနဲ့အတူ ယုရာကော မုဒြာပါ မတ်တတ်ထ ရပ်ကာ အိမ်ပေါက်ဝကို ထွက်သွားလိုက်မိသည်။ ပေါ်တီကိုဆီ မောင်းဝင်လာတဲ့ကားက ကိုကြီးရဲ့ကားမို့ ယုရာက မုဒြာမကို မခိုးမခန့်လေး ပြုံးလိုက်ရင်း ကားဆီ ထွက်ကြိုလိုက်လျှင် ကားပေါ်က ဆင်းလာသူကို တွေ့လိုက်ရချိန်မှာ အအံ့ဩကြီး အံ့ဩသွားရလေတော့သည်။

"မိန်းမရေ ... ကိုယ် ပြန်လာပြီကွာ"

"အမယ်လေး"

ဟင် ... ဒါ ... ဒါက ရိုးမာန်ပဲ။ ယုရာက လန့်ဖျပ်ကာ အံ့ဩမိသွားစဉ်မှာ ဟိုတစ်ဖက်ကနေ ယိုင်တိယိုင်တိုင်ဖြင့် ဆင်းလာသူမှာ ကိုကြီး ဖြစ်နေတာမို့ ယုရာက နားမလည်နိုင်စွာဖြင့် အရင်ဆုံး ကိုကြီးကို သွားတွဲရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ... ရှင် ဘာတွေ ဖြစ်လာတာလဲ။ အရက်တွေ သောက်လာတယ်"

"ဟာ ... ဘယ်သူလဲ ဒါ။ ဟာ ... ယု ... ရာ ... ချစ်လေး ... ဟား ဟား ... ဟုတ်တယ်။ ကိုကြီး ပါးပါးလေး ပါးပါးလေး တစ်ကြောင်းလောက် ကစ်လာတယ်"

"ကို ... ရှင်က ဘယ်လိုက ဘယ်လို ဒီအရက်တွေသောက်လာတာလဲ"

"နည်းနည်းလေးပါ။ ကိုယ် မမူးဘူး။ လုံးဝမမူးဘူး။ မမူးလို့လည်း (ဘူး ... ဘူး)ဆိုပြီး မော်တော်ကားကြီးကို မောင်းလာနိုင်တာပေါ့ ... နော် ... ချစ်ကိုကြီး"

ယုရာက ဒီတစ်ဖက်မှာ အရက်သောက်လာတဲ့ ကိစ္စ စာရင်းရှင်းနေဆဲမှာ ဟိုတစ်ဖက်က မုဒြာကလည်း သူ့ယောက်ျားကိုတွဲရင်း မေးခွန်းထုတ်လျှင် သင်းကလည်း ကိုကြီးနဲ့ ဘာမှမခြား အတိုင်ဖောက်ညီစွာ ပါးပါးလေး လုပ်နေလျှင် မျက်စောင်းချိတ်ရတာကတော့ ယုရာနှင့် မုဒြာပဲ ဖြစ်၏။

"ဟုတ်တယ်။ ချစ်ညီလေး ပြောတာ အားလုံးမှန်တယ်။ ဘယ်ရှိ[illegible]တ်"

"ဟဲ့ ... ဒါတွေက ဘယ်လိုဖြစ်နေကြရတာတုံး"





အိမ်ထဲကနေ ခပ်သွက်သွက် ပြေးထွက်လာတဲ့ အမေနှစ်ယောက်က ဒီက အခြေအနေကို မြင်လိုက်ရလျှင် ရင်ဘတ်စည်တီးကို ဒေါသတွေ ဖြစ်ရတာမို့ ယုရာကော မုဒြာကပါ ကိုယ့်လူဘက်ကကိုယ် ကာဘာတွေ ဖွတ်လုပ်ပေးနေရတာဖြစ်သည်။

"ဟို ... ဟို ... မေမေ ဘာမှ မဖြစ်ပါဘူး"

"ဟဲ့ ... ဒီမှာ မူးရူးလာကြတာ။ နင့်အဘိုး သိရင်တော့ ပြဿနာပဲ။ ငါတို့ကိုတောင် မခန့်လေးစားနဲ့ အဲဒါဘာသဘောလဲ"

မေမေက ဒေါသတွေ ထွက်နေကာ ယုရာကို ကောတော့တာမို့ ပြဿနာတွေ ပိုရှုပ်ကုန်မှာစိုးသည့် အလို့ငှာ ယုရာကပဲ မေမေ့ကို တောင်းပန်ကာ မြန်မြန်ဖြတ်ရတော့သည်။

"တောင်းပန်ပါတယ် မေမေရယ်။ စိတ်မဆိုးပါနဲ့နော်"

ယုရာက ဖွတ်ကိုတောင်းပန်လာရကာ ကိုကြီးကို တွဲရင်း ခပ်သွက်သွက် အိမ်ထဲဝင်လာလျှင် မုဒြာတစ်ယောက်ဟာလည်း အဲဒါမျိုးကျ သိပ်လျင်မြန်ဖျတ်လတ်စွာ ယုရာ နောက်ကနေ သူတို့ကပါ ကပ်လိုက်လာလေ၏။ သေချာတာကတော့ မေမေတို့တွေက ဒီအချိန်မှာ တစ်ယောက်ကိုတစ်ယောက် အပြိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြပြီး ပြောနေရလောက်အောင် အမေနှစ်ယောက်လုံးရဲ့ဒေါသတွေကအတိုင်းအတာ ဘယ်လောက်မှာ ရှိတယ်ဆိုတာ မှန်းကြည့်နေဖို့တောင် မလိုပေ။

ဒီလောက်ထိ သောက်လာကြပြီး တစ်ယောက်တစ်နေရာစီ ရှိနေရမယ် အခြေအနေကနေ ကားတောင် တစ်စီးတည်းနဲ့ အတူတူ ပြန်လာကြကာ ချစ်ကိုကြီးတွေ ချစ်ညီလေးတွေအထိ ဖြစ်သွားကြတာဟာ ဘယ်လိုများ ဖြစ်လို့ပါလိမ့်ဆိုတဲ့ ပဟေဠိကတော့ ယုရာ ရင်ထဲမှာ တွေးလောက်သည်အထိ ဖြစ်စေသောကိုကြီးနှင့် မုဒြာယောက်ျား ရိုးမာန်ကိုသာ ဒေါသထွက်မိသည်။

✤ ✤ ✤





မုဒြာက အိပ်ရာကနိုးတာနဲ့ ပြဿနာရှာမယ်ဟု စိတ်ထဲက တေးကာမှတ်ထားရင်း တစ်ညလုံးလုံး ဒေါသတွေထွက်ကာ အိပ်လို့မရနိုင်စွာဖြင့် မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားတာဖြစ်သည်။ မုဒြာ အိပ်ရာက နိုးနိုးချင်းမှာ ခေါင်းထဲမြန်းဆို ဝင်ရောက်လာသည့် အကြောင်းက ညကကိစ္စဖြစ်ကာ မျက်လုံးဖွင့်လိုက်မိလျှင် ဘေးနားမှာ ကိုက ရှိမနေချေ။

မုဒြာက အိပ်ရာမှ ဝုန်းခနဲ ထထိုင်ကာ အော်ခေါ်လိုက်မိသည်။

"ကို ... ကို"

"ဝေး ... ကိုယ် ရေချိုးနေတယ်"

ရေချိုးခန်းထဲက ကြားလိုက်ရတဲ့ အသံက မနေ့ကသူ မဟုတ်သလို အပြစ်မရှိလေသံ ဖြစ်နေကာ မုဒြာကို ပြန်ဖြေးတဲ့ အသံအဆုံးမှာ ရေချိုးရင်းနဲ့တောင် သီချင်းက ညည်းနေလိုက်

www.burmeseclassic.com

www.burmeseclassic.com



သေးတာမို့ မုဒြာရဲ့ဒေါသက ပိုပြီးတော့ တနုံ့နုံ့ဖြစ်ရကာ ရေချိုး ခန်းတံခါးဆီသွား၍ တဒုန်းဒုန်းသွားထုကာ စိတ်ရှိတိုင်း အော်ပ လိုက်မိသည်။

"အဲဒီအထဲက ရေချိုးနေတဲ့သူကြီး။ အခုချက်ချင်း ထွက်ခဲ့ စမ်းပါ။ ရှင် မနေ့က ဘာအချိုး, ချိုးလိုက်တာလဲဟာမ ရှင့်ကားကော။ အဲဒီလိုမျိုး မူးရူးအော်ဟစ်တဲ့ အကျင့်ဆိုး တွေ ရှင် ဘယ်ကတတ်လာတာလဲ ...

ကိုရိုးမာန် ... ကျွန်မ အရမ်းဒေါသတွေ ဖြစ်နေပြီ နော်။ အခုချက်ချင်း ရှင်ထွက်ခဲ့စမ်း"

မုဒြာက ရေချိုးခန်းတံခါးကို စိတ်ရှိလက်ရှိ တဒုန်း ဒုန်းထုရိုက်ပစ်ကာ ခေါ်လိုက်လျှင် အထဲမှ အသံပြန်ပြုလေ၏။

"အေးပါ ... ခဏလေး ... ခဏလေး ... ပြီးတော့မယ်"

"အခုချက်ချင်း ထွက်လာပါဆို"

"အေးပါကွာ။ ပြီးပြီဟေ့ ... ပြီးပြီ"

မုဒြာက အပြင်ကနေ တဒုန်းဒုန်းထုနေမှ သူက အသည်းအသန် ခဲမှန်ဖြင့် ရေချိုးခန်းက ထွက်လာတာနှင့် မုဒြာ က ညကပြဿနာကို စရှင်းတော့တာပဲဖြစ်သည်။

"ပြောစမ်းပါဦး။ မနေ့က အဲဒါ ဘာဖြစ်တာလဲ"





"ဆောရီးပါကွာ။ မနေ့က ဘိုးဘိုးတွေ့ခိုင်းတဲ့ ညှိသည်နဲ့ အလုပ်ကိစ္စ ပြောရင်း ဆိုရင်းနဲ့ စားကြ သောက်ကြတယ် လေ။ အပြန်ကျတော့ ကိုကြီးနဲ့ ဆိုင်မှာ သွားတွေ့ကြတာ နဲ့ နှစ်ယောက်သား ဆက်ထိုင်လိုက်ကြတာ အရှိန်ကောင်း သွားကြတော့ နည်းနည်းလေး များသွားတယ်"

ပြောနေတဲ့ လေသံကိုက ပေါ့ပျက်ပျက်နှင့် ဖြစ် ဘတတ်ဆန်း ပြီးပြီးရော လေသံမို့ မုဒြာက ပို၍ဒေါသတွေထွက် တောပဲဖြစ်သည်။ မုဒြာက စိတ်တိုလာကာ သူ့ကို ခပ်ဆတ် ဆတ်လေသံဖြင့် အော်မေးလိုက်မိသည်။

"ဘယ်လောက်ပဲ များသွားပါစေဦး။ အဓိပ္ပာယ် လုံးဝမရှိတဲ့ အလုပ်ကို ရှင်က လုပ်လာတာ။ ကားဘယ်မှာလဲ။ မေမေ တို့ရှေ့မှာ ရှင့်ကြောင့် မုဒြာ ဘယ်လောက်ဝှမ်းရတယ်ထင် သလဲ ...

မနေ့ညက မူးနေတဲ့ ကိုရွှေဘုန်းတက်ကို ထိန်းလာ တဲ့သူက ရှင်သာဆို ဒီအချိန် ကျွန်မက မော်ချီနေလို့ရပြီ"

"မနေ့က အစ်ကိုကြီးနဲ့ ကိုယ်က ဘာမှမကွာပါဘူးကွာ"

"ကိုရိုးမာန် ... ဘာဖြစ်နေတာလဲ။ မုဒြာနဲ့ ရန်ဖြစ်ချင်နေ တာလား"



www.burmeseclassic.com

www.burmeseclassic.com



မုဒြာက စိတ်မရှည်နိုင်တော့စွာဖြင့် ဆောင့်အော် ပစ်လိုက်မှ သူက အလျှော့ပေးလေသံဖြင့် မုဒြာကို တောင်းပ လေသည်။

"မဟုတ်ရပါဘူးကွာ။ အမှန်တကယ်ကလေ ကိုယ် အရှ မှားတယ်ဆိုတာသိလို့ ကိုယ် မုဒြာကို အားနာနေတာ မနေ့ကတည်းက ကားက ကုမ္ပဏီမှာ ထားခဲ့တာ။ ကိုဇေ သန့် ကိစ္စလေးတစ်ခုရှိလို့ ကိုယ့်ကားကို ပေးသုံးလိုက် တာ ...

အဲဒါနဲ့ပဲ ကိုယ် Restaurant ကနေအထွက် ကိုကြ နဲ့တွေ့တော့ အတူပြန်မယ်ဆိုပြီး တစ်ခွက်တစ်ဖလာ သောက်မိရင်းက အရမ်းရေချိန်ကိုက်သွားတာ။ ကိုယ့်ကို စိတ်မဆိုးပါနဲ့နော်။ နောက် ဒီလိုမျိုး မဖြစ်စေရပါဘူး"

"မနေ့ကကိစ္စကို အမှန်အတိုင်း ပြောရရင် မုဒြာ သိပ်စိတ် ဆိုးတယ် ကို။ ဖုန်းတောက်လျှောက်ခေါ်တယ်။ ဘယ်လို ပဲဖြစ်ဖြစ် ဘိုးဘိုးခိုင်းထားတဲ့ကိစ္စ အရေးကြီးပါစေဦးတော့ မုဒြာကိုတော့ အကျိုးအကြောင်း ဖုန်းဆက်ပြောသင့်တယ် မဟုတ်ဘူးလား"





မုဒြာက ကြီးကြီးကျယ်ကျယ် ပြဿနာရှာချင်ပါ သော်ငြားလည်း ကို့ဘက်က ပြေရာပြေကြောင်း ပြောနေတဲ့အခါ တော့ အရင်လို ဝုန်းဒိုင်းကြဲတာမျိုးလည်း မဖြစ်ချင်တော့တာ ကြောင့် ကိုယ့်စိတ်ကိုသာ လျှော့ချပစ်လိုက်ရသည်။

"ဟုတ်ပါတယ်ကွာ။ မနေ့ကတော့ အားလုံးဟာ ကိုယ့်ရဲ့ အမှားတွေချည်းပဲ။ မုဒြာလေး စိတ်ပူနေမယ်ဆိုတာ ကိုယ် သိရဲ့သားနဲ့ အားလုံး ကိုယ် မကောင်းခဲ့တာ"

"ကဲ ... တော်ပါပြီ။ ကိုယ့်အမှား လုပ်မနေပါနဲ့တော့။ အင်္ကျီအဝတ်အစားလဲတော့၊ ပြီးရင် breakfast ကို အပြင် မှာ သွားစားမယ်။ ဒီနေ့ ကုမ္ပဏီမသွားရဘူးဆိုတော့ shopping သွားကြမယ်"

"ဟာ ... အဲဒါမှ အခက်ပဲ"

ကို့ဆီက တိုးဖျော့ဖျော့လေသံ ထွက်လာတာကြောင့် ဒြာက သင်္ကာမကင်း မျက်လုံးဖြင့် ကြည့်လိုက်မိလျှင် ကိုက အခက်တွေ့နေဟန်ဖြင့် စိတ်အိုက်နေဟန် လုပ်နေတာကြောင့် ဒြာက စိတ်မရှည်တော့စွာ မေးခွန်းထုတ်ရတော့သည်။

"ဘာဖြစ်လို့လဲ ..."

"အို ... ဟို ... ကိုယ် ဒီနေ့ အလုပ်ကိစ္စ အပြင်သွားရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမ် ... ဒီနေ့ Sunday လေ။ ဘိုးဘိုးတောင် မသွားတဲ့
ဟာ"

"ဘိုးဘိုး ခိုင်းထားတဲ့ကိစ္စ။ ကိုယ် မသွားလို့ မဖြစ်ဘူး"

"အဲဒါဆိုလည်း ပြီးတာပဲလေ"

မုဒြာက စိတ်မကြည်စွာ စကားစဖြတ်၍ ရေချိုးခန်း
ထဲ ဝင်လာပစ်လိုက်သည်။ မုဒြာဟု တစ်ခွန်းတည်းသာခေါ်
တောင်းပန်ပါတယ်လည်းမပြော၊ အလုပ်ဖျက်လိုက်မယ်လည်း
မပြောဘဲ အဲဒီနေ့ရာမှာတင် တုံ့ဖိုဘာဝေ ရပ်နေသော အဲ
အူတူတူ လူကြီးကို မုဒြာမှာ စိတ်တွေတိုလွန်း၍ တကယ်ကို
မကျေမနပ် ဖြစ်ရလေသည်။ မုဒြာရဲ့ဒေါသဖြစ်တာတွေကို မျက်
သစ် သွားတိုက်တဲ့ဆီ အာရုံလွှဲထားပစ်ကာ တစ်ကိုယ်ရည်သ
ရှင်းရေး လုပ်ရလေသည်။

မုဒြာ မျက်နှာသစ် သွားတိုက် ကိုယ်လက်သန့်
ပြီး ရေချိုးခန်းက ထွက်လာသောအခါမှာ မြင်ရတဲ့ မြင်ကွ
ကြောင့် အံ့အားကတော့ ဟယ်ခနဲဖြစ်အောင် သင့်ရလေသည်

"ဟယ်"

ဘယ်လိုဖြစ်ရတာလဲ။ ခုတင်ပေါ်မှာ ရှပ်အကျီ
ဘောင်းဘီတွေဟာ လေး,ငါး,ခြောက်ထည် ပလဲနေ၍ မှန်ရှေ့





အဝေးကြည့်ကြည့် အနီးကြည့်ကြည့် လုပ်နေကာ လေလေးတချွန်
ချွန် သီချင်းလေးတအေးအေး လုပ်နေသော ကိုကိုမြင်လိုက်ရလျှင်
အကယ့် အံ့အားသင့်စရာ အနေအထားပင်။ ဘယ်တော့မဆို ဗီရို
ထဲက ထုတ်လိုက်တဲ့ အဝတ်အစားတစ်စုံဟာ တစ်စုံအတိုင်းပဲ
ခဲ့ထုတ်၍ ဝတ်ဆင်တတ်တဲ့သူက အခု ဘာဖြစ်တာလဲ။

"ဒီအကျီတွေက ဘာတွေ ဖြစ်နေတာလဲ"

မုဒြာရဲ့ မေးခွန်းအဆုံးမှာ လေချွန်သံက ရပ်တန့်
သွားကာ ဆံပင်သ,မပျက်ဘဲ မုဒြာကို ပြန်ဖြေလေ၏။

"သိပ်အဆင်မပြေလို့ ရွေးရင်း ရွေးရင်းနဲ့ များသွားတာ"

"နေစမ်းပါဦး။ ဒီနေ့ ဘယ်သွားပြီး ဘယ်သူနဲ့ တွေ့ရမှာ
မို့လို့ ဒီလောက်ထိ ပြင်ဆင်နေရတာလဲ။ ဘိုးဘိုးလည်း
မနက်ကျရင် ရှင် အလုပ်ရှိတယ်လို့ ပြောသံမကြားပါဘူး"

"ဩော် ... မုဒြာကလည်း ဘိုးဘိုးက အလုပ်ကိစ္စဆိုတော့
လည်း အထူးတလည် မပြောတော့တာ နေမှာပေါ့။ ဒီနေ့
ကိုယ် ပြင်ဆင်ရတယ် ဆိုတာကလည်း ဒီနေ့က အီတာလီက
ဧည့်သည်။ နိုင်ငံခြားသားဆိုတော့ ကိုယ်က need and
tidy သဘောပါ"

"ကြည့်နေတယ် ... မပြောသေးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



မုဒြာက အမြင်ကတ်လာစွာ ဘုတောလိုက်လျှင် သူက မုဒြာရဲ့ပါးလေးတစ်ဖက်ကို ဆွဲဖျစ်ညှစ်လိုက်ရင်း …

"မပြောသေးပါနဲ့ဦးကွာ။ ကိုယ်ပြန်လာရင် shopping သွားမယ်လေ"

"မသွားဘူး"

"စိတ်မဆိုးပါနဲ့ဆိုကွာ။ ကဲ … အချိန်တောင် နောက်ကျနေတော့မယ်။ ကိုယ် သွားတော့မယ်။ မုဒြာ အေးအေးဆေး ပြင်ဆင်ပြီးမှပဲ အောက်ဆင်းတော့လေ။ ကိုယ့်ကိုလိုက်မပို့နဲ့တော့ …

တာ့တာ …"

"ဟယ် … ဟယ် … ကို … နေဦး"

မုဒြာက လော‌လော, လောလောနဲ့ အိတ်ဆွဲကာ လှစ်ခနဲ ထွက်သွားသောကြောင့် အနောက်က လိုက်ဖို့ဟန်ပြင်လျှင် ခြေထောက်အောက်က အရာလေးတစ်ခုကြောင့် ခြေလှမ်းကာ တုံ့ခနဲရပ်သွားကာ ငုံ့ကြည့်လိုက်သည်။ ကောက်ယူ၍ ကြည့်လိုက်မိလျှင်တော့ Visiting Card တစ်ခုဖြစ်သည်။ ဒါပေမဲ့ အဲဒီ Card က member card လိုမျိုး အမာကော်သားကတ်ဖြစ်ကာ ကတ်ကစာသားကြောင့် မုဒြာက စိတ်ဝင်တစားတော့ ဖြစ်မိသွားသည်။





"Kyawt Yoon Lwin

STAR EFFECT HOTEL "

ဘာလဲ …။

ကျော့ယွန်းလွင် … တဲ့။ အဲဒီဟိုတယ်နဲ့ လိပ်စာသာ ရေးထားပြီး Visiting Card ကလည်း ဆန်းလို့နေသည်။ အလုပ်အကိုင်တွေ ဘာတွေများလား။

ဒီကတ်က ကို ကျကျန်ခဲ့တဲ့ကတ်။ သူ ဒီလောက် အထိ ပျာယာတွေခတ် အင်္ကျီတွေ တစ်ထည်ပြီးတစ်ထည် ရွေးကာ မုဒြာ ရေချိုးခန်းထဲက ထွက်လာတာနဲ့ လှစ်ခနဲ တန်းပြေးတော့တာဟာ ဘာများလဲ။ မုဒြာက ကတ်ကိုကိုင်ထားမိကာ အတွေးတွေ ဝင်လာမိသည်။ ဟင် … မဖြစ်နိုင်ပါဘူး။

မဖြစ်နိုင်ဘူး ပြောနေပေမယ့် မုဒြာ စိတ်ထဲ အတွေးတစ်ခုတော့ ဝင်လာလေသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com









မိန်းမတွေကို လှတယ်လို့ မပြောနဲ့။
သူမက ဘယ်သူနဲ့မှ ယှဉ်မရတဲ့
ရတနာလို့ပြောရမယ်။
အဲဒါဆို
မင်းအတွက် လမ်းတွေအကုန်ပွင့်ပါလိမ့်မယ်။

ဦးမဏိဉာဏ်
၏
ဖလော်ဆော်ဗီ

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com







## (၁၂)

ကားထဲကနေ လှမ်းမြင်လိုက်ရတဲ့သူဟာ တကယ့်ကိုပဲ အံ့ဩစရာကောင်းလှသော အနီးဆုံးလူ ဖြစ်နေတာကြောင့် မုဒြာက ဟယ်,ဆိုပြီး အာမေဍိတ်တောင် ထွက်သွားမိလေသည်။ ဒါက ... ဒါက တိုက်ဆိုင်မှု သက်သက်ရယ်လို့တော့ ပြောလို့မရတော့ပေ။ ဒေါ်ကြီးမောကြီးနဲ့ကို လမ်းလျှောက်လာတဲ့ ဒီမိုင်းက အပီအပြင် ဖွဲ့တော့မယ်ဆိုတာ သိပ်သိသာလွန်းနေတာကြောင့် မုဒြာက အခြေအနေကို အမြန်ထိန်းတဲ့အနေဖြင့် ကားပေါ်က အသည်းအသန် ဆင်းကာ သွားဆွဲရသည်။

"ဟဲ့ ... ဟဲ့ ... ယုရာ ... ယုရာ"

မုဒြာရဲ့ခေါ်သံကြောင့် ယုရာကလည်း အံ့အားသင့် ဖြစ်သွားကာ ခြေလှမ်းတို့က တုံ့ခနဲ ရပ်ဆိုင်းသွား၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … နင် … နင်က ဒီကို ဘာလာလုပ်တာလဲ"

"အဲဒီမေးခွန်းကို ငါကလည်း မေးချင်နေတာ။ ဒီနေရာမှာ တိုက်တိုက်ဆိုင်ဆိုင် နင်ကကော ဘာလို့ရှိနေတာလဲ"

"နင် အရင်ပြော"

"ငါ အရင်မေးတာ … တာ … ဟဲ့ … ယုရာ … လာ … လာ ဒီဘက်ကို"

မုဒြာ လှမ်းမြင်လိုက်တဲ့ မြင်ကွင်းကြောင့် မုဒြာက ယုရာလက်ကို ဖျတ်ခနဲ လှမ်းဆွဲကာ ကားရှိရာဘက်သို့ အမြန်သွားလိုက်ရသည်။

"ဟဲ့ … ဘာလဲ … ဘာလဲ"

"ဘာလဲ လုပ်မနေနဲ့ … ဟိုမှာကြည့်ဦး"

"ဟယ်"

နှစ်ယောက်လုံးရဲ့ စိတ်ထဲက ဒေါသတွေကို တလိပ်လိပ်တက်လာကာ တကယ်ပဲ အသည်းတယားယား ဖြစ်ရတာ ဖြစ်၏။ မြင်နေရတဲ့ မြင်ကွင်းဟာ အမျိုးသမီးတစ်ယောက်နှင့် အတူတွဲ၍ ကိုရယ်၊ ပြီးတော့ ကိုရွှေဘုန်းတက်ရယ် သုံးယောက်သားဟာ ရယ်လို့ မောလို့။

"တောက် … ငါ့ကို ပြောတော့ ဒီနေ့ ကျောက်မျက်ပြပွဲ အတွက် သွားရမှာတဲ့။ အခုတော့ … ရှင်းမယ်"





"ဟဲ့ … ဟဲ့ … နင် အဲဒီလို မလုပ်နဲ့လေ"

ယုရာက ထွက်သွားမယ့် အလုပ်မှာ မုဒြာက အတင်းပြန်ဆွဲထားရင်း ကိုယ့်ဒေါသကိုယ်လည်း ကိုယ်ပြန်ထိန်းရသေးသည်။

"ဘာလဲ။ ဒါ ရှင်းရမှာပေါ့"

"ယုရာ … ရှင်းရအောင် အခု အခြေအနေက ရှုပ်နေတာမှ မဟုတ်တာ။ သူတို့နှစ်ယောက် တစ်ခုခုတော့ တစ်ခုခုပဲ"

"ဘာလဲ"

ယုရာရဲ့ မေးခွန်းကို ချက်ချင်းမဖြေနိုင်သေးပေ။ နှစ်ယောက်လုံးရဲ့ အာရုံတွေဟာ ကားတစ်စီးတည်းကို သုံးယောက်သား ပျော်လို့ ရွှင်လို့ စီး၍ထွက်သွားကြသော မြင်ကွင်းဆီသို့ ရောက်သွားလေ၏။

"ဟဲ့ … ဟဲ့ … လိုက်မယ်။ လိုက်မယ် … ကားပေါ်တက်"

"ငါ့ကား ပါတယ်"

"ထားခဲ့လိုက်ဟာ။ ပြီးတော့မှ ပြန်လာယူလို့ ရတယ်။ ဘာလဲဆိုတာ ငါတို့ သိရမှဖြစ်မယ်"



www.burmeseclassic.com

မုဒြာက တကယ်ပဲ ဒေါသတွေ ထွက်ရကာ ချက်ချင်း ကားပေါ်တက်လိုက်တာနှင့် ယုရာကပါ လိုက်လာ၏။ ထွက်သွားတဲ့နောက် မုဒြာက ချက်ချင်းပင် မောင်းလိုက်လာခဲ့သည်။

"မုဒြာ ... နင် အဲဒီမိန်းမကို သိလား"

"မသိဘူး။ နင်ကကော ဒီကို ဘယ်လိုရောက်လာတာလဲ။ ဘာကိစ္စရှိလို့လဲ"

"ပြောရင်လည်း ကိုယ့်ပေါင်ကိုယ် လှန်ထောင်းတဲ့ကိစ္စပဲ။ မနေ့က ကိုကြီး အိတ်ထဲက visiting card တွေ့လို့။ ဒီနေ့လည်း သူလောနေတဲ့ပုံတွေကို မသင်္ကာတာနဲ့ ရောက်ပြီး မနက်က သူ့ဆီဖုန်းလာတယ်လေ။ အဲဒါကြောင့်"

မုဒြာက ယုရာဆီက အကြောင်းအရာတွေကြားပြီးလျှင်တော့ ဒါဟာ မနေ့ညက သူတို့ရှုပ်ခဲ့တဲ့ ဓာတ်တစ်ခုဆိုတာ ရိပ်စားမိချေသည်။

"ငါလည်း အဲဒီကတ်တစ်ခုတွေ့လို့ လိုက်လာတယ်။ အဲဒီမိန်းမနဲ့ သူတို့နှစ်ယောက်က ဘာတွေလဲ"

"ဟိုမှာ ... ဟိုမှာ ကွေ့သွားပြီ"





မုဒြာက ရှေ့ကားကွေ့တဲ့အတိုင်း လိုက်ကွေ့လာတော့ မလှမ်းမကမ်းကနေသာ ဖြည်းဖြည်းမောင်းလာလိုက်သည်။ သူတို့ကားက အိမ်တစ်နေရာအရှေ့မှာရပ်ကာ အဲဒီအမျိုးသမီးက ဆင်းသွားပြီးတာနှင့် သူတို့ရှေ့ကားက ဝေါခနဲ မောင်းထွက်သွား၏။

"ဟင် ... ကြည့်စမ်း။ အဲဒါ ငါတို့ကို တွေ့သွားလို့။ လိုက်မယ်"

"မလိုက်နဲ့တော့။ တောက် ... သူတို့ ငါတို့ကားကိုမြင်သွားလို့ပဲ။ ဒီကိစ္စကို ဒီအတိုင်းထားလို့ မရဘူး။ အဲဒီမိန်းမနဲ့ သူတို့နှစ်ယောက်ကြားက ဇယားက ဘာလဲဆိုတာသိရမှဖြစ်မယ်။ အရင်ဆုံး ငါတို့လုပ်ရမှာက ခုနက ဟိုတယ်ကို ပြန်သွားရမယ်။ အဲဒီမိန်းမ ဘာလဲဆိုတာ သွားစုံစမ်းရမယ်"

မုဒြာက ခေါင်းတစ်ချက်ညိတ်ပြလိုက်ကာ ကားကို ဘယ်ကွေ့ ပြန်ကွေ့လိုက်ကာ ခုနက ဟိုတယ်ဆီသို့ ပြန်သွားလိုက်သည်။

အကြောင်းတရား ဆက်စပ်မှု လုံးဝမရှိပါဘဲနဲ့ ဒီယောက်ျားနှစ်ယောက် အပြင်တစ်နေရာမှာ ဆုံတယ်ဆိုတာ သိပ်

www.burmeseclassic.com



မဟုတ်ပေ။ စိတ်ထဲမှာ တွေးမှတ်ထားသည်က အိမ်ထောင်သ
ဘယ်လောက်နုနု ကဲချင်တဲ့ယောကျ်ားဟာ ခြိတ်ထားလည်
မရဘူး ဆိုတာပဲဖြစ်ပြီး တကယ်သာ ဟုတ်နေခဲ့ရင် မုဒြာ လုံး
ခွင့်မလွှတ်ဘူးဆိုတာပါ တွေးရင်း တစ်ဖက်ကလည်း မဟု
လောက်ဘူးလို့ မာန်တင်းထားလိုက်သည်။

✤ ✤ ✤





ဒီအချိန်မှာ ပွက်ပွက်ဆူနေသော ဒေါ်သုတို့ဖြင့်
နေပိုင် ဖြစ်နေသူတွေကတော့ သမီးတွေရဲ့အမေ ဖြစ်တဲ့
နုနုအေးနှင့် ဒေါ်သန္တာချိုပဲ ဖြစ်လေသည်။ ယုရာနှင့် မုဒြာ
အေးနေရတဲ့ ဒေါ်သထက် အဆပေါင်းများစွာ ပိုထွက်နေကြကာ
သည်းကွဲနေတဲ့ သမီးတွေအတွက် တကယ်ပဲ အတိုင်အဖောက်
ညာနေစွာ ပေါက်ကွဲတော့တာပဲ ဖြစ်သည်။

"တောက် ... ရိုင်းလိုက်တာ။ သမီး ဒီလိုအကောင်မျိုး အတွက် ညည်းတို့ ဘာကို မျက်ရည်ကျနေတာလဲ။ မလို အပ်ဘူး"

ဒေါ်သန္တာချိုက ပြောလိုက်မှ မုဒြာ မျက်နှာက
ခဲ့ကာ ကျလာတဲ့ မျက်ရည်တွေကို ပွတ်သုတ်လိုက်ရင်း ...

"သူ့ဘာသာသူ ကျလာတာ မေမေရဲ့။ သူတို့ ... သူတို့ တွေက ဖောက်ပြန်နေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... တိတ်ကြစမ်းပါ။ ဘာမှငိုဖို့မလိုဘူး။ တောက်_ အိမ်ထောင်သက်ဖြင့် ခြောက်လတောင် မပြည့်သေးဘူး။ သင်းတို့က ဒီအချိုး ချိုးရဲတယ်"

"ဟုတ်တယ်။ ကိုကြီးက အဲဒီ KTV ကို ခဏ ခဏ လာ တယ်တဲ့။ သူ့ သစ္စာမရှိဘူး"

ယုရာက ပိုပြီးတော့တောင် ဗြဗြစင်တွေ ဆော် ကာ လူကြီးတွေကို တိုင်နေတာဖြစ်သည်။ ဒီနေ့ အဲဒီဟိုတယ် သွားစုံစမ်း၍ သိရှိချက်တွေအရကတော့ မနေ့ညက သူတို့ ယောက်ဟာ အဲဒီ KTV မှာ ကမြင်းကြောထခဲ့ကြောင်း၊ ဘာ လိုတွေ နှီးခဲ့ကြောင်းကို အဲဒီ ဟိုတယ်မှာရှိနေထဲ့ ကိုရွှေဘုန်းတ ရဲ့ သူငယ်ချင်းဆီကတစ်ဆင့် ကြားလာခဲ့ရတာဖြစ်သည်။ နော ပြီး ဟိုမိန်းမကလည်း အဲဒီကတဲ့။

မုဒြာက တွေးရင်းနဲ့ အဲဒီ ရိုးမာန်ဆိုတဲ့ နာမည်နဲ့ တစ်စက်ကလေးမှ မလိုက်သော သူ့ကို တစ်စစီကုတ်ဖဲ့ ဆွဲ ချင်စိတ်တွေ တဖွားဖွား ပေါ်လာရကာ တစ်ဆက်တည်းမှာ မုဒြာရဲ့ဒေါသက ယုရာဆီ ပုံလို့ကျသွားလေသည်။

"ဟုတ်တယ်။ အခုလို ဖြစ်ရတာတွေက နင့်ကြောင့်။ နင့် ယောက်ျား အဲဒီလို ဧယားတွေရှုပ်လို့"





"ဟဲ့ ... ဘာဆိုင်လို့လဲ။ နင့်ယောက်ျားကကော နင့်အပေါ် သိပ်သစ္စာရှိတာကိုး"

"ဘာ"

"ဟဲ့ ... ဟဲ့ ... နှစ်ယောက်စလုံး တော်ကြစမ်း။ ဒီအချိန် က နင်တို့ စကားနိုင်လု ရန်ဖြစ်ရမယ့်အချိန် မဟုတ်ဘူး။ ဒါ အိမ်ထောင်ရေး။ ကလေးကစားနေတာ မဟုတ်ဘူး"

"ဟုတ်တယ် ... သန္တာချို။ အဲဒီစကား သိပ်မှန်တယ်။ ယုရာ ... မုဒြာ ... ညည်းတို့ ကလေးဆန်မနေကြနဲ့။ ညည်းတို့ယောက်ျားတွေမှာ ဒီလိုအကျင့်ဆိုး ညဥ့်ဆိုးမျိုး ရှိနေတာ လုံးဝလက်မခံနိုင်ဘူး"

"ဟုတ်တယ် ... အဲဒါ အမှန်ပဲ။ စမိနောက်နောင်။ ဒီကိစ္စ ကို တစ်ခါတည်း ဒီနေ့ အပြတ်ရှင်းရမယ်။ ဟင်း ... ငါ တို့သမီးတွေကို ဒီလိုနည်းနဲ့ လုံးကြီးလာတင်ဖို့ မစဉ်းစား နဲ့ ...

တွေ့မယ်"

ဒီအချိန်မှာ ယုရာကော မုဒြာပါ ဘာမှ ဝေဖန်ပြော ခြင်း ဆိုတာလည်း မရှိတော့ပေ။ သေချာတာကတော့ ရင်ဆ တကယ်ကိုပဲ မကောင်းနိုင်စွာ ကိုယ့်ရဲ့အရုပ်ကလေး သူများ

www.burmeseclassic.com

www.burmeseclassic.com



လုသွားတဲ့ ဖီးလ်ကြီးက တမင်တကာ လုပ်ယူဖန်တီးတာမျိုး မဟုတ်ပါဘဲ အလိုလိုနေရင်း ဝင်လာ၍ စိတ်ထဲမှာလည်း ဒေါသက တနုံ့နုံ့ဖြစ်သည်။

မနေ့ညက သွားခဲ့တာဟာ KTV ပြီးတော့ ဒီကနေ့ အဲဒီအမျိုးသမီးနဲ့ ထပ်သွားတွေ့ကြတယ် ဆိုကတည်းက လုံးဝ ခွင့်လွှတ်ချင်စရာ မကောင်းတော့ပေ။

✤ ✤ ✤





(၁၃)

"ဝုဏ်ယူတယ်ကွာ။ ဒါ အောင်မြင်တဲ့ သဘောပဲလေ။ မင်းတို့ရဲ့ တစ်ရက်တည်း လုပ်ဆောင်ချက်နဲ့တင် ယုရာနဲ့ မုဒြာက ကားတစ်စီးတည်း အတူစီးပြီး မင်းတို့နောက် လိုက်လာတယ် ဆိုကတည်းက ဒါဟာ အခြေအနေကောင်းပဲ။ သိပ်များများစားစား မလုပ်နဲ့။ မင်းတို့နှစ်ယောက် တစ်ညလောက် လိမ်ပြီး အပြင်ထွက်ပြီးရင် အိမ်ပြန်မအိပ်နဲ့။ သူတို့နှစ်ယောက် အတိုင်အဖောက်ညီညီကို စည်းလုံးပြီသာ မှတ်လိုက်ကြပေတော့"

ဘိုးဘိုး စကားက တကယ်ကို အားရကျေနပ်ဖွယ်မို့ ရိုးမာန်က ကျေနပ်ကြည်နူးစွာ ပြုံးမိသွားသည်။ ဘိုးဘိုးပြော တကယ်ပဲ အမြင်ကတော့ ထက်လှပါပေရဲ့။ သူတို့နှစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



အသုံးချပြီး မဏိဥာဏ်မိသားစု စည်းလုံးဖို့ idea ထုတ်နိုင်တာကိုက ဘိုးဘိုးရဲ့ ထက်မြက်မှုပဲ ဖြစ်သည်။

"ဟုတ်ကဲ့ ... ဘိုးဘိုး။ ကျွန်တော်လည်း အဲဒီနေ့ အမြန်ရောက်လာဖို့ မျှော်လင့်နေပါတယ်"

"အေးကွာ ... အဘိုးရဲ့အဖြစ်ချင်ဆုံး ဆန္ဒက တို့မိသားစုတွေ စည်းစည်းလုံးလုံးနဲ့ တစ်စုတစ်စည်း ဖြစ်ဖို့ပဲ။ မကြာခင် ဖြစ်လာတော့မှာပါကွာ။ ကဲ ... ဟုတ်ပါပြီ။ မင်းတို့လည်း တစ်နေ့ တစ်နေ့ အလုပ်ကိစ္စထက် မိသားစုကိစ္စက ပိုအချိန်ပေးရ များနေတာ။ နားကြတော့။ အိမ်ပြန်ရင် ပြန်လေ"

"ကျွန်တော်က ကျောက်ကိစ္စ ချိန်းထားစရာလေးရှိသေးလို့ အင်းလျားလမ်းဘက် ခဏသွားရဦးမယ် အန်ကယ်"

"အေး ... သွားလေ။ အလုပ်ကိစ္စပဲဟာ။ ရိုးလေး ... မင်းကကော"

"ကျွန်တော်ပြန်မှာလေ ဘိုးဘိုး။ ဘိုးဘိုးနဲ့ အတူပြန်မယ်လေ"

"ဟာ ... ငါ့မစောင့်နဲ့။ ကိုအံ့ကြီးတို့နဲ့ဆုံဖို့ အဘိုးချိန်းထားလို့"





"ဟုတ်ကဲ့ ဘိုးဘိုး။ အဲဒါဆို ကျွန်တော်တို့ ကိုယ့်ဘာသာပဲ ပြန်လိုက်တော့မယ်"

သူနဲ့ ကိုရွှေဘုန်းက ဘိုးဘိုးကို နှုတ်ဆက်ကာ အိမ်ပြန်ဖို့အတွက် ထွက်လာခဲ့တော့သည်။ ကိုရွှေဘုန်းကတော့ သူ့အလုပ်ကိစ္စ ချိန်းထား၍ သွားပြီမို့ ရိုးမာန်က အစုမှရပ်ထားတဲ့ ကားလေးဆီ ပြန်လာယူရတော့သည်။ မနေ့က မနက်ကတည်းက ကိစ္စတွေ ရှိနေတာကြောင့် သူ့မှာ သူ့ကားလေးကို ကုမ္ပဏီမှာ ထားခဲ့ရတာဖြစ်သည်။ အားလုံးအတွက် စည်းလုံးမှုဖြစ်အောင် ကြိုးပမ်းနေတဲ့ အချိန်ကာလမို့ ချစ်တဲ့ သူ့ဇနီး မုဒြာဆီက အထင်လွဲမှုရအောင် သူ့မှာ ကြိုးစားရဦးမှာပဲဖြစ်၏။

ရိုးမာန်က ကားမောင်းထွက်လာကာ အိမ်ရောက်ရင် နေရမယ့် ခပ်စိမ်းစိမ်း အိုက်တင်တွေအတွက် စိတ်တော့ ပင်ပန်းရတာပဲဖြစ်သည်။ ဒါပေမဲ့ ဒီလိုနေမှပဲ အားလုံးက အဆင်ပြေနိုင်မှာလေ။ သို့သော် ထင်ထားတာနှင့်က ကွာခြားမှုရှိနိုင်တယ်ဆိုတာ သူက နဖူးတွေ့ ဒူးတွေ့ တွေ့ရပြီဖြစ်သည်။ သူ့ရဲ့ကားက ခြံထဲကို ဝင်လာတာနှင့် ခြံစောင့် ဦးဘမောင်က သူ့ကို သတင်းပေးထားပြီးဖြစ်သည်။

"အစ်ကိုလေးရေ ... အခြေအနေကတော့ မကောင်းဘူး။ အိမ်မှာ ရာသီဥတု ပြင်းထန်နေတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဗျ"

"ဝင်သာကြည့်လိုက်တော့မျိုး"

ရိုးမာန်က ဦးဘမောင် ပြောတဲ့စကားကိုပဲ သိပ်နားမရှင်းစွာ အိမ်ထဲဝင်လာလိုက်လျှင် ဧည့်ခန်းထဲက မျက်လုံးရှစ်လုံးရဲ့ အကြည့်ဒဏ်ကို စူးနေအောင် ခံလိုက်ရတာပဲဖြစ်သည်။ မုဒြာ ပြီးတော့ ယောက္ခမကြီးနှင့် ဒေါ်နုနုအေး ပြီးလျှင် ယုရာ။ သူမတို့တွေက သူ့ကို တင်းနေသည်ဆိုတဲ့ အကြည့်တွေဖြင့် သူ့ကို ရှိုးနေတာမို့ သူက အပြုံးတစ်ခု အရင်စပေးရတော့သည်။

"မု ... မုဒြာ"

သူ့ရဲ့အနည်းငယ်မျှ အဖျားခတ် တုန်ယင်နေသော စကားသံကြောင့် မုဒြာက သူ့ကို ရှုတည်တည်ပဲ ကြည့်နေကာ ခပ်ဆတ်ဆတ် မေးလေ၏။

"ဒါက ဘယ်က ပြန်လာတာလဲ"

မုဒြာ မေးခွန်းကြောင့် သူက နည်းနည်းတော့ ကြောင်အမ်းအမ်း ဖြစ်သွားရကာ သေးလူတွေရဲ့ မျက်နှာကို တစ်ချက် အကဲခတ်ကြည့်မိသည်။ ဘွားတော်တို့ရဲ့ မျက်နှာထားတွေဟာလည်း တင်းနေကြတာပဲဖြစ်၏။ သူတော့ တစ်ယောက်တည်း ပြန်လာမိတာ မှားပြီထင်တယ်။ ရိုးမာန်က တံတွေးတစ်ချက် မျိုချရင်းက ...





"ကုမ္ပဏီကလေ"

"ဟုတ်လား။ ရှင့်ကို ရှင်းချင်လို့ စောင့်နေတာ။ ဒီမှာ ... ကိုရိုးမာန် ... ကျွန်မဘဝမှာ လိမ်တာညာတာကို အမုန်းဆုံးပဲ။ ဘိုးဘိုး အင်မတန်မှ ယုံကြည်လှပါတယ်ဆိုတဲ့ ရှင်က နောက်ကွယ်မှာ လုပ်ချင်တိုင်း လုပ်နေတဲ့ကိစ္စကို ကျွန်မ လုံးဝဆက်ပြီးတော့ သည်းညည်းမခံနိုင်တော့ဘူး"

"ကိုယ် ... ကိုယ် ... ဘာလုပ်မိလို့လဲ"

"ဘာလုပ်မိလို့လဲ ... ဟုတ်လား ရိုးမာန်။ ဒီမှာ ... မင်းက မင်းလုပ်ထားတဲ့ အပြစ်ကို တကယ်ပဲ မသိတာလား။ မသိချင်ဟန်ဆောင်တတ်တာလား"

ရိုးမာန်က တကယ့်ကိုပဲ ကွိုင်က ကြီးပြီဆိုတာ သဘောပေါက်ရတာကြောင့် ရင်တော့တော်တော်ပူသွားရလေသည်။

"မု ... မုဒြာ ... အမေ ... ကျွန်တော် ရှင်းပြပါ့မယ်"

"ဘာမှ ရှင်းစရာမလိုဘူး။ ရှင်းတယ် ဆိုကတည်းက ဒါ ရှုပ်ထားလို့။ မင်းနှယ့်ကွယ် ... အံ့သြပါရဲ့။ KTV က မိန်းမတစ်ယောက်ကို ဘာတွေများ မက်မောနေစရာရှိလို့ မင်းက သွားနေရတာလဲ။ မင်းလို အကျင့်စာရိတ္တနဲ့ ပျက်တဲ့သူနဲ့ ငါ့သမီးကို ဆက်မပေါင်းခိုင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

"ဘာဖြစ်နေကြတာလဲ"

ရှီးမာန်က အကြီးကြီး ရှော့ခ်အတွက် ဖြေရှင်းချက် ထုတ်ခါနီးမှာ အနောက်က အားကိုးဖွယ်ရာ တစ်မဲက ရောက်လာတာမို့ သူက တော်တော်တော့ အားတက်သွားချိန်မှာပဲ ထင်ထားတာထက် ပိုဆိုးစွာ သွေးသည် ရေထက်ပျစ်ကြောင်း သက်သေထူစွာ ယုရာဘက်ကလည်း တစ်စခန်းထလို့ လာတာဖြစ်သည်။

"ခြော် ... ဟော် ... ပြန်ရောက်လာပြီလား။ တော်တော်မှ ပျော်လို့ ပါးလို့ ကောင်းခဲ့ရဲ့လား ဦးကပ်စေး"

ယုရာရဲ့အသံဟာ အင်မတန်မှကို မာကျောထန်နေတာမို့ ရွှေဘုန်းက ဒိတ်ခနဲတော့ ဖြစ်သွားရကာ ရှီးမာန်အား အသာကာပ်၍ လက်အသာတို့ကြည့်မိလျှင် ရှီးမာန်ဆီက အသံထွက်မလာသေးခင်မှာ သူ့ယောက္ခမကြီး ဒေါ်နုနုအေးဆီကနေ ပွဲကြမ်းစကားက စလာတော့တာဖြစ်သည်။

"ဒီမှာ ရွှေဘုန်းတက်။ မင်းကို ငါ့ဘက်က ငါ့သမီးနဲ့ သဘောတွေ့ တူလွန်းအားကြီးလို့ ပေးစားထားတယ်လို့ မင်း ထင်မနေနဲ့။ မင်းလို အိမ်ထောင်ရေးဖောက်ပြန်တဲ့ စာရိတ္တရှိတဲ့ ယောက်ျားမျိုးနဲ့ ငါ့သမီး နောင်သံသရာ





အဆက်ဆက် ဘယ်တော့မှ မတွေ့စေရဘူး။ မင်း ငါတို့အိမ်ပေါ်က ဆင်းတော့"

"ဗျာ"

"မင်းလည်း အတူတူပဲ ရှီးမာန်။ မင်းပါဆင်း"

"ကျွန်တော် ပြောတာကို ခဏလေး နားထောင်ကြပါဦးဗျာ။ မုဒြာ ... ကိုယ်ရှင်းပြမယ်"

"တော်တော့ ... မရှင်းပြနဲ့။ ရှင်တို့နှစ်ယောက် မိန်းမတစ်ယောက်တည်းနဲ့ ဖောက်ပြန်နေတယ်ဆိုတဲ့ ကိစ္စကို ကျွန်မသိပြီးပြီ။ လုံးဝလည်း ခွင့်မလွှတ်ဘူး။ ရှင့်မျက်နှာလည်း မတွေ့ချင်တော့ဘူး။ သွားပါတော့"

ပြောရင်းကမှ မုဒြာဟာ မျက်ရည်တွေ ကျလာ၍ ချက်ချင်းပဲ အိမ်ထဲပြေးဝင်သွားလေသည်။ ဟား ... ကွာ။ မုဒြာ ဆာကယ်ပဲ သူ့အပေါ်ကို အထင်လွဲသွားပြီ။ ရှီးမာန်က အဲဒီလိုတော့ အဖြစ်မခံနိုင်ပေ။ မုဒြာ နောက်ကို အမီလိုက်မယ်အပြုမှာ သူ့ကို ဒေါ်သန္တာချိုက လှမ်းတားလိုက်ကာ ...

"မင်းဝင်ခွင့် မရှိဘူး ရှီးမာန်"

"ဟား ... အမေ ... အဲ့ဒါ ကျွန်တော့်မိန်းမလေ"

"မိန်းမလည်း ဒီအချိန်မှာ ဘာမှမဆိုင်တော့ဘူး။ မင်းတို့တွေက အစကတည်းကို ဒီနေရာမှာ မရှိထိုက်တဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com



အဖေက လက်ခံသဘောတူနေလို့သာ ငါ့ဘက်က လက်ခံရတာ။ မင်းလိုကောင်မျိုးကို အစကတည်းက ငါသာဆုံးဖြတ်ရင် ငါ့သမီးနဲ့ လက်ထပ်ခွင့်တောင်ရမှာ မဟုတ်ဘူး"

"အမေ"

"ဟော့ကောင် ... ဟော့ကောင် ... ရိုးမာန် ... တော်တော့ ဒီမှာ ယုရာ ... ပြီးတော့ အမေတို့ကော ကျွန်တော်တို့ မဖောက်ပြန်ကြဘူးဆိုတာ ကျွန်တော်တို့ ဂုဏ်သိက္ခာနဲ့ ရင်းပြီး အာမခံရဲပါတယ်"

ရိုးမာန်က ဒေါသတကြီး ဖြစ်နေတာကို ရွှေဘုန်းက ဝင်ဆွဲရင်း ရှင်းပြပါသော်လည်း ယုရာက မုဒြာ အတိုင်း တူညီစွာပင် သူ့ကို ခါးခါးသီးသီးတွေကို ကန့်လွှတ်တော့တာဖြစ်သည်။

"မသိဘူး။ ဘာမှ မကြားချင်ဘူး။ ထွက်သွားကြတော့ ဦးဘမောင် ... ဦးဘမောင် ... သူတို့ကို ခေါ်ထုတ်သွား"

"ယုရာ"

ရွှေဘုန်းက ဒီအချိန်မှာ ရှင်းတာဟာ ဘာမှအရာမထင်ဘူးဆိုတာ သဘောပေါက်ရတာမို့ လူငယ်မို့ ဒေါသထွက်လွယ်နေတဲ့ ရိုးမာန်ကို ဖွတ်ဆွဲခေါ်လာခဲ့ရသည်။ ဒီအချိန်မှာ အဘိုးကလွဲပြီး ဒီကိစ္စကို ရှင်းနိုင်တဲ့သူ မရှိတော့ဘူးလေ။

✤ ✤ ✤





သူ့ဆီသို့ အသည်းအသန် ခဲမှန်ပြေးလာကြကာ ပြဿနာကို လာပြောကြလျှင် ဦးမဏိဉာဏ်က တကယ့်ကိုပဲ ကျေနပ်လွန်းကာ သဘောတကျ ရယ်မိလေသည်။

"ဘိုးဘိုး ... ဘာရယ်တာလဲ။ ကျွန်တော်တို့ တကယ်ဒုက္ခရောက်နေပြီနော် ဘိုးဘိုး။ ဘိုးဘိုး ရှင်းပေးမှ ဖြစ်မှာ"

ရိုးလေးက တကယ်ကိုမှ ထိတ်လန့်ပူပန်နေတဲ့ မျက်နှာထားနှင့် သူ့ကို အားကိုးတကြီး ပြောတာမို့ သူက ရိုးလေးရဲ့ပခုံးကို ဖွဖွပုတ်ပေးရင်းက ...

"ဘာတွေ စိတ်ပူနေတာလဲ ရိုးလေး။ အဘိုးက မင်းတို့ဘက်ကလေ။ ဒီလိုရက်ပိုင်းအတွင်း ဒီလောက် လှုပ်လှုပ်ခတ်ခတ် ဖြစ်ကုန်တယ်ဆိုကတည်းကဒါဟာ ကောင်းခြင်းနိမိတ်ပဲ ...

ဟော ... ပြီးတော့ ဖြတ်ပြောရဦးမယ်။ ကျုပ်မြေးတွေက မင်းတို့ကို တကယ်မေတ္တာရှိတယ်ဆိုတဲ့ သဘော



www.burmeseclassic.com

www.burmeseclassic.com



လည်း သက်ရောက်တယ်။ မိန်းမတွေက အရူတိုတတ်ထ
တကယ်ချစ်မှကွ"

"ဟုတ်ပါတယ် ဘိုးရယ်။ ဒါပေမဲ့ အခုလောလောဆယ် မုဒြာရော ယုရာကပါ ကျွန်တော်နဲ့ အစ်ကိုကို အိမ်ပေါ် တက်ခွင့်တောင် မပေးဘူး။ ဘိုးဘိုးကယ်မှရမှာ။ ဘိုးဘိုး ရယ် ... ရှင်းပြပေးပါနော်"

ရိုးလေး ပုံစံဟာ တကယ့်ကိုမှ အသည်းနဲ့မှအသန် ဖုတ်ပူမီးတိုက်ကို ဖြစ်နေတော့တာမို့ ဦးမဏိဉာဏ်က သဘောကျစွာ ပြုံးမိလိုက်ရင်း အတွေးတစ်ခုက ခေါင်းထဲဝင်လို့ လာလေသည်။ ဒီအချိန်မှာ ဒီမြေးသမက်နှစ်ယောက်ကို သူနဲ့အတူ အိမ် ပြန်ခေါ်သွားရင် သူ စီစဉ်ထားတဲ့ Plan ဟာ သဲထဲရေသွန်သလို ဖြစ်သွားမှာ ဖြစ်သည်။

"စိတ်ချ။ အချိန်တန်ရင် မင်းတို့ အဆင်ပြေမှာပေါ့ကွာ"

"ဗျာ ...။ အဲ ... အဲဒါဆို ကျွန်တော်တို့က အခု အဆင် မပြေသေးဘူးပေါ့နော် ... ဟုတ်လားဟင် အန်ကယ်"

"အင်း ... ဟုတ်တယ်ကွ။ ငါ့အိမ်က အဖွဲ့ကွဲနေတဲ့ နှစ်ဖွဲ့ကို တစ်စုတည်းဖြစ်ဖို့က ဒီလောက် မလွယ်ဘူး၊ အခု မင်းတို့ နှစ်ယောက်ကို ငါ့မြေးတွေက အိမ်ပေါ်နေခွင့်မပေး တော့တာဟာ အခွင့်အရေးပဲ"





"ဗျာ"

ရိုးလေးကော ရွှေဘုန်းကပါ တအံ့တသြတွေဖြစ် ကြလျှင် ဦးမဏိဉာဏ်က နားလည်အောင် ရှင်းပြရတော့သည်။

"ဟုတ်တယ်။ သူတို့ မင်းတို့ကို နှင်ချလိုက်တာဟာ အမှားဆိုတာကို သူတို့ သိလာလေလေ သူတို့ချင်း စည်းလုံးမှု ပိုရလေလေပဲ"

"အဲဒီတော့ ဘိုးဘိုး ... ကျွန်တော်တို့က"

"မင်းတို့ကို ယုံကြည်တယ်။ မင်းတို့ အပြင်ထွက်ပြီး နေလိုက်။ ကျန်တာ ငါ ဆက်စီစဉ်မယ်"

ဘိုးဘိုးက ထည်ဝါစွာသော အပြုံးတို့ဖြင့် သူတို့ကို ဝဟောဠီတွေ လာလုပ်သွားလေ၏။ ဒါပေမဲ့လည်း ဘိုးဘိုး မျှော်လင့်သလို သူတို့ကိုယ်တိုင်ကလည်း ဖြစ်စေချင်သည့်အတွက် ဘိုးဘိုးဆန္ဒကိုသာ ဦးစားပေးသည့် အနေဖြင့် သူတို့အသည်းတွေကို ခဏ စိတ်ညစ်ခံလိုက်ပါသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com










မပြောချင်သောစကားလုံး
မသိစေချင်သော ခံစားချက်တွေဟာ
ဒီဘက်ခေတ်မှာတော့
ကိုယ့်လက်ချောင်းတွေအောက်က
keyboard ကတစ်ဆင့်
status တွေ ဖြစ်သွားတတ်တယ်။

✤✤✤

www.burmeseclassic.com

www.burmeseclassic.com







(၁၄)

Facebook ပေါ်သို့ သူက status ကောက်တင်လိုက်ချင် လက်မလေးတွေ ထောင်ပြကြတာမို့ ကျေနပ်ရပေမယ့် ဒီအချိန်မှာ အသည်းနှလုံးဟာတော့ လုံးဝကို charging down နေဖြစ်သည်။ မုဒြာနဲ့ ဝေးမှ သူ့ရင်ထဲမှာ မုဒြာကို ဘယ်လောက်ကိုင် နက်ရှိုင်းတွယ်ငြိမ်နေရသလဲဆိုတာ သဘောပေါက်ရတာ[illegible]၏။

သူက သေလောက်အောင်တွေ လွမ်းဆွတ်တမ်းတဆိုရနေပေမယ့် သူ ဖုန်းခေါ်လည်း မုဒြာက လုံးဝမကိုင်တာမို့မှာ ရေလည်ကြီးကိုမှ ကြွေကျနေရတာပဲ ဖြစ်သည်။

"ဟော့ကောင် ... ရိုးမာန်ရေ ... မင်း မီးဖိုချောင်ထဲမှာ ဘာမှလဲ စားဖို့မရှိဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးကနေ စီခနဲ ထွက်လာတဲ့ အသံကြောင့် အိမ်ရှေ့ကနေထိုင်ကာ ဆွေးလို့နေတဲ့ mood က ဖုတ်ခနဲပြတ် ကျသွားကာ လန့်ဖျပ်၍ လှည့်ကြည့်မိလျှင် အသံပိုင်ရှင်က အနောက်တောင် ရောက်နေတာမို့ ရိုးမာန်က အံ့သြသွားရကာ...

"ဟာ ... အစ်ကိုကြီး ... ဘာလဲ"

"မင်းမီးဖိုခန်းမှာ စားဖို့ သောက်ဖို့ကော ချက်ဖို့ကော ဘာမှမရှိဘူး။ မင်း ဘာမှ ဝယ်မထားဘူးလား"

"ဟာ ... အစ်ကိုရာ။ ဒီအချိန်မှာ ခင်ဗျား စားနိုင်သောက် နိုင်သေးတယ် ဟုတ်လား"

ရိုးမာန်က စိတ်ပေါက်ပေါက်ဖြင့် ထအော်မိသွား လျှင် ကိုရွှေဘုန်းက သူ့ဆီသို့ ရောက်လာကာ သူ့ပခုံးကို ဖတ် လိုက်ရင်း ...

"အဲဒီလိုရယ်လည်း မဟုတ်ဘူးပေါ့ကွာ။ ဒီအချိန်မှာ ငါနဲ့ မင်းက ဘာဝတ္ထုပဲလေ။ စိတ်ညစ်ရင် အစားများများစားရ တယ် ကြားဖူးလို့ ငါလည်း စိတ်ပြေရာပြေကြောင်းလျှောက် လုပ်နေတာပါကွာ"

"စားလည်းပဲ ထူးမှာမဟုတ်ပါဘူး အစ်ကိုရာ။ မုဒြာ တစ် ယောက်ကို ဘယ်လိုမှ ဆက်သွယ်လို့ မရဘူး။ အစ်ကိုကော အခြေအနေ"





"ဟား ... မေးနေရသေးလားကွာ။ ဒီပုတ်ဆိုမှတော့ ဒီပဲ ပေါ့။ ဖုန်းပါ ပိတ်ထားတယ်။ MPT ကိုကော ငါ့ကိုကော မုန်းပြီး တယ်လီပဲနောပြီလား။ အူရီပဲ ဒူးနေပြီလား မသိ ဘူး ...

Simn Card တွေ ၁၅၀၀ ဖြစ်သွားတာ ကောင်း တော့ ကောင်းပါတယ်။ ဒါပေမဲ့ မကောင်းပါဘူးကွာ"

အသည်းကွဲနေရာကနေ topic က ချက်ချင်းကြီး ပြောင်းသွားတာမို့ ရိုးမာန်က ပြူးကြည့်လိုက်ရင်းမှ သူလည်း စိတ်ပြေလက်ပျောက်ဖြစ်အောင် ကိုရွှေဘုန်းနောက် follow လိုက် ၍ topic ပြောင်းကြည့်လိုက်သည်။

"ဟား ... ဘာဖြစ်လို့လဲ။ ဒီလောက် သက်သာတဲ့ဈေးက မကောင်းဘူးလား"

"ဘယ်လို ကောင်းမှာတုံး။ အရင်က လူတွေက ဟန်းဖုန်း ကိုင်နိုင်တဲ့ပေါ်မှာပဲ ကြည့်တယ်။ ကိုင်ထားတဲ့ ဟန်းဆက် ဆိုပြီး သိပ်ကြည့်ကြတာ မဟုတ်ဘူးလေ။ ဟော ... အခု ကျတော့ ခေတ်က ပြောင်းပြီ။ ထည့်ထားတဲ့ Sim Card က ၁၅၀၀ တန်၊ ကိုင်တဲ့ဟန်းဆက်ကျ ဆယ်သိန်းတန် iPhone မှ လူရာဝင်ချင်တဲ့ ခေတ်မျိုး။ အရင်က လူတွေက

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေပဲဖြစ်ဖြစ် မိသားစုပဲဖြစ်ဖြစ် စကား
ရင် နွေးနွေးထွေးထွေး မျက်လုံးချင်းဆုံ ပြောတယ်။ အ
ကျတော့ မျက်လုံးက ဖုန်းဆီမှာ အချိန်လေးအားတာနဲ့
ရတာ အမော ...

နည်းပညာတွေ သိပ်တိုးတက် လာတာက
ကောင်းပါတယ်။ ဒါပေမဲ့ တစ်ဖက်က တွေးကြည့်
လည်း နွေးထွေးမှုတွေ လျော့လာတယ်"

"အာ ... အစ်ကိုပြောတာ မှန်တော့ မှန်တယ်။ ဒါ
100% မမှန်ဘူး။ နွေးထွေးမှု လျော့လာသလို တိုးလာ
တွေလည်း ရှိပါတယ်။ အရင်ကဆို သတိရရင်
တစ်ယောက်ကိုပဲ ဆက်သွယ်လို့ရမယ်။ ဟော အ
တော့ Group chat ပဲ လုပ်လိုက်မလား။ viber က
တစ်ယောက်ချင်းစီ ပို့ထားမလား။ ခင်မင်မှု ပိုနီးစေ
လေ ...

ဟော ... အရင်က ချစ်သူတွေ နှစ်ယောက်
ဓာတ်ပုံရိုက်ပြီးရင် အဲဒီဓာတ်ပုံကို လူကြီးတွေမြင်မှာ
ဖွက်ရတာ အမော။ အခုကျတော့ ခေါင်းလေးနှစ်လုံး
ချက်ဆို Selfie ရိုက်ပြီးတာနဲ့ အဖေလည်းမသိ အမေလ
မသိ ဒိုးတော့ Gallery lock ထဲ။ နေရာတိုင်းမှာ အ



အကောင်း ဒွန်တွဲနေပါတယ်။ ဆိုးတာတွေချည်းပဲ မမြင်နဲ့လေ။ ကောင်းတာလေးလည်း ရှိပါသေးတယ်"

ရိုးမာန်က ချက်ချ လက်ကျ ရှင်းမှ ကိုရွှေဘုန်းတစ်ယောက်က ပါးစပ်ပိတ်တော့တာ ဖြစ်သည်။ နည်းပညာအကြောင်း ထိုင်ငြင်းနေရရင် ပြီးတော့မယ့်ကိစ္စတွေလည်း မဟုတ်တာမို့ သူက စကားစကို ဖြတ်ပေးလိုက်သည်။

"အေးလေ ... ဘယ်နေရာမဆိုတော့ အဆိုးအကောင်း တွဲနေတာပါပဲ။ ဒါပေမဲ့လေ ... ငါတို့ကိစ္စတော့ အဲဒီလိုဖြစ်လို့ မရဘူးနော်။ အဆိုးသာဆိုရင် သေပြီ။ အခုတောင် အိမ်ပေါ်က နှင်ထားတဲ့ အိမ်ဦးနတ်တွေ ဖြစ်နေတာ"

"ဟာ ... ဖွ ... ဖွ ... လွဲပါစေ။ ကောင်းမှာပါဗျာ။ ဘိုးဘိုးက အင်မတန်မှ တော်တဲ့သူဗျ။ သူ တစ်သက်လုံး ဖြစ်ချင်ခဲ့တဲ့ဆန္ဒကို ဒီတစ်ချီမှာ ရအောင်လုပ်မှာ ...

ကျွန်တော့်ကတော့ ယုံတယ်။ ဘိုးဘိုးက hero ပဲ"

အလုပ်တစ်ခုလုပ်တိုင်း အမြဲအောင်မြင်နေကျ ဘိုးဘိုးရဲ့ ထည်ဝါခန့်ညားသော မျက်နှာကို မြင်ယောင်မိသွားလျှင် သူ့ဟာ ယုံကြည်သောစိတ်ကြောင့် အားအင်တွေ ပြန်ပြည့်လာရပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး အဖေ။ ဒီကိစ္စကို ကျွန်မဘက်က လုံးဝခွင့်မလွှတ်ပေးနိုင်ဘူး။ ခွင့်လွှတ်စရာလည်း အကြောင်းကိုမရှိဘူး"

"ဟုတ်တယ်။ ချို့သမီးက ပေါပေါပဲပဲ မဟုတ်ဘူး။ တစ်သက်လုံး ရွှေပေါ်မြတင် ဥထားလာတာ။ ဒီလိုသစ္စာဖောက်တဲ့ သူမျိုးကိုတော့ လုံးဝပြန်မပေါင်းနိုင်ဘူး"

မဲ့ကာရွဲ့ကာဖြင့် အကြောကြီးကြီး လေမြင့်မြင့်ပြောနေသော သူ့ရဲ့ချွေးမနှစ်ယောက်ဖြစ်တဲ့ နုနုအေးနဲ့ သန္တာချိုတို့ရဲ့စကားတွေဟာ ခါတိုင်းချိန်တွေများမှာသာ ကြားမိခဲ့တယ်ဆိုရင် သူဟာ လက်ထဲက တုတ်ကောက်နဲ့ ပစ်ပေါက်မိမှာ အသေအချာပဲ ဖြစ်သည်။ ကြက်တူရွေးကတော်တော် မယ်သော်ကကဲကဲဖြစ်နေတာမို့ ဦးမဏိဉာဏ်က အနောက်မှာ ခပ်ကုပ်ကုပ် ဖြစ်နေတဲ့ မြေးနှစ်ယောက်ကို လှမ်းကြည့်လိုက်ကာ မေးခွန်းထုတ်လိုက်သည်။





"ကဲ ... ညည်းတို့ နှစ်ယောက်ကကော"

သူ့ရဲ့ခပ်ဆတ်ဆတ် မေးသံကြောင့် အငယ်မဆီက အသံက ခပ်ကုပ်ကုပ် ထွက်လာလေသည်။

"ဟို ... ဟို ... မုဒြာက သူ့ကို ဆိုးဘိုး ပေးစားလို့ ယူခဲ့ရတာလေ"

"တယ် ... အသံက အီးညှောင့်အီးညှောင့်နဲ့ ဘာဖြစ်နေတာလဲ။ ငါပေးစားလို့ဆိုလည်း နင်သဘောတူလို့လေ။ အခု ဒီကောင်က နင့်ယောကျ်ားဖြစ်နေပြီ။ လွှတ်ထားလည်း လွှတ်သွားမှာပဲ"

ဦးမဏိဉာဏ်က ယုရာနဲ့ မုဒြာ ပေါင်းစည်းစေခြင်းအလို့ငှာ ဆိုက်ကိုသုံးလိုက်လျှင် မုဒြာကတော့ မျက်နှာငယ်လေးနှင့် ယုရာဘက် သွားကြည့်လေ၏။

"အဲ ... အဲဒါဆို ဘယ်လိုလုပ်ရမှာလဲ ဘိုးဘိုး"

"ဟဲ့ ... ဘယ်လိုလုပ်ရမလဲ။ ကွာပစ်ရမှာ။ ဒီမှာ သမီး... ခြံခုန်တတ်ရင် နောက်တစ်ခါလည်း ခုန်ဦးမှာပဲ"

"သန္တာချို ... နင် ဘာလို့ ဒီလောက် ဝင်ပါနေရတာလဲ။ ဒါ နင့်သမီးနော်။ နင် ဖွတ်မြောက်ပေးလို့ သူ့ယောကျ်ားနဲ့ ကွဲသွားရင် နစ်နာမှာ နင့်သမီး။ ဟိုကောင် ရိုးမာ့ကသွားမှမဖြစ်ဘူး။ မုဒြာက မိန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com



သူက သန္တာချိုကို ဟောက်လိုက်လျှင် သန္တာ
ပါးစပ်ပိတ်သွားပေမယ့် မုဒြာတစ်ယောက်ဟာ အခုမှကြော
အားတွေပိုစွာ ဖြဲခနဲ အော်ငိုတာမို့ ဦးမဏိဉာဏ်က သဘော
လို့သွားသည်။ အကြောက်တရားတစ်ခု သူ့ရင်ထဲ ထည့်ပေးလို
ပြီဆို နီးကပ်ဖို့က အများကြီး ရာခိုင်နှုန်းများသွားပြီလေ။

"အဲဒါတွေက ယုရာယောက်ျားကြောင့်။ တကယ်ဆို အ
လူကြီးသာ ခေါ်မသွားရင် ဒီကိစ္စဖြစ်မှာကို မဟုတ်ဘူး"

"ဘာ"

"ဟုတ်တယ် မုဒြာ။ သမီးပြောတာ အမှန်ပဲ။ တကယ်
ဒီလို ရှုပ်ရှုပ်ထွေးထွေးကိစ္စတွေ ဖြစ်လာရတာဟာ ဆော
မကောင်းလို့"

"ဟဲ့ ... သန္တာချို။ နင် ဘာစကားပြောလိုက်တာလဲ။ ဒီ
ငါ့သမက်က ဘာမှမဖြစ်ဘူး။ နင့်သမီး စကားကောက်ပြ
ပတ်မယာမ်းနဲ့"

ပြဿနာဟာ ပိုမိုကြီးထွားသွားကာ တကယ်
ထင်မှတ်မထားတဲ့ အခြေအနေမျိုးပဲ ဖြစ်၏။ ဦးမဏိဉာဏ်ဟ
တကယ်ကိုပဲ ပရမ်းပတာနိုင်စွာ တစ်ယောက်တစ်ခွန်း ရန်တွေ
နေကြတဲ့ အဲဒီပုံစံတွေကို ကြည့်ရ မြင်ရတာဟာ ရင်ထဲ



တကယ်ကို ဆို့လာလေသည်။ သူ ဘယ်လိုပဲ ကြိုးစား ကြိုးစား သူ မျှော်မှန်းထားသလို တစ်စုတည်းဆိုတဲ့ အခြေအနေကို ရောက်မလာဘဲ လမ်းကချော်,ချော်ထွက်သွားကာ နင့်ကြောင့် သူ့ကြောင့်ဖြင့် အရင်လို ဒုံရင်း ဒုံရင်း အတိုင်းပဲမို့ တကယ်ကိုပဲ စိတ်ပျက်မိစွာဖြင့် သူ့ရဲ့တုတ်ကောက်ကို ကြမ်းပြင်မှာ တဒုန်းဒုန်းထုရိုက်လိုက်သော်လည်း အရှိန်က တန့်မသွားသေးပေ။

ဒီလောက်ကို ဆိုးဝါးပျက်စီးနေတဲ့ အခြေအနေကို သူ ဘယ်လိုထိန်းသိမ်းရမလဲ မသိနိုင်တော့ပေ။ ဦးမဏိဉာဏ်က စိတ်တိုလွန်းအားကြီးတာကြောင့် မတော်တတ်ထရပ်ကာ အသံကုန်အော်ပစ်လိုက်တော့သည်။

"တော်ကြစမ်း ... နင်တို့တွေ"

သူ့ရဲ့အသံက လွှမ်းသွားမှ အဲဒီပါးစပ်ပေါက်တွေဟာ ပိတ်သွားး၍ ငြိမ်သွားတော့သည်။ ဟား ... ဘာလဲမိသားစု။

"တော်ကြတော့ ။ နင်တို့တွေဟာ ဘယ်လိုဖြစ်ဖြစ် စည်းလုံးမလာကြတဲ့ဟာတွေ။ ငါ့သွေး ငါ့သား အဖြစ် လူလယ်ကောင်မှာ ပြောရမယ့် မဏိဉာဏ်ရဲ့မျိုးဆက်ဂ ဒါတွေလား ...

www.burmeseclassic.com

www.burmeseclassic.com



နင်တို့ကို ငါ တော်တော် စိတ်ကုန်သွားပြီ။ ဘယ့်နှယ်ကွာ။ ယောက်ျားနဲ့ ကွဲမယ့်ကိစ္စထက် အဲဒီလို ကွဲရတာ နင့်ကြောင့် သူ့ကြောင့် ရမယ်ရှာပြီး အပြစ်ချည်းဖို့တတ်တဲ့ဟာတွေ။ နင်တို့ဘာသာနင်တို့ ဖြစ်ချင်တာသာ ဖြစ်ကြပေတော့ ...

ငါလည်း အသက်ကြီးပြီ။ မိသားစုဆိုတဲ့ ဘဝကို ငါ ဒီအချိန်ထိ မခံစားရဘူး။ သားတွေ ဆုံးသွားပေမယ့် ချွေးမတွေ မြေးတွေ ရှိနေသေးတယ်ဆိုပြီး ငါမှာ ဘယ်တုန်းကများ ပျော်ခဲ့ရဖူးလဲ ...

တော်တော့ ... နင်တို့ကို ငါ အင်မတန် စိတ်ကုန်တယ်။ နင်တို့လည်း လုပ်ချင်တာသာ လုပ်ကြပေတော့"

"ဘိုးဘိုး"

"အဖေ"

လေးယောက်လုံးက ခုမှ အသည်းအသန် လှမ်းခေါ်သော်လည်း သူက လှည့်ကိုမကြည့်တော့ချေ။ ဒီလောက်ဆိုးသွမ်းနေတဲ့ အမိုက်မတွေကို နောင်ကြဉ်အောင်မှ မဆုံးမနိုင်ရင် သူ ရာဇဝင်ရိုင်းချေသည်။

✤ ✤ ✤



(၁၅)

"ဗျာ ... ဘယ်လို ... ဟား ... သွားပါပြီဗျာ"

အသံတွေဟာ တကယ့်ကိုမှ တကယ် စီခနဲထွက်သွားကာ သူတို့ရဲ့စိတ်ဓာတ်နဲ့ ခွန်အားတွေ ဆိုတာဟာလည်း ချက်ခနဲ ပြုတ်ကျသွားလေတဲ့ သရက်သီးသာသာမို့ ဘိုးဘိုးက သူတို့ကို မကြည်မလင် ကြည့်လိုက်ရင်းက ...

"မင်းတို့ကလည်း ဒါလေးပြောတာနဲ့ပဲ ဒီလောက်ထိဖြစ်ကုန်ကြရသလားကွ"

"ဖြစ်တာပေါ့ ဘိုးရ။ ကျွန်တော့်ကို မုဒြာက လုံးဝအဆက်အသွယ်လုပ်တာ မဟုတ်ဘူး။ အခု ဘိုးဘိုး စီစဉ်ထားတဲ့ အစီအစဉ်က လွဲသွားပြီ၊ မအောင်မြင်တော့ဘူးဆိုတော့ သွားပြီပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟကောင်ရ ... မင်း အဲဒီလောက်ပဲ စိတ်ဓာတ်ပျော့ရ သလားကွာ။ မဏိဥာဏ်ရဲ့ အားအကိုးရဆုံး လက်ရုံးတွေ က အဲဒီလောက် ဖြေလျော့ခွေ လုပ်နေရသလား"

"အန်ကယ် ... ကျွန်တော်ကတော့ ယုရာနဲ့ မခွဲနိုင်ဘူးနော်။ အခုလိုမျိုး ယုရာနဲ့ ဝေးရတာတောင်မှ ကျွန်တော့်မှာ သေမလောက် ခံစားနေရတာ။ တကယ်ကြီးသာ ကွဲသွားရင်တော့ သေမှာပဲ"

ရိုးမာန်နဲ့ ရွှေဘုန်းက အဘိုးစကားယုံကာ အဘိုးအတွက် အကျိုးဆောင်ပေးလိုက်လို့ အခုတော့ အကြီးကြီးလွဲပြီ ဖြစ်တာကြောင့် ရေရေလည်လည်ကို ခံစားနေရတာဖြစ်သည်။ မုဒြာနဲ့လည်း သူ မဝေးနိုင်။ အဲဒီလိုပဲ ကိုရွှေဘုန်းကလည်း ယုရာနဲ့ မဝေးနိုင်ဘူးဆိုတာ သူ သိသည်။

"ဘိုးဘိုး ... တစ်ခုခု ပြောပါဦး။ ကျွန်တော်တို့ ဘာလုပ်ရမလဲဟင်"

"အဲဒီလောက် တုန်လှုပ်မနေကြပါနဲ့ကွာ။ ငါ့မြေးတွေကို တစ်ခုလပ်ဘဝရောက်အောင် ပို့လိုက်တဲ့ အဘိုးတော့ ငါလည်း အဖြစ်မခံပါဘူး ...

ဒါပေမဲ့ သိပ်လုံးကြီးတင်တဲ့ မိန်းမတွေကို အပိုးကျိုးအောင် ဆန်ရတော့ ပြန်ခတ်ရလိမ့်မယ်"





"ဘာလုပ်ဦးမှာလဲဟင် အန်ကယ်"

"ဘိုးဘိုးက ဘယ်လိုစဉ်းစားထားလို့လဲ"

သူ့မြေးသမက်နှစ်ယောက်ရဲ့ မေးခွန်းတွေအတွက် သူက အပြုံးတစ်ခုပေးကာ စဉ်းစားခန်းဖွင့်လိုက်သည်။ ဘဝမှာ စိတ်ချမ်းသာဖို့က အဓိကပဲ မဟုတ်လား။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားသောနေရာကို လာပါစေ ... လာပါစေ ဟု စိတ်ထဲကနေ တိတ်တိတ်ကလေး ဆုတောင်းနေမိခဲ့သော ဆုသည် ပြည့်မှ ပြည့်ပါမလားဟု တထင့်ထင့် ဖြစ်နေခဲ့သော်လည်း တကယ်တမ်းမှာ သူ ဆုတောင်းပြည့်တာကြောင့်မို့ သူမှာ အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရတာပဲဖြစ်သည်။

"မုဒြာ ... ကိုယ့်ဆီ တကယ်လာတယ်နော်"

"အပိုတွေ လုပ်မနေပါနဲ့။ ရှင် အခုချိန်းတာက ဘာကိစ္စလဲ"

မုဒြာရဲ့မျက်နှာကြောဟာ တင်းထန်နေကာ လုံးဝကို အမာဒီဖိုင်းမို့ သူဟာ နည်းနည်းတော့ ရင်တုန်ပန်းတုန်ရှိရသလို အခြေအနေက နိုးဂွတ်ဆိုတာလည်း သဘောပေါက်ရလေသည်။ ဒါပေမဲ့လည်း လုံးဝကြီးကို ဆက်သွယ်လို့ မရတဲ့ အနေအထား တစ်ခုကနေ ချိန်းလို့တောင် ရလာတယ်ဆိုတော့ တော်သေးတယ်





ဆိုတဲ့စိတ်နဲ့ ဖြေသိမ့်ရင်း သူ့မှာ အိုကေအောင် လုပ်ရတော့တာ ဖြစ်သည်။

"ကိစ္စကတော့ မုဒြာကို ကိုယ်ရှင်းပြချင်လို့ပါ"

"ဘာကို ရှင်းပြဦးမှာလဲ။ ဒီမှာ ကိုရိုးမာန် ... ရှင့်ကို ကျွန်မဘက်က လုံးဝအယုံအကြည် မရှိဘူး။ ရှင်နဲ့ လမ်းခွဲဖို့လည်း စဉ်းစားထားပြီးသား ...

ရှင်နဲ့ ကွာရှင်းဖို့ကိစ္စကို အခုလောလောဆယ်မလုပ်နိုင်သေးတာက အိမ်မှာ ဘိုးဘိုး ပျောက်နေလို့။ အခု ရှင်ချိန်းတဲ့နေရာကို ကျွန်မ လာတယ်ဆိုတာကလည်း ဘိုးဘိုး ဘယ်မှာရှိမလဲ ဆိုတာကို ရှင်များသိမလားလို့ လာခဲ့တာ"

"ဘယ်လို ... ဘိုးဘိုး ပျောက်နေတယ် ဟုတ်လား"

ရိုးမာန်က မေးခွန်းထုတ်လိုက်လျှင် မုဒြာက ခေါင်းအသာညိတ်ပြသည်။

"ဟုတ်တယ်။ ဘိုးဘိုးဆီ ဖုန်းဆက်တော့လည်း လုံးဝမကိုင်ဘူး။ ဘိုးဘိုး ဘယ်တွေရောက်နေမှန်းလဲ မသိဘူး။ ရှင် ဘိုးဘိုး ရှိနေတယ်ဆိုတာ သိတယ်မှလား ...

မုဒြာကို ပြောပြပါနော်"

ရိုးမာန်က ဒီလိုကျပြန်တော့လည်း အဘိုးဖြစ်သူအတွက် ထိတ်ထိတ်ပျာကို စိုးရိမ်မှုကြီးရှာလေတဲ့ မုဒြာကို



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးမဝစွာ ငေးကြည့်လိုက်သည်။ သူ့ရဲ့ဇနီးလေးဟာ သူ့အ
တွေနဲ့မစည်းလုံးတာလေးကလွဲရင် ကျန်တာ အားလုံးပြည့်စုံ
ချစ်စရာကောင်းမလေးပဲ ဖြစ်ပါသည်။

"ကိုရိုးမာန် ... သိတယ်မှလား။ ဘိုးဘိုး ဘယ်မှာလဲ"

မုဒြာက သူ့ကို ထပ်မံလောဆောလိုက်လျှင် ရိုးမာ
က ပခုံးအသာတွန့်ပြလိုက်ကာ ...

"မသိဘူးလေ။ ကုမ္ပဏီကို ဘိုးဘိုး မလာလို့တောင် ကိုယ်
က မုဒြာ မလွှတ်လို့ မလာဘူး ထင်နေတာ"

"အဲဒါ ရှင်လိမ်ပြောနေတာ။ မုဒြာ သိတယ်။ ဘိုးဘိုး
ဘယ်မှာရှိလဲဆိုတာ ရှင် သိကို သိတယ်။ ဘိုးဘိုးက
ကျွန်မတို့ထက် ရှင့်ကို ပိုယုံကြည်တယ်။ ပိုချစ်တယ် ...

အခုလည်း ရှင့်ကိစ္စနဲ့ စကားများရာကနေ ဘိုးဘိုး
စိတ်ဆိုးသွားတာ။ အဲဒီတော့ အခု ဘိုးဘိုး ဘယ်မှာရှိ
တယ်ဆိုတာကို အမှန်အတိုင်းပြော"

"ဩော် ... ဒုက္ခပါပဲ မုဒြာရယ်။ ကိုယ် တစ်ပြစ်ကနေ နှစ်
ပြစ်လည်း အဖြစ်မခံပါဘူးကွာ။ အခုဟာက ကိုယ်
တကယ်ကို မသိလို့ပါ"

"ဒါဖြင့် ရှင် အခု ဘယ်မှာနေတာလဲ"





"ကိုယ့်အိမ်မှာပေါ့။ မုဒြာ ကိုယ့်ကို ယုံကြည်လက်ခံလာ
အောင် မုဒြာကို ရှင်းပြခွင့်ရအောင် ကိုယ် အိမ်ကနေပဲ
မုဒြာကို ဆက်သွယ်နေရတာ"

"ကဲ ... အဲဒါတွေ မပြောနေနဲ့။ ကြားလည်း မကြားချင်
ဘူး။ ရှင် ဘိုးဘိုး ဘယ်ရောက်နေတယ်ဆိုတာ မသိဘူး
သေချာတယ်နော်"

"တကယ်ပါ မုဒြာရယ်"

"အဲဒါဆို ပြီးရော"

မုဒြာက ပြန်လှည့်ထွက်မယ် အပြုမှာ ရိုးမာန်က
လျှင်လျှင်ပဲ မုဒြာရှေ့က ပိတ်ရပ်ကာ မုဒြာကို တားလိုက်မိ
သည်။

"မုဒြာ ..."

"ဘာလဲ"

မုဒြာရဲ့ အစိမ်းဆန်လှသည့် ခပ်ဆတ်ဆတ်ထူးသံ
သို့မှာ မကြားချင်ဟန်ဆောင်ထားကာ ဘိုးဘိုးရဲ့ mission
က plot အတိုင်း သူက ပြောဖြစ်သွားသည်။

"တကယ်ပဲ ဘိုးဘိုး ပျောက်နေတာလား"

"ဒီမှာ ရှင့်ကို အားအားယားယား လျှောက်မပြောဘူး။
တကယ်။ တကယ့်ကို ဘိုးဘိုး အိမ်ပြန်မလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား … ဒါဆို ဒုက္ခပဲ …

ဘိုးဘိုးက ကိုယ်တို့အားလုံးအတွက် အဓိကလူ

ဘိုးဘိုးဘယ်ထွက်သွားတာ ဖြစ်နိုင်မလဲ။ မုဒြာ … ကိုယ်တို့

ဘိုးဘိုးကို အတူတူ လိုက်ရှာရအောင်နော်"

ရိုးမာန်က မုဒြာရဲ့လက်ကို ကိုင်လိုက်လျှင် အင်း

တန်ကို ဖျတ်လတ်ပါသည့် မုဒြာက ဆတ်ခနဲ လက်ကိုပြန်ရုန်း

လိုက်ကာ …

"ဘာမှ လာပြီး အမြွတ်ထုတ်ဖို့ မစဉ်းစားနဲ့။ ရှင့်လို

ဖောက်ပြန်တတ်တဲ့ လူမျိုးကို သတောင်ပြန်လက်မခံ

ဘူး"

မုဒြာက သူ့ကို အမုန်းကြီးတွေ မုန်းကာ ထွက်သွား

သွားလေသည်။ ရိုးမာန်က လေပူတစ်ချက် မှုတ်ထုတ်ကာ စိတ်

တွေ ပင်ပန်းလို့ သွားလေသည်။

ဘိုးဘိုး ဖြစ်ချင်တာ ဖြစ်ပါစေလို့ လိုက်လျှော

မိတာ သူ့အိမ်ထောင်ရေး ထိခိုက်နေပြီလားဟုတောင် သံသယ

ဝင်ချင်မိသည်အထိ အဆင်ကမပြေ ဖြစ်နေရပါသည်။

✤ ✤ ✤





(၁၆)

ဘိုးဘိုးက ဘာမှ စိတ်မပူပါနဲ့ စောင့်ကြည့်ပါဟုသာ အာမခံချက်တွေ ခံထားသောအခါ ရိုးမာန်ဟာ ဘာမှကို ရှေ့လည်း ဆက်မတိုးရဲတဲ့ အနေအထားမို့ သူကော ကိုရွှေဘုန်းကော ဒီအတိုင်းငြိမ်နေတဲ့အချိန်မှာ ဘိုးဘိုးလုပ်ချလိုက်တဲ့ အကွက်တွေဟာ တကယ်မှ တကယ့်ကို ဂိုဏ်းစတားရှော့ပဲဖြစ်လေသည်။ လုံးဝကို နိုးပါဆိုတဲ့ အနေအထားကနေ မုဒြာနှင့် ယုရာဟာ ရေးကြီးသုတ်ပျာဖြင့် သူတို့အိမ်ကို ရောက်လာကာ အခုချက်ချင်း အိမ်ပြန်လိုက်ခဲ့ပါ ဆိုသော အနေအထားကြောင့် သူကော ကိုရွှေဘုန်းကပါ တကယ်ကို အံ့အားတသင့်ဖြစ်၍ ဖုတ်ဖက်ခါ ထလိုက်ရကာ ဘာကြောင့်ရယ် ဘာလို့ရယ် သွားပြီး မေးခွန်းထုတ်နေရင် စိတ်ပြောင်းသွားမှာစိုးလို့ ချက်ချင်းလိုက်လာလိုက်တာမို့ အိမ်ရောက်

www.burmeseclassic.com



ကာမှပဲ အဖြစ်အပျက်တွေကို ရှင်းရှင်းလင်းလင်း သိတော့တာ ဖြစ်သည်။

သူတို့အိမ်ထဲဝင်လိုက်စဉ်မှာ သူတို့အတွက် ခေါင်းနပန်းကြီးသွားအောင် အံ့သြသွားရစေသည့် ညည့်သည်ကတော့ သူတို့ရဲ့ မှတ်မှတ်ရရဖြစ်စေသော အမျိုးသမီးကို ဧည့်ခန်းထဲမှာ တွေ့လိုက်ရတာကြောင့် နှစ်ယောက်လုံးဟာ မျက်လုံးတော့ ပြူးသွားရလေသည်။

"ကဲ ... လာထိုင်ကြလေ၊ အဲဒီမှာ ဘာရပ်လုပ်နေတာလဲ"

ဘိုးဘိုးရဲ့ လှမ်းခေါ်သံကြောင့် အားလုံးဟာ ကိုယ်စီကိုယ်စီ ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီးလျှင်တော့ ဘိုးဘိုး ဘာများ ပြောလေမလဲဆိုတာကို တထိတ်ထိတ်နဲ့ စောင့်နေတာပဲဖြစ်သည်။

"ဒီနေ့ အားလုံးကို အသိပေးစရာရှိလို့ မိသားစု စုံညီခေါ်လိုက်ရတာပဲ။ မင်းတို့အားလုံးကို ကျုပ်က ဒီကနေ့မှာ မျက်နှာစုံညီ ခေါ်တွေ့တာဟာ တစ်ခါတည်း ရှင်းပြီးသားလည်း ဖြစ်သွားသလို ဖြစ်တယ် ...

ဟောဒါက ... ကျော့ယွန်းလွင်တဲ့၊ ယုရာနဲ့ မုဒြာကတော့ ဒီကလေးမကို အဓိပ္ပာယ်တစ်မျိုး အကောက်လွဲပြီး သိထားကြပါလိမ့်မယ်၊ ဒီကလေးမကြောင့် အိမ်မှာ





ဖြစ်နေတဲ့ ပြဿနာတချို့ ငြိမ်းဖို့အတွက် ဒီကိစ္စကို ကြေညာဖို့ ဆုံးဖြတ်လိုက်တာ"

ဘိုးဘိုးရဲ့ စကားတွေဟာ အင်မတန်မှကို စိတ်သွပ်ရှားမှု မြင့်တက်စေတာမို့ သူတို့ အားလုံးက ငြိမ်နေစွာ နားစွင့်နေကြသည်။ ပြီးတော့ သူကိုယ်တိုင်လည်း ဘိုးဘိုး ထုတ်မယ့် ဖြေရှင်းချက်ကို နားစွင့်နေတာပဲဖြစ်သည်။

"ဒီနေ့ကစပြီး ကျော့ယွန်းကို ဒီအိမ်ရဲ့မိသားစုဝင်အဖြစ် သတ်မှတ်ပြီး အားလုံး ကိုယ့်မိသားစုလို ဆက်ဆံကြပါ"

"ရှင်"

"ဗျာ"

ဘိုးဘိုးရဲ့ ကြည်လင် ပြတ်သားစွာ ထွက်လာသော စကားသံအဆုံးမှာ အားလုံးဟာ အရှမ်းကို မှင်သက်အံ့သြကုန်ကြတာဖြစ်သည်။ အံ့သြတာလည်း မပြောနဲ့လေ။ ဘိုးဘိုးရဲ့အနီးကပ်ဆုံးလို့ ပြောလို့ရသည့် သူတို့တောင်မှ ဘာဖြစ်သွားမှန်းမသိအောင် သည်ထွက်သွားရတာဖြစ်၏။

"အဖေ ... အဲဒါက ဘာသဘောလဲ၊ ကျွန်မတို့ မိသားစုဝင်လို့ ပြောရအောင် သူက ဘယ်သူနဲ့ ဘယ်လို ပတ်သက်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဖေ၊ မဏိဥဇ္ဇာစံအိမ်ရဲ့ မိသားစုဝင်အ ထပ်တိုးဖို့ဆိုတာ အဖေ့မြေးတွေရဲ့ Generation တွေပဲ ရှိ တော့တာလေ"

"ဘာဖြစ်လို့ တစ်ယောက်တစ်ပေါက်တွေ ပြောနေကြတာ လဲ၊ ငါ့စကားမဆုံးသေးဘူး၊ ကျော့ယွန်းကို ဒီအိမ်မှာ ခေါ် ထားပြီး ဒီအိမ်ရဲ့ မိသားစုဝင် ဖြစ်စေတယ်ဆိုကတည်းက ရှီးမာန်တို့ ရွှေဘုန်းတို့နဲ့ ဘာမှ မဆိုင်ဘူးဆိုတာ ယုရာနဲ့ မုဒြာ အလိုလို Understood ဖြစ်လိုက်တော့"

"ဘိုးဘိုး ... သူက"

မုဒြာက ဒေါ်တကြီး ပြောတော့မယ့်ဟန် ပြင်လျှင် ဘိုးဘိုးဟာ လက်အသာကာပြ၍ ...

"ငါ့အသက်လည်း ကြီးလာပြီ၊ ကျန်းမာရေးအတွက် အနီး ကပ်ပြုစုစောင့်ရှောက်မယ့် မိန်းကလေးတစ်ယောက် လို ကိုလိုတယ်၊ ဒါကြောင့် ကျော့ယွန်းကို ဒီအိမ်မှာ နေခိုင်းဖို့ ဆုံးဖြတ်လိုက်တာ"

"အမယ်လေး အဖေရယ်၊ အိမ်ဖော်တစ်ယောက်ကို မိသား စုဝင်တစ်ယောက်လို ဆက်ဆံပေးဖို့ ဒီလောက် တကူးတက ခေါ်ပြောနေဖို့ မလိုပါဘူး"





"ဟော့ ... တိတ်စမ်း နုနုအေး၊ ဒါ အိမ်ဖော်မဟုတ်ဘူး၊ ကျော့ယွန်းဟာ ဘွဲ့ရပညာတတ် မိန်းကလေးတစ်ယောက်၊ သူ့ကို ဒီအိမ်မှာ မိသားစုဝင်အဖြစ် နေဖို့ ခေါ်ခဲ့တာ၊ ကုန်ကုန်ပြောလိုက်မယ်၊ နင်တို့တွေလိုပဲ ဒီကလေးမဟာ ငါ့ဆီက အမွေရပိုင်ခွင့် ရှိတယ်"

"ရှင်"

အားလုံးဟာ ဟင်ခနဲ ဟာခနဲ ဖြစ်ရအောင်ကို အကြီးအကျယ် အံ့အားတွေသင့်လျက် ပါးစပ်ဟောင်းလောင်းကို ဖြစ်ကုန်ကြတာပဲဖြစ်သည်။ ဘိုးဘိုး ရိုက်လိုက်တဲ့ ရိုက်ချက်ဟာ အကယ်ကို ကြောက်စရာကောင်းလောက်အောင် ပြင်းထန်လှတာ မို့ သူတောင် ဘာပြောရမယ်မှန်း မသိတော့ချေ။ မဏိဥဇ္ဇာရဲ့ အမွေဆက်ဆံခွင့်တောင် ရှိတဲ့သူဆိုတော့ အားလုံးဟာ မတုန်လှုပ် ဘဲနေပါ့မလား။

ဘိုးဘိုးရဲ့ လုပ်ဆောင်ချက်ဟာ ကလေးတွေထိတာ ဆက် ဘိုးဘိုးရဲ့ ချွေးမနှစ်ယောက်ဖြစ်တဲ့ ဒေါ်နုနုအေးနှင့် ဒေါ်သန္တာချိုက ထချဲတော့တာပဲဖြစ်သည်။

"ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး အဖေ၊ ဂျွန်မတို့အနေနဲ့ ဘယ်ကမှန်းမသိ ဘယ်သူမှန်းမသိတဲ့ ဒီမိန်းကလေး ဒီအိမ် မှာ လက်ခံထားဖို့ဆိုတာ မဖြစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပဲ အဖေ၊ အမွေရပိုင်ခွင့်ဆိုတာတောင် ထည့်ပြောနေ ဖို့ကို မလိုပါဘူး ...

ဟိတ် ... ဒီမှာ ... မိန်းကလေး ... မင်းရုပ်ရည် လေးနဲ့ ကိုယ့်အဘိုးအရွယ်ကြီးရဲ့ အိမ်မှာ လာတက်နေရဲ တယ်၊ မင်းမှာ အရှက်မရှိဘူးလား ဟမ်"

"ကျွန်မက ဘဘကြီးရဲ့စကားကိုပဲ နားထောင်တာပါ အန်တီ"

"ဘာ ... နင်"

"ဟော့ ... ဟော့ ... တော်လိုက်စမ်း၊ နုနုအေး ... နင်ထ ငါ့ရှေ့မှာတောင် ပမာမခန့်နဲ့ ဒီလိုအပြုအမူမျိုး လုပ်ရဲတယ် ပေါ့လေ၊ ဒါ ငါ့အိမ်။ ငါ့ပိုင်နက်။ ငါပိုင်တဲ့နေရာကို ငါ ကြိုက်တဲ့သူ ခေါ်လာခွင့်ရှိတယ်"

ဘိုးဘိုးက တကယ်ကိုပဲ အံ့သြဖရာကောင်းလှစွာ မျက်နှာကြောကို ခါတိုင်းတက် ပိုတင်းထန်ကာ အပြတ်ကို ပြော တာမို့ သူတို့တွေမှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိတော့ ချေ။

"အဲဒါကတော့ ဘိုးဘိုး မတရားတာပဲ၊ ယုရာတို့နဲ့ အသင်း ဘယ်လောက်မှ မကျွတဲ့ မိန်းမတစ်ယောက်ကို ဘယ်ထို ခေါင်းစဉ်တပ်ပြီး ဒီအိမ်မှာ နေရာပေးထားမှာလဲ"





"ဟုတ်တယ် ဘိုးဘိုး၊ သူ့ကို ဒီအိမ်မှာလည်း လက်မခံထား နိုင်ဘူး၊ ဘာရပိုင်ခွင့်မှလဲ ရှိဖို့မလိုအပ်ဘူး"

"ဟာ ... နင်တို့တွေ ဒီလောက်အထိ ပြောနေရအောင် ငါ ကျော့ယွန်းကို ပေးမယ်ဆိုတဲ့အမွေက နင်တို့အဖေ တွေရဲ့ အမွေမှ မဟုတ်တာ၊ ငါ့ရဲ့ အနာဂတ်ကျန်းမာရေး အတွက် ဆေးပေးမီးယူလိုအပ်လို့ သူ့ကို ခေါ်ထားတာ"

"သဘောမတူဘူး၊ ဒီမိန်းမ ဘယ်လိုအစားမျိုးလဲ ဘိုးဘိုး သိလို့လား"

"မှြော ... ဝါးလုံးရှည်နဲ့မယမ်းနဲ့၊ ကျော့ယွန်းဟာ မိကောင်း ဖခင် သားသမီးဟဲ့၊ နင်တို့ဘာသာ ထင်ချင်တဲ့ အတွေးတွေ နဲ့ လျှောက်ထင်ကြေးပေးပြီး နင်တို့ ယောကျ်ားတွေနဲ့ စွပ်စွဲတာလေ၊ ဆက်မပြောကြနဲ့၊ ဒီအိမ်မှာ ငါက အခရာ၊ ငါ့ဆုံးဖြတ်မှုအောက်မှာ အကုန်လိုက်နာရမယ် ...

ဒေါ်ထွေး ... ကျော့ယွန်းအတွက် အခန်းပြင်ထား ပြီးပြီလား"

"ဟုတ်ကဲ့ ... ပြီးပါပြီ ဆရာကြီး"

"လာ ... ကျော့ယွန်း၊ ညည်းကို အခန်းလိုက်ပြပေးမယ်"

"ဘိုးဘိုး"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ"

ဘိုးဘိုးဟာ တစ်ယောက်ဆို တစ်ယောက်ရယ်ကို ဂရုကိုမစိုက်အားတော့စွာ ကျော့ယွန်းနှင့် ထွက်သွားလေတော့သည်။ သူတို့မှာ ပဟေဠိတွေဖြင့် ကျန်နေခဲ့တာ ဘယ်လိုတွေ ဖြစ်ကုန်တာလဲဟဲ ရင်ထဲမှာ မေးရတော့သည်။

"ဒါဟာ လုံးဝအဓိပ္ပာယ်မရှိတဲ့ ကိစ္စပဲ၊ နင် ဒီကိစ္စကို ဘယ်လိုသဘောရလဲ"

"ဟဲ့ ... မဖြစ်နိုင်တာပဲ၊ လူကြားလို့ရယ်မှ မကောင်း ရီးဟန် ... မင်း ဘာတွေ သိထားလဲ၊ အမှန်အတိုင်းပြော စမ်း၊ မင်းက အဖေရဲ့ အနီးဆုံးသူဆိုတော့ မင်း သိကိုသိ ရမယ်"

မြားဦးက ဘုန်းဆို သူ့ဘက်လှည့်လာကာ မျက်လုံးအကုန်က သူ့ဆီရောက်နေတာမို့ ရီးမာန်က တကယ်ကိုပဲ အသက်ရှူကျပ်လို့လာ၏။ ဒီကိစ္စတွေဟာ ဘိုးဘိုး သူတို့ကို ပြောပြထားတာတွေလည်း မဟုတ်ပေ။

"ဟုတ်တယ် ကို။ ဘိုးဘိုးနဲ့ အဲဒီမိန်းမက ဘာတွေလဲ"

မုဒြာကပါ သူ့လက်မောင်းတွေကို အားကိုးတကြီး ဆုပ်ကိုင်ကာ မေးလာပြီမို့သူ့မှာ တကယ့်ကိုပဲ အထစ်ထစ် အငေါ့ငေါ့လေသံဖြင့် ပြန်ပြောရလေသည်။





"ကိုယ် ... ကိုယ်လည်း မသိဘူးလေ"

"မသိလို့မရဘူးလေ ကိုရဲ့၊ ဒီမိန်းမက အခု အိမ်ပေါ်ကို တောင် ရောက်လာပြီ၊ အဘိုးနဲ့ သူက ဘာလဲ၊ အဘိုးရဲ့ တစ်သက်လုံး ထိန်းလာတဲ့ ဂုဏ်သိက္ခာတွေကို ဒီတစ်ချက်တည်းနဲ့ အပျက်စီးခံလို့ မဖြစ်ဘူးလေ"

"မုဒြာ စိတ်ပူစောနေတာပါ၊ ဘိုးဘိုးက ကျော့ယွန်းကို အဲဒီသဘောနဲ့ အိမ်ခေါ်ထားတာမှ မဟုတ်တာ၊ Nurse သဘောပါ"

"ရှင်တို့နှစ်ယောက်စလုံး အဲဒီမိန်းမနဲ့ သိကြတယ်လေ၊ အဲဒီတော့ ဘိုးဘိုးနဲ့သူ ဘယ်လိုပတ်သက်ပဲ ရှင် သိကို သိရမယ်"

ယုရာကပါ တစခန်းထလာကာ ကိုရွှေဘုန်းဘက်ဆီ ရောက်လာတာကြောင့် သူ့မှာ အနည်းငယ်တော့ အသက်ရှူချောင်သွားရလေသည်။

"ကိုယ် ... ကိုယ်လည်း ဘာမှ မသိဘူး၊ ရီးမာန် ... ပြောလိုက်ဦးလေ ... တစ်ခုခု"

"ဟား ... ကျွန်တော်လည်း ဘယ်လိုလုပ်သိမှာလဲ အစ်ကိုရ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... တော်ကြစမ်း နင်တို့၊ အခုချိန်မှာ ဟိုမိန်းမကို ဒီအိမ်မှာ အတင်မခံဖို့က အရေးကြီးတယ်၊ သန္တာ ... နင် ဒီကိစ္စကို လက်ခံနိုင်သလား"

"ဟဲ့ ... လက်ခံစရာလား၊ သန္တာချိုတို့ ဒီမိန်းမလောက်ကို အရှုံးပေးရတယ်ဆို ရာဝဇင်တောင် ရိုင်းသွားဦးမယ်"

အားပါးပါး ... ကြမ်းချက်က နိုင်းလောက်ရှိတယ်။ ရီးမာန်နှင့် ရွှေဘုန်းက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ စကားမပြောဘဲနဲ့ကို အဓိပ္ပာယ်နားလည်လိုက်အောင် အထာက နပ်လေသည်။

ဘိုးဘိုးတစ်ယောက် ဆန်ခတ်လိုက်တာဟာ မထော်ဉာဏ်စံအိမ်ရဲ့ လုံးကြီးတင် အမျိုးသမီးတွေကို တော်တော်လေး လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားစေလောက်အောင်ကို အစွမ်းကထက်လေသည်။

✤ ✤ ✤





ရွှေဘုန်းတက်က မိန်းမဖြစ်သူ ယုရာရဲ့ မျက်နှာအနေအထားမှတစ်ဆင့် စိတ်အခြေအနေကို အကဲခတ်ကာ ယုရာအားနား အသာထိုင်လိုက်မိတာနှင့် ယုရာက ဆတ်ခနဲ သူ့ကို ခပ်တည်တည် လှည့်ကြည့်ကာ ...

"ရှင်က ဒီအချိန်ထိ ဒီမှာ ဘာလုပ်နေတာလဲ"

ခပ်ဆတ်ဆတ်လေသံဖြင့် မေးတာမို့ ရွှေဘုန်းက ယုရာရဲ့ဒေါသ ခုထိ မပြေသေးဘူးဆိုတာ သဘောပေါက်ရစွာဖြင့် ယုရာကို မျက်နှာချိုသွေးလိုက်ရင်း ...

"ဒါက ကိုယ့်အိမ်ပဲဟာ၊ ကိုယ့်မိန်းမ ရှိနေတဲ့နေရာဟာ ကိုယ့်နေရာပဲပေါ့"

"ဟုတ်လား၊ အဲဒီစကားမျိုးကို ဟိုမိန်းမ ကျော့ယွန်းလွင်နဲ့တုန်းကကော ပြောခဲ့သေးရဲ့လား"

"ဟာ ... ယုရာကလည်း ပေါက်ကရတွေ၊ ကိုယ့်မှာ မိန်းမဆိုလို့ မင်းပဲရှိတာဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရှင်နဲ့ အဲဒီမိန်းမက လုံးဝ မပတ်သက်ဘူးပေါ့ ဟုတ်လား"

"အဲဒါ အမှန်ပဲပေါ့၊ လုံးဝ မပတ်သက်ဘူး"

"အဲဒါဆို ဘိုးဘိုးနဲ့ ဘယ်လိုပတ်သက်နေတာပဲ ပြော"

ဟား ... တိုင်ကတော့ စပတ်ပြီဖြစ်သည်။ ဒုက္ခပါပဲကွာ။ ယုရာက မေးခွန်းတွေ ရိုက်နေရင်းက ဦးတည်ချက်ထားဒီဘက်ပဲ ပြန်ရောက်လာတာမို့ သူ့မှာ အဖြေရက တော်တော်ခက်တာပဲဖြစ်၏။

"ဒုက္ခပါပဲ ချစ်လေးရာ၊ ကိုယ်က ဘယ်လိုလုပ်သိမလဲကွ"

"အဲဒါဆို ရှင်နဲ့ ရိုးမာန် ဟိုတယ်ထဲက နှစ်ယောက်တွဲ အဲဒီမိန်းမနဲ့ ဘာကိစ္စ ရယ်လို့ မောလို့ ထွက်လာရတာလဲ"

"ဟာ ကွာ ... ကိုယ်တို့နဲ့က အလုပ်ကိစ္စ ..."

သူက ပါးစပ်ထဲရှိရာ ရေရွတ်နေတာ စကားတောင် မဆုံးသေးပေ။ ယုရာက သူ့စကားကို ပိတ်ပြောလိုက်ရင်း ...

"အပိုတွေ လာမပြောနဲ့၊ ဒီမှာ ကိုရွှေဘုန်းတက် ... ယုရာကို ဘာမှ မသိနားမလည်တဲ့ နလပိန်းတုံးများ ထင်နေသလား၊ ဒီကိစ္စကို အတိအကျ မသိရမချင်း ရှင် မလွယ်ဘူးမှတ် ...





အဲဒီမိန်းမက အဘိုးရဲ့ အရှုပ်ထုပ်လား၊ ရှင့်အရှုပ်ထုပ်လားဆိုတာ ရအောင်ကို ဖော်ထုတ်ပြမယ်"

ယုရာက အပြတ်ကို စိန်ခေါ်သွားကာ ဝုန်းခနဲ ဆရပ်၍ အပြင်ထွက်သွားလေတော့သည်။ ဟူး ... ဘာတွေလဲကွာ။ ဘယ်လိုမှကို နားမလည်နိုင်တဲ့ အရှုပ်တွေနဲ့ တကယ်ကိုပဲ စိတ်မောလှမောဖြစ်ရသေး၏။

✣ ✣ ✣

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆတ်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**

www.burmeseclassic.com

www.burmeseclassic.com



(၁၇)

"ဘိုးဘိုး ကျွန်တော် ပြောစရာရှိလို့"

သူ့ခွင့်တောင်းမှုအဆုံးမှာ ဘိုးဘိုးက ပြောဆိုတဲ့သဘောဖြင့် မေးဆက်ပြတာမို့ ရှီးမာန်က အားအင်ယူတဲ့သဘောဖြင့် ခုကို ရှေ့နည်းနည်းတိုး ထိုင်လိုက်ပြီးမှ ပဟေဠိကို မေးရတော့သည်။

"ကျော့ယွန်းကို ဘာဖြစ်လို့ အိမ်ခေါ်လာရတာလဲ"

"ဟာ ... မင်းပြောတော့ ပြောစရာရှိတာဆို၊ အခု ဒါက မေးခွန်းကြီးပါလားကွာ"

"ကျွန်တော်တို့ တော်တော်ခေါင်းစားနေလို့ပါ ဘိုးရာ"

"ဘာကိုလဲကွ"

ဘိုးဘိုးက စကားဝိုင်းကို ပြုံးပြုံး ပြုံးပြုံးနှင့် ပြောနေတာမို့ သူ့မှာ တကယ်ပဲ မခံချိမခံသာတွေ ဖြစ်နေရတာ





ဖြစ်သည်။ အဘိုးမှာ လျှို့ဝှက်ချက်တော့ ရှိနေပြီဆိုတာ သူသိပါသည်။ ခက်တာက သူကိုယ်တိုင်လည်း အဲဒီအဓိပ္ပာယ်ကို ရှာဖွေတွေ့ပေ။

အဘိုးရဲ့ PSO သဘောလိုဖြစ်နေသော သူ့အတွက် တုန်ကုန်ပြောရင် ဘိုးဘိုး မီးခံသေတ္တာရဲ့ Pass Code နံပါတ်ကို တောင် သူက သိနေတာဖြစ်သည်။ ဒီလို 100% ယုံကြည်စိတ်ထားတယ်လို့ အမြဲဆိုတတ်တဲ့ ဘိုးဘိုးက အခုလိုမျိုး ပဟေဠိဆန်သောအခါမှာ သူ့အတွက်က မခံချိမခံသာဖြင့် ပို့ပို သိချင်လာတာဖြစ်၏။

"ကျော့ယွန်းလွင်ကို ဘာဖြစ်လို့ ဘိုးဘိုးက အိမ်ပေါ်ထိ ခေါ်တင်ထားရတာလဲ၊ ဟို ... ကန်တော့နော် ... ဘိုးဘိုး၊ ဘိုးဘိုးနဲ့ ကျော့ယွန်းနဲ့က ..."

ရှီးမာန်က စကားကို ထပ်မဆက်တော့ဘဲ ဖြတ်ထားလိုက်လျှင် ဘိုးဘိုးက သဘောတကျကို အားပါးတရ တဟားဟား ရယ်နေလိုက်ပြီးမှ ...

"ဘာလဲ ... အဲဒီ အဖြေကို မင်း မိန်းမ ငါ့မြေးမုဒြာက အိမ်ပြန်ရောက်တာနဲ့ သိချင်တယ်ဆိုပြီး မေးခိုင်းလိုက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မဟုတ်ပါဘူး၊ အမှန်အတိုင်းပြောရရင် ဒီကိစ္စ
ကျွန်တော်ကိုယ်တိုင်လည်း ဘာဆိုတာ အရမ်းသိချင်
တာ။ ဘိုးဘိုး တကယ်ပဲလားဟင်"

"ရှီးလေး ... ငါ မအိုသေးဘူးကွ"

"ဒါဆိုရင် ဘိုးဘိုးနဲ့ ကျော့ယွန်းက ..."

ဘိုးဘိုးက သူ့ရဲ့တအံ့တသြ ဖြစ်မှုအတွက် လေ
အသာကာပြကာ ...

"ဟုတ်တယ်လို့လည်း မပြောပါဘူး၊ အေး ... ဒါ
မဟုတ်ဘူးလို့လည်း ငြင်းထားတာ မဟုတ်ဘူး
Everything may be ။

ကျော့ယွန်းက Personality ပြည့်ဝတဲ့ မိန်းကလေး
ပါ၊ ဒီလို မိန်းကလေးတစ်ယောက်ကို အိမ်ပေါ်တင်ထား
နစ်နာစရာတော့ မရှိပါဘူး၊ သူက ဉာဏ်မရှိတဲ့ကလေး
မဟုတ်တာ"

အဘိုးစကားတွေကပဲ သိပ်မြင့်နေတာလား။ သူ
ထူပိန်းနေတာလားတော့ မပြောတတ်။ ဘယ်လိုမှ ဆက်စပ်
မရနိုင်သော အနေအထားကြောင့် ရှီးမာန်က စိတ်ဖိစီးမှုများ
လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်း ...





"ကျွန်တော်တော့ တော်တော်လေး ရင်တွေပူနေတယ်
ဘိုးဘိုး၊ အိမ်က ဘယ်အချိန်များ ဖုန်းဆက်လာမလဲဆိုပြီး
တထိတ်ထိတ်နဲ့ တကယ် စိတ်တွေ မောနေတာ"

"ဟာ ... ဘာဖြစ်လို့လဲကွ"

"ဘာဖြစ်ရမလဲ ဘိုးဘိုးရယ်၊ အိမ်မှာ ကျော့ယွန်း ကျန်နေ
ခဲ့တယ်လေ၊ နောက်ပြီး အဘိုးရဲ့ချွေးမ ကျွန်တော့်ယောက္ခမ
နဲ့ အန်တီနု ပြီးတော့ အဘိုးမြေးနှစ်ယောက် ဘယ်လောက်
တောင် ပွဲကြီးပွဲကောင်းတွေ ဖြစ်နေပြီလဲ မသိဘူး၊ စဉ်းစား
မိလိုက်တာနဲ့တင် ကျွန်တော် ခေါင်းတွေတောင် ကိုက်လာ
တယ်"

ရှီးမာန်က ရေကရားထဲကရေကို ခွက်ထဲထည့်ကာ
တ်လိုက်ရင်းပြောလျှင် ဘိုးဘိုးကတော့ ထုံစံအတိုင်းပင်
ည်ရခက်လေသော ပဟေဠိဆန်ဆန် အပြုံးကို ပြုံးရင်းက
ကိုဖြစ်စေသော စကားလုံးဖြင့် သူ့ကို အတွေးတွေ ပိုလို့
စေသည်။

"အမှန်ကို သိနေတယ်၊ အမှန်ကိုလည်း မြင်နေတယ်၊
ဒါပေမဲ့ အဲဒီအမှန်ဆီကို မသွားနိုင်ဘူး ဆိုရင်တော့ အဲဒါ
မိုက်မဲတာပေါ့၊ စိတ်ပူစရာတော့ မရှိပါဘူး"

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အခုချက်ချင်း တံခါးဖွင့်စမ်း၊ နင်မဖွင့်ရင်
အပြင်က သော့နဲ့ ဖွင့်မှာနော်"

မုဒြာက တံခါးကို တဒုန်းဒုန်းထုကာ သောင်း ပြီး ဖွင့်ခိုင်းလျှင် အထဲက လော့ခ်လှည့်လိုက်သံနဲ့အတူ တံခါး လည်း ကျွီခနဲပွင့်လာ၏။ ဟွန်း ... အမြင်ကတ်စရာ။ မုဒြာတို့ မာထန်ထန် မျက်နှာပေးဖြင့် ကြည့်ကာ ခပ်တိုးတိုးလေသံ မေးလေ၏။

"ဘာကိစ္စရှိလို့ပါလဲ"

"ဟဲ့ ... အဲဒီမေးခွန်း မေးရအောင် ဒီအိမ်ရဲ့အိမ်ကြီးရှ
နင်လား၊ စကားအပြောအဆို ဆင်ခြင်ရင် ကောင်း
ကျော့ယွန်းလွင်"

အန်တီနုက ခပ်စွာစွာပဲ ပြောလိုက်လျှင် မိန်းမဟာ အမြင်ကတ်စရာ ကောင်းလှသော မျက်နှာပေး ခေါင်းညိတ်ပြကာ ...





"ကျွန်မကလည်း ဒီအိမ်ရဲ့ အိမ်ကြီးရှင် မဟုတ်သလို ဘယ်သူကမှလဲ ဒီအိမ်ရဲ့ အိမ်ကြီးရှင် မဟုတ်ပါဘူး၊ အားလုံးက ဒီစံအိမ်ရဲ့အရှင်သခင် ဦးမဏိဉာဏ်ရဲ့ အရိပ်ကို ခိုနေကြသူတွေချည်းပါပဲ"

"နင်"

"မုဒြာနဲ့ ယုရာ ... တော်ကြစမ်း"

မေမေက ဒေါသထွက်နေကာ ကောတော့မည့် ရာနဲ့ မုဒြာကို လှမ်းတားလိုက်ကာ ကျော့ယွန်းလွင်နှင့် တည့် ည့်ရင်ဆိုင်ရင်း ...

"ဟုတ်ပါပြီ၊ ညည်း ပြောသလို အားလုံးကတော့ အရိပ်ခို နေတဲ့သူတွေချည်းပဲ၊ အေး ... ဒါပေမဲ့ ညည်း စာတတ်တယ် ဆိုရင် စီနီယာ ဂျူနီယာ ခွဲခြားမှုကိုတော့ သဘောပေါက် မှာပေါ့"

"ဟုတ်ကဲ့ ... သဘောပေါက်ပါတယ်"

"အေး ... အဲဒါဆို ညည်းနဲ့ ငါတို့ ပြောစရာရှိတယ်၊ ဧည့် ခန်းထဲမှာ ဂုဏ်သရေရှိရှိ စကားပြောကြမယ်၊ ဆင်းလာခဲ့"

ကျော့ယွန်းလွင်က အပြုံးတစ်ခုနဲ့အတူ ခေါင်းညိတ် ပြလိုက်လျှင် မုဒြာတို့ကို မေမေတို့က ခေါ်လာတာ ဧည့်ခန်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်စောင့်နေလိုက်သည်။ ဘဝမှာ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှကို မကြုံဖူးပေါင်-ဂုဏ်ထူးဆောင်လေသော အကြောမာ အမျိုးသမီးကို တကယ်ပဲ ဆုံတွေ့ရတာဖြစ်၏။

မုဒြာ၊ ယုရာ၊ မေမေ ပြီးတော့ အန်တီနု ဒီလေးယောက် အင်အားကိုတောင် မကြောက်ဘဲ အကြောတင်းမျက်နှာပေးဖြင့် ဆင်းလာကာ ရဲရဲတင်းတင်းပင် ဆိုဖာမှာ ဝင်ထိုင်လေသော ကျော့ယွန်းလွင်ကို အရင်ဦးဆုံး ဒီအိမ်ရဲ့ အကြီးဆုံးချွေးမဖြစ်တဲ့ အန်တီနုက စတင် မေးခွန်းထုတ်လေသည်။

"ညည်းက တော်တော်လေးကို သတ္တိကောင်းတဲ့ မိန်းကလေးပဲ၊ ကဲ ... ပြောစမ်းပါဦး၊ ညည်း ဒီအိမ်ကို ဘာရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ"

"တဆိတ် ... အန်တီ၊ စကားပြောရင် ညည်း ညည်းနဲ့ ကျွန်မကို မပြောပါနဲ့၊ နားထောင်ရတဲ့ သူအတွက် နည်းနည်း နားကလောပေမယ့် ပြောတဲ့သူအတွက်ကတော့ သူ့အဆင့်အတန်းသူ ဖော်ပြနေသလိုဖြစ်နေပါတယ်၊ ကျွန်မ ကျော့ယွန်းလွင်၊ ကျော့ယွန်းလို့ ခေါ်လို့ရတယ်"

"အမယ်လေး ... ဖြစ်မှ ဖြစ်ရလေဟယ်၊ တင်စီးရန်ကောကဲပါ ... စကားတတ်တိုင်း ပြောမနေနဲ့ ညည်းကို နာမည်ခေါ်ပေးမယ်၊ လောလောဆယ် နင် ဒီကို ဘာရည်ရွယ်ချက်နဲ့ ရောက်လာသလဲ ဆိုတာကိုပဲ အရင်ပြော"

ဒေါ်သန္တာချိုက စိတ်မရှည်တော့စွာဖြင့် ဝင်ပြောလိုက်လျှင် ကျော့ယွန်းလွင်ဟာ အေးတိအေးစက်ပင် ခေါင်းတစ်ချက် ညိတ်ပြလိုက်ကာ ...

"ကျွန်မ ဒီအိမ်ကို ဘာဘကြီးရဲ့ ကျန်းမာရေးစောင့်ရှောက်ဖို့အတွက် ရောက်လာတာ"

"ဟော့ .. ဒီမှာ ... ညည်းရုပ် ညည်းရည်လေးနဲ့ ..."

"ကျေးဇူးပြုပြီး ရှင် ... ကျွန်မကို နှိမ်ကြောသလို ညည်းလို့ခေါ်နေမယ် ဆိုရင်တော့ အန်တီတို့နဲ့ ဆက်ဆွေးနွေးစရာစကား မရှိတော့ပါဘူး"

"ဟော့ ... ဒီမှာ ကျော့ယွန်းလွင် ... နင် စကားပြောတာ လျှပါးမဝနဲ့နော်၊ သည်းခံနေတာ အကောင်းမှတ်ပြီး ရောင့်တက်မလာနဲ့၊ ငါတို့ လုံးဝ သည်းမခံဘူး၊ ပြော ... နင် အခုပြော ငါ့ကို ... ငါ့အဘိုးကို နင် ဘယ်လိုတွေများ ပိုင်းလုံးလုပ်ပြီး သိမ်းသွင်းလိုက်တာလဲ ဟမ်၊ နင် အခုချက်ချင်း အိမ်ပေါ်ကဆင်းသွား"

မုဒြာက ဘယ်လိုနည်းနဲ့မှကို သည်းညည်းမခံနိုင်တော့သော ဒေါသတို့ဖြင့် အားလုံးထဲမှာ ဝက်ဝက်ကွဲမျှကာ







www.burmeseclassic.com

www.burmeseclassic.com



ကျော့ယွန်းလွင်ကို သောင်းကျန်းပစ်လိုက်လျှင် အဲဒီမိန်းမကလည်း ခေသူမဟုတ်စွာ ပြန်ခံပက်လေသည်။

"စကားပြောတာ အဆင့်အတန်းရှိစမ်းပါ ဉာဏ်မှုံအာ ကျွန်မ ဒီအိမ်ကို ရောက်လာတာ ဘဘကြီးကို စောင့်ရှောက် ပေးဖို့ပဲ၊ ရှင်တို့ ကျွန်မကို စော်ကားချင်တိုင်း စော်ကား ပိုင်ခွင့်မရှိဘူး၊ ကျွန်မမှာ သူနာပြုလက်မှတ် ရှိပြီးသား ရှင်တို့အဘိုးအတွက် ကျန်းမာရေးစောင့်ရှောက်ဖို့ လာနေ ပေးတာ၊ ကျွန်မ အပေါစားမိန်းမ မဟုတ်ဘူး"

"ဩော် ... ဩော ... ဟုတ်လား၊ ဒါနဲ့ ရှင်က KTV တစ်ခုမှာ အလုပ်လုပ်ဖူးတယ် မှလား၊ အိမ်က ကျွန်မ ယောက်ျားနဲ့ မုဒြာ ယောက်ျားကိုတောင် ရှင် ပတ်သက် ခဲ့ဖူးပါတယ်၊ မနေ့က တွေ့တဲ့ ယောက်ျားနှစ်ယောက်ကို ရှင် မမှတ်မိချင်ယောင်တော့ မဆောင်ပါနဲ့နော်"

ယုရာရဲ့ အငေါ်တူးပြောစကားကြောင့် ကျော့ယွန်း လွင်က လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်း ...

"ဒီမှာ ... ရှင်တို့ စွပ်စွဲတာတွေက တအားလွန်လွန်းနေ ပြီ၊ ရှင်တို့နှစ်ယောက်ရဲ့ ယောက်ျားတွေကို ရှင့်ဘိုးဘိုး မိတ်ဆက်ပေးလို့ တစ်ခါပဲ မြင်ခဲ့ဖူးတာ"





"ဘာ"

"ရှင်တို့သိထားဖို့က ကျွန်မဟာ အကျင့်စာရိတ္တ ပျက်ပြား နေတဲ့မိန်းမ မဟုတ်ဘူး"

ယုရာကော မုဒြာပါ စကားထပ်မဆက်နိုင်တော့ အောင် ငြိမ်လို့သွားလေသည်။ ဘိုးဘိုးက ကိုရိုးမာန်ကိုကော ကိုရွှေဘုန်းတက်ကိုပါ ဘာကိစ္စနဲ့ ဒီမိန်းမနဲ့ မိတ်ဆက်ပေးတာလဲ၊ အဲဒီအခန်းကဏ္ဍဟာ အခုမှ သိလိုက်ရတာမို့ မုဒြာတို့အားလုံး အံ့အားတသင့်တော့ ဖြစ်ကုန်ကြသည်။ တကယ်ပဲ ဒီမိန်းမဟာ ပဟေဠိတွေ ပေးနေတာပဲဖြစ်၏။

"အို ... မင်းဘာသာမင်း ဘယ်လိုပဲဖြစ်ဖြစ် ဒီအိမ်ပေါ်မှာ တော့ နင့်ကို မမြင်ချင်ဘူး ကျော့ယွန်းလွင်၊ အဲဒီအတွက် နင် ဘယ်လောက်လိုချင်သလဲ၊ ငါတို့ ပေးလိုက်မယ်၊ မဏိဉာဏ်မိသားစုနဲ့ လုံးဝ နင် မပတ်သက်ပါနဲ့"

"ရယ်ရလိုက်တာ အန်တီဒေါ်နုနုအေးရယ်၊ ကျွန်မကို ဒီအိမ်က နှင်ချဖို့ ငွေနဲ့ ကြေးဖြတ်မယ်ဟုတ်လား၊ မနေ့က ဘဘကြီး ပြောသွားတဲ့ စကားကို အန်တီတို့ မေ့မြန်းနေ သလား"



www.burmeseclassic.com

www.burmeseclassic.com



ကျော့ယွန်းလွင်ဟာ တကယ်ကို လည်လွန်း ပါးလွန်းတဲ့ မိန်းမတစ်ယောက်ဆိုတာ စကားပြောလေလေ ပိုသိလေလေမို့ မုဒြာတို့တွေ အားလုံးဟာ စိတ်တိုလွန်းလို့ အသားတွေတောင် တဆတ်ဆတ် တုန်လာရသည်။ ဘယ်ကမှန်းမသိ ဘာမှန်းမသိဘဲ အရှင်မွေးလို့ နေ့ချင်းကြီးပြီး တက်စော်ကားနေတာ။ ဒေါ်သတွေဟာ ထိန်းချုပ်မျိုသိပ်ရင်းက အားလုံးရဲ့ ကိုယ်စား ဒေါ်နုနုအေးကပဲ ,ချွေးမကြီးပီပီ သောင်းကျန်းပေးလေသည်။

"ဟေ့ ... အဲဒါတွေ လာမပြောနဲ့၊ ခေသိချင်ဘူး၊ နင်ကများ ရာရာစစ ငါတို့ကိုတောင် တက်စိန်ခေါ်ရဲတယ်၊ ညည်း စောင့်ကြည့်လိုက်အေ၊ နုနုအေးဆိုတာ ဘာလဲ သိစေရမယ်၊ ညည်းက ဒီအိမ်မှာ အလုပ်သမားပဲ၊ အရှင်မွေးလို့ နေ့ချင်းတော့ လာမကြီးပြနဲ့နော် ကျော့ယွန်းလွင်၊ ငါတို့အားလုံးမှာ အစွယ်တွေနဲ့ နင် သဘောပေါက်ထား"

ကျော့ယွန်းလွင်ဟာ အင်မတန်မှကို အံ့ဩစရာကောင်းလှစွာပဲ တကယ့်ကို အရေထူနေစွာ အပြုံးတစ်ချက်မပျက်ပင် ခေါင်းတစ်ချက်ညိတ်ပြရင်း ...

"ကျွန်မ အဖြောင့်အတိုင်းပဲ သွားပါတယ် အန်တီ၊ ကျွန်မက ကိုယ်လုပ်စရာရှိတဲ့ အလုပ်ကိုလုပ်ပြီး ကိုယ့်တာဝန်





ကိုယ်ကျေအောင် နေမယ့်သူပါ၊ အန်တီတို့နဲ့ကော ဉာဏ်ယုရာ၊ ဉာဏ်မုဒြာနဲ့ကော ကျွန်မ ပြဿနာဖြစ်ဖို့ မလိုဘူးလို့ ကျွန်မ ထင်ပါတယ်၊ သေချာတာကတော့ ကျွန်မ ဟောဒီ မဏိဉာဏ်စံအိမ်ကြီးမှာ ဆက်ရှိနေဦးမှာပါ၊ အန်တီတို့ ပြောစရာ ကုန်ပြီဆို ကျွန်မ အလုပ်လေးတွေ ရှိသေးလို့ သွားခွင့်ပြုပါဦး"

အားလုံးကို ကြော့ကြော့လေးပြောကာ အပေါ်ထပ်သို့ ပြန်တက်သွားလေတော့သည်။ မပြီးနိုင်မစီးနိုင် ဒေါ်သတို့ဖြင့် ကျန်နေခဲ့တာကတော့ မုဒြာတို့တွေပဲဖြစ်သည်။

"ကြည့်စမ်းပါဦး၊ မိုက်ရိုင်းလိုက်တာ၊ မိုက်ရိုင်းလိုက်တာဆိုတာ၊ အဲဒီမိန်းမကို လျှော့တွက်လို့တော့ မရဘူးနော် မေမေ၊ ပြုံးပြုံးလေးနဲ့ တစ်အိမ်လုံးကို လက်ဝါးကြီးအုပ်သွားမှာ"

"ဟဲ့ ... ရမလား၊ ငါတို့တွေက ငြိမ်ခံနေမယ့်အရုပ်တွေမှ မဟုတ်တာ၊ သန္တာချို ... ဒီကိစ္စက ပေါ့နေလို့မဖြစ်တော့ဘူး၊ အဖေက ဘာသဘောနဲ့ ကျော့ယွန်းလွင်ကို အိမ်ပေါ်ခေါ်တင်လာလာ ငါတို့အတွက်က အန္တရာယ်ပဲ"

"ဟုတ်တယ်၊ အဲဒီကလေးမ ဒီအိမ်မှာ ရှိမနေအောင်လုပ်ရမယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ငါတို့ကိုတောင် ယှဉ်ပြောရဲ

www.burmeseclassic.com

www.burmeseclassic.com



နေတယ်ဆိုတာကတည်းက သာမန်တော့ မဟုတ်ဘူး၊ နောက်ပြီး အဖေ့ကျန်းမာရေးအတွက် ခေါ်ရတယ်ပြောရအောင် အဖေက မမာပြီး လဲနေတာမှ မဟုတ်တာ၊ ဒီနေ့အထိ အိမ်ရဲ့စီးပွားရေးတွေအားလုံး ဦးဆောင်နေတဲ့သူ။ ဆေးပေးမီးယူ ဆိုတဲ့အတိုင်း ကျန်းမာရေးကို အကြောင်းပြလာပြီး ခေါင်းစဉ်တပ်လိုက်ရင် ပိုဆိုးသွားလိမ့်မယ်၊ ဒါတို့ ကျော့ယွန်းလွင်ကို ဒီအိမ်မှာ မရှိတော့အောင် လုပ်မှ ဖြစ်လိမ့်မယ်"

အမေနှစ်ယောက်က အတိုင်းအဖောက်ညီညီ ပြောနေကြသလို ယုရာနဲ့ မုဒြာကလည်း တကယ်ကိုပဲ အတိုင်းအဖောက်ညီညီ စဉ်းစားခန်း ဖွင့်နေကြတာဖြစ်သည်။

"မုဒြာ ... ကိုကြီးနဲ့ ကိုရိုးမာန် ကြားထဲမှာလည်း အဲဒီမိန်းမ ပတ်သက်မှု ရှိနေတယ်နော်၊ ကျော့ယွန်းလွင်ဟာ ငါတို့တစ်မိသားစုလုံးအတွက် အန္တရာယ်ပဲ"

"အဟုတ်ပဲ။ ဘိုးဘိုး သူ့ကို ဘာကြောင့် အိမ်ပေါ်ခေါ်တင်လိုက်တာလဲ၊ ပြီးတော့ ငါတို့မြင်ခဲ့တဲ့ ဟိုတယ်ကနေထွက်လာတာကကော ဘာသဘောတွေလဲ၊ ငါတို့ ငြိမ်နေလို့တော့မဖြစ်တော့ဘူး၊ ကိုရိုးမာန် ... တွေ့ကြသေးတာပေါ့ရှင်"





မုဒြာက အံကို တင်းတင်းကြိတ်ကာ လက်သီးဆုပ်ထားမိသည်။ တစ်စုံတစ်ရာကို လျှို့ဝှက်ထားကာ တစ်စုံတစ်ယောက်တ ကြီးကိုင်နေတယ်ဆိုတာ သေချာလေသည်။ မဏိဉာဏ်မိသားစုကို ဂယက်ရိုက်စေလောက်အောင် ကျော့ယွန်းလွင် ဆိုတဲ့မိန်းမကို ဒီပွဲမှာ အဲဒီလောက်ထိကို နေရာမပေးနိုင်ပေ။ အမြန်ဆုံး ဖြေရှင်းဖို့အတွက် မုဒြာက အဆင်သင့် ပြင်ဆင်ထားလိုက်ပြီဖြစ်သည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com









စိတ်ကူးယဉ်ထားတဲ့ အိပ်မက်တိုင်းကတော့
ချိုခဲ့တာချည်းပဲ။
လက်တွေ့ဘဝဟာ ခါးခဲ့မယ်ဆိုရင်တောင်
ချိုနေတဲ့ စိတ်ကူးအိပ်မက်ကို
တစ်နေ့တော့ လိုချင်လို့
မျှော်လင့်ချက်နဲ့
လှူတိုင်း ဆုတောင်းနေသလို
ကြိုးလည်း ကြိုးစားရပါလိမ့်မယ်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com







(၁၈)

"ရော ... အဲဒီမှာ လက်မှတ်ထိုးပေး"

ဘုန်းခနဲ ဆောင့်ချလိုက်တဲ့ စာရွက်လိပ်ရယ် အောင်ရယ်ကြောင့် ရှီးမာန်မှာ အံ့အားတသင့်ဖြစ်ကာ မုဒြာကို ကြည့်လိုက်ရင်း ...

"လန့်လိုက်တာ မိန်းမရယ်၊ ဘာများတုံး"

"အဲဒီမှာ လက်မှတ်ထိုးပေး"

မုဒြာရဲ့ မျက်နှာက ခပ်ထန်ထန် ဖြစ်နေတာကို သူ အကဲခတ်မိလိုက်ရင်းက ရှီးမာန်က စာရွက်လိပ်လေးကို ဖြန့်ကြည့်မိလိုက်သည်။ ဟင် ... ဒါက ...။ ရှီးမာန်က မတ်တပ်ထရပ်လိုက်ရင်း မုဒြာကို ခပ်စေ့စေ့စိုက်ကြည့်ကာ ...

"မုဒြာ ... မင်း ဒါ ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် နားမလည်ဘူးလား ... အဲဒါ ကွာရှင်းစာချုပ်လေ"

"ဟ ... ငါ သိပါတယ်၊ ဒါကို ဘာသဘောနဲ့ မင်းမေးတာလဲ မေးနေတာ"

"ရှင်းနေတာပဲ၊ ရှင့်ကို မပေါင်းနိုင်တော့လို့ပေါ့"

မုဒြာရဲ့ စကားတွေဟာ သူ့နားသူ မယုံနိုင်လောက်အောင်ကို အံ့သြစရာကောင်းလွန်းနေတာမို့ သူက မုဒြာကို စေ့စေ့စိုက်ကြည့်ကာ မေးရလေသည်။

"မဟုတ်သေးဘူး မုဒြာ၊ မင်းနဲ့ကိုယ့်ကြားထဲမှာ ဒီလိုကွာရှင်းကြဖို့ အခြေအနေအထိ ဖြစ်ထားတဲ့ ပြဿနာဘာမှ မရှိဘူးလို့ ကိုယ်ထင်တယ်၊ မုဒြာ ကိုယ့်ကို ဘာမကျေနပ်ဘူးလဲ၊ ပြော ... ကိုယ် ဖြေရှင်းပေးမယ်၊ ဒီလိုကြီးလုပ်တာကတော့ မုဒြာအတွက်ကော ကိုယ့်အတွက်ပါမကောင်းဘူးကွ၊ အဲဒီတော့ ပြော ... မုဒြာ ဘာလို့ ကိုယ့်ကို ဒီစာချုပ်ပေးတာလဲ"

"ဘာလို့လဲ ... ဟုတ်လား၊ ရှင်တို့တွေခင်းတဲ့ အကွက်တွေတိုင်းကို တထိတ်ထိတ်နဲ့ ထိုင်ကြည့်ပေးနေရတာကို ကျွန်မ လုံးဝသည်းညည်းမခံနိုင်တော့ဘူး၊ ဘယ်ကမှန်းမသိ အိမ်ပေါ်ရောက်လာတဲ့ အဲဒီမိန်းမနဲ့ ဒီအိမ်မှာ ယောကျ်ားသုံးယောက်ရှိတယ်၊ အားလုံးနဲ့ တစ်ယောက်စီ ပတ်သက်နေကြတယ်၊ အားလုံးကို ကျွန်မ စိတ်ကုန်တယ်၊ လျှို့ဝှက်ချက်ရှိရှိနဲ့ ဖောက်ပြန်နေကြတာကို ထိုင်ကြည့်ပေးရလောက်အောင် ကျွန်မ သဘောထား ကြီးမပေးနိုင်ဘူး"

"ဟား ... မုဒြာရာ ... အဓိပ္ပာယ် လုံးဝမရှိဘူး၊ ကိုယ်နဲ့မှ ဘာမှ မဆိုင်တာ၊ မင်း အဲဒီလို ထင်ကြေးနဲ့ ရမ်းသမ်းထင်ပြီး ကမူးရှူးထိုး လျှောက်မလုပ်စမ်းပါနဲ့ကွာ"

"အဲဒါဆိုလည်း အမှန်ဘာလဲ ဆိုတာကို ပြောလေ၊ အဲဒီမိန်းမက ဒီအိမ်ပေါ်အထိ ကျူးကျူးကျော်ကျော် တက်လာရဲတာဟာ သူနဲ့ အဘိုးနဲ့ပတ်သက်နေလို့လား၊ ဒါမှမဟုတ် ရှင်နဲ့လား"

မုဒြာရဲ့ပြဿနာရှာမှုက ရေရေလည်လည်ကို ပြင်းထန်လာပြီမို့ သူက အင်မတန်မှ စိတ်တွေရှုပ်ထွေးလာရကာ စိတ်ကို အတတ်နိုင်ဆုံး လျှော့ချလိုက်ရင်း ...

"မင်းကိုယ်တိုင် သံသယစိတ်တွေ များနေတာ မုဒြာ၊ တကယ်ဆို ဘာလို့ ရိုးရိုးလေးတွေးမပေးဘဲနဲ့ ကိစ္စတစ်ခုအပေါ်ကို ဇွတ်ပုံကြီးချဲ့နေတာလဲ၊ ကျောဇယွန်းက ကိုယ်နဲ့လည်း ဘာမှ မဆိုင်သလို ဘိုးဘိုးနဲ့လည်း မဆိုင်ဘူး၊







www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုး သူ့ကျန်းမာရေးအတွက် စောင့်ရှောက်မှုလိုအပ်တယ်ထင်လို့ သူ့ Nurse ခေါ်တဲ့ သဘောပဲလေ”

“ဟင် ... သိပ်ကိုကောင်းတဲ့ အကြောင်းပြချက်ပဲ၊ အေးပေါ့လေ ... ဘိုးဘိုး တစ်သက်လုံး ကျွေးမွေးလာတော့လည်း ဒီလောက်တော့ တန်ရတာပေါ့”

“မုဒြာ ... မင်း ဘယ်လိုစကားပြောလိုက်တာလဲ”

ရိုးမာန်က အခဲဒီလိုကို ပြောထွက်ရက်နေတဲ့ မုဒြာကို အံ့ဩလှစွာဖြင့် စိတ်ထဲမှာလည်း ဒေါသက ဟုတ်ခနဲ ထွက်လာရသည်။ သူ့အပေါ်ကို မုဒြာရဲ့ဆက်ဆံပုံဟာ တဆိတ်တော့ ရင့်သီးလွန်းလှပေသည်။

“အမှန်ပြောတာပဲလေ၊ တစ်သက်လုံး ဘိုးဘိုးပေးတာယူခိုင်းတာလုပ်ပြီး ဘိုးဘိုးစကားနားထောင်နေတဲ့သူ၊ ရှင့်ကို ယူခဲ့မိတာ ကျွန်မ သိပ်မှားသွားတာ၊ သခင်အားရ ကျွန်ပါးဝဖြစ်အောင် ကျွန်မက မြှောက်စားခဲ့မိတာ”

“ဘာဏ်မုဒြာ”

သူ့ရဲ့ဒေါသက ဘယ်လိုမှ ထိန်းလို့သိမ်းလို့ မရနိုင်တော့စွာ ဘာကိုမှလဲ မမြင်နိုင်တော့ဘဲ မုဒြာရဲ့ ပခုံးတွေကို ခပ်ကြမ်းကြမ်းဆုပ်၍ ဆောင့်တွန်းပစ်လိုက်မိသည်။ ယောက်ျားအားနဲ့မို့ မုဒြာတစ်ယောက် အရှိန်ထိန်းလို့မနိုင်စွာ ဝုန်းခနဲ ပစ်ကျလေ၏။

“အမယ်လေး ... ဟဲ့ ... ပဲ့ ... ဘာဖြစ်ကြတာလဲ၊ ဘာတွေဖြစ်ကုန်ကြတာလဲ၊ ဟယ် ... မုဒြာ”

အခန်းထဲက သူတို့ရဲ့ ဆူညံပွက်လောရိုက်သံဟာ အပြင်ထိကြားရတာကြောင့် အိမ်ကလူတွေပါ ဒီကိုစွပါလာတော့သည်။ ဒေါ်သန္တာချိုက လဲကျသွားသော သူ့သမီးကို စိုးရိမ်တကြီးပြေးပွေ့ရင်း သူ့ကိုလည်း ရန်တွေ့လေတော့သည်။

“ဟဲ့ ... နင် မိုက်ရိုင်းလှချည်လား၊ ငါ့သမီးကို ဒီလိုကိုယ်ထိလက်ရောက် စော်ကားစရာ ဘာအကြောင်းမှ မရှိဘူး၊ နင့်ကို ရဲတိုင်မယ်၊ အဖေ မြှောက်စားထားတာ”

“အန်တီ ... ခင်ဗျား ... တော်တော့”

ရိုးမာန်က ချုပ်တည်းထားခဲ့ရတဲ့ ဒေါသတွေဟာ အခုမှ ပွင့်ထွက်လာသလို ဝုန်းခနဲ လျှံထွက်လာ၍ ပေါက်ကွဲမိသွားတာဖြစ်သည်။ သူ့ကို တစ်ချိန်လုံး နှိမ်တယ်လို့ ခံစားမိတဲ့ အထဲမှာမှ ဒီတစ်ကြိမ်တစ်ခါဟာ အင်မတန်မှကို ဆိုးဝါးစေတာဖြစ်သည်။ သူဟာ သူ့အပေါ်ကို အချစ်တွေမပေးလိုဘဲ သူ့ကိုသာ နိုင်လိုချင်စိတ်တွေ သိပ်များနေတဲ့ မုဒြာကို သူက ဒေါသ






www.burmeseclassic.com

www.burmeseclassic.com



တွေကြားထဲကနေ အရမ်းကို စိတ်ပျက်သွားတဲ့ မျက်လုံးတွေဖြင့် ကြည့်မိရင်းက ...

"မုဒြာ ... မင်း ကိုယ့်ကို အဲဒီလောက်အထိ အထင်သေး နှိမ်ချတတ်တယ်ဆိုတာ ကိုယ် အခုမှ သိရတယ်၊ မင်း သိထားဖို့တစ်ခုက ကိုယ့်ဘဝမှာ ဘယ်သူ့အပေါ်ကိုမှထဲ သစ္စာတရားမပျက်ယွင်းခဲ့သလို ကိုယ် ဘယ်တုန်းကမှထဲ တစ်ဦးတစ်ယောက် ပျက်စီးသွားဖို့အတွက် မရည်ရွယ်ခဲ့ ဘူး၊ မလုပ်ခဲ့ဘူး ...

ကိုယ့်အပေါ်ကို မင်းအနေနဲ့ အဲဒီလောက်အထိ အထင်သေးနေတယ် ဆိုရင်လည်း ကိုယ် မင်းအတွက် မဟုတ်ပါဘူး ငြင်းရုံကလွဲပြီး ဘာမှ မတတ်နိုင်ပါဘူး မုဒြာ"

"ထွက်သွားစမ်းပါ ခုချက်ချင်း၊ ငါ့သမီးကိုများ ရာရာစ သင်းက ... သွား ... နင် အခုချက်ချင်း ငါတို့အိမ်ပေါ် ကဆင်း၊ နင် ငါ့သမီးနဲ့ ပေါင်းစရာ ဘာအကြောင်းမှ မရှိတော့ဘူး၊ အဖေ့အရှိန်နဲ့ နေရာဝင်ယူချင်နေတဲ့ကောင်"

"ဒီမှာ အန်တီ ... ကျွန်တော် ပိုင်းလုံးကောင်မဟုတ်ဘူးဗျ ဘိုးဘိုး ကျွန်တော့်ရဲ့ကျေးဇူးရှင်ဆိုတာ တစ်လောကလုံး





သိတယ်၊ ဒါပေမဲ့ မုဒြာကို ကျွန်တော် ပိုင်းလုံးစိတ်နဲ့ လက်ထပ်ခဲ့တာလည်း မဟုတ်ဘူး၊ မုဒြာကို ဘယ်တုန်းက မှလဲ ကျွန်တော် သစ္စာမဖောက်ခဲ့ဘူး၊ အဲဒီစကားကို အန်တီ မြဲမြဲမှတ်ထားဗျ"

ရိုးမာန်က တကယ်ကို စိတ်ကုန် ဒေါသဖြစ်စွာဖြင့် အပြတ်ပြောခဲ့ကာ ထွက်လာခဲ့တော့သည်။ သူ့ရင်ထဲက ခံစားနေ ရတဲ့စိတ်တွေဟာ ဒီအချိန်မှာတော့ တကယ်ကို အဆိုးဝါးဆုံး အခြေအနေကို ရောက်ရှိလို့နေတာပဲ ဖြစ်သည်။ မုဒြာဟာ သူ့ကို အရမ်းကို အထင်သေးစော်ကားလွန်းတာကိုတော့ သူ့အနေနဲ့ ဘယ်လောက်ပဲချစ်ချစ် သည်းညည်းမခံနိုင်ပေ။ နောက်ပြီးတော့ မုဒြာတို့မိသားစုအားလုံးရဲ့ မျက်လုံးအကြည့်တွေ အဲဒါတွေကို မခံစားနိုင်စွာ သူဟာ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် ခပ်သွက် သွက်ဆင်းချလာချိန်ဟာ ဘိုးဘိုး အပြင်က ပြန်လာချိန်နှင့် ကွက်တိပဲ ဖြစ်၏။

အလောသုံးဆယ်ဖြင့် အလျင်အမြန်ကို ဆင်းလာ သော သူ့ကိုမြင်လျှင် ဘိုးဘိုးက လှမ်းတားလိုက်ရင်းက မေးမေး တော့တာဖြစ်သည်။

"ဟော့ ... ဟော့ ... ရိုးလေး ... ဘာဖြစ်တာလဲ၊ ဘာဖြစ် လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးနှင့်အတူ ကားပေါ်က ဆင်းလာသော ကျော့ယွန်းလွင်ကိုပါ သူက မြင်လိုက်လျှင် စိတ်ထဲမှာ အဲဒီမိန်းမကြောင့် ဖြစ်လာရတဲ့ ပြဿနာတွေကို တွေးမိကာ စိတ်ထဲ ဖျင်းခနဲဖြစ်ရင်း ဘိုးဘိုး မေးခွန်းကို ရှောင်တိမ်းကာ ထွက်လာခဲ့တော့သည်။

"ကျွန်တော်ကို သွားခွင့်ပြုပါတော့ ဘိုးဘိုးရာ။ ကျွန်တော် တောင်းပန်ပါတယ်"

"ဟာ ... ဟော့ကောင် ... ရှီးလေး"

အနောက်ကနေ ဘိုးဘိုး လှမ်းခေါ်နေတယ်မှန်း သိသော်လည်း သူ လှည့်မကြည့်ဖြစ်တော့ပေ။ ဘဝမှာ ရင်နဲ့ရင်းပြီး ခံစားခဲ့ရတာတွေ သိပ်မရှိဘူး ဆိုခဲ့ပေမယ့် ဒီတစ်ခါဟာတော့ဖြင့် ကျေးရူးတရားတွေ၊ မိသားစု အရှုပ်အထွေးတွေ ကြားထဲမှာ သူ့အချစ်ဟာ မြေစာပင် ဖြစ်ခဲ့ရကာ နင်းချေစော်ကားခံရတာပဲ ကျန်ရစ်ခဲ့လေသည်။

✤ ✤ ✤





"ဟာ ... ဟော့ကောင် ... ရှီးလေး ... ရှီးလေး"

သူ ဘယ်လောက်ခေါ်ခေါ် လှည့်ကိုမကြည့်တော့ဘဲ ခြံထဲကနေ ထွက်သွားပြီမို့ ဦးမဏိဉာဏ်ဟာ အရမ်းကို အံ့သြရတာပဲဖြစ်၏။ ဒီကလေးဟာ အင်မတန်မှ ရည်မွန်ပြီး လိမ္မာရေးခြားရှိတဲ့ ကလေးပါ။ ဘာဖြစ်လို့ပါလိမ့်။

"ခေါ်မနေပါနဲ့တော့ ဘဘကြီး။ သူ့ကြည့်ရတာ တော်တော်လေး စိတ်ထိခိုက်နေပုံပဲ။ ဘာများဖြစ်ကြလဲ မသိဘူး"

ကျော့ယွန်းက လှမ်းပြောလိုက်စဉ်မှာပဲ ကောင်မလေး လင်းလင်းက အိမ်ထဲကနေ အသည်းအသန် ပြေးထွက်လာကာ သူ့ကို ပြောတော့သည်။

"ဘိုးဘိုးကြီး ... ဘိုးဘိုးကြီး ... အစ်ကိုလေးနဲ့ မမမုဒြာတို့ စကားတွေ များကြတာ။ အစ်ကိုလေး အခု အိမ်ပေါ်က ဆင်းသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ … ကိုဘကျော် ရှီးမာန်ကို အခုချက်ချင်း လိုက်ခေါ်စမ်း"

"ခဏလေး … ခဏလေး ဦးဘကျော်။ လင်းလင်း … သူတို့ ဘာတွေ ဖြစ်ကြတာလဲ"

"ဟို … ဟို … အဲဒါတော့ မသိဘူး။ အစ်ကိုလေးက ဒေါသတကြီးနဲ့ကို မမလေးကို တွန်းပစ်လိုက်တယ်။ ပြီးတဲ့ အခါကျတော့ မေမေချိုနဲ့ပါ စကားထပ်များကြပြီး အစ်ကိုလေး ထွက်သွားတာ"

"ဟား … ကွာ"

သူ ဘယ်လိုမှကို ကြိုးစားတည်ဆောက်လို့ မရနိုင်တော့ခြင်းအတွက် ရင်ဘတ်ထဲက စူးခနဲ အောင့်တက်လာကာ နောက်ယိုင်ကျသွားမလို ဖြစ်သွားတာမို့ ကျော့ယွန်းက အမြန်ဖမ်းထိန်းလိုက်ရင်း …

"ဘဘကြီး … စိတ်ကိုလျှော့ပါ။ အခုတော့ ရှီးမာန်ကို သွားခေါ်ရင်လည်း ဒေါသစိတ်တွေနဲ့ အကုန်မှားကုန်လိမ့်မယ်။ ဘယ်က စဖြစ်တယ်ဆိုတာ ဘဘကြီးပဲ အရင်မေးထားသင့်တယ်လို့ ထင်တယ်"

စိတ်တွေထဲမှာ တကယ့်ကိုပဲ မျှော်လင့်ထားသော အရာနှင့် လက်တွေ့ဟာ တခြားစီကို ကွာခြားလွန်းလှသည်မို့





ဦးမဏိဉာဏ်ဟာ သူ့မျှော်လင့်ချက်တို့အတွက် အင်မတန်မှ စိုးရိမ်နေရတာဖြစ်သည်။ ထုံးစံအတိုင်း ပြဿနာရှင်းဖို့အတွက် သူ့မှာ အပေါ်ထပ်သို့ တက်သွားလျှင် တကယ့်ကို ဒေါင်းတင် မောင်းတင်ကို ပြောနေကြသော မုဒြာတို့ သားအမိနှင့် ယုရာတို့ သားအမိကို တွေ့ရလေသည်။

"ကဲ … ဘာတွေ ဘယ်လိုဖြစ်ကြတာလဲ"

"အဖေ … အဖေ့ရဲ့တော်လှချည်ပါရဲ့ဆိုတဲ့ ရှီးမာန် ဘယ်လောက်ရိုင်းစိုင်းသလဲ။ အဖေ့မြေးကို ဆောင့်တွန်းပစ်တယ်။ ကျွန်မ လုံးဝသည်းမခံနိုင်ဘူး။ ဒီကောင်နဲ့ ကျွန်မသမီးကို ကွာရှင်းပေးဖို့ အဖေ စီစဉ်ပေးပါ"

"ကဲ … ကဲ … နေပါဦးဟာ။ ကာယကံရှင် ကိုယ်တိုင် ပြောပါစေဦး။ မုဒြာ … ဘာဖြစ်ကြတာလဲ ညည်းတို့"

ဦးမဏိဉာဏ်က သန္တာချို့ကို တားမြစ်လိုက်ရင်း မုဒြာကို ပြောခိုင်းလိုက်လျှင် မုဒြာက ခပ်တင်းတင်း လေသံဖြင့်ပင် သူ့ကို ပြန်ပြောတာဖြစ်သည်။

"အဲဒီမိန်းမ အိမ်ပေါ်မှာ ရှိနေတာဟာ တစ်ယောက်ယောက်နဲ့ ပတ်သက်နေလို့ အဲဒီကိစ္စကို သိနေပြီး ဖုံးထားတဲ့ ယောကျ်ားကို မပေါင်းနိုင်ဘူး။ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးခိုင်းလို့ ပြဿနာတက်ကြတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာဖြစ်တယ်"

မုဒြာဟာ ကျန်နေသေးတဲ့ ဒေါသအရှိန် မပြေနိုင်သေးစွာ ကျော့ယွန်းလွင် ဆိုတဲ့ အဲဒီမိန်းမ အဘိုးဆီ ပါလာတာကို ထပ်မြင်ရလျှင် ဒေါသက ပိုထွက်လာရ၍ ခပ်ကြမ်းကြမ်းပဲ ပြောပစ်မိသွားလျှင်တော့ အဘိုးရဲ့ဒေါသဟာ အင်မတန်မှကို ကြီးမားစွာဖြင့် မုဒြာကို ကောတော့တာဖြစ်သည်။

"မုဒြာ ... နင် အတော်မိုက်ရိုင်းပါလား။ ဒီအိမ်မှာ ညည်း အငယ်ဆုံး။ ဘာတစ်ခုကိုမှ ဆုံးဖြတ်ပိုင်ခွင့် မရှိဘူး။ ဘာကိစ္စ နင်တို့တွေက ကျော့ယွန်းကိုပဲ တစ်ဆိတ်ရှိ ဘာလို့ ခလုတ်သွား,သွားတိုက်နေတာလဲ။ ဒီလို အပြုအမူမျိုး ဒါနောက်ဆုံးအကြိမ်ပဲ ဖြစ်ပါစေ။ ရိုးမာန်ကို ဘာမှ နင်တိုက်ခိုက်နေစရာ မလိုဘူး။ သူက ညည်းရဲ့ယောကျ်ား။ သွား ... အခုချက်ချင်း ပြန်လိုက်ခေါ်"

"အဖေ ... ဒါတော့ မဖြစ်နိုင် ..."

"တော်တော့ သန္တာချို။ ငါ ဆိုင်တဲ့ကိစ္စကို ဆိုင်တဲ့သူနဲ့ပဲ စကားပြောနေတယ်။ နင်တို့ တစ်ယောက်မှ ဝင်မပါနဲ့။ မုဒြာ ... အဘိုးပြောနေတယ်လေ။ သွား ... အခုချက်ချင်း ရိုးမာန်ကို သွားခေါ်လာခဲ့"





"လုံးဝမခေါ်နိုင်ဘူး ဘိုးဘိုး"

"ဘာ ... ဘာပြောတယ်"

သူ့ရဲ့အရှေ့မှာ မြင်နေရတဲ့ သူ့မြေးမုဒြာဟာ လုံးဝကို မခေါ်နိုင်ဘူး အပြတ်ပြောတာမို့ သူ့ရဲ့ဒေါသက အထွတ်အထိပ် ရောက်လာချိန်မှာ မုဒြာက တကယ့်ကိုပင် ခပ်တင်းတင်း ဆက်ပြောလေသည်။

"ဟုတ်တယ် ဘိုးဘိုး။ ကျော့ယွန်းလွင် ဒီအိမ်မှာရှိနေရင်တော့ မုဒြာ သူနဲ့ကွာရှင်းမှာပဲ"

"ဟ ... ဘာဆိုင်လဲ။ ကျော့ယွန်းနဲ့ ဒီကိစ္စ ဘာဆိုင်လို့လဲ။ ညည်း အခုချက်ချင်း ကျော့ယွန်းကို ပြန်တောင်းပန်"

"ဘိုးဘိုး ... မုဒြာက ဘာလို့ တောင်းပန်ရမှာလဲ။ သူ့ကြောင့် တစ်အိမ်လုံး ပြဿနာတွေ တက်ရတာ။ ဘိုးဘိုးအတွက် nurse တစ်ယောက် သိပ်လိုအပ်နေတယ်ဆိုရင် တခြားသူကို သမီး ကိုယ်တိုင်ရှာပေးမယ်။ သူ့ကို ဒီကနေ သွားခိုင်းလိုက်"

"အဲဒါ အမှန်ပဲ ဘိုးဘိုး။ ဒီမိန်းမရှိတာ သမီးတို့အတွက် ရင်မအေးရဘူး။ တစ်စုံတစ်ယောက်နဲ့ သူ ပတ်သက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ယူရာကပါ ဒီကိစ္စထဲ ဝင်ပါလာပြီဖြစ်သည်။ သူ ဖြစ်စေချင်တဲ့ စည်းရှုံးမှုဟာ တလွဲစီ စည်းလုံးနေခြင်းမို့ ဦးမထော ဉာဏ်က သူ စီစဉ်ထားတာကို မမေ့စေဖို့ ထပ်မံကြေညာလိုက်လေသည်။

"မဆိုင်တဲ့ အကြောင်းအရာတွေကို ဆွဲယူမပြောနဲ့။ ကျော့ယွန်းကို နင်တို့ ပြောစရာ ဆိုစရာ ဘာတစ်ခွန်းမှ မရှိဘူး ဒီကလေးမကို ငါ့ရဲ့ authority အပြည့်ပေးဖို့ ငါ ဆုံးဖြတ်ပြီးသား။ကျော့ယွန်းကို နင်တို့ ပြောစရာ ဘာအကြောင်းမှ မရှိဘူး"

"အဲဒါကတော့ ဘိုးဘိုး မတရားတာပဲ။ ကိုယ့်မြေးအရွယ် မိန်းကလေးတစ်ယောက်ကို ဆေးပေးမီးယူဆိုပြီး ခေါ်ထားတာ ဘိုးဘိုး မရှက်ဘူးလား"

"မုဒြာ ... နင် ... နင် ... အား"

တရားလွန် ရိုင်းစိုင်းလေသော အပြုအမူတွေကြောင့် သူ့ရဲ့ဒေါသဟာ ငယ်ထိပ်ဆောင့်တက်ကာ မုဒြာကို တုတ်ကောက်ဖြင့် ရွယ်လိုက်လျှင် သူ့ရင်ဘတ်က စူးအောင့်လာ၍ မျက်လုံးတွေ ပြာဝေလာကာ အသိတစ်ချက်လွတ်ကာ လဲကျသွားတော့သည်။

"ဘိုးဘိုး ..."



"အဖေ"

"ဘာဘကြီး ..."

ခေါ်သံတွေသာ နားထဲကြား၍ မျက်လုံးကတော့ ဖြင့် ဖွင့်မရအောင် ရောဂါက ဖိစီးနေလေသည်။

❖ ❖ ❖

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်သဟာစာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဗဟိုဒ္ဓလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"

www.burmeseclassic.com

www.burmeseclassic.com



(၁၉)

Family Doctor ရဲ့ ပြောကြားချက်အရ ဘိုးဘိုး ဦးမဏိဉာဏ်မှာ နှလုံးရောဂါဝေဒနာကို အပြင်းအထန် ခံစားနေရကြောင်း ကြားသိရလျှင် အားလုံးဟာ တကယ့်ကိုပဲ အံ့အားသင့်ရတာ ဖြစ်လေသည်။

"အဖေက အင်မတန် ကျန်းမာရေးကောင်းတဲ့သူပါ။ ဟုတ်ရော ဟုတ်ရဲ့လား ဒေါက်တာရယ်"

"ဒါ ကျွန်တော့်ရဲ့ patient ပါ။ သူ ကျွန်တော့်ဆေးခန်းလာတိုင်းမှာတော့ သူ့ရဲ့အဖော်အဖြစ် ပါလာတာဆိုလို့ မောင်ရိုးမာန် တစ်ယောက်ပဲရှိတယ်။ လူနာ မကြာခင် သတိရလာပါလိမ့်မယ်။ သွားလိုက်ပါဦးမယ်"





ဒေါ်နုနုအေးရဲ့မေးခွန်းကို ဒေါက်တာက အငေါ့တူး၍ ဖြေကာ ထွက်သွားလေလျှင် မကျေမချမ်း ကျန်နေခဲ့တာက အားလုံးပဲ ဖြစ်သည်။

"အဖေ့မှာ ဒီရောဂါရှိနေတာ ငါတို့ကိုမှ မပြောတာ ဘယ်လိုလုပ် သိမှာလဲ"

"ဟုတ်ပ ... အမိက,ကတော့ ညည်းယောက်ျားပဲ။ ညည်း အဘိုးမှာ နှလုံးရောဂါရှိနေတာကို သူ ဒီမိသားစုဝင်တွေကိုတော့ ပြောသင့်တာပေါ့"

"အဲဒီကိစ္စကို မပြောရဘူးလို့ ဘဘကြီးကိုယ်တိုင်က တားမြစ်ထားတာပါ"

ကျော့ယွန်းလွင်ဆီက အသံထွက်လာလျှင်တော့ ဒေါသတကြီး လှည့်ကြည့်လိုက်ရင်း ...

"ဒီမှာ ... ငါ ငါတို့ရဲ့မိသားစုကိစ္စ။ နင် ဘာမှဝင်မပါနဲ့။ နင်နဲ့သက်သက်တစ်ပွဲ ထပ်ရှင်းရဦးမယ် ကျော့ယွန်းလွင်"

"ဒီမှာ အန်တီ၊ အန်တီတို့ရဲ့ ဒေါသတွေကို လျှော့သင့်တယ်လို့ ကျွန်မ အကြံပြုပါရစေ။ တကယ်ဆိုရင် စိတ်ပဲထားတတ်ဖို့လိုတဲ့ ဒီအခြေအနေမှာ အန်တီတို့က ဘာကြောင့် မကျေမနပ်ဖြစ်နေတာလဲ။ ကျွန်မက ဘဘကြီးရဲ့ကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com



ရေးကို လာစောင့်ရှောက်ပေးနေရတဲ့ သူ့အဖြစ် သဘောထားလိုက်ရင် ဘာမှပြဿနာ မရှိတော့ဘူးလေ”

“ဘာလို့ မရှိရမှာလဲ။ နင်က ရှမ်ကလေးဖန်းပြပြီး ငါတို့စည်းစိမ်တွေကို လက်ဝါးကြီးအုပ်တော့မယ့် မိန်းမလေ”

“နင်တို့ မတော်နိုင်ကြတော့ဘူးလား”

ဘိုးဘိုးဆီက ခပ်ဖျော့ဖျော့ အသံကြားလျှင် အားလုံးရဲ့အာရုံဟာ ဘိုးဘိုးဆီ ပြန်ရောက်လာလေ၏။

“ဘိုးဘိုး ... ဘိုးဘိုး ... သတိရပြီလားဟင်”

အားလုံးက ဘိုးဘိုးအနား ဝိုင်းလာကာ စိုးရိမ်တကြီးမေးကြလျှင် ဘိုးဘိုးဟာ စိတ်လက်မချမ်းသာစွာသော ပုံစံဖြင့် မုဒြာတို့ အားလုံးကို ကြည့်လိုက်ပြီးမှ ကျော့ယွန်းလွင်ကို လှမ်းပြောလိုက်သည်။

“ကျော့ယွန်း ... အပြင်မှာ လုပ်စရာရှိတာ သွားလုပ်။ ဒီမှာ စကားပြောစရာရှိလို့”

“ဟုတ်ကဲ့ ... ဘဘကြီး”

ကျော့ယွန်းက ရိုကျိုးစွာပင် အခန်းထဲက ထွက်သွားလေလျှင် ဘိုးဘိုးမှာ လှဲနေရာမှ အသာထ၍ စကားစလေသည်။

“ငါ ဆုံးဖြတ်ချက်ချပြီးပြီ။ အခုဆို တဖြည်းဖြည်းနဲ့ ငါ့ရဲ့ကျန်းမာရေးဟာ ဆုတ်လျော့လာပြီ။ ဒီအိမ်မှာနေကြတဲ့





မိသားစုဝင်တွေအတွက် ရသင့်တထိုက်တဲ့ အမွေတွေ ခွဲပေးလိုက်တော့မယ် ...

ငါ တစ်သက်လုံး စည်းလုံးစုရုံးကြဖို့ ဘယ်လိုကြိုးစား ကြိုးစား နင်တို့တွေဟာ တစ်ယောက်ကို တစ်ယောက် မိသားစုဝင်ရယ်လို့ မသတ်မှတ်ကြထဲ တစ်အိမ်ထောင်စီ သတ်မှတ်ထားကြတာပဲ။ ငါ့သားတွေ မရှိတော့တဲ့ နောက်ပိုင်း နင်တို့တွေကို ငါ့သမီးတွေလို သဘောထားလည်း နင်တို့ အဆင်မပြေကြဘူး။ နောက်ဆုံး မြေးတွေအထိပဲ။ အခု မုဒြာနဲ့ ရှိုးမာန် လမ်းခွဲမယ်ဆိုတော့ ဒါဟာ ဘားကုန်သွားပြီ ...

ရှေ့နေကနေတစ်ဆင့် သားကြီးနဲ့ သားငယ် လုပ်ကိုင်ခဲ့တဲ့ လုပ်ငန်းတွေ၊ အတွင်းပစ္စည်းတွေ။ ဒါတွေကို လက်ရှိအောင်မြင်နေတဲ့ အနေအထားအတိုင်း အညီအမျှ ခွဲဝေပေးမယ်။ မုဒြာနဲ့ ယုရာအတွက်တော့ အဘိုးရဲ့ လှိုင်သာယာစက်ရုံနှစ်ခုကို ပေးမယ်။ ဒါဟာ အဘိုးက မင်းတို့ကိုပေးတဲ့ အမွေပဲ”

ဘိုးဘိုးရဲ့စကားတွေဟာ အရမ်းကို တည်တင်း
တ်သားနေတာကြောင့် မုဒြာတို့တွေမှာ အံ့သြရတာပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖေရယ် ... ဒီလို အမွေခွဲဖို့ကိစ္စက ပြောဖို့ရာ စောပါ သေးတယ်။ အဖေလည်း လောလောဆယ် ကျန်းမာရေး ကောင်းသေးတာ မဟုတ်ဘူး။ ဒါတွေ နောက်မှပြောကြ တာပေါ့"

"ဘာလဲ ... နည်းတယ်ထင်လို့လား။ ငါ့သား မင်းဉာဏ် နဲ့ လင်းဉာဏ်နဲ့ သက်ဆိုင်တဲ့ စီးပွားရေးတွေကိုပဲ မင်းတို့ ပိုင်ဆိုင်ရမှာပေါ့။ ကဲ ... ကဲ ... ငါလည်း ဒါတွေမပြော နိုင်သေးဘူး။ သွားကြတော့ ...

မုဒြာ ... ညည်း ရီးမာန်ကို ကွာချင်တာ တကယ် ဆိုရင် သူ့ကို ငါ့ဆီ ခေါ်လာခဲ့"

ဘိုးဘိုးရဲ့ပြတ်သားစွာသော နောက်ဆုံးစကားဟာ အားလုံးအတွက်တော့ စိတ်မောလူမော ဖြစ်သွားရစေတာပဲ ဖြစ် သည်။

✤ ✤ ✤





"အဲဒါလည်း တစ်မျိုးကောင်းတာပဲ ယုရာလေးရဲ့။ အိမ် ခွဲနေတော့ ကိုယ်လင်ကိုယ်မယား တသီးတသန့် ဖြစ်တာ ပေါ့"

ပြဿနာ အစအဆုံးကို ပြောပြပြီးသောအခါမှာတော့ ကိုကြီးက ပြုံးပြုံးရွှင်ရွှင် ပေါ့ပေါ့ပါးပါးပင် သူ့အကျီကိုချွတ်၍ ချိတ်တန်းမှာလှမ်းရင်း ပြောလေသည်။ သူကသာပျော်နေ ဒီမှာက ပြဿနာပေါင်းများစွာနဲ့။

"အပြောကတော့ သိပ်လွယ်တယ် ကိုကြီး။ တကယ်နေ မယ်ဆိုတော့ ဘယ်မှာလဲ အိမ်က။ ဒီခေတ် ဒီအခါမှာ အိမ်တစ်လုံး ပိုင်ဆိုင်ဖို့ကို ငွေ ဘယ်လောက်ရင်းနှီးမြှုပ်နှံ ရသလဲ"

"ဩော် ... မိန်းမရယ်။ ကိုကြီးရဲ့အိမ် ရှိတာပဲဟာ။ အိမ် ခွဲနေကြမယ် ဆိုတော့လည်း ကိုယ် အငှားတင်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



လမ်း(၅၀)က တိုက်ခန်းလေးကို ကိုယ်တို့ ပြန်နေလိုက်တာပေါ့"

"ဘယ်လို ... တိုက်ခန်း ... ဟုတ်လား"

"အေးလေ ... ချစ်လေးတောင် အိမ် decoration သဘောကျတယ်လို့ တစ်ခါ ပြောဖူးသေးတယ်လေ"

ယုရာက မကောင်းတတ်၍ ပြောလိုက်မိလေသော ကိုကြီးရဲ့ တိုက်ခန်းခုနစ်လွှာကို မျက်လုံးထဲ ပြေးမြင်ယောင်လာကာ မောလွန်း၍ လျှာပါထွက်ချင်သွားသည်။ မဖြစ်ဘူး ... မဖြစ်ဘူး။

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ ကိုကြီးရယ်။ စဉ်းစဉ်းစားစားလည်း ပြောပါဦး။ ဝင်ဒါမီယာက ဘိုးဘွားပိုင်ခြံကျယ်တိုက်ကြီး တိုက်ကောင်းကြီးမှာ နေလာတဲ့ ကျွန်မတော ခုနစ်လွှာတိုက်ခန်းကျဉ်းမှာ နေစရာလား ..."

ပြီးတော့ ကိုကြီးကို ယုရာ ပြောတာက ယုရာတို့ အိမ်ခွဲနေရအောင်လို့ ပြောတာ မဟုတ်ဘူး။ ဘိုးဘိုးက အိမ်ခွဲနေဆိုတဲ့သဘော ပြောနေတာကို ပြောတာ"

"အေလေ ... ဘယ်လိုပဲဖြစ်ဖြစ် ဒီအိမ်ရဲ့ အိမ်ကြီးရှင် အန်ကယ်က အိမ်ခွဲနေဆိုတော့ နေရတော့မှာပေါ့"





"အမယ်လေး ... နေစရာလား။ အဲဒီလို နေလိုက်ရင် ဘယ်ကမှန်းမသိ အိမ်ပေါ်တက်လာတဲ့ ကျော့ယွန်းလွင်က မောင်ပိုင်တက်စီးသွားမှာပေါ့။ ဒီအိမ်က ယုရာတို့ ပိုင်ကို ပိုင်ရမှာ"

"အဲဒီလိုတော့လည်း သဘာဝမကျပါဘူး ချစ်လေးရာ။ အမွေဆိုင်ပစ္စည်းတစ်ခုကို တစ်ဦးဆိုင်ပစ္စည်း ဖြစ်ချင်တာကတော့ ဟုတ်ကို မဟုတ်သေးပါဘူး"

ယုရာကို ရှေ့ပြည်အေးတရား လာဟောနေသော ကိုကြီးကို ယုရာက ဒေါသဖြစ်လာကာ ဘုကြည့်ကြည့်လိုက်ရင်း ...

"ကိုကြီး ... ရှင်က ကျွန်မကို ကန့်ကွက်နေတာလား"

"ဟုတ်တယ်လေကွာ။ တကယ်ဆို ကိုယ်က လမ်းကြောင်းမှန် ရှုမျှတတ ပြောပြတာ။ ယုရာ အဖေပစ္စည်းဥစ္စာတွေပဲ ယုရာ ပိုင်သင့်တာပေါ့။ ဒီအိမ်ကြီးနဲ့ ကျန်တဲ့စီးပွားရေးလုပ်ငန်းတွေက အန်ကယ်ပိုင်ပဲဟာ။ သူ့ဘာသာသူ ကျော့ယွန်းကိုပဲပေးပေး၊ ဘယ်သူ့ပဲပေးပေး ဘာမှပြောဖို့မရှိအပ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာ ... ဘာ ... ရှင် ... ဟိုမိန်းမကို ဘယ်လို ခေါ်လိုက်တယ်။ အဲဒီ မိန်းမဘက်က ရှင်က လိုက်ပြော နေတယ်ဆိုတော့ အဲဒီမိန်းမက ရှင့်အရှုပ်ထုပ်လား ပြော"

ယုရာရဲ့ topic မြားဦးက ရွှေဘုန်းဘက်သို့ ဦး တည်လာကာ ပြဿနာရှာတော့တာမို့ ယုရာ့ကို အမြန်စကားဖြတ်ရသည်။

"ဟော့ ... ဟော့ ... ကိုယ်နဲ့ ဘာမှမဆိုင်ဘူးလို့ ရှင်းပြထားပြီးသားနော်။ ကိုယ်က ဒီတိုင်း ပြော့ပြတာ။ မင်းဘာသာ မင်း စိစဉ်ချင်တာကိုစီစဉ်။ ကိုယ် အလုပ်ကိစ္စ ဖုန်းပြော လိုက်ဦးမယ်"

"ကိုရွှေဘုန်းတက် ... ရှင် ခုချက်ချင်း ပြန်လာခဲ့"

ယုရာက ဒေါသတကြီး လှမ်းအော်ခေါ်လည်း သူက ခပ်သွက်သွက်ပင် ဖုန်းယူကာ ပြေးထွက်လာလေတော့သည်။ သူတို့ရဲ့ လုံးကြီးတင် မိန်းမတွေကို ဆန်ပြန်ခတ်ဖို့ရာ အတွက် နောက်ဆုံး mission တစ်ခုကို ဖြတ်ကျော်ဖို့အတွက် အပြင်မှာ စိတ်တွေညစ်နေသည့် ရိုးမာန်ကို ဖုန်းလှမ်းခေါ်လိုက်တော့သည်။

✣ ✣ ✣





"ရိုးလေး ... အဘိုးရဲ့မြေးမလေး မုဒြာကို မင်းတကယ်ပဲ စိတ်ဆိုးသွားတာလား"

ရိုးမာန်က အဘိုးရဲ့မေးခွန်းအတွက် အဘိုးမျက်နှာကို တစ်ချက်ကြည့်မိကာ လေပူတစ်ချက် မှုတ်ထုတ်မိသွားသည်။

"ကျွန်တော် တောင်းပန်ပါတယ် ဘိုးဘိုး။ မုဒြာကို ဘယ်တော့မှ မငြိုငြင်ဘဲ သစ္စာရှိရှိ ပေါင်းသင်းသွားပါမယ်လို့ ဘိုးဘိုးကို ကျွန်တော် ပေးခဲ့တဲ့ကတိမှာ ကျွန်တော် ဖျက်မိသလို ဖြစ်သွားပါတယ် ...

ယောက်ျားတစ်ယောက်ရဲ့ မာနနဲ့ သိက္ခာအတွက် ကျွန်တော် မုဒြာကို စိတ်ဆိုးတယ် ဘိုးဘိုး"

"အေးလေ ... ဒါကို အပြစ်လို့မပြောပါဘူးကွာ။ တကယ် ပဲလည်း ငါ့မြေးတွေက ဆိုးကြတာကိုး။ ခက်တွယ်ကွာ။ စည်းစိမ်ဥစ္စာတွေထက် အရေးကြီးတာ ဘာလဲဆိုတာကို သူတို့ နားမလည်ကြဘူး ...



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အဘိုးကျေးဇူး မင်းအပေါ်မှာ ရှိတာထက် မင်းကျေးဇူး အဘိုးတို့အပေါ်မှာ ပိုများတယ်ဆိုတာ သူတို့ မသိတာ"

"အဲဒီလို မပြောပါနဲ့ ဘိုးဘိုးရယ်။ ဘိုးဘိုး စောင့်ရှောက်သင်ကြားပေးခဲ့လို့ ကျွန်တော်ဆိုတာ ဒီနေ့လို အနေအထားမျိုးနဲ့ ရပ်တည်နေခဲ့တာပါ။ ဘိုးဘိုး စိတ်မကောင်းလည်း မဖြစ်ပါနဲ့။ ဘိုးဘိုး ကျေးဇူးတွေနဲ့ ရပ်တည်နေရတဲ့သူဆိုပြီး အပြောခံရလို့ ကျွန်တော် ထွက်လာတာမဟုတ်ပါဘူး ဘိုးဘိုး။ ကျေးဇူးတရားရှိတယ်လို့ ကြွေးကြော်ပြီး မြေပေါ်ချနင်းနေလို့ ကျွန်တော် ရင်နာတာပါ။ ဘိုးဘိုး စိတ်မဆိုးပါနဲ့"

"ငါကွာ ... တော်တော်လည်း စိတ်ညစ်ရပါတယ်။ ငါ့ချွေးမနှစ်ယောက်ကို ငါ့သားနှစ်ယောက်က ဘယ်လိုယူမိသလဲ ငါ စဉ်းစားလို့တောင် မရဘူး။ ဒီအမေကမွေးတော့ ဒီသမီး။ ပြိုင်ကြ ဆိုင်ကြနဲ့ ငွေတစ်ခုကိုပဲ အရည်အချင်းလို့သတ်မှတ်ထားကြတဲ့ဟာတွေ ...

မင်းသာ အဘိုးကုမ္ပဏီမှာ ဦးမဆောင်နိုင်ခဲ့ရင် မဏိဉာဏ်ကုမ္ပဏီကြီး ပျက်သုဉ်းတာ ကြာပြီဆိုတဲ့ အသိတရားကို မုဒြာ ရမှဖြစ်မှာ"





"နေပါစေ ဘိုးဘိုးရာ။ ကျွန်တော့်ကြောင့် ဘာဖြစ်ရတယ်။ ကျွန်တော် ဘာတွေလုပ်တယ် ဆိုတာ သိဖို့မလိုပါဘူး။ ကျွန်တော် လုပ်တာတွေ အားလုံးဟာ ဘိုးဘိုးအတွက်ပါပဲ။ မုဒြာရဲ့စိတ်ထဲမှာ ကျွန်တော့်ကို တန်ဖိုးရှိတဲ့ အားကိုးလောက်တဲ့ ယောကျ်ားတစ်ယောက်အဖြစ် သူမြင်လာတဲ့နေ့မှသာ ကျွန်တော် တကယ် အရည်အချင်းရှိတာပါ။ မုဒြာကို ကျွန်တော်စိတ်ဆိုးပေမယ့် စိတ်မနာဘူးဆိုတာကိုတော့ ဘိုးဘိုး ယုံကြည်ပါနော်"

ရိုးမာန်က ရင်ထဲက ခံစားချက် အစစ်အမှန်ကို ဖွင့်ပြောပြမိသွားလျှင် ဘိုးဘိုးက သူ့ကို နားလည်ပေးစွာ သူ့ခုံးတစ်ဖက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း ...

"မင်းရဲ့ခံစားချက်ကို အဘိုး ယောကျ်ားချင်း နားလည်လို့ရတယ်။ မင်း ဘယ်တော့မှ မမှားဘူး ရိုးလေး"

"ဟုတ်ကဲ့ ဘိုးဘိုး။ ကျွန်တော် မုဒြာ ပြောင်းလဲလာမှုကို စောင့်နိုင်ပါတယ်။ မိသားစုအဓိပ္ပာယ်ကို ကျွန်တော်သေသေချာချာ သိပေမယ့် မခံစားခဲ့ဖူးဘူး။ ဘိုးဘိုးလိုချင်တဲ့ ကျွန်တော်လိုချင်တဲ့ မိသားစုပျော်ရွှင်မှုရဖို့ ကျွန်တော်ရယ် ဘိုးဘိုးရယ်၊ ကိုရွှေဘုန်းရယ် မျှော်လင့်လို့ ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော်တို့ ရည်ရွယ်ချက်တွေ မကြာခင် ပြည့်ဝတော့မှာပါ”၊

သူ့စကားကြောင့် ဘိုးဘိုးက ဝမ်းပန်းတသာ ပြန်ပြုံးပြလေသည်။ အပြုံးတွေ နွေးလာပြီဆိုရင် သူတို့မျှော်လင့်ထားသည့် စိတ်ချမ်းသာမှုဟာလည်း သိပ်တော့ ဝေးတော့မည်မထင်ပါ။







ကလေးတစ်ယောက်ရဲ့ မျှော်လင့်ခြင်းဆိုတာ
မုန့်ဆာသမျှ ခပ်ပြုံးပြုံး ဝယ်ပေးတဲ့ မိဘရှိဖို့။


လူငယ်တစ်ယောက်ရဲ့ မျှော်လင့်ခြင်းဆိုတာ
အရာရာဖြည့်ဆည်းပေးနိုင်တဲ့ ပိုက်ဆံများများဝင်နိုင်ဖို့။

လူကြီးတစ်ယောက်ရဲ့ မျှော်လင့်ခြင်းကတော့
မိသားစုဝင်တွေ အိမ်ပြန်လာမယ့်အချိန်ကို မျှော်ရင်း
ပျော်ပျော်ရွှင်ရွှင် ထမင်းအတူတူ လက်ဆုံစားဖို့။

www.burmeseclassic.com

www.burmeseclassic.com







(၂၀)

စိတ်ထဲမှာ မြင်မြင်သမျှ အရာအားလုံးဟာ အင်မတန်မှ စိတ်ရှုပ်စရာတွေ ဖြစ်နေလျက် မုဒြာဟာ ဘာကိုအလိုမကျလို့ မကျမှန်း မသိအောင် နောက်ကျိုကျိုစိတ်တွေကို TV Channel တွေဆီ ပို့ထားကာ လက်ထဲက ရိမုဖြင့် တစ်လိုင်းပြီးတစ်လိုင်းကို စိတ်ထင်တိုင်း ချိန်းနေတော့တာဖြစ်၏။ အဆိုးမြင်စိတ်တွေများနေလွန်းအားကြီးလို့လားတော့ မသိ။ ပြောင်းသမျှ Channel တိုင်းက ဘာတွေလာလို့ လာနေမှန်းကို မသိချေ။

TV ကြည့်နေရင်းကမှ မျက်လုံးထောင့်ကနေ မြင်လိုက်တာမို့ မုဒြာက ဆတ်ခနဲ ကြည့်လိုက်မိကာ လှမ်းမေးလိုက်မိသည်။

“ဟဲ့ ... နင် ဒါဘယ်သွားမလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



မုဒြာက ဆတ်ခနဲ လှမ်းမေးလိုက်လျှင် ကျော့ယွန်းက မုဒြာဘက် လှည့်လာကာ ကော်ဖီဇွန်းကို မျက်စပစ်ပြရင်း —

"ဒီမှာလေ နင် မမြင်ဘူးလား။ ဘဘကြီးအတွက် ကော်ဖီသွားပို့မလို့"

"ဟင်း ... အိုဗာတွေ သိပ်လုပ်တာပဲ"

မုဒြာက ပါးစပ်က ရေရွတ်လိုက်တာကို ကျော့ယွန်းလွင်တစ်ယောက်ဟာ ရိုးနေပြီဖြစ်စွာ ဂရုကိုမစိုက်ဘဲ ခပ်ချေချေလေး ထွက်သွားကာ ဘိုးဘိုးအခန်းသို့ ကော်ဖီသွားပို့လေသည်။ တကယ်ကို အမြင်ကတ်ဖွယ်ကောင်းတဲ့ မိန်းမ။ ဘိုးဘိုး ကဘာလုပ်ထားတာရယ်၊ ဘိုးဘိုးရဲ့ ကျန်းမာရေးရယ်ကို ငဲ့ကွက်တာကတစ်ကြောင်းမို့ မုဒြာက ဖွတ်သည်းသည်းခံနေရတာဖြစ်သည်။

နောက်ပြီး ဘိုးဘိုးက အမွေခွဲမယ့်ကိစ္စကို စီစဉ်နေတဲ့အချိန် ဖြစ်နေတာမို့ မုဒြာတို့မှာ အသည်းတယားယားနှင့် ဒေါသကို အင်မတန် ထိန်းချုပ်ထားရတာပဲဖြစ်သည်။

"ချွမ် ... ခလွမ် ..."

"အမယ်လေး ... ဘာဖြစ်တာလဲ"

ပန်းကန်ကွဲသံဟာ တော်တော်လေး ကျယ်လောင်စွာ ကြားလိုက်ရတာမို့ မုဒြာဟ လန့်ဖျပ်သွားကာ ဆတ်ခနဲထရ





လိုက်သည်။ ဘိုးဘိုးအခန်းက ကြားလိုက်ရတဲ့ အသံဖြစ်တာမို့။ မုဒြာက အပြေးအလွှား သွားလိုက်ကာ တံခါးကိုဖွင့်ကာ မေးလိုက်သည်။

"ဘိုးဘိုး ... ဘာဖြစ်တာလဲ။ ဘာဖြစ်ကြတာလဲ"

တံခါးအဖွင့် မေးခွန်းအဆုံးမှာ မြင်လိုက်ရတဲ့ မြင်ကွင်းဟာ မုဒြာအတွက်တော့ အင်မတန်မှကို တုန်လှုပ်စရာကောင်းလောက်အောင် အံ့အားသင့်သွားစေ၏။ ဘိုးဘိုး ... ဘိုးဘိုးက ... ကြမ်းပြင်တွင် လဲကျနေသော အနေအထားဖြစ်တာကြောင့် မုဒြာဟာ အထိတ်တလန့် ဖြစ်သွားရကာ အားခနဲ အော်မိရင်းက ဘိုးဘိုးဆီ ပြေးသွားလိုက်သည်။

"ဘိုးဘိုး ... ဘိုးဘိုး ... မေမေ ... ယုရာ ... အန်တီနု လာပါဦး။ ဟဲ့ ... နင် ... နင် ... ဘိုးဘိုးကို ဘာလုပ်လိုက်တာလဲ"

မုဒြာဟာ လဲကျနေသော ဘိုးဘိုးရဲ့ပုံစံအနေအထားကိုကြည့်မိကာ ကြောက်လန့်တကြားဖြင့် အိမ်ရှိလူကုန်ကို အော်ဟစ်ခေါ်လိုက်ရင်း ကျော့ယွန်းလွင်ကို မေးလိုက်လျှင် ကျော့ယွန်းလွင်က အေးတိအေးစက် အပြုံးဖြင့် ပြန်ဖြေလေ၏။

"ဘာမှမလုပ်ပါဘူး။ နင့်အဘိုး ကော်ဖီထဲကို ဒါလေးထည့်ပေးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာလဲ။ ဟင် ... အဖေ"

ကျော့ယွန်းလွှင်က လက်သန်းလောက်သာပမာဏ ရှိသော ပုလင်းငယ်လေးကို ထောင်ပြချိန်မှာ မေမေတို့ရောက်လာ ကာ ဘိုးဘိုးကို စိုးရိမ်တကြီး နှိုးကြ၏။ မုဒြာမှာ အဲ့ဒါထက် ကျော့ယွန်းလွှင် လက်ထဲက ပုလင်းကိုသာ စိတ်ဝင်စားမှုကြီးထွား ရကာ မေးလိုက်ရသည်။

"အဲ့ဒါ ဘာလဲ။ ဘာလဲလို့ ငါမေးနေတယ်လေ"

"အဲဒါကလည်း။ အင်း ... ဆေးတစ်မျိုးပါဘဲ။ နင့်အဘိုး အတွက် အန္တရာယ်ဖြစ်စေနိုင်တဲ့ ဆေးပေါ့။ အဆိပ်လို့ ပြောချင်လည်း ရပါတယ်"

"ဟမ်"

အားလုံးဟာ တုန်လှုပ်ကုန်ကျစွာ ဘာပြောရမှန်း မသိ ဖြစ်ကုန်ကာ ဘိုးဘိုးကိုပဲ အသည်းအသန် လှုပ်နှိုးနေကြမိသည်။

"ဘိုးဘိုး ... ဘိုးဘိုး ... နင် ရူးသွားပြီလား။ ဒါဘာလုပ် လိုက်တာလဲ"

"အဲဒီလောက် စိတ်မပူပါနဲ့။ ဒီမှာ ... ဒါက ဖြေဆေးပဲ တစ်နာရီအတွင်း မသောက်ရင်တော့ နင့်အဘိုးအတွက် ရှင်လမ်း မမြင်ဘူး"





"ဟဲ့ ... အယုတ်တမာမ ... ငါ့ကို အဲဒီဆေးပေးစမ်း၊ နင့် ကို ငါ ရဲတိုင်မယ်"

မေမေက ဆတ်ခနဲထကာ ကျော့ယွန်းလွှင်နှင့် ရင် ဆိုင်လေ၏။ ကျော့ယွန်းလွှင်က မေမေယူမယ့်ဆေးကို လက်ပြန် ရှောင်လိုက်ရင်း ...

"နိုး ... နိုး ... ဒီလို လွယ်လွယ်နဲ့ ဘယ်ရမလဲ။ အပေး အယူတော့ ရှိရမှာပေါ့"

"နင်ကျေးဇူးကန်းလှချည်လား။ ပြော ... ဘာလဲ၊ နင့်အပေး အယူက"

အန်တီနုကပါ မေမေ့ဘေး ရောက်လာကာ ကျော့ ယွန်းလွှင်ကို ဒေါသတကြီး ပြောလေတော့သည်။ ကျော့ယွန်းလွှင် က အောင်နိုင်သူအပြုံးတစ်ခုကို ပြုံးထားရင်းက ...

"ကျွန်မက ကျေးဇူးမကန်းတတ်ပါဘူး။ ရှင်တို့ရဲ့ယောက္ခမ ကြီးကသာ ကျေးဇူးမရှိတတ်တာ။ ကျွန်မကို အားလုံးရှေ့ မှာပြောတော့ သူ့အမွေတွေဘဲ လွှဲပေးတော့လိုလိုနဲ့။ အခု ကျတော့ စည်းစိမ်တွေ အားလုံးက ရှင်တို့မိသားစုတွေ အတွက်တဲ့။ အဲဒါကြောင့် စကားကို ဇလောင်းဇလဲလုပ် လို့ လက်ဆင်ပေးလိုက်တာ။ လောကမှာ ဘာမှ အလကား မရဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ကျော့ယွန်းလွင်ဟာ အင်မတန်မှကို ရက်စက်ယုတ်မာလွန်းတာမို့ မုဒြာတို့ အားလုံးဟာ ဒေါသတွေ ဖြစ်လွန်း၍ အသားတွေတောင် တဆတ်ဆတ် တုန်နေလေသည်။

"နှင် တော်တော် ယုတ်မာတာပဲ"

"အခုချက်ချင်း ငါတို့ကို ဖြေဆေးပုလင်းပေး။ နှင် ဘာကိုလိုချင်တာလဲ ပြော။ မြန်မြန်ပြော"

မေမေတို့နှစ်ယောက်က ဒေါသတကြီးဖြင့် ရင်ဆိုင်နေချိန်မှာ ကျော့ယွန်းလွင်က စားပွဲပေါ်က စာရွက်တစ်ခုကို လှမ်းယူလိုက်ကာ မေမေတို့ဘက်သို့ ကမ်းပေးလိုက်ပြီး ...

"ရော့ ... အဲဒီစာချုပ်ဖြောင်မှာ ရှင်တို့နှစ်ယောက် လက်မှတ်ထိုးပေး။ ဟောဒီပိုင်ဆိုင်မှုအားလုံး ကျွန်မနာမည်နဲ့ လွှဲပေးပါတယ်ဆိုတဲ့ လက်မှတ်ပါထိုး"

"ဘာ ... နှင် တော်တော်အကြံပက်စက်ပါလား"

"နှင် ရူးနေလား။ ငါတို့ လက်မှတ်ထိုးလည်း ဒီစည်းစိမ်တွေ နှင်ရမယ်များ ထင်နေလား"

"သိပ်ထင်တာပေါ့။ ဘဘကြီးက ရှင်တို့တွေကို လွှဲပြောင်းဖို့ အားလုံး စီစဉ်ထားတာ။ ရှင်တို့ ဖြေဆေးလိုချင်တယ်ဆိုရင်တော့ အားလုံး ကျွန်မကို လွှဲပြောင်းပေးကြောင်း





လက်မှတ်ထိုးလိုက်။ မထိုးပေးလည်း ရတယ်နော်။ ရှင်တို့ အဖေ သေသွားတာနဲ့ ကျွန်မက ရှင်တို့ပေါ်ကို ပုံချပေးလိုက်ရုံပဲ"

"ငါတို့ အရှုံးမဟုတ်ဘူး ကျော့ယွန်းလွင်။ နှင့်ကို ငါတို့ပဲ ဇာတ်သိမ်းပေးလိုက်မှာ"

မေမေ့ရဲ့ ခပ်စွာစွာ စကားအဆုံးမှာ ကျော့ယွန်းလွင်ဟာ သဘောတကျကိုတောင် ဟက်ဟက်ပက်ပက် ရယ်လိုက်သေးကာ ...

"ဟုတ်လား။ ရှင်တို့ကို ရက်ရက်ရောရော အမွေတွေအားလုံးပေးဖို့ လွှဲခဲ့တဲ့ ဦးမဏိဉာဏ် အတွက်ကတော့ စိတ်မကောင်းစရာပဲ"

"မေမေ ... အချိန်မရှိတော့ဘူး။ ဒီမှာ ဘိုးဘိုးအတွက်က အရမ်းအရေးကြီးနေပြီ။ ကျော့ယွန်းလွင် ... အဲဒီဖြေဆေးပေးစမ်းပါ"

မုဒြာနဲ့ ယုရာဟာ ဘိုးဘိုးအတွက် အရမ်းကိုမှ စိတ်ပူနေရပြီဖြစ်သည်။ ကျော့ယွန်းလွင်နှင့် အပေးအယူကိစ္စကို မပြတ်နိုင် ဖြစ်နေတာမို့ ယုရာက ပြောလိုက်လျှင် ကျော့ယွန်းလွင်က သဘောတကျဖြင့် လှမ်းပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ဟန်ဆောင်ပြမနေနဲ့။ နင်တို့က ဒီလိုဖြစ်စေချင်နေတာ ကြာပြီမှုလား"

"အရှုးစကား မပြောနဲ့ ကျော့ယွန်းလွင်။ ဒါ ငါတို့အဘိုး၊ အဘိုးက ငါတို့အတွက် အဖေလိုပဲ။ နင်ကြိုက်တာအားလုံးကို ယူနိုင်တယ်။ ဖြေဆေးပုလင်းသာ မြန်မြန်ပေးစမ်းပါ"

ယုရာက ဘိုးဘိုးကိုလည်း လှုပ်နှိုးနေရင်း ကျော့ယွန်းလွင်ကိုပါ ဖြေဆေးပုလင်း တောင်းနေလေ၏။ အချိန်တွေဟာ တအားကို နီးလာနေပြီဖြစ်၏။ ဒီအချိန်ဟာ ရဲပဲတိုင်တိုင်ဆေးရုံပဲသွားသွား အချိန်နှောင်းကုန်မှာဖြစ်သည်။ အခုချိန်ထိကို မစွန့်လွှတ်နိုင်တဲ့ စိတ်တွေ များနေသော မေမေ့ကို အားမလိုအားမရတွေ ဖြစ်လာကာ မုဒြာက မေမေ့ကို တွန်းအားပေးရတော့သည်။

"မေမေ ... အန်တီနု မြန်မြန်လေး လက်မှတ်ထိုးပေးလိုက်ကြပါ။ အခုချိန်မှာ ဘိုးဘိုး အသက်ထက် ဘာမှအရေးမကြီးဘူး။ တန်ဖိုးမကြီးဘူး ...

သမီးတို့ ဘိုးဘိုးကို ကယ်မှဖြစ်မယ်။ တစ်သက်လုံး သမီးတို့တွေ အေးအေးလူလူ နေနိုင်အောင် ဘိုးဘိုးပဲ ရှာဖွေကျွေးမွေးခဲ့တာလေ။ အခု စည်းစိမ်တွေ အားလုံး မုဒြာတို့မိသားစုဝင်တွေအတွက် သူလွှဲပေးတယ်။ အခု သူ့အသက်ကို ကယ်ဖို့ကျတော့ မေမေတို့တွေ ဘာကိုနှောက်တွန့်နေကြတာလဲ။ မြန်မြန်လက်မှတ်ထိုးပေးလိုက်ပါ။ ဖြေဆေး မြန်မြန်ရမှ ဖြစ်မယ်"

"ဟုတ်ပါတယ် မေမေရယ်။ သမီးတို့ တောင်းပန်ပါတယ်။ ဘိုးဘိုး သေသွားလိမ့်မယ်"

ယုရာနဲ့ မုဒြာရဲ့ အသံတွေက ဆူညံပွက်လောတွေ ရိုက်နေကာ ဒေါ်နုနုအေးကော ဒေါ်သန္တာချိုပါ အာရုံတွေတွေပြားလာမိသည်။ ဒီအချိန်ဟာ သေရေးရှင်ရေး အရေးကြီးနေတာဖြစ်သည်။

ကျော့ယွန်းလွင် လက်မှတ်ထိုးခိုင်းလိုက်တဲ့ အဲဒီစာချုပ်ကို ထိုးပေးလိုက်တာနှင့် အားလုံး ကျော့ယွန်းလွင် လက်ထဲချည်းပဲ။ ဟင့်အင်း ... မထိုးပေးနိုင်ဘူး။ သိန်းပေါင်းများစွာ ရေမတွက်နိုင် များပြားလှသော ငွေကြေးပမာဏတွေအားလုံး ကျော့ယွန်းလွင် လက်ထဲ ရောက်သွားမှာပေါ့။ မဖြစ်ဘူး။

နုနုအေးနှင့် သန္တာချိုဟာ ဝေခွဲမရစွာဖြင့် ငြိမ်သက်စွာ မေ့မျောနေသော အဖေ့မျက်နှာကို နှစ်ယောက်လုံး တစ်ချက်စီ ငေးကြည့်မိသွားသည်။

www.burmeseclassic.com



"သမီးတို့ ... နင်တို့နှစ်ယောက် ဘာမှစိတ်မဆင်းရဲကြနဲ့။ ဒီနေ့ကစပြီး နင်တို့နှစ်ယောက်ဟာ ငါ့ချွေးမတွေ မဟုတ်ဘူး။ ငါ့သမီးတွေပဲ။ ငါ့သမီးတွေ မြေးတွေကို ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူး။ နင်တို့ကို မကြောင့်မကြနေရအောင် ငါ ထားပေးမယ်။ ငါ့သမီးနဲ့ မြေးတွေကို ငါ တစ်သက်လုံး စောင့်ရှောက်ကာကွယ်ပေးမယ်။ နင်တို့ ဘာမှ အားမငယ်ကြနဲ့"

အဖေ့ရဲ့သားနှစ်ယောက် ကားမှောက်၍ ဆုံးသွားပြီးလို့ ရက်လည်တဲ့နေ့မှာ အားလုံးရှေ့မှာ အဖေ ရဲရဲဝံ့ဝံ့ ပြောခဲ့တဲ့ စကားတွေကို နားထဲပြန်ကြားယောင်ကာ မျက်ရည်တွေ ဝဲလာမိသည်။ အဖေ ...။

"ချိုချို ... ငါတို့ အဖေ့အသက်ကို ကယ်ရမယ်။ နင် ဘယ်လိုသဘောရလဲ"

"ဟုတ်တယ်။ နင် မှတ်မိတယ်မှုလား။ ကိုမင်းညွန့်တို့ ဆုံးသွားတဲ့အချိန်တုန်းက အဖေ ငါတို့ကို ဘယ်လိုစိတ်ဓာတ်ခွန်အားတွေ ပေးခဲ့သလဲ။ အဖေက ငါတို့အတွက် ဖခင်အရင်းလို မေတ္တာပေးနိုင်ခဲ့တာ။ ငါတို့ ကယ်မှဖြစ်မှာပေါ့။ ပေး ... စာချုပ်"





အမေနှစ်ယောက်လုံးဟာ ဘာမှ တွေဝေခြင်းမရှိစွာ စာချုပ်မှာ လက်မှတ်ထိုးပြီးနောက် ကျော့ယွန်းလွင် လက်ထဲ စာချုပ်ထည့်ပေးလိုက်ကာ ...

"ရော့ ... အဲဒီမှာ။ ငါတို့ကို ဖြေဆေးပေး။ ဒီစည်းစိမ်တွေထက် အဖေ့ရဲ့အသက်ကိုကယ်ဖို့ အရေးကြီးတယ်"

ကျော့ယွန်းလွင်က စာချုပ်တို့ အသေအချာကြည့်ပြီးမှ အပြုံးနဲ့အတူ အံ့သြဖွယ်ရာစကားကို ဆိုလေသည်။

"တကယ့်ကိုပဲ ဆန္ဒတွေ ပြည့်ဝသွားပါပြီ ဘဘကြီး။ ထလို့ရပါပြီ"

"ဟမ်"

"ဟင် ... ဘိုးဘိုး"

ကျော့ယွန်းလွင်ရဲ့ စကားအဆုံးမှာ ဘိုးဘိုးဟာ အပြုံးတစ်ခုနဲ့အတူ မျက်စိဖွင့်လာတာမို့ မုဒြာတို့က အံ့အားတသင့်ဖြစ်ရစွာဖြင့် ဘိုးဘိုးကို ထွေ့ပွေ့မ,လိုက်လျှင် ဘိုးဘိုးက ထလိုက်ကာ ...

"ဒီကနေ့ဟာ ကျုပ် သိပ်မျှော်လင့်ထားတဲ့ နေ့လေး ဖြစ်သွားပြီပေါ့"

"ဘာ ... ဘာတွေဖြစ်ကုန်တာလဲ။ အဖေ ... အဖေ အသိမိသွားတာ ဘာမှမဖြစ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုး"

မုဒြာ၊ ယုရာ၊ မေမေ ပြီးတော့ အန်တီနုတို့က အံ့သြတကြီးဖြင့် ဘိုးဘိုးအားနား ရောက်လာကာ မေးခွန်းပေါင်းများစွာထုတ်လျှင် ဘိုးဘိုးက ရှင်းပြချင်တာကြောင့် အားလုံးရဲ့ မေးခွန်းတွေကို လက်အသာကာပြကာ ...

"ရှင်းပြပါ့မယ် ... ရှင်းပြပါ့မယ်။ ပထမဆုံး ပြောချင်တာက ဘိုးဘိုးဘာအဆိပ်မှ မမိဘူး"

"ဟမ် ... ဒါ ..."

"နေဦး ... နေဦး။ စိတ်မလောကြပါနဲ့ဦး။ နုနုအေး ... သန္တာချို ... မင်းတို့ဟာ ဒီနေ့မှ အဖေရဲ့သမီးတွေ ဖြစ်တာကွ။ မင်းတို့တွေ ထင်နေ မြင်နေတာတွေကို အခု ရှင်းပြတော့မယ် ...

တစ်ယောက်နဲ့တစ်ယောက် စည်းလုံးညီညွတ်မှုမရှိတဲ့ ကျုပ်ရဲ့ မဏိဥာဏ်စံအိမ်ကြီးအတွက် ပျော်ရွှင်မှုတွေ စည်းလုံးညီညွတ်မှုတွေ ရှိလာဖို့အတွက် ကျုပ် အမျိုးမျိုး ကြိုးစားခဲ့တယ်။ ဒီနေ့မှာတော့ မိသားစုချင်း တစ်ယောက်ကိုတစ်ယောက် ကာကွယ်တဲ့ မင်းတို့တွေရဲ့ ရင်ထဲကစိတ်ရင်းအမှန်တွေကို အဘိုး တွေ့မြင်ခဲ့ရပြီ ...





ဒီလိုတွေ မြင်ဖို့အတွက် ဒီကလေးမလေး ကျော့ယွန်းက အကူအညီ ပေးခဲ့တာ။ သူ့ကို သမီးတို့ မြေးတို့က အရှေ့ပိုင်းမှာ တောက်လျှောက် ရန်လိုခဲ့တယ် ပြဿနာရှာခဲ့တယ်။ ဒါတွေ အကုန်လုံးကို သည်းညည်းခံပြီး အဘိုးရဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့အတွက် ဒုက္ခလာခံပေး တဲ့ မြေးမလေးကို သိပ်ကျေးဇူးတင်တယ်"

"You're welcome ဘဘကြီး"

ရုတ်ခြည်းကို ပြောင်းလဲမှုများသော အခြေအနေအတွက် မျက်စိလည် လမ်းမှားနေတုန်းမှာ ယုရာအေးသို့ ကိုကြီးက ဝင်လာတာမို့ ယုရာက အံ့သြသွားရကာ ...

"ဟယ် ... ကိုကြီး ... ဘယ်လိုပြန်ရောက်လာတာလဲ။ ဒီနေ့ အလုပ်သွားမှာဆို"

"ရွှေဘုန်းကလည်း အဘိုးကို အကူအညီပေးတဲ့သူပဲလေ အကြီးမရဲ့"

ဘိုးဘိုး စကားကြောင့် ယုရာက ကိုကြီးကိုမေးမလို့ ကြည့်လိုက်လျှင် ကိုကြီးက အပြုံးတစ်ခုဖြင့် ဘယ်လိုလဲဆိုသော သဘောကို ဆောင်နေသလို မျက်ခုံးပင့်ပြသည်။ ဘာမှန်းလိုက်မသိသေးခင်မှာ မေမေတို့ကလည်း နားလည်ဖို့ ဘိုးဘိုးကို မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ … ကျွန်မတို့ နားလည်အောင် ရှင်းပြပါဦး"

"သေချာပြောပြပါ့မယ်။ ကဲ … လာကြ … ညှော်ခန်းမှာ အေးအေးဆေးဆေး ထိုင် ပြောကြတာပေါ့"

ဘိုးဘိုးက ဦးဆောင်ကာ ညှော်ခန်းဆီ ထွက်သွားလျှင် မုဒြာတို့ အားလုံး ညှော်ခန်းလိုက်သွားကာ ထိုင်လိုက်ပြီးလျှင်တော့ ဓာတ်ရည်လည်အောင် ဘိုးဘိုးက ရှင်းပြလေသည်။

"အားလုံး နားလည်အောင် ရှင်းပြရရင်တော့ မင်းတို့တွေ ဒေါသတကြီးနဲ့ ဘယ်သူလဲဆိုပြီး နားမလည်ဖြစ်နေကြတဲ့ ကျော့ယွန်းကို အရင်မိတ်ဆက်ပေးလိုက်မယ် …

ကျော့ယွန်းဟာ အဘိုးရဲ့ဆန္ဒတွေကို ကူညီပေးဖို့ အတွက် ဟိုးသြစတြေးလျကနေ ဒီကို အရောက်ပြန်လာခဲ့တာ။ သူက အင်မတန်မှ ဓာတ်ကွက်တွေ ဖန်တီးရတာ ဝါသနာကြီးတဲ့ စာရေးဆရာမလေးပဲ။ ကျော့ယွန်း သြစီ ပြန်တဲ့အခါကျရင် ဓာတ်လမ်းရေးဖို့အတွက် နိုင်ငံခြားဆန်မယ့် ဗမာဓာတ်လမ်းတစ်ပုဒ် ရလောက်မယ် ထင်တယ်"

"သေချာတာပေါ့ ဘဘကြီးရယ်။ ဒီက အားလုံးကိုလည်း ကျော့ယွန်းဘက်က ပြောခဲ့တာ ဆိုခဲ့တာတွေ အတွက် တောင်းပန်ပါတယ်။ ယုရာနဲ့ မုဒြာ … တို့က အခြေအနေ





အရ ယုရာတို့နဲ့ ရန်ဖြစ်ရတာပါ။ မင်းတို့ရဲ့ အမျိုးသားတွေနဲ့ တို့က သာမန်ခင်မင်ရုံပါပဲ။ စိတ်ချလက်ချ မင်းတို့ အမျိုးသားတွေရဲ့ သစ္စာတရားကို ယုံကြည်လိုက်ပါ…

အန်တီတို့ကိုလည်း ကျော့ယွန်းဘက်က အနူးအညွတ် တောင်းပန်ပါရစေ"

"တကယ်တော့ တို့မိသားစုဟာ ခမ်းခမ်းနားနား ထည်ထည်ဝါဝါနဲ့ လူ့စည်းစိမ်ပြည့် ခံစားနေ့နေရပေမယ့် မိသားစုဆိုတဲ့မေတ္တာတွေ မိသားစုစိတ်ဓာတ်တွေ ပျောက်ဆုံးနေကြတယ် …

မိသားစုဆိုတာ ပိုက်ဆံချမ်းသာ ချမ်းသာ ဆင်းရဲဆင်းရဲ အတူတူ ရင်ဆိုင်ဖြတ်သန်းနေရမှာပဲ။ အဲဒီလို ဖြတ်သန်းတဲ့အခါမှာ တစ်ယောက်ကို တစ်ယောက် ပြိုင်ဆိုင်လုယက်ပြီး သူ့အသာရလို့ဆိုတဲ့ စိတ်မထားဘဲ အတူတူ အခက်အခဲကို ရင်ဆိုင်ဖြေရှင်းဖို့ပဲ …

အမေ့အတွက် အဘိုးအတွက် တကယ့် အခက်အခဲကြုံလာတဲ့ အခါမှာ ဘာမှမမက်မောဘဲ အသက်ကိုပဲ ရအောင် ကယ်မယ်ဆိုတဲ့ စိတ်ဟာ မိသားစုစိတ်ပဲ။ ဒီစိတ်ကို မင်းတို့ ခေါင်းထဲ နှလုံးသားထဲရောက်ဖို့အတွက် အဖိုး အချိန်တွေ များစွာအကုန်ခံခဲ့ရတယ် …



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ တကယ်ပဲ ပြီးပြည့်စုံပါတယ်”

ဘိုးဘိုးရဲ့ စကားအဆုံးမှာ မုဒြာတို့အားလုံးဟာ ဇာတ်ရည်လည်သွားသလို အခုမှပဲ နားလည်သဘောပေါက်သွားတော့တာ ဖြစ်သည်။

“ဟုတ်ပါတယ် အဖေ။ ကျွန်မတို့တွေ ငွေတစ်ခုကိုသာမြင်ပြီး မိသားစုစိတ် ပျောက်နေခဲ့တာကို သတိမထားမိခဲ့ကြတာပါ ...

ဒီနေ့ကစပြီး ကျွန်မနဲ့ ချိုချိုနဲ့ ညီအစ်မတွေလို ချစ်ချစ်ခင်ခင် ရှိသွားပါ့မယ်လို့ အဖေ့ကို ကတိပေးပါတယ်”

“ကျွန်မလည်း ကတိပေးပါတယ် အဖေ”

ဦးမဏိဥာဏ်က အခုမှ ပြီးပြည့်စုံသွားသော မိသားစုကမ္ဘာလေးအတွက် မျက်ရည်တောင် လည်မတတ် ဖြစ်မိရလေသည်။ အခုမှပဲ တကယ်ကို စိတ်ချမ်းသာခွင့်ရတာဖြစ်သည်။

“အခုတော့ အားလုံး အဆင်ပြေသွားပြီ။ အန်ကယ် ... ကျွန်တော်တို့ စီစဉ်တာ တော်တယ်နော်”

“တော်ပါပေတယ်ကွာ”

“အန်ကယ် မြေးသမက်လေဗျာ။ ဒီလောက်ကတော့ တော်တယ်တောင် မခေါ်သေးဘူးနော် ... ယုရာလေး”





ယုရာက မျက်စောင်းထိုးကာ ရွှေဘုန်းရဲ့ဗိုက်ခေါက်ကို ဆွဲလိမ်ပေးလိုက်လျှင် ရွှေဘုန်းတက် ပုံစံကိုကြည့်ကာ အားလုံးက ရယ်မောကုန်ကြလေသည်။ ပြုံးရွှင်ပျော်ရွှင်မှုတွေအတွက် ဦးမဏိဥာဏ်ဟာ အင်မတန်မှ ပီတိဖြစ်လှစွာ မိသားစုအပျော်တွေ ငေးကြည့်နေရင်းက မှိုင်နေသော သူ့ရဲ့မြေးအငယ်မလေး မုဒြာကို သတိထားမိသွားသည်။ ဒီမြေးမလေး ရင်ထဲက ဘာတွေခံစားနေရလဲဆိုတာ သူ ကောင်းကောင်းသိတာပေါ့။

ဦးမဏိဥာဏ်က မုဒြာ အနားသို့သွားလိုက်ကာ မုဒြာလေးရဲ့ခေါင်းလေးကို ညင်သာစွာ ပုတ်ပေးလိုက်ရင်း ...

“မြေးမလေး ... မိသားစုတစ်စု ပျော်ရွှင်ခြင်းဆိုတာ အိမ်တွင်းရေးချမ်းမြေ့ခြင်း၊ အိမ်ထောင်ရေး ချမ်းမြေ့ခြင်းပဲ။ အဲဒီနှစ်ခု ချမ်းမြေ့မှ မိသားစု ပျော်ရွှင်တာ။ ဘိုးဘိုးတို့ အိမ်တွင်းရေး ချမ်းမြေ့သွားသလို မြေးမလေးရဲ့ အိမ်ထောင်ရေးလည်း ချမ်းမြေ့ဖို့ လိုတယ်လေ”

သူ့ရဲ့စကားကြောင့် မုဒြာက မျက်ရည်အဝဲသားဖြင့် သူ့ကို ငေးကြည့်ကာ ...

“သူက သမီးကို မုန်းနေလောက်ပြီ ဘိုးဘိုးရဲ့။ မုဒြာ သူ့အတွက် ဘာပျော်ရွှင်မှုမှ မပေးနိုင်ခဲ့သလို သူ့ကိုလည်း မုဒြာ စကားအမှားတွေ အများကြီး ပြောခဲ့မိတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ရိုးလေးဟာ အဘိုးရဲ့ မြေးအရင်းလိုပါပဲ။ ဒီကလေးမှာ အမုန်းဆိုတာ မရှိပါဘူး။ သူကိုယ်တိုင်ကိုက မဏိဥာဏ် မိသားစု စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင်ဖြစ်ဖို့ ကြိုးစား ပေးခဲ့တဲ့သူပါ။ ရိုးလေးက မိသားစုဘဝဆိုတာကို သိပ်မက် မောတဲ့ ကလေးလေ"

"မုဒြာ ... ရိုးမာန် ခြံပြင်မှာရှိတယ်။ ဒီနေ့ အစီအစဉ် အတွက် သူလည်း စိတ်ပူနေလို့ ခြံပြင်မှာ သတင်းစောင့် နေတာ။ မဏိဥာဏ်စံအိမ်ရဲ့ မိသားစုတွေ အကုန်အဆင် ပြေ ပျော်ရွှင်သွားကြပြီဆိုတာ မုဒြာ ကိုယ်တိုင် ထွက် ပြောပြလိုက်လေ"

ရွှေဘုန်းရဲ့စကားကြောင့် မုဒြာက ပျော်ရွှင်ဝမ်း မြောက်သွားကာ ချက်ချင်းဆိုသလို မိခင်ဖြစ်သူ ဒေါ်သန္တာချိုကို လှမ်းကြည့်လိုက်သည်။ ဒေါ်သန္တာချိုက ပီတိဖြစ်နေတဲ့ အပြုံး တစ်ခုဖြင့် ခေါင်းညိတ်ပြ၍ ...

"မေမေကလည်း သမီးနဲ့သမက် ဆိုတာထက် မဏိဥာဏ် စံအိမ်ရဲ့မျိုးဆက်သစ် သမီးနဲ့သားကို ကြိုဆိုပါတယ်ကွယ်"

မုဒြာက ပျော်လွန်း၍ မျက်ရည်များပင် လည်လာ ကာ ...





"ကျေး ... ကျေးဇူး အများကြီး တင်ပါတယ်"

"ကျေးဇူးက နောက်ထား။ လုံးကြီးသိပ်တင်တဲ့ ငါ့မြေးမ ရဲ့ ဆန်ခတ်အမျိုးသား ထွက်မသွားခင် မီအောင်သွားခေါ် တော့ ... သွား"

ဘိုးဘိုးဆီက အမိန့်ရတာနှင့် မုဒြာက အပြေးအလွှား ပင် ထွက်သွားကာ ကိုကို သွားတွေ့ကာ ပြောရမယ့်စကားလုံး တွေအတွက် ရင်ထဲမှာ စာစီထားလိုက်သည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com









အဖြူတဲ့လား ချစ်သူ
ငါက အရောင်စွန်းမှာစိုးတယ်လို့
စိတ်ပူတော့
မင်းက မျက်စောင်းထိုးတယ်။

မုန်းသတဲ့လား ချစ်သူ
ငါက ပြေလည်အောင်တောင်းပန်တော့
ကျေလည်ဖို့ သတင်း
မရှိပါသေးဘူးဆို။

လွမ်းတယ်ကွာ ချစ်သူ
စာစီပြီး အလွမ်းသတင်းပို့လည်း
reply မင်း မလာတာကို
အရမ်းဝမ်းနည်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ် ချစ်သူ
မင်းကိုလွမ်းတယ်ဆို
ဟာသကားတွေ ထိုင်ကြည့်
မျက်ရည်ကျအောင် ရယ်မိမယ်။

ကိုယ်ရဲ့တတ်တယ် ချစ်သူ
မင်းက လုံးကြီးတင်ရင်
ဆန်ပြန်ခတ်မိမယ်။

ဒါပေမဲ့
ကမ္ဘာတစ်ပတ် ပတ်ပြေးကြည့်ဦး
မင်းကို ချစ်မယ့်သူတွေ များလိမ့်မယ်
ကိုယ်လို ချစ်နိုင်တဲ့သူတော့ ရှားတယ်။



✤ ✤ ✤



(၂၁)

သူတို့ အသေအချာ အကွက်ချစီစဉ်တဲ့ mission ဟာ အဆင်မပြေရ့လားဆိုပြီး ခြံရှေ့မှာ စနည်းနာနေတာကြာပြီ ဖြစ်ပေမယ့် ဘာအရိပ်အယောင်မှ မတွေ့ရကာ မထူးခြားတာမို့ သူက အိမ်ပြန်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။ အင်မတန်မှကို ခေါင်းကြောမာချက်ပါလား မဏိဉာဏ်စံအိမ်က လူတွေရယ်။

ရိုးမာန်က လေပူတစ်ချက် မှုတ်ထုတ်ကာ ကားစက်နှိုး၍ ဂီယာထည့်ကာ ကားထွက်သွားလိုက်သည်။ အရှေ့တည့်တည့်ကို ဝင်ရောက်လာသော တစ်စုံတစ်ရာကြောင့် သူဟာ လန့်ဖျပ်သွားကာ ဘရိတ်ကို အမြန်နင်းချလိုက်ရသည်။ သွားပြီလားလို့ စိတ်ထဲမှာ မဝံ့မရဲ ထင်နေမိပေမယ့် ဘာမှမထိမိလိုက်ဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



တာကို နားလည်လိုက်တာဟာ အခုမှ ကားထွက်စဆိုတော့ အရှိန်မပါသေးတာမို့ အမြန်အမီ ဘရိတ်ဖမ်းနိုင်လိုက်တာဖြစ်သည်။ ရီးမာန်က မျက်လုံးမှိတ်ထားရာကနေ ဖွင့်ကြည့်လိုက်တော့ အရှေ့မှာ ဘယ်သူမှ မတွေ့တော့။ ဟာ ... သွားပြီလား။

အတွေးထဲမှာတင် ယောက်ယက်ခတ်ကုန်ကာ သူက ကားပေါ်က အမြန်ဆင်းကာ ကြည့်လိုက်လျှင် ကားရှေ့မှာ ငုတ်တုတ်လေး ဆောင့်ကြောင့်ထိုင်ကာ ဒူးပေါ်မျက်နှာအပ်ထားသူကို တွေ့ရလေ၏။ ဒုက္ခပါပဲကွာ။

"ဟော့ ... ဟော့ ... မင်း ဘာဖြစ်သွားသေးလဲ။ ငါ့ကားနဲ့ မထိမိဘူးနော်"

သူ့စကားသံ ကြားလိုက်လျှင် ကောင်မလေးဟာ ဒူးပေါ်အပ်ထားတဲ့ မျက်နှာကို တဖြည်းဖြည်း မော့လာကာ သူ့ကို ကြည့်လိုက်ရင်း ထအော်လေသည်။

"အား ... သေပါပြီ၊ ကျွန်မခြေထောက် နာလိုက်တာ"

"ဟာ ... ဟော့ ... ဟော့ ... မင်း အခုမှ အော်တာနော်။ ငါ့ကားနဲ့ ထိတောင်မထိမိဘူး"

"မသိဘူး ... ရှင်တိုက်တာ။ ရှင် တာဝန်ယူရမယ်။ ကျွန်မခြေထောက် တအားနာသွားပြီ။ ဆေးခန်းလိုက်ပို့ပေး"





"ဟာ ... ကျွန်တော့်ကားနဲ့ တိုက်မိတာမှ မဟုတ်တာဗျ"

"မသိဘူး။ ရှင့်ကြောင့်ဖြစ်တာ"

ရီးမာန်က သက်သက်ခွင်လာဆင်သော ပြဿနာမှန်း အသိသာကြီး ဖြစ်နေသော်လည်း အမျိုးသမီးမှာ ဖွတ်ကို သူ့ကြောင့်ချည်း ဆိုနေသောအခါ သူ့မှာ ဒုက္ခအကြီးအကျယ်ရောက်ပြီဖြစ်၏။ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဒုက္ခရောက်နေချိန်မှာ သူ့ပခုံးသို့ လက်တစ်ဖက်ရဲ့ လာပုတ်ခြင်းကို ခံရတာမို့ လှည့်ကြည့်လိုက်လျှင် မုဒြာ ဖြစ်လို့နေ၏။ မုဒြာက သူ့ကိုတစ်ချက်ကြည့်လိုက်ကာ သူ့ရှေ့မှာ ဝင်ရပ်လိုက်ရင်း အမျိုးသမီးကို စကောတော့တာပဲ ဖြစ်သည်။

"ဒီမှာ ... ရှင် ခွင်ဆင်နေတယ်ဆိုတာ ကျွန်မ ခြံထဲက တည်းက လှမ်းမြင်တယ်။ ဒီနေရာကို ရှင် ဘာထင်နေလဲ။ ဒီလိုမျိုး လုပ်လို့ရမယ် ထင်သလား"

"ကျွန်မ ခြေထောက်က တကယ်နာသွားတာ။ ကိုယ်ဖြစ်တာ ကိုယ်ကလွဲလို့ ဘယ်သူသိမှာလဲ"

"ကောင်းပြီလေ။ ရှင့်ခြေထောက် သိပ်နာနေရင် ကျွန်မ တာဝန်ယူပြီး ဆေးခန်းပြပေးမယ်။ အို ... ရှုပ်ပါတယ်။ ဆေးခန်းမသွားနဲ့ ဆေးရုံကိုပဲ ပို့ပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မုဒြာဟာ ကက်ကက်လန်နေအောင် စွာပေးနေတာမို့ သူက အနောက်ကနေ ငေးကြည့်ကာ သူမတို့ ရန်ဖြစ်တာကို ဆက်ငေးနေမိသွားသည်။

"ဒီမှာ ... ရှင်နဲ့ ဘာဆိုင်လို့ ဝင်ပြောနေရတာလဲ။ အစ်ကို ကျွန်မ ခြေထောက်အရမ်းနာနေပြီ။ ကျွန်မကို လာထူပါ"

"ရှင် တော်တော် ပြောရခက်တာပဲ။ ထွင်လုံးတွေ ဆင်လုံးတွေ လာမလုပ်နေနဲ့။ ဒါ ကျွန်မယောက်ျား။ အဲဒီတော့ ရှင့်ကိစ္စအားလုံးကို ကျွန်မ တာဝန်ယူပေးမယ်"

"ဟမ်"

တစ်ဖက် အမျိုးသမီးက ယုံရခက်ခက်ဟန်ဖြင့် ဟမ် ... လုပ်နေတာကြောင့် မုဒြာဟာ သူ့ကို တံတောင်ဖြင့် လှမ်းတွတ်ရင်းက ...

"သြော် ... မယုံဘူး ဖြစ်နေတယ်လား။ ကို ... ရှင်ဘာလုပ်နေတာလဲ။ ပြောလိုက်ဦးလေ။ ကျွန်မယောက်ျားဖြစ်ကြောင်းကို"

"ဟုတ်တယ်ဗျ။ ဒါ ကျွန်တော့်မိန်းမ"

အမျိုးသမီးက မကျေမချမ်း စူပွပွ မျက်နှာထားဖြင့် တပ်ခေါက်သွားပြီ ဖြစ်တာမို့ မုဒြာမှာ မကျေမချမ်းဖြင့် လစ်သွား





တဲ့ အဲဒီမိန်းမကိုကြည့်ရင်း တဗျစ်တောက်တောက် ပြောမိသွားသည်။

"ဒုက္ခပါပဲ မိန်းမတွေများ အံ့သြပါရဲ့။ ဆွဲ ... စိ ... မယ် ဆိုတာချည်းပဲ"

မုဒြာက ပြောလည်းပြော လှည့်လည်းကြည့်လိုက်လျှင် သူက အနားမရှိဘဲ ကားဆီလျှောက်တော့မှာမို့ မုဒြာက အလျင်အမြန်ပဲ သူ့လက်ကို လှမ်းဆွဲလိုက်ကာ ...

"ဟယ် ... ဟယ် ... နေပါဦး။ ဘယ်လိုဖြစ်တာလဲ ရှင်က"

"ကိုယ် ထွက်သွားပေးတာလေ"

မုဒြာက ကို့ရဲ့အဲဒီစကားကြောင့် စိတ်ထဲမကောင်းဖြစ်သွားရကာ မျက်ရည်တောင် လည်ချင်သွားသည်။ မုဒြာဘက်က လွန်တာတွေ များခဲ့ပြီလေ။

"ဘာဖြစ်လို့ ထွက်သွားရတာလဲ။ မုဒြာ အနားမှာ မရှိချင်တော့လို့လား"

"မင်းက ကိုယ့်ကိုထွက်သွားခိုင်းတာပါ မုဒြာ။ ကိုယ် အခု ဒီရောက်လာတာက လမ်းသင့်သလို ဖြတ်သွားရုံးနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မလိမ်ပါနဲ့တော့။ အထဲမှာ မုဒြာတို့ အားလုံး နားလည်မှုတွေ ရသွားကြပါပြီ။ ဒီအချိန်မှာ မိသားစုစုံစုံညီညီအရှိသင့်ဆုံးပဲလေ"

မုဒြာ စကားကြောင့် ကိုက မုဒြာကို တစ်ချက်စိုက်ကြည့်သည်။ မုဒြာ မှားခဲ့သော စကားတွေအတွက် သူ့နှလုံးသားနာကျင်မှုကို ကြင်နာမှု ပေးရမည်လေ။

"ကို ... မုဒြာကို ခွင့်လွှတ်ပါနော်။ မုဒြာလေ ကို့အချစ်တွေကို စော်ကားမိခဲ့တယ်။ တကယ်ဆို မုဒြာအတွက်လည်း ကိုက အချစ်ဦးပါ။ ဘိုးဘိုး ပေးစားတယ်ဆိုတဲ့ မကြည်စိတ်နဲ့ မုဒြာ အမှားတွေ လုပ်မိခဲ့တာပါ။ အဲဒီအတွက် အရမ်းလည်း စိတ်မကောင်း ဖြစ်ရတယ် ...

မုဒြာတို့မိသားစုတွေ စည်းလုံးဖို့အတွက် ကို့ရဲ့စေတနာတွေကို မုဒြာ မသိဘဲနဲ့ ကျော့ယွှန်းနဲ့ စွပ်စွဲမိခဲ့တာတွေအတွက် မုဒြာ တောင်းပန်ပါတယ်။ မုဒြာကိုခွင့်လွှတ်မယ် မဟုတ်လားဟင်"

ကိုက ဘာမှပြန်မပြောပေ။ တကယ်ကိုပဲ မုဒြာကို သူ စိတ်နာသွားပြီလား။ မုဒြာက မျက်ရည်တွေ ကျလာလျှင် သူက မုဒြာကို တစ်ချက်တော့ ငေးကြည့်လေသည်။





"ဟော့ ... ငါ့မြေးကို ဒီလောက် လက်စားချေတာနဲ့တင်တော်ပြီဟေ့။ များသွားပြီနော်"

ခြံထဲကနေ ဘိုးဘိုးရဲ့အသံက စည်ခနဲ ထွက်လာလေလျှင် မုဒြာက ငေးကြည့်မိသွား၏။ အိမ်ရှိလူစုံ ထွက်လာကြတာမို့ မုဒြာမှာ အားရှိလာသလို ခံစားမိသွားသည်။ ယုရာနဲ့ကိုရွှေဘုန်းတက်က ကို့အနားသို့သွားကာ ...

"မင်းသားရယ် ... အိုက်တင်တွေ လုပ်မနေပါနဲ့တော့။ ခွင့်လွှတ်တယ် ပြောလိုက်လေကွာ"

"အေးလေ ... ကိုရိုးမာန်ရယ်။ ကျွန်မ ညီမလေး သနားပါတယ်"

မုဒြာက အဲဒီလို ဝင်ကူပြောပေးရတာကြီးကို စိတ်ထဲမှာ ဝမ်းနည်းသလိုကြီး ဖြစ်လာလေသည်။ အရမ်းကို မုန်းနေတယ်ဆိုတာ သေချာသွားပါပြီ။ မုဒြာက မျက်ရည်ကျလာစဉ်မှာကို့ဆီက စကားသံထွက်လာ၏။

"ကို့ကို တကယ် ခွင့်လွှတ်စေချင်တာလား မုဒြာ"

"အမယ်လေးကွာ ... မင်းနဲ့ ဆန်ခတ်တာ အရမ်းမှားသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးက လှမ်းပြောနေလည်း မုဒြာမှာ ဂရုစိုက်ဖို့ မအားစွာ ကို့ကို ခေါင်းညိတ်ပြလိုက်သည်။ ကိုက ခနီးခနဲ အပြုံးလို အပြုံးတစ်ခုပြုံးကာ မုဒြာ အနားကပ်၍ တိုးတိုးလေး ပြောလေသည်။

"ကိုယ့်ကို ခွင့်လွှတ်စေချင်တယ် ဆိုရင် ကိုယ့်အတွက် သားလေးတစ်ယောက် မြန်မြန်မွေးပေး"

"ဟယ်"

မုဒြာက ထင်မှတ်မထားသော စကားကို ကြားရ တာမို့ အံ့အားသင့်စွာ အာမေဍိတ်ပြုလိုက်လျှင် ဘိုးဘိုးက စိတ် ဝင်တစား လှမ်းမေး၏။

"ရှီးလေး ... မင်း ဘာပြောလိုက်တာလဲကွ"

"ဟဲ ဟဲ ... အဲဒါတော့ မပြောပါရစေနဲ့ ဘိုးဘိုးရာ။ ခဏ လေး ...။ မုဒြာ ... ဘယ်လိုလဲ သဘောတူလား"

မုဒြာက ရင်ထဲမှာ ရေခဲမြစ်လေး စီးဆင်းသွားသလို အေးချမ်းမှုနဲ့အတူ ကြည်နူးမှုလေးကိုပါ ပိုင်ဆိုင်ရသလို ခံစားရ သည်။ ဘဝမှာ ဒီလိုခံစားမှုမျိုး တစ်ခါမှ မရဖူးသလို ဒီလိုချစ် ခြင်းတရားမျိုးနဲ့လည်း ဘယ်သူ့ကိုမှ မချစ်ဖူးဘူးဟု ထင်ပါသည်။





အဲဒီအတွက် ကို့ဆီက ခွင့်လွှတ်ချစ်ခြင်းတစ်ခု ပိုင်ဆိုင်ဖို့ရာအတွက် မုဒြာက အပြုံးတစ်ခုနဲ့အတူ အင်းဟု ခေါင်းညိတ်ပြလိုက်သည်။ ကိုက ဝမ်းမြောက်ဝမ်းသာဖြင့် မုဒြာ ပခုံးကိုဖက်ကာ ...

"အားလုံးပဲ ကျွန်တော်တို့ အဆင်ပြေသွားပြီ ခင်ဗျ"

"ဟား ဟား ... ကျေနပ်တယ်ကွာ။ အခုမှ Home Sweet Home ကွ"

ဘိုးဘိုးက ပျော်ရွှင်စွာဖြင့် အားရဝမ်းသာပြောသည်။ အမေနှစ်ယောက်နှင့် ကျော့သွန်းကလည်း ပျော်ရွှင် ကျေနပ်နေ သည်။

ဒါဟာ ရုပ်ရှင်တစ်ကား ဖြစ်ခဲ့ရင် သိပ်လှပတဲ့ မဟာဗျာဏ်စံအိမ်ကြီးရဲ့အရှေ့မှာ ဘိုးဘိုး ဦးမဟာဗျာဏ်ရဲ့တစ်ဖက် တစ်ချက်စီမှာ ယုရာတို့စုံတွဲ၊ မုဒြာတို့စုံတွဲတို့နှင့်အတူ အမေတွေ ခြံရံ၍ မိသားစုအပျော် cut လေးဖြင့် ပြီးပါပြီ စာတန်းထိုးမှာ သေချာပါသည်။

တကယ်တော့လည်း ဘဝမှာ ငွေကြေးဆိုတဲ့ လိုချင် လောဘတစ်ခု ခဏဖျောက်ထားကြည့်ပြီး မိသားစု ပျော်ရွှင်မှု



www.burmeseclassic.com

www.burmeseclassic.com



ရှာကြည့်ရင် အပြုံးတွေကလည်း သချာပေါက်ကို နွေးထွေးကာ ချိုမြိန်သောအိမ်ကလေး ဖြစ်နေပေလိမ့်မည်။ ။

✤ ✤ ✤

ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ

10-5-2015. (SUN)

07;10 A.M

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ မွေးစ်န္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**

BURMESE CLASSIC
www.burmeseclassic.com